www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ---- ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ---- ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ---- ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## လမ်းခွဲ

---

အေးမြသော ညတစ်ည ဖြစ်ပါသည်။

ကောင်းကင်ပေါ်၌ လခြမ်းပဲ့ကလေးနှင့် ကြယ်အရေးများ နေရာယူထားကြပြီ၊ အေးမြလတ်ဆတ်သောလေပြည်က သုန်သုန်ညှင်းညှင်း တိုက်ခတ်နေသည်။

မှောင်ကြိုင်သော ညအမွှေးပန်းရနံ့များ လွင့်ပျံ့နေသလို ပိုးစုန်းကြူးလေးများ ပျံသော ညထဲ ပိုးကောင်မွှားကောင်လေးများ၏ အော်မြည်သံများ ထွက်ပေါ်နေသည်။

တောင်ကုန်းလေးတစ်ခုပေါ်၌ ရောက်ရှိနေကြသော လူတစ်စုသည် ညနှင့်အတူ တိတ်ဆိတ်စွာ ရှိနေကြသည်။

ထိုလူစုမှ....

www.burmeseclassic.com

www.burmeseclassic.com



အသက် လေးဆယ်ကျော်ခန့်ရှိသူနှစ်ယောက်နှင့် အသက် ဆယ့်သုံးလေးနှစ်ခန့်ရှိသော ကောင်လေးနှစ်ယောက် ဖြစ်လေသည်။

အသက်လေးဆယ်ခန့်ရှိ လူနှစ်ယောက်အနက် တစ်ယောက်မှာ ကုန်သည်ပွဲစားအသွင် ဝတ်ဆင်ထားပြီး တည်ကြည်ခန့်ညားသောရုပ်သွင် ရှိလေသည်။

ကျန်တစ်ယောက်မှာ...

ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ညာဏ်ပညာထက်မြက်သည့် စာပေသမားအသွင်မျိုး ရှိသည်။

ကောင်လေးနှစ်ယောက်ကား...

ကုန်သည်ပွဲစားနှင့် ရုပ်ချင်းခပ်ဆင်ဆင်ရှိသဖြင့် ထိုလူ၏ သားများ ဖြစ်ပုံရလေသည်။

ကောင်လေးနှစ်ယောက်သည် ဖခင်၏ရုပ်သွင်ကို အမွေရထားတာမို့ ယောကျ်ားချောချောပြီး ထက်ထက်မြက်မြက်ရှိပုံရလေသည်။

နွမ်းပါးသည့် အဝတ်အစားများ ဝတ်ဆင်ထားကြသည့်တိုင် အထက်တန်းကျသော မိဘမျိုးရိုးမှပေါက်ဖွားဆင်းသက်လာကြောင်း ထင်ရှားပေါ်လွင်နေ၏။

လေးယောက်သား တောင်ကုန်းလေးပေါ်၌ ငြိမ်သက်စွာရှိနေရာမှ စာပေသမားနှင့်တူသူက ဦးစွာ စကားစလိုက်လေသည်။



'သခင်ကြီး ကျုပ်တို့အတွက် အချိန်သိပ်မရှိပါဘူး၊ မကြာခင် မိုးသောက်တော့မယ်၊ သွားကြစို့'

ကုန်သည်ပွဲစားအသွင်ရှိသူသည် ရောင်နီများ ပျို့အန်စ ပြုနေသော အရှေ့ဘက်အရပ်ဆီသို့ လှမ်းမျှော်ကြည့်ပြီး သက်ပြင်းချလိုက်သည်။

ကောင်လေးနှစ်ယောက်ကို ကြေကွဲသောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

'သားကြီးပုချိုနဲ့ သားလေးပုထင်၊ မင်းတို့ရဲ့ ဘဘကျေးဇူးကို လိုက်သွားပေတော့၊ ဖေဖေ မှာကြားတဲ့စကားတွေကို ဘယ်တော့မှမမေ့နဲ့'

ပုချိုနှင့်ပုထင်းဆိုသည့် ကောင်လေးနှစ်ယောက်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

'ဖေဖေ'

'ကျွန်တော်တို့ သွားရတော့မယ်တဲ့လား ဖေဖေ'

ကုန်သည်ပွဲစားအသွင်ဝတ်ထားသည့် ဖခင်သည် ကောင်လေးနှစ်ဦး၏ပခုံးအား ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်...သားတို့သွားမှ ဖြစ်မယ်၊ ရန်သူက အင်အားကြီးမားနေတယ်၊ ခုချိန်မှာ ထိပ်တိုက်ရင်ဆိုင်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒါကြောင့် ရှောင်တိမ်းပုန်းရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သားကြီးဖြစ်သော ပုချိုအား ဦးညွှတ်လို့ဆို၏။

'အတွင်းသစ္စာခံဖေဖေကြောင့် ကျွန်တော်တို့ပုအမျိုးအနွယ် စံအိမ် ပြိုကွဲပျက်စီးခဲ့ရတယ်ဆိုတာ သိပါတယ်၊ ရန်သူအင် အားကြီးမားနေတော့ အဖေကောက်ယောင်ဆိုတည်၊ ရွာမှာ ထပ်ပြီ ကျွန်တော်တို့အားလုံး တစ်စည်းတစ်လုံးတည်း ရွာမှာ မနေနိုင်ဘူးလား၊'

ဤတွင်—

ဘေဘေဖေညာချင်အသွင် ဝတ်ဆင်ထားသူမှာ ကြားဖြတ် ပြောလိုက်၏။

'ယခင်လေးချို အတူတူသွားဖို့မဖြစ်လို့ သခင်ကြီး စီစဉ် ထားတာပါ၊ ကဲ—ကျုပ်တို့သွားကြစို့'

ပုချို ပင့်သက်ရှိုက်လိုက်၏။

ရန်သူအင်အားကြီးနေပြီး သူတို့နေရာကို သဲကြီးမဲကြီး လိုက်နေခြင်းဖြစ်ရာ အတူတူသွားလျှင် ရန်သူမှီသွားတော့မည် ဖြစ်၍ ဖခင်ကြီးပုကျောင်းက ရန်သူကို မျက်စေ့သွားရန် စီစဉ်ခဲ့ခြင်း ဖြစ်၏။

ပုကျောင်းနေရာတဲ့သို့ ရန်သူက သဲကြီးမဲကြီး လိုက်သွား လျှင် မိမိတို့ ဘေးအန္တရာယ်ကင်းစွာ ရှောင်တိမ်းသွားနိုင်မည် ဖြစ်ကြောင်း ပုချို နားလည်၏။

သားအဖနှစ်ယောက် မဖြစ်မနေ လမ်းခွဲတော့မည်ဖြစ်ရ တော့ ပုချိုက ဦးညွှတ်၏။



'ဖေဖေ ကျွန်တော်တို့ တွေ့နိုင်မယ်၊ လိုအိမ်ခဲ့ပါနော်'

'စိတ်ချ၊ အဖေ မကြာခင်လိုက်ခဲ့မယ်၊ သားတို့သာ အဘ ကျော့ရဲ့စကားကို နားထောင်ကြပါ'

'ကျွန်တော်တို့ နားထောင်ပါမယ် အဖေ'

ပုချိုနှင့်ပုထင်းတို့ ပြိုင်တူပြောလိုက်၏။

ဖခင်ဖြစ်သူပုကျောင်းက လက်ခေါ်ယမ်းပြလိုက်သည်။

'ကဲ—သားတို့ သွားကြပေတော့'

ပုချိုနှင့်ပုထင်းတို့သည် ဖခင်နှင့် မခွဲချင်လိုကြသော်လည်း ဖခင်၏စကားကို မြေ၀ယ်မကျ နားထောင်ပါမှ သားလိမ္မာ များ ဖြစ်ကြမည်ကို လည်းကောင်း—

ပုအမျိုးအနွယ်ကို စောင့်ထိန်းရန် ရှိအပ်လျက်ရှိကြောင်း သိရှိနားလည်ထားကြသဖြင့် ဖခင်အား ဦးညွှတ်လိုက်ကြပြီး အိမ်ထိန်းကြီးကျော့နောက်သို့ လိုက်ပါသွားကြသည်။

အိမ်ထိန်းကြီးကျော့နှင့်အတူ လိုက်သွားသော သားနှစ်ဦး ကို ပုကျောင်း ငေးမောကြည့်ရင်း သောင်ကုန်းလေးပေါ်တွင် ငြိမ်ရပ်ခဲ့သည်။

အဘကျော့ကို မြင်ကွင်းမှ ပျောက်ကွယ်သွားကြလျှင် ပု ကိုယ်တိုင်သည်း ခရီးဆက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်—

'ဟူး ဟူး ဟူး'

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလေးတိုးသံနှင့်အတူ ရန်သူများ ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည်။

• ၀ ၀

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။

တောတောင်ပ်ဒေသ နေရောင်ခြည်ဖြင့် ပတ်ဝန်းကျင်အစ်ခုလုံး သာယာလှပနေ၏။

အတက်ကျောစုနှင့်အတူ ပုအမျိုးအနွယ်စံအိမ်မှ သခင်လေး ပုချိုနှင့်ပုထင်းတို့ လိုက်ပါလာခဲ့ပြီး တောလမ်းအတိုင်း ခရီးနှင်နေကြလေသည်။

ကျောစုအား တက်သုတ်နှင်ပြီး ပုချိုတို့ညီအစ်ကိုအား အပြေးအလွှားလိုက်သွားကြရာ အချိန် အနည်းငယ် အတွင်း ခရီးအတော်ပေါက်လာခဲ့သည်။

ပုချိုသည် ဖခင်ကြီးကျန်ရစ်ခဲ့သော တောင်ကုန်းအားဘက်သို့ လှည့်ကြည့်လိုက်၏။

စိမ်းလန်းသော သစ်ပင်ကြီးများ၊ ထားရုံထားခြင်းကြောင့် တောင်ကုန်းကြီးအား မတွေ့ရပေ။



'ခဖခဖရယ် ကျွန်တော်တို့ အယ်တောဒမျှား ပြန်ဆုံတွေ့နိုင်မှာလဲဟင်'

ရင်ထဲမှနေ၍ ကြေကွဲစွာ ညည်းတွားမိလေသည်။

တစ်ဆက်တည်းပင်...

ပုမိသားစုအိမ်တော်အပေါ် ကျရောက်ခဲ့သည့် အန္တရာယ်များနှင့် မိသားစု တကွဲတပြား ဖြစ်ခဲ့ရပုံများကို ပြန်လည်မြင်ယောင်လာမိလေသည်။

ပုအိမ်တော်အပေါ် ကံဆိုးမိုးမှောင် ကျရောက်စေမည့် အန္တရာယ်များကို ထယ်ဆောင်လာသူအား ချိုးဖန်းဖြစ်လေသည်။

-- ၀ --

www.burmeseclassic.com

သွားနှင့်လာသောညွှန်သည်

---

တင်းစိန်မြို့၏ မြောက်ဘက်မြို့ရိုးတံခါးအနီး၌ တည်ရှိသော ပုမိသားစုခြံဝင်းသည် သီးပင်စားပင်များ၊ ပန်းပင်များနှင့် မနေချင့်စဖွယ်ကောင်းလှ၏။

ခြံဝင်းအနောက်ဘက်ကို ထွက်လိုက်သည်နှင့် မြို့ပြင်တောအုပ်သို့ ရောက်သွားပေမည်။

ပုချိုတို့ညီအစ်ကိုသည် နွေအယ်နွေခင်း အားလပ်ချိန်များ၌ ခြံဝင်းအနောက်ဘက်မှတစ်ဆင့် မြို့ပြင်သို့ထွက်ကာ ဆော့ကစားလေ့ ရှိကြ၏။

ယနေ့လည်း—



သာသာယာယာရှိနေသည်မို့ ညီအစ်ကိုနှစ်ယောက်၏ ထွက်လာခဲ့ကြပြီး လိုက်တမ်းပြေးတမ်း ဆော့နေခဲ့ကြ၏။

တစ်ယောက်ကပြေး—

တစ်ယောက်က လိုက်ဖြင့်—

ချုံပုတ်ကြီးတစ်ခုအနီး ရောက်ရှိလာသောအခါ ထူးခြားမှုတစ်ခုကို မတွေ့မြင်လိုက်ရလေ၏။

ချုံပုတ်ကြီး လှုပ်ရှားသွား၍ အတွင်း၌ လူသူတိရစ္ဆာန် တစ်ကောင်ကောင် ရှိနေရမည်ဟု ညီအစ်ကိုနှစ်ယောက်၏ နားလည်လိုက်ကြလေ၏။

ချုံပုတ်ကြီးနှင့်ဝေးရာသို့—

ချက်ချင်း ထွက်သွားသင့်မှန်း သိထားကြပါသော်လည်း ထွက်သွား၍မဖြစ်တဲ့ အခြေကြုံနေကြရလေ၏။

အကြောင်းကား—

ပုထင်းပစ်လိုက်သည့် ဦးထုပ်လေးမှာ ချုံပုတ်ကြီးပေါ်၌ တင်နေသောကြောင့်ဖြစ်၏။

ညီအစ်ကိုနှစ်ယောက်၏ ပြေးလွှားလာကြရင်း ပုထင်းက ပုချိုအား ဦးထုပ်ဖြင့် ပစ်ပေါက်လိုက်ရာ ချုံပုတ်ကြီးပေါ် တင်သွားခြင်း ဖြစ်လေ၏။

ညီအစ်ကိုနှစ်ယောက်၏ ခပ်လှမ်းလှမ်းကို ဆုတ်သွားကြပြီး ချုံပုတ်ကြီးကို မျက်လုံးပြူး၍ ကြည့်နေမိကြ၏။

တစ်ဖန်—

'ချုံပုတ်ကြီးလှုပ်သွားတယ်၊ အထဲမှာ တစ်ခုခုရှိနေတာ သေချာတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ညီလေး၊ ဒါကြောင့် မြို့ပြင်ထွက်ပြီး မထွက်စေရဘူးလို့ ဖေဖေတားမြစ်ထားတာ၊ မြို့ပြင်ကို သားရဲတိရစ္ဆာန်တွေ ရောက်လာတယ်လို့ ပြောဖူးတယ်၊ တို့ ဘယ်လိုလုပ်ကြမလဲ'

ညီအစ်ကိုနှစ်ယောက်သား အခက်ကြုံနေကြလေသည်။

ပုထင်းသည်....

သူ၏ဦးထုပ်လေးကို နှမြောနေပါသည်။

သို့သော်....

'နေဝင်မှလာယူကြတာပေါ့၊ ကျွန်တော်တို့ သွားကြရအောင်'

'ဒါဆိုလဲ ညီလေးသဘောပဲ'

နှစ်ယောက်သား....

နောက်သို့ တရွေ့ရွေ့ ဆုတ်လိုက်ကြလေသည်။

ခပ်လှမ်းလှမ်းရောက်လျှင် ချာခနဲလှည့်ကာ ထွက်ပြေးသွားကြလေတော့သည်။

သူတို့ညီအစ်ကို ထွက်ပြေးသွားကြပြီး မဝေးလှသော နေရာမှပင် ချုံပုတ်ကြီး ဗို၍လှုပ်ရှားလာပြီး လူတစ်ယောက်ထွက်လာလေသည်။



ဆံပင်ဖားလျားချထား တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေသော အမျိုးသမီးတစ်ယောက်ဖြစ်၏။

ထိုအမျိုးသမီးသည်....

ပုထင်းတို့ ထွက်သွားရာဘက်ကို လှမ်းကြည့်ပြီး ခြေလှမ်းချင်း လှမ်း၍ လိုက်ပါသွားလေသည်။

၀ ၀ ၀

နေဝန်းနီမှာ အနောက်ဘက်၌ ငုပ်လျှိုးပျောက်ကွယ်သွား ဖြစ်ပါသည်။

နေခြည်ကွယ်ပျောက်သွားသည်နှင့် ပုအိမ်တော်၌ မီးများ ထွန်းညှိကာ ထိန်လင်းလာလေသည်။

အိမ်ဖော်များက ညနေစာကို ပြင်ဆင်နေ၏။

ပုထင်းတို့ညီအစ်ကိုလည်း ထမင်းစားခန်းသို့ ရောက်ရှိလာကြလေသည်။

ထမင်းစားခန်း၌ အိမ်ထိန်းကြီးဂျေစနှင့် ဖခင်ပုကျောင်း ရောက်ရှိနေကြပြီဖြစ်၏။

သူတို့နှစ်ယောက်က ထမင်းဝိုင်း၌ နေရာယူလိုက်ကြလျှင် ဖခင် ပုကျောင်းက အကဲခတ်ကြည့်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'သားတို့နှစ်ယောက်ကို ဖေဖေမေးစရာရှိတယ်၊ အမှန်အတိုင်းဖြေရမယ်နော်'

ပုချိုတို့ ဦးညွတ်လိုက်ကြလေသည်။

'ကျွန်တော်တို့ဖြေပါ့မယ် ဖေဖေ'

'နေ့ခင်းပြီ သားတို့ နေ့အယ်ဆာ မြို့ပြင်တောအုပ်ထဲမှာ သွားပြီးဆော့ကစားခဲ့ကြသေးတယ် မဟုတ်လား၊'

သူတို့ ထိတ်လန့်သွားကြလေသည်။

သူတို့အကြောင်းကို ဖခင်ကြီးက သိနေပြီဖြစ်၍ မငြင်းရဲကြတော့ဘဲ ဝန်ခံလိုက်ကြရလေ၏။

'ဟုတ်…ဟုတ်ပါတယ်ဖေဖေ'

'ကျွန်တော်တို့ သွားပြီးဆော့ကစားခဲ့ကြပါတယ်ဖေဖေ'

ပုကျော်ခင်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလေ၏။

'မနက်ဖြန်ကစပြီး တောအုပ်ထဲကို မသွားနဲ့တော့၊ မြို့ပြင်မှာ ပြဿနာတွေဖြစ်ပေါ်နေတယ်၊ သားတို့သွားပြီး ဆော့ကစားခဲ့ကြတဲ့ တောအုပ်ထဲမှ လူသုံးယောက် အသတ်ခံလိုက်ရတယ်'

သူတို့ အထိတ်တလန့်ဖြစ်သွားကြလေတော့သည်။

ပုကျော်ခင်က ဆက်ပြောလေ၏။

'အသတ်ခံရတဲ့သူတွေဟာ ဖေဖေတို့မြို့က မဟုတ်ဘူး၊ ဘယ်ကလာမှန်းမသိတဲ့ မျက်နှာစိမ်းတွေပဲ၊ လူတို့က သိုင်းသမားတွေလို့ဖြစ်ကြတယ်…



'ဖေဖေတို့စံအိမ်နဲ့ သိပ်မဝေးကွာလှတော့ လတ်သားပြီး နေ့တိုင်ကြတာ မမှားဘူး၊ ဖေဖေ စကားကို နားထောင်ကြရမယ်နော်'

'ကျွန်တော်တို့ နားထောင်ပါ့မယ် ဖေဖေ'

သူတို့က ကတိပေးလိုက်ကြသည်။

ပုကျော်ခင်က ကျေနပ်သွားပုံဖြင့် လက်ဝှေ့ယမ်းပြရင်း…

'ကဲ…စားသောက်ကြဦး၊ စားပြီးရင် ဖေဖေကျက်မှတ်ခိုင်းတဲ့ စာတွေ ကျက်ရမယ်'

ပုချိုတို့ညီအစ်ကို ယနေ့ညအဖို့ ကောင်းစွာစားသောက်ခြင်း မပြုနိုင်ကြတော့ပါချေ။

ဝ ဝ ဝ

ညစာစားသောက်ပြီးလျှင်…

ပုချိုတို့ စာကျက်ကြရလေသည်။

စာတို့ကျက်မှတ်ရသည်လား…

ကျောင်းစာမဟုတ်ဘဲ သိုင်းပညာရပ်တစ်ခုနှင့် ပတ်သက်နေသော လက်စွဲများပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးမရွေးလူကြီးမရွေး လောဘစေးအရွယ် လူပျိုတို့အတွက် သိုင်းစာမျိုးကျက်မှတ်ရသည်မှာ ပျင်းယိုငြီးငွေ့စရာ ကောင်းလှပေသည်။

သို့သော်ငြားလည်း ဖခင်ကြီးမှာ သိုင်းဆရာကြီးတစ်ဦး ဖြစ်နေရသော မနေ့ခင်တစ်ချိန် ဖခင်၏ခြေရာကို နင်းနိုင်ရန် သိုင်းစာများ ကျက်မှတ်နေရခြင်း ဖြစ်ပါတော့၏။

ညီအစ်ကိုနှစ်ယောက်အဖို့ ယနေ့ညသည် ထမင်းစားချိန်မကောင်းသလို စာကျက်ရန်လည်း စိတ်မပါဘဲ ဖြစ်နေကြပါတော့သည်။

အိပ်ချိန်ရောက်၍ အိပ်ရာဝင်ခဲ့သည့်တိုင် ရုတ်တရက် အိပ်မပျော်နိုင်အောင် ဖြစ်နေပါတော့သည်။

ညီအစ်ကိုနှစ်ယောက်စလုံး အိပ်ရာထက်၌ တလူးလူး တလွန့်လွန့် ဖြစ်နေကြလေသည်။

အကြီးဖြစ်သော ပုချီက မေးလေသည်။

'ညီလေး၊ မင်း အိပ်မပျော်ဘူးလား'

'ဟုတ်တယ် အစ်ကိုကြီး ပူလိုက် အိုက်လိုက်တာ၊ တွယ်လို့ အိပ်လို့မရဘူး'

'ဒါဖြင့် ပြတင်းပေါက်ဖွင့်ထားမလား'

'ကောင်းသားပဲ'

ပုထင်းက သဘောတူလေသဖြင့် ပုချီက ပြတင်းပေါက်တံခါး ဖွင့်လိုက်လေသည်။

ညလေများ တိုးဝင်လာလျှင် ညီအစ်ကိုနှစ်ယောက်မှာ နေသာထိုင်သာ ရှိသွားကြသည်။



ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသကဲ့သို့ ကြယ်ကလေးများသည်လည်း ဝင်းလက်တောက်ပနေကြပါသည်။

ညီအစ်ကိုနှစ်ယောက် ကောင်းကင်ပေါ် မော့ကြည့်လိုက်ကြလေသည်။

ပုချီက ပုထင်းကိုကြည့်လိုက်သည်။

'ညီလေး၊ တို့တတွေ တောထဲမှာ သွားပြီးဆော့ကစားလို့ မဖြစ်တော့ဘူးနော်'

'ဟုတ်တယ်၊ ဖေဖေကြီးကြိုက်ဘူးဆိုတော့ သွားလို့မဖြစ်တော့ဘူး'

'ဒါဆို ညီလေးရဲ့ဦးထုပ်လေး ကျန်ရစ်ခဲ့တာ ဘယ်လိုလုပ်ကြမလဲ'

ပုထင်း မင့်သက်ရှိုက်လိုက်သည်။

'ဘယ်တတ်နိုင်ပါ့မလဲ၊ အဆုံးခံလိုက်ရတော့မှာပေါ့'

ပုထင်း၏ဦးထုပ်ကဲ့သို့ ဦးထုပ်မျိုး ပုချီ၌လည်း ရှိပေ၏။ ရောင်စုံသိုးမွှေးချည်များဖြင့် ယက်လုပ်ထားသော ဦးထုပ်လေးများ ဖြစ်လေသည်။

ကွယ်လွန်သွားပြီဖြစ်သော သူတို့၏မိခင်က ညီအစ်ကိုနှစ်ယောက်အတွက် ဆင်တူထိုးပေးထားခဲ့ခြင်း ဖြစ်သည်။ မိခင်ကြီး ကွယ်လွန်သွားသည်မှာ ငါးနှစ်ခန့်ရှိခဲ့ပြီ။ မိခင်၏လက်ရာဖြစ်၍ ညီအစ်ကိုနှစ်ယောက်စလုံး နှမြောကြခြင်း ဖြစ်ပါတော့သည်။

ပုချီက အကြံပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာအကြောင်းကို အကျိုးအကြောင်းပြောပြပြီး သွားယူနိုင်ရင် မကောင်းဘူးလား'

ပုထင်း တွေဝေနေ၏။

'ဖေဖေသိသွားရင် ဆူလိမ့်မယ်'

'ဒါဖြင့် ဦးထုပ်အကြောင်း ဖေဖေမေးရင်ကော ညီလေး ဘယ်လိုဖြေမလဲ'

'ဘယ်နေရာမှာ သိမ်းထားမိမှန်းမသိဘူးလို့ ပြောလိုက်မှာပေါ့'

ပုထင်းက ပြုံးစလွယ်ပြောလိုက်ရာ

ပုချိုက စိုက်ကြည့်ပြီး မေးလိုက်လေသည်။

'ညီလေးက ဖေဖေ့ကို လိမ်ပြောရဲလို့လား'

ပုထင်း မျက်နှာပျက်သွားတော့သည်။

ညီအစ်ကိုနှစ်ယောက်စလုံး ဖခင်ဖြစ်သူအား လိမ်မပြောရဲကြပါချေ။

ဖခင်အား ချစ်ကြောက်ရိုသေကြပြီး ဖခင်၏စကားကို မြေဝယ်မကျ နားထောင်ခဲ့ကြသူများ ဖြစ်လေသည်။

ပုထင်း အခက်ကြုံသွားလေသည်။

'ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ ပြောပါဦး'

အစ်ကိုဖြစ်သူကို အကူအညီတောင်းလိုက်သည်။

ပုချိုလည်း အကြံမပေးတတ်ချေ။

ပုထင်း ညည်းတွားလိုက်၏။

'ကျွန်တော့်ဦးထုပ်လေးတော့ ဆုံးပြီထင်ပါရဲ့'



မိခင်ကြီး၏ ဇယ်ရာအမွေအနှစ်မို့ နှမြောလှစွာဖြင့် ချုံပုတ်ကြီးပေါ်၌ တင်ကျန်ရစ်ခဲ့သည်ကို မြင်ယောင်လာလေသည်။

တဆက်တည်းမှာပင်—

'အစ်ကို၊ ချုံပုတ်ထဲမှာ လူတစ်ယောက် ရှိနေတယ်လို့ ကျွန်တော်ထင်မိတာပဲ'

ဟု လွတ်ခနဲပြောလိုက်သည်။

ရှေ့ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ဒါဆို အစ်ကိုလဲ မျက်စိမမှားနိုင်တော့ဘူး'

'အစ်ကိုက ဘာများတွေ့မြင်ခဲ့လို့လဲ၊ ပြောစမ်းပါဦး'

ပုထင်းက မေးလိုက်သောအခါ—

သူက သူ၏ သံသယဖြစ်ခဲ့ရပုံများကို ပြောပြလိုက်လေသည်။

'ချုံပုတ်ထဲမှာ လူတစ်ယောက် ဒါမှမဟုတ် သတ္တဝါ တစ်ကောင် ရှိနေမှာသေချာတယ်၊ ချုံပုတ်အောက်ခြေမှာ သွေးစက်တစ်ချို့ တွေ့ခဲ့ရတယ်'

ပုထင်း မျက်လုံးပြူးသွား၏။

'သွေးစက်တွေ ဟုတ်လား'

'ဟုတ်တယ်၊ ချုံပုတ်အောက်နားမှာ တွေ့ခဲ့ရတယ်'

ညီအစ်ကိုနှစ်ယောက် အချင်းချင်း ကြည့်လိုက်မိကြလေသည်။

www.burmeseclassic.com



မြို့ပြင်တောအုပ်ထဲ၌ လူသေအလောင်းသုံးလောင်း တွေ့ရခြင်းကြောင့် ပြဿနာပေါ်ပေါက်နေဟန်ရှိသည်ဟု ဖခင်ကြီး ပြောခဲ့ပါသည်။

သိုင်းဆရာအသားများ၏ ပြဿနာဖြစ်သည်ဟု သုံးသပ်ထားခြင်းကြောင့် ပို၍ စိတ်ဝင်စားစရာဖြစ်နေ၏။

သူတို့နှစ်ယောက်သာ သိုင်းစာချုပ်မှတ်ခဲ့သည်ကို မည်သူကိုမှ မပြောရ။

မည်သည့်အခါမှ လက်တွေ့ထုတ်ဖော် အသုံးချခြင်းမပြုရဟုလည်း အထပ်ထပ်မှာကြားခဲ့သည်။

ခလေးမဟုတ် လူကြီးမဟုတ် ညီအစ်ကိုနှစ်ယောက်မှာ ဖခင်၏ ထွေးပါကြသူများမို့ သိုင်းပညာနှင့်ပတ်သက်လာလျှင် လူကြီးများကဲ့သို့ ဖြစ်လာကြတော့သည်။

အညင်ငြိမ်စွာဖြင့် တွေးတောလာကြ၏။

'အဖေဟာ သိုင်းသေ...အ ဇာတ်မြှုပ်ထားတယ်လို့ တို့သိထားကြတာပဲ၊ သိုင်းသမားတွေ ရောထွေးလာကြတယ်ဆိုတာ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး'

'ဒါကြောင့် မြို့ပြင်ကိုမထွက်ရဘူးလို့ အဖေက မှာတာပေါ့'

ညီက ပုဆင်းအား မေးလိုက်၏။

'ညီလေး၊ နေ့ခင်းက တို့တွေကြုံခဲ့ရတဲ့ကိစ္စ အဖေ့ကို ပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်'

ပုဆင်း သဘောတူလိုက်၏။



'တုတ်ကယ်၊ ဒါဟာ ထူးခြားတဲ့ ကိစ္စတစ်ခုဖြစ်နိုင်တယ်၊ အဖေ့ကို သွားပြောပြသင့်တယ်၊ ဒါဆိုရင် အဖြစ်မှန်ကို အဖေ တွေးကြည့်နိုင်လိမ့်မယ်'

နှစ်ယောက်သား ညှိနှိုင်းပြီးဖြစ်သည်ကိုပင် အမှုမထားနိုင်ကြဘဲ ဖခင်အား သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်ကြသည်။

ပြတင်းပေါက် တံခါးကို ပိတ်ရန် ပုချိအား ဟန်ပြင်လိုက်စဉ် ထူးခြားမှုတစ်ခု တွေ့လိုက်ရ၏။

ခြံဝင်းအတွင်း၌ လူရိပ်တစ်ခု လှုပ်ရှားသွားခြင်း ဖြစ်လေသည်။

'ဟင်'

'လူတစ်ယောက်ပါလား၊ ညကြီး အချိန်မတော် တို့ရဲ့ခြံထဲကို ကျူးကျော်ဝင်လာတာ ဘယ်သူပါလိမ့်'

ညီအစ်ကို နှစ်ယောက် မျက်လုံးပြူး၍ ကြည့်လိုက်ကြလေသည်။

တင်းတိန်မြို့တွင် ပုချင်းသည် သူဌေးကြီး တစ်ဦးအဖြစ် ထင်ရှားသူ ဖြစ်၏။

အများအကျိုးကို ရှေ့တန်းတင် ဆောင်ရွက်နေသူ ဖြစ်လေသောကြောင့် တစ်မြို့လုံး၏ ကြည်ညိုလေးစားမှုခံရ၍ အနှောင့်အယှက်ပေးမည့်သူ မရှိချေ။

ညအချိန်မတော် ကျူးကျော် ဝင်ရောက်လာသူသည် ဤမြို့မှ မဖြစ်နိုင်ကြောင်း ညီအစ်ကိုနှစ်ယောက် နားလည်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ့ခိုးဖြစ်မယ်ထင်တယ်'

'မေးဖို့ကို အမြန်သွားပြောမယ်'

ပုထင်းသည် ပြေးထွက်သွားရန် ဟန်ပြင်လိုက်စဉ် ပုချိုက လက်ကို ဖမ်းဆွဲထားလိုက်၏။

'ခဏနေဦး—ညီလေး၊ သေချာကြည့်ပါဦး'

ပုထင်းက လှမ်းကြည့်လိုက်သောအခါ ခြံဝင်းအတွင်းသို့ ဝင်ရောက်လာသူမှာ ဒုယီးဒယိုင်ဖြင့် ပုအိမ်တော်အနီးသို့ ချဉ်းကပ်လာသည်ကို တွေ့လိုက်ရ၏။

လရောင်အောက်သို့ ရောက်လာသဖြင့် ထိုလူ၏ အသွင်ကို သေချာ တွေ့မြင်လိုက်ရသည်။

ထိုလူမှာ—

ဆံပင်ဖားလျားနှင့် ချထားသော အမျိုးသမီးကြီးတစ်ဦး ဖြစ်နေသည်။

ရုတ်တရက်ဆိုလျှင်—

အနီးရောင် အတော်အတန် ဝတ်ဆင်ထားသည်ဟုထင်ရသော်လည်း သေချာ ကြည့်လိုက်သောအခါ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေခြင်းဖြစ်ကြောင်း တွေ့ရလေ၏။

'ဟာ'

'မခင်မောင်းဆိုးဝါး တစ္ဆေလာရဲ့ ထင်တယ်ပဲ'

ပုထင်းတို့ မောင်နှမနှစ်ဦး ကြက်သီးဖြန်းဖြန်း ဖြစ်သွားကြလေ၏။

အမျိုးသမီးသည် ဒယီးဒယိုင်ဖြင့်လှမ်းလာရင်း ပုအိမ်တော် အဆောင်တစ်ခု အကွယ်သို့ ရောက်ရှိ သွားခြင်းကြောင့် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။



ပုထင်းနှင့် ပုချိုတို့ အချင်းချင်း ကြည့်လိုက်ကြမိလေသတည်း။

ထိုနေ့၌

နှစ်ဖွားထားသော တိုင်ပင်ရောမလိုဘဲ အခန်းထဲမှ ပြေးထွက်လိုက်ကြ၏။

ထိုစဉ်—

'ရယ်သိုက်မင်း—ဘာယ်သူလဲ'

အော်ပြောက်သံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားရသည်။

ပုချိုတို့ ဆက်၍ ပြေးလွှားသွားရာ အိမ်ရှေ့တံခါးမကြီးပွင့် နေသည်ကို တွေ့ရသဖြင့် အပြင်ဘက် ပြေးထွက် လိုက်ကြ သည်။

မခင်မောင်းဆိုးဝါးနှင့်တူသော အမျိုးအမည်ကို သူတို့ ညီအစ်ကိုသာမက အိမ်ထိန်းကြီး ကျေးစုအလည်း တွေ့ရှိသွားပြီ ဖြစ်ကြောင်း နားလည်ထားကြ၏။

အော်ပြောက်ဟန်အားသံသည် ကျေးစု၏ အသံဖြစ်ကြောင်း သူတို့ သိရှိထားကြ၏။

အိမ်အပြင်ဘက်သို့ရောက်သွားလျှင် ကျေးစုက ပုအိမ်တော် သို့ ဦးတည်လာနေသည့် သွေးများ ပေကျံနေခဲ့လာ အမျိုးသမီးအား ဟန့်တားလိုက်သည်ကို တွေ့ရ၏။

အမျိုးသမီးသည် မပြောမဆိုဘဲ ရှေ့မှ လမ်းပိတ်ထားသည့် ကျေးစုအား တိုက်ခိုက်လိုက်၏။

'ရမ်းကားလှချည်လား'

www.burmeseclassic.com

www.burmeseclassic.com



ကျော့စုအား အော်ငေါက်ရင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင် မိကြသည်နှင့်—

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၍ ကျော့စုချက်ချင်း နောက်ဆုတ်လိုက်ရ၏။

ပုချိုနှင့် ပုထင်းတို့ မျက်လုံးပြူးသွားကြလေသည်။

သွေးစွန်းနေသော အမျိုးသမီး၏သိုင်းပညာ မခေကြောင်း တွေ့လိုက်ရသည် မဟုတ်ပါလား။

ပုအိမ်တော်၌ သခင်ကြီး ပုကျောင်းပြီးလျှင် အိမ်ထိန်းကြီးသည် သိုင်းပညာ အတော်ဆုံးဟု ဆိုနိုင်လေ၏။

ကျော့စုအား နောက်ဆုတ်သွားစေနိုင်ခဲ့ခြင်းကြောင့် အမျိုးသမီး၏ သိုင်းပညာ အခြေအနေကို ပုချိုတို့ အကဲခတ်မိလိုက်ကြခြင်း ဖြစ်သည်။

ကျော့စု မရွှေမနှပ် ဖြစ်သွား၏။

'ဩော်—မင်းရဲ့ သိုင်းပညာ မခေဘဲကိုး၊ မင်းလေပညာယှဉ်ချင်တယ်ဆိုရင်လဲ ကျုပ်လေလဲ မနေပါဘူး'

ချက်ချင်းပင်—

သိုင်းကွက်အား ပြောင်းလဲ၍ တိုက်ခိုက် လိုက်လေတော့သည်။

အခြေအနေ ချက်ချင်း ပြောင်းလဲသွားသည်။



မကျောင်းဆိုပါ တစ်ထောင်ပမာ ရှိနေသော အမျိုးသမီးသည်လည်း လက်နှစ်ဘက် ဆန့်ထုတ်၍ တိုက်ခိုက်လာသည်။

တွမ်၏ အသွင်မှာ ကျော့စုအား အသေသတ်ရန် ကြိုးစားလိုက်သည့် အသွင်မျိုး ဖြစ်နေပါတော့သည်။

သို့သော်—

ယခုတစ်ကြိမ်၌ ကျော့စု၏ သိုင်းကွက်များအား သူမ၏တိုက်ကွက်ကို ခွဲဖျက်၍ အသာစီး ရယူလိုက်လေတော့သည်။

'ဝုန်း'

ကျယ်လောင်သော အသံ ထွက်ပေါ်လာ၍ အမျိုးသမီး ယိုင်ယိုင် ဖြစ်ပြီး မြေပေါ် ဒူးထောက် ကျသွားလေတော့သည်။

'မလှုပ်နဲ့'

ကျော့စုက အနီးသို့ ရိုပ်ခနဲ ချဉ်းကပ်၍ သူမ၏ ခေါင်းပေါ်သို့ ဓားလက်ဝါးဖြင့် အုပ်မိုးထားလိုက်၏။

'ကျွန်မကို မသတ်ပါနဲ့ရှင်'

အမျိုးသမီး ကြောက်လန့်တကြား တောင်းပန်လေတော့သည်။

ကျော့စု အနိုင်ရလိုက်သဖြင့် ပုချိုနှင့် ပုထင်းတို့ ဝမ်းသာကြသည်။

'ဟေး'

နှစ်ယောက်သား လွတ်ခနဲ အသံထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထိန်းကြီး ကျော့ရုအား တစ်ချက် လှမ်းကြည့်လိုက်သော်လည်း အမျိုးသမီးအား အားတစ်မနာပနိုင်သဖြင့် သူတို့ကို ဘာမှ မပြောချေ။

ထိုစဉ်...

'ညကြီးအချိန်မတော် ကျုပ်ရဲ့ခြံဝင်းထဲဝင်လာပြီး ဒေသင်း ချွန်းရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး'

အောင်မြင်ခန့်ညားသော စကားသံနှင့် အတူ ပုခဆောင်း ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

'ဖေဖေ...လာပြီ'

ပုထင် တို့အား ကာပျာအယာ နောက်ဆုတ်၍ အမှောင်ရိပ်ထဲ တိုးဝင်လိုက်ကြလေ၏။

ထိုသော်

ပုကျောင်းအား သူတို့နှစ်ယောက်၏ အကြောင်း ရိပ်မိနေပြီဖြစ်သည်။

'မင်းတို့ အိမ်ထဲပြန်ဝင်ကြစမ်း'

ထက်မြေ ယမ်းအော ပေါက်သိုက်လျှင် ပုထင်းတို့ မနေဝံ့ကြတော့ဘဲ အိမ်ထဲ ပြေးဝင်လိုက်ရလေသည်။

o o o



ပုထင်းတို့ညီအစ်ကို အခန်းတွင်းသို့ ပြန်ရောက်ရှိလာပြီဖြစ်သည်။

အိပ်ရာထက် လဲလျောင်းလိုက်ကြရသော်လည်း အိပ်မပျော်နိုင်ကြပါ။

ထူးခြားသော အဖြစ်အပျက်နှင့် ကြုံလိုက်ရပြီးနောက်... မည်သို့ အိပ်စက်နိုင်ပါတော့မည်နည်း။

'အသော်ကို ကြောက်စရာကောင်းသယ်ကွ၊ တစ်ကိုယ်လုံး မသွေးချင်းချင်း နီရဲနေတာပဲ'

'အဲဒါ မကောင်းဆိုးဝါး ဖြစ်လိမ့်မယ်'

ဆံပင်ဖားလျား၊ သွေးများပေကျံနေသော အမျိုးသမီးကို စိုးရွံ့နေကြလေသည်။

'သူဟာ တို့အိမ်ကို ဘာကြောင့်ရောက်လာတာလဲ'

'ငါ ဘယ်သိပါ့မလဲကွ'

'ဟေ့ ဦး...မြို့ပြင်မှာ ပြဿနာ ဖြစ်ပေါ်ခဲ့တယ်လို့ ဖေဖေ ပြောခဲ့သေးတယ် မဟုတ်လား'

'အေး...ချုပ်ပုတ်ထဲမှာ တလှုပ်လှုပ်ဖြစ်နေတာ အဲဒီ အမျိုးသမီးဖြစ် ဆင်တယ်'

ညီအစ်ကိုနှစ်ယောက် တွတ်တိုးဆိုနေမိကြသည်။

သွေးများ ပေကျံနေသော အမျိုးသမီးသည် မြို့ပြင်မှ ပြဿနာနှင့် ဆက်စပ်နေလိမ့်မည်ဟုလည်း တွေးမိလိုက်ကြသည်။

'ဖေဖေနဲ့ အိမ်ထိန်းကြီးတို့ ဘာတွေဆက်လုပ်ကြမလဲ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ထိုသစ်၊ အပြင်ဘက်ကို မကြည့်ရဲသဖြင့် မချင့်မရဲ ဖြစ်နေစဉ်မှာပင်…

ဆူတို့၏ အခန်းတွင်းသို့ လှမ်းဝင်လာသည့် ကျော့စုံအား တွေ့လိုက်ရလေသည်။

ပုချိုကို အပျောအယာ လူးလိမ့်ထလိုက်ကြသည်။

'ဘာဘာ ဖေဖေခေါ်လာဟင်'

'တို့အမျိုးသမီးကော ဘယ်ရောက်သွားပြီလဲ'

ဝိုင်း၍ မေးမြန်းလိုက်ကြသည်။

အိမ်ထိန်းကြီး ပြုံးလိုက်၏။

'သခင်လေးတို့ အိပ်မပျော်ဘဲ ရှိနေကြမယ်ဆိုတာ သိလို့ ကျုပ်လာခဲ့တာပါ၊ ဘာမှ မစိုးရိမ်ကြပါနဲ့၊ ရောက်လာတဲ့ အမျိုးသမီးလေးဟာ မကောင်းဆိုးဝါး မဟုတ်ပါဘူး၊ ဒုက္ခရောက်နေလို့ အကူအညီ ရလိုရငြား ကျုပ်တို့ဆီကို လာခဲ့တဲ့ သူပါ'

ပုချင်းတို့ အချင်းချင်း ကြည့်လိုက်ကြ၏။

အိမ်ထိန်းကြီးက ဆက်ပြောလိုက်၏။

'သခင်ကြီးဟာ သူ့ကိုကူညီဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ကျုပ်တို့ အိမ်တော်မှာ ထားခဲ့ပြီး ဆေးကုပေးလိမ့်မယ်၊ မနက်ကျရင် သခင်လေးတို့ တွေ့ကြလိမ့်မယ်၊ ကဲ…ခုည အိပ်ပျော်အောင် သာ စိတ်ချလက်ချ အိပ်ကြပေတော့'

ထိုအခါမှ…

ပုချိုတို့လည်း ရင်ထဲမှ အလုံးကြီး ကျသွားသည့်နှယ် ခံစားလိုက်ကြလေသည်။



ယနေ့ညအဖို့…

ကျော့စုံပြောသကဲ့သို့ အိပ်ပျော်နိုင်ကြတော့မည် ဖြစ်လေသည်။

သို့သော်…

ယနေ့ည အဖြစ်အပျက်ကြောင့်…

နောင်ဘဝဇာတ်လမ်းတစ်လျှောက်လုံး အိပ်မက်ဆိုးမျှ မကိုနေမည် ဆိုသည်ကိုမူ ပုထင်းတို့ ညီအစ်ကိုနှစ်ယောက် မတွေးမိခဲ့ကြချေ။

မြန်မြန်မိုးလင်းပါစေဟု ဆုတောင်းရင်း ညဉ့်နက်သန်းခေါင် ကျော်အချိန်မှာပင် အိပ်ပျော်သွားကြလေသည်။

—၀—

www.burmeseclassic.com

www.burmeseclassic.com

## မီးလျှံနတ်သမီး

---

အဖြစ်အပျက်များသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း၌ ဖြစ်ပျက်သွားခဲ့သည်ဟု ထင်ရပေသည်။

ချူစန်းဆိုသော အမျိုးသမီး ပုအိမ်တော်သို့ရောက်ရှိလာခဲ့သည်မှာ တစ်လပြည့်သွားခဲ့ပြီ ဖြစ်သည်။

ထိုတစ်လအတွင်း...

ပုကျောင်းမှာ မအားမလပ်နိုင်အောင်ပင် အလုပ်များခဲ့လေသည်။

ချူစန်း၏ ဒဏ်ရာများ သက်သာပျောက်ကင်းလေအောင် ဂရုစိုက်ခဲ့ရသည်။



အများအမြင်၌ လူမွေးကြီးတစ်ဦးပမာရှိသော ပုကျောင်း၏ ဘဝမှန်မှာ သိုင်းသမားတစ်ယောက်ဖြစ်သည်ကို ဆေးဆရာ တစ်ပိုင်းလည်း ဆိုနိုင်ပေသည်။

ပုကျောင်းသည် ဆေးပညာကို အများရှေ့၌ ထုတ်ဖော်မှုများ ရှိခဲ့သော်လည်း သိုင်းပညာ ထုတ်ဖော်ခြင်း တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဘဲ လျှို့ဝှက်ထားခဲ့သူ ဖြစ်သည်။

ပုချိုတို့ ညီအစ်ကိုနှစ်ယောက်အား မမြင်ကွယ်ရာဖြစ်သော သီးသန့်အဆောင်တစ်ခုတွင် သိုင်းသင်ပေးပြီး သိုင်းစာသင်ပေးသော်လည်း အရိပ်အမြွက်မျှပင် ထုတ်ဖော်ခြင်း မပြုရန် အမိန့်ပေးထားခဲ့လေသည်။

ချူစန်း ရောက်လာပြီးသည့်နောက်ပိုင်း မအားမလပ် အောင် ဖြစ်ရလေ၏...

ပုထင်းတို့ကို ကိုယ်တိုင်သင်ကြားပေးခြင်း မပြုနိုင်သဖြင့် သိုင်းစာကိုသာ ဖိ၍ကျက်ခိုင်းခဲ့လေသည်။

သိုင်းစာကျက်နေရသဖြင့် ပုထင်းတို့အခန်းအပြင်သို့ မထွက်နိုင်အောင် ဖြစ်ခဲ့ရသည်။

ထူးဆန်းစွာမရောက်လာသည့် ချူစန်းသည်လည်း အခန်းအောင်းနေခဲ့သည်ဖြစ်ရာ...

ပုချိုတို့ တွေ့လိုမြင်လိုကြပါသော်လည်း တွေ့မြင်ခြင်း၊ စကားပြောရခြင်း မရှိခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်လ ပြည့်မြောက်အောင်နေမှ ချူစန်နှင့် ပတ်သက်၍ စကားပြောခဲ့ရသည်။

ချူစန်းကိုယ်တိုင်နှင့်မဟုတ်ဘဲ ဖခင်ပုအောင်းနှင့် ဖြစ်လေသည်။

ပုကျောင်းနှင့် စကားပြောရခြင်းကြောင့်လည်း သူတို့၏ ဘဝ ပြောင်းလဲသွားခြင်းနှင့် စတင်ကြုံတွေ့လိုက်ရခြင်း ဖြစ်ပါသည်။

၀ ၀ ၀

စားပွဲခုံပေါ်တွင် စားသောက်ဖွယ်ရာများ စုံလင်အောင်ရှိနေသည်။

မွေးနေ့ချင်းမဆိုင်ဖြစ်သည်မှာ ကြာပြီဖြစ်သော သားအဖ သုံးယောက် ညစာစားပွဲဝိုင်းတွင် ဆုံမိကြလေသည်။

ဟင်းလျာအမျိုးပေါင်း နှစ်ဆယ်မျှ ဖွယ်ဖွယ်ရာရာ ရှိနေသောကြောင့် ဧည့်သည်တစ်ယောက်ယောက်၏ ရောက်ရှိလာခြင်းကြောင့်ဖြစ်မည်ဟု ပုထင်းတို့ တွေးမိကြ၏။



ဖခင်ပုအောင်းမှာလည်း ဝတ်ကောင်းစားလှဝတ်ဆင်ကာ ပြုံးရွှင်ချိုသာသောမျက်နှာဖြင့် ရှိနေသည်။

သူသည် ကြီးကောင်ဝင်စပြုနေပြီဖြစ်သော သားနှစ်ယောက်ကို အားရကျေနပ်စွာကြည့်၍ ပြောလေ၏။

'မင်းတို့နှစ်ယောက် သိုင်းစာအား မှန်မှန်လေ့ကျင့်ရဲ့လား၊ မင်းတို့လိမ္မာကြမယ် ကြိုးစားကြလိမ့်မယ်လို့ ဖေဖေယုံကြည်တယ်...

'ဒီအခါနေ့ မင်းတို့ကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ ညစာကို စောစောပြင်ခိုင်းရတာပဲ'

သိုင်းစာကို မှန်မှန်ကျင့်ရဲ့လားဟု မေးခြင်းသည် ထုံးစံအတိုင်း စကားရှာ၍ မေးပုံမျိုးဖြစ်နေသည်။

အရေးကြီးသောစကား ပြောစရာ ရှိခြင်းကြောင့်သာလျှင် စောစောပို၍ခြင်းဖြစ်ကြောင်း နားလည်မိသည်။

ပုထင်းတို့သည် ဖခင်ပြောမည့်စကားကို နားစွင့်နေလိုက်သည်။

သူက ရယ်ရယ်မောမောပြောနေသည်။

'မင်းတို့နှစ်ယောက်ကို မမေမေအားနဲ့ မိတ်ဆက်ပေးရဦးမယ်'

ပုထင်းတို့ ဖခင်ယောက်ျားတစ်ယောက်ကို ကြည့်လိုက်မိလေသည်။

www.burmeseclassic.com

မေမေလေးဆိုသည့်စကားမှာ မည်သို့သော အဓိပ္ပာယ်ကို ဆောင်နေပါသနည်း။

သူ ဆက်ပြောလိုက်သောအခါ ပုထင်းတို့ အထိတ်တလန့် ဖြစ်သွားကြလေတော့၏။

'မေမေ့အိမ်ထောင်ပြုတော့မယ်၊ သားတို့အတွက် မေမေ လေးတစ်ယောက် ရလိမ့်မယ်၊ ရိုရိုသေသေဆက်ဆံရမယ်၊ ကြား လား'

ပုထင်းတို့ မျက်စပ်အဟောင်းသားနှင့် စကားမပြောနိုင်ဘဲ ဖြစ်သွားလေတော့သည်။

ထိုအချိန်မှာပင်...

အိမ်ထိန်းကြီးကျေ့စုက အခန်းတွင်းသို့ ဝင်ရောက်လာခဲ့ သည်။

သူ၏နောက်မှ ပိုးပဲအင်္ကျီများဝတ်ဆင်ထားသည့် အမျိုး သမီးတစ်ဦး လိုက်ပါလာ၏။

ချောခမောလှပပြီး...

အသက်သုံးဆယ်ခန့်သာ ရှိသေးသဖြင့် တွယ်မက်စရာကောင်း သူလည်း ဖြစ်ပေသည်။

ပုချိုတို့ အံ့သြနေကြပါသည်။

ထိုအမျိုးသမီး သည်...



မည်သူမှန်းမသိရသေးသော်လည်း ဖခင်၏ အရေးပေးခြင်းကို ခံရသူဖြစ်ကြောင်း အကဲခတ်မိလေ၏။

သူ၏ဖခင် ထိုအမျိုးသမီးအား ကြည့်နေသော မျက်လုံး များသည် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေသည် မဟုတ်ပါလား။

'မေမေလေး'

ဟူသော အသုံးအနှုန်း သုံးစွဲခဲ့သည်မှာ အဘယ်ကြောင့် ဖြစ်သည်ကို သူတို့ နားလည်လိုက်ကြလေတော့သည်။

ညီအစ်ကိုနှစ်ယောက်တို့၏မျက်နှာ ပြုံးမည်မိုးနှယ် ဖြစ်သွား ကြလေသည်။

ဖခင်တို့ရှေ့မှ ချက်ချင်းပြေးသွားလိုစိတ်များ ဖြစ်ပေါ် လာကြလေတော့၏။

အိမ်ထိန်းကြီးကျေ့စုက ထိုင်ရာမှထလာ၍ အပျော့ဆွဲယူ ဆီး ကြိုလိုက်၏။

'လာ...ညီမ ဒီမှာထိုင်'

သူ၏နှုတ်ခွန်း၌...

နေရာထိုင်ခင်းပေးပြီးလျှင် သူတို့အား လှမ်းပြောလိုက်လေ သည်။

'သားတို့ ဘာလုပ်နေကြတာလဲ၊ မေမေလေးကို ဂါရဝ ပြုလိုက်ကြဦးလေ'

သူတို့ မလှုပ်မယှက်ရှိနေကြ၏။

အမျိုးသမီးက လှပစွာပြုံးလိုက်ပြီး ချိုသာသောအသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



'အို…အစ်ကိုကြီးရဲ့ သားလေးတွေဟာ လူချောလူလှလေး တွေပဲ၊ ကျွန်မတော့ မြင်မြင်ချင်းချစ်ခင်သွားပါပြီ'

ပုချောင်းက ရယ်မောလိုက်လေ၏၊

'သူတို့က မျှောက်ရှုံးအောင် ဆော့တတ်ကြတာကို ညီမ မသိသေးဘဲကိုး'

ပုထင်းဘက်သို့ လှည့်ပြောလိုက်၏၊

'သားတို့ရဲ့မေမေအေးကို အဘကြောင့် ဂါရဝမပြုကြသေး ဘူးလဲ'

သူတို့ မတတ်သာတော့ပေါချေ၊

နှစ်ယောက်သား…

ဦးညွှတ်လိုက်ကြရလေသည်၊

ပုချောင်း မျက်မှောင်ကုပ်သွားသည်၊

သားနှစ်ယောက်၏ အလိုမကျသော အသံကို သည် ဆောင်း အမူအရာကိုလည်းတောင်းလေးတိုပြုမိလိုက်ခြင်းကြော ဖြစ်သည်၊

သူက နောက်အိမ်ထောင်ပြုမည်ကို သားနှစ်ယောက် နှပ်ကြမည်မဟုတ်ဟု နားလည်ထားသော်လည်း ဤမျှပြော ရမည်ဟု ယူဆထားခဲ့သည်၊

အခုတော့…

သားနှစ်ယောက်၏မနှစ်မြို့သည့်အမူအရာကိုဖော်ထုတ် နေပြီဖြစ်၏၊

သူ မကျေမနပ်ဖြစ်သွားလေတော့သည်၊

'ကဲ…သားတို့စားပြီးရင် စာသွားကျက်ပေတော့'



ချက်ချင်းပင်…

နှင်ထုတ်လိုက်တော့သည်၊

ပုထင်းတို့က ပိုပြီးဝမ်းသာသွားလေသည်၊

'ကျေးဇူးပါပဲ ဖေဖေ'

ချက်ချင်းပင်…

ထမင်းစားခန်းထဲမှ ပြေးထွက်သွားကြလျှင် မေမေအေး ဆိုသော မိန်းမချောမှာ ပါးစပ်ပေါက်လေးဖြစ်လျက် ကျန်ရစ်ခဲ့လေတော့သည်၊

* * *

ညဉ့်နက်နေပြီဖြစ်သည်၊

ပုထင်းတို့ ညီအစ်ကိုနှစ်ယောက်စလုံး အိပ်မပျော်နိုင်ကြ သေးချေ၊

ပုချိုသည် ပြတင်းပေါက်အနီး၌ထိုင်၍ ကောင်းကင်ပေါ်မှ လမင်းကို ငေးမောကြည့်နေ၏၊

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းက ခုတင်ပေါ်၌ ခေါင်းအုံးပေါ် မျက်နှာမှောက်၍ တရှုံ့ရှုံ့ ငိုကြွေးနေရှာသည်။

လူတို့၏ဘဝ၌ မိခင်၏မေတ္တာကို ဆုံးရှုံးလိုက်ရပြီးနောက် ဖခင်၏မေတ္တာကိုပါ ဆုံးရှုံးလိုက်ရပြီဟု နားလည်ထားကြလေသည်။

ပုချိုမှာ ညီဖြစ်သူကိုပင် ဖျောင်းဖျနှစ်သိမ့်ခြင်း မပြုနိုင်အောင် ဖြစ်နေ၏။

ညီအစ်ကိုနှစ်ယောက်၏ကြား၌ အထီးကျန်ဆန်လှစွာ ရှိနေသည်။

ညင်သာစွာပေါ်ပါသော ခြေလှမ်းနှင့်အတူ အိမ်ထိန်းကြီး ကျွေးစု အခန်းတွင်းသို့ ဝင်ရောက်လာလေ၏။

သူတို့ သတိမပြုမိကြပါ။

ကျွေးစုက ချောင်းဟန့်လိုက်တော့မှ ကလေးနှစ်ယောက် လှည့်ကြည့်လာကြလေသည်။

'ဘာ'

နှစ်ယောက်သား ကြောက်ကြောက်စွာ ခေါ်လိုက်ကြလေ၏။

ကျွေးစုသည် အနီးသို့ ချဉ်းကပ်လာ၍ ခုတင်ပေါ်၌ တင်ပါးလွဲ ထိုင်လိုက်၏။



ပုချိုတို့ ညီအစ်ကိုသည် ကျွေးစု၏ ဝဲယာတစ်ဘက်တစ်ချက်သို့ ချက်ချင်း ရောက်ရှိသွားကြ၏။

ကျွေးစုက ကြင်နာစွာ သိုင်းဖက်ထားလိုက်သည်။

'သခင်လေးတို့ နှစ်ယောက် စမ်းနည်းကြေကွဲနေကြမယ်ဆိုတာ ကျွန်မနားလည်ပါတယ်၊ ဒါကြောင့် အခြေအနေကို ရှင်းပြဖို့ လာခဲ့တာပါ'

ပုထင်း မအောင့်အည်းနိုင်ဘဲ ပြောလိုက်၏။

'ဘာဘာရယ်...မေမေ သိပ်ရက်စက်တာပဲ'

ပုချိုသည်း ဝင်ပြောလိုက်၏။

'ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို မေမေ မချစ်တော့ဘူး၊ ကျွန်တော်တို့ထက် ပိုပြီး ချစ်ရမယ့်သူ တွေ့နေပြီ၊ ကျွန်တော်တို့ ဒီမှာနေလို့ မဖြစ်တော့ဘူး ထင်တယ်'

'အို...သခင်လေး၊ ဒီလိုမပြောရဘူးလေ'

ကျွေးစု လှုပ်လှုပ်ရှရှ ဖြစ်သွား၏။

ညီအစ်ကိုနှစ်ယောက်အနက်...

အစ်ကိုဖြစ်သူ ပုချို ပင် စိတ်ထိန်းပြီး ညီဖြစ်သော ပုထင်း၏ စိတ်ပျော့ကြောင်း ကျွေးစု နားလည်ထားလိုက် မိတော့သည်။

ပုချို၏ ပခုံးကို ဆုပ်ကိုင်၍ ပြော၏။

'သခင်လေးတို့ ညီအစ်ကိုကို သခင်ကြီး ဘယ်လောက်ချစ်မြတ်နိုးတယ် ဆိုတာ ကျွန်မ အသိဆုံးပါ၊ ခုလို နေ့အိမ်ဆောင် ပြုတာလဲ အကြောင်းရှိပါမယ်'

ပုချို မဲ့ပြုံး ပြုံး၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ကို ချစ်တယ်ဆိုရင် ဘာကြောင့် နေခုတ်အိမ်ထောင် ပြုလိုက်ရတာလဲ'

'အကြောင်းရှိလို့ပေါ့ကွာ၊ ကျုပ်ပြောပြီးပြီလေ၊ ဒီအကြောင်းကို ရှင်းပြချင်လို့ ကျုပ်လာခဲ့တာပဲ'

ပချိုက ကျော့ကို စိုက်ကြည့်လိုက်၏။

'ဘာဘာ မေမေ တက်တဲ့ မဏ္ဍတ်လား'

'ကျုပ်ကို ဒီလိုထင်ရင် သခင်လေး မှားသွားလိမ့်မယ်၊ ကျုပ် စကားဆုံးအောင် နားထောင်စေချင်တယ်'

'ကောင်းပြီလေ ဆက်ပြောပါဦး'

မိမိအား အမြတ်မ ရှိသေးသော ဆက်ဆံရေး ရှိသည့် ပချိုသည် ဖခင် နေခုတ်အိမ်ထောင် ပြုသည့် ကိစ္စနှင့် ပတ်သက်၍ မဆုံးမှုပင် ဖြစ်သောသည်မှာ နားဝင်ရည်လိုသဖြင့် စည်ကြည်သော မျက်နှာထားဖြင့် ရှင်းပြ၏။

'သခင်လေးတို့...သခင်မ ချူစန်းကို သေချာကြည့်လိုက်ပါ၊ သူဟာ သခင်လေးတို့ရဲ့ ကွယ်လွန်သွားတဲ့ မိခင်နဲ့ အစတော်ကို ရုပ်ချင်းဆင်နေတာ တွေ့ရမယ်'

ပချိုနှင့်ပထင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့သည် ချူစန်းကို တွေ့ခဲ့ကြသော်လည်း သေချာမကြည့်မိခဲ့ပါချေ။

မိထွေးဟူသော အသိကြောင့် သူတို့ မုန်းတီးခဲ့ကြပြီး စေ့စေ့မကြည့်ခဲ့ကြခြင်း ဖြစ်လေ၏။

ချူစန်းသည် သူတို့၏ မိခင်နှင့် ဆင်နေသည်မှာ



'သခင်ကြီးဟာ သခင်လေးတို့ရဲ့ မိခင် အပေါ်မှာ ဘယ်လောက် ချစ်မြတ်နိုးတယ် ဆိုတာ သခင်လေးတို့ သိကြမှာပါ၊ အဲ ချူစန်းကို တွေ့တော့ သခင်ကြီး ဘယ်လို ခံစားရမယ်ဆိုတာ စဉ်းစားကြည့်လို့ ရပါ ကောင်းကွယ်'

ဘာချစ်ခရုကို မစဉ်းစားသေးဖူးသော ပချိုတို့မှာ ကျော့စကားကို ကောင်းစွာ နားလည် သဘောပေါက်နိုင်ကြလိမ့်မည် မထင်ပါချေ။

ကျော့က လျှို့ဝှက်ချက် တစ်ခုကို ပြောပြ၏။

'သခင်ကြီးဟာ ချူစန်းကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ ပမိသားစု အိမ်တော်အပေါ် ကျရောက်လာမယ့် အန္တရာယ်ကို ကာကွယ်လိုတာလည်း ဖြစ်ပါတယ်...'

'ဒီလိုမှမလုပ်ရင် ပမိသားစုအိမ်တော်ကို ရန်သူတွေက တစ်ယောက် မကျန်အောင် ရက်ရက်စက်စက် သုတ်သင်ပစ်ကြပါလိမ့်မယ်'

ပချို အံ့သြသွား၏။

'ကျွန်တော်တို့ မိသားစုမှာ ရန်သူရှိနေတယ် ဟုတ်လား'

ပထင်း ထိတ်လန့်သွားသည်။

'ရန်သူရှိနေတယ်၊ ရက်ရက်စက်စက် လုပ်ကြံခံရမယ် ဆိုတာလား၊ ကြောက်စရာကောင်းလိုက်တာ၊ ဘယ်ကရန်သူလဲ၊ ဖေဖေကလည်း တစ်ခါမှ မပြောဖူးပါလား'

ကျော့ ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'သိုင်းလောကအနေနဲ့ ဖတ်သမျှပြီး ထူးခြားတဲ့ နေရာဌာနတွေ ပြိုင်ဘွဲ့မဆင်းတဲ့သိုင်းသမားကြီးတွေရဲ့ အကြောင်းစုံကို ဆရာကြီး ပြောပြလို့ ဆရာလေးတို့ သိထားကြမှာပါ'

သူတို့နှစ်ယောက်သည် ပြိုင်တူ ခေါင်းညိတ်လိုက်ကြ၏။

သူတို့သည် သိုင်းလောကသို့ မရောက်ဖူးကြပါ။

သိုင်းသမားများနှင့်လည်း တွေ့ထိဆက်ဆံခဲ့ရခြင်း မရှိပါ။

သိုင်းစာ ကျမ်းမှတ်စာ ကျင့်ရသည်ကိုပင် မည်သူမျှမသိရအောင် လျှို့ဝှက်ထားခဲ့ရ၏။

သို့သော်—

ဖခင်၏ ပြောပြမှုကြောင့် သိုင်းလောက အကြောင်းကို ကောင်းကောင်းသိနေပြီး ဗဟုသုတနှင့် ပြည့်စုံနေကြပါတော့သည်။

'သိုင်းလောကမှာ အလွန်ထူးဆန်းတဲ့ မီးလျှံဂိုဏ်းဆိုတာ ရှိတယ်၊ မီးလျှံဂိုဏ်းချုပ်ဟာ နတ်သမီးတမျှ ချောမောလှပတဲ့ မီးလျှံနတ်သမီးလို့ အများသိထားကြတယ်—

'မီးလျှံ ဂိုဏ်းဝင်တွေက ချောမောလှပတဲ့ မိန်းမတွေချည်းပဲ'

ဝိုချို မတျွှမနပ် ဖြစ်သွား၏။

'မီးလျှံ ဂိုဏ်းနဲ့ ကျွန်တော်တို့ ပုအိမ်တော်က ဘာဆိုင်လို့လဲဗျ'

ကျော ရမေးလိုက်လေ၏။



'ဆိုင်လို့ ကျွန်ုပ်ပြောနေတာပါ သခင်လေး၊ သခင်ကြီးအတွက် ထပ်ကြိုက်တဲ့ သခင်မ ချူစန်းဟာ မီးလျှံဂိုဏ်းဝင် အညာစာစင်ကောက် ဖြစ်နေလို့ပါပဲ'

'တင်'

'ဟာ'

သူတို့ညီအစ်ကို ဝိုချို လှုပ်လှုပ်ရှရှ ဖြစ်သွားကြ၏။

ထူးဆန်းလျှို့ဝှက်သော မီးလျှံဂိုဏ်းဝင် ဖစ်ယောက်က သူတို့ ထံသို့ ရောက်ရှိလာခြင်း မဟုတ်ပါလော။

မီးလျှံဂိုဏ်းသည် ရှေးနှစ်ပေါင်း များစွာက ရှိခဲ့ဖူးသော မီးနတ် ကိုးကွယ်သည့် မိစ္ဆာ ဂိုဏ်းဝင်တို့ ထည်ထောင်ခဲ့သော ဂိုဏ်းတစ်ခု ဖြစ်လေ၏။

ချောမောလှပသော အပျိုစင်မိန်းကလေးများဖြင့် ဖွဲ့စည်းထားပြီး အလွန်ဝေးလံ သီခေါင်သည့် အရပ်ဒေသတွင် လျှို့ဝှက်စွာ နေထိုင်ကြလေ၏။

မီးလျှံဂိုဏ်း၏ သိုင်းပညာမှာလည်း ထူးခြားသည့် လျှို့ဝှက်ဆန်းကြယ်သော သိုင်းပညာရပ်များ ဖြစ်သည်ဟု သတင်းကြီးသည်။

မီးလျှံဂိုဏ်းဝင် တစ်ယောက်ကို သာစွာဖော့တော်လျှင် ရရှိမည့် အပြစ်ဒဏ်မှာ သေဒဏ်ပင် ဖြစ်၏။

မိခင်ထွေးဖြစ်လာသည့် ချူစန်းသည် မီးလျှံဂိုဏ်းဝင် တစ်ဦး ဖြစ်နေသည်မှာ ထူးဆန်းပြီး အန္တရာယ်ရှိသော ကိစ္စ ဖြစ်ပေါ်နေစေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ချူစန်းဟာ မီးလျှံ ဂိုဏ်းကို သစ္စာမဖောက်ခဲ့ဘူးလို့ သူ ပြောလာခဲ့တာပဲ၊ မီးလျှံ ဂိုဏ်းက သူတို့ရဲ့ လျှို့ဝှက်ချက်တွေ ပေါ်ပေါက်သွားမှာ စိုးရိမ်လို့ ချူစန်းကို လိုက်ပြီး သုတ်သင် ပစ်ဖို့ ကြိုးစားကြတယ်...'

'မြို့ပြင်မှာ သိုင်းသမားတွေရဲ့ ကိုက်ပွဲတွေ ဖြစ်ပေါ်နေတယ် ဆိုတာ သခင်ကြီး ပြောပြီးပြီမဟုတ်လား'

ပချီနှင့်ပုဆင်းတို့ကတော့ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါကြချေ။

ကျော့စုဏ်မျက်နှာ တည်ကြည်လေးနက်သွားသည်။

'မီးလျှံဂိုဏ်းရဲ့ စည်းကမ်းကျင့်ဝတ်ကတော့ သူတို့ရဲ့ သစ္စာဖောက်ကို ကာကွယ်ထားသူကို ရန်သူလို့သတ်မှတ်ကြတာပဲ'

'မီးလျှံဂိုဏ်းဟာ ရန်သူဆိုရင် တစ်အိမ်လုံး တစ်ယောက်မှ မကျန်အောင် သုတ်သင်ရှင်းလင်းပစ်ကြတဲ့ သဘောရှိတယ်'

ပချီက ရယ်လိုက်သည်။

'အဲဒါဖြင့် ဒုက္ခပေးမယ့်လူတစ်ယောက်ကို အိမ်ပေါ် တင် ထားလိုက်တာပဲ မဟုတ်လား'

ပုဆင်းက ယုန်သူငယ်လေးအလား မျက်လုံးအဝိုင်းသား ကြည့်နေ၏။

သူက ခေါင်းယမ်းလိုက်သည်။

'သခင်ကြီးဟာ ချူစန်းကို မီးလျှံဂိုဏ်းအမှန်းမသိဘဲ ဒုက္ခ ရောက်နေသူတစ်ယောက်ကို ကူညီမယ်ဆိုတဲ့စိတ်ထားနဲ့ ခေါ်ခဲ့တာပါ၊ ချူစန်းလည်း တမင်ဒုက္ခပေးတာမဟုတ်ပါဘူး၊ မီးလျှံ



ဂိုဏ်းရဲ့လက်ချက်နဲ့ ဒဏ်ရာရလာတော့ အကူအညီရလို့ရငြား ချူပ်တို့အိမ်တော်ထဲ ပြေးဝင်လာခဲ့မိတာပါ'

'ဘာပဲဖြစ်ဖြစ် အခုဖေဟာ သူ့ကိုလက်ခံလိုက်တဲ့အတွက် မီးလျှံ ဂိုဏ်းနဲ့ ပြဿနာဖြစ်ရပြီမဟုတ်လား၊ မီးလျှံ ဂိုဏ်းဟာ ကျွန်တော်တို့ကို ဒုက္ခပေးတော့မှာပဲ မဟုတ်လား'

သူက ပြုံးလိုက်သည်။

'မီးလျှံ ဂိုဏ်းမှာ စည်းကမ်းချက်တစ်ခု ရှိနေတယ်'

'အဲဒီ စည်းကမ်းချက်ကတော့ ဂိုဏ်းဝင် အပျိုစင် တစ်ယောက်ဟာ အိမ်ထောင်ပြုလိုက်မယ်ဆိုရင် မီးလျှံ ဂိုဏ်းက လုံးဝဝင်ရောက်စွက်ဖက်ခြင်းမပြုတော့ဘဲ လုံးဝ အဆက်ဖြတ်လိုက်တာ ပါ၊ ဒါကြောင့် မီးလျှံ ဂိုဏ်းရဲ့အန္တရာယ်က လွတ်မြောက်နိုင်ဖို့ ကွယ်လွန်သွားတဲ့ သခင်မနဲ့ ရုပ်ချင်းဆင်နေတဲ့ ချူစန်းကို လက်ထပ်ဖို့ သခင်ကြီးဆုံးဖြတ်လိုက်တာပါ'

ပချီ ခေါင်းညိတ်လိုက်သည်။

'အဖေ ခုလို လက်ထပ်လိုက်တဲ့အတွက် ပြဿနာတွေလည်း ပြေလည်သွားတယ်၊ ချူစန်းကိုလည်း ကူညီနိုင်လိုက်တယ်ဆိုပါတော့၊ ကျွန်တော်တို့အတွက်လည်း မိထွေးတစ်ယောက်ရလိုက်လို့ အဆင်ပြေသွားတာပေါ့၊ မဟုတ်ဘူးလား ဘဘ'

'သခင်လေးရယ်'

သူက ညည်းတွားလိုက်သည်။

ပုဆင်းသည် မျက်ရည်စက်လက် ဖြစ်နေသော်လည်း ပချီ ကား တင်းမာခက်ထန်စွာ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ညီအစ်ကိုနှစ်ယောက်၏အသွင် တွေ့ညီကြသကဲ့သို့ ဖျော်ဖျော်နှစ်သိမ့်ဖို့အသည်း ခက်ခဲနေမည်ဖြစ်ကြောင်း သူ နားလည်ထိုက်သည်။

'သခင်ကြီးဟာ ဘယ်လိုကိစ္စမျိုးကိုမဆို အဘက်ဘက်က ထောင့်စေ့အောင် တွေးတောစဉ်းစားပြီးမှ လုပ်ကိုင်တတ်တယ်ဆိုတာ သခင်လေးတို့ နားလည်ကြမှာပါ။ ကဲ…ညဉ့်နက်လှပါပြီ။ အိပ်ကြပါတော့'

ပုချိနှင့်ပုထင်းတို့အား ယနေ့ညအဖို့ အိပ်ပျော်နိုင်ကြလိမ့်မည် မဟုတ်ချေ။

သူသည် ပင့်သက်အခါခါရှိုက်ရင်း အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

—o—

မဆုံနိုင်သောအိပ်မက်ဆိုးများ

---

ချူစန်းသည် မသွားချင်းချင်းပေကျင်းသို့ ရောက်ရှိလာကဲ့သို့ အိပ်မက်ဆိုးများကိုလည်း သယ်ဆောင်လာရသူလည်း ဖြစ်သည်။

ချူစန်းရောက်ရှိလာပြီး မကြာမီ အိမ်ကြီးရှင်သခင်မနေရာ သိမ်းပိုက်ရယူနိုင်ခဲ့လေသည်။

ချူစန်းသည် ပုကျောင်း၏ အရေးပေးခံရသော တစ်အိမ်သူ့ခြေသူ့လက်ဖြစ်ခဲ့လေသည်။

ပုချိတို့ညီအစ်ကိုကိုလည်း ရင်းနှီးမှုရအောင် ပေါင်းသင်းဆံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုချိုတို့အား အဆင်ပြေစေရန် လိုက်လျောညီထွေစွာ ဆက်ဆံခဲ့ကြပါသော်လည်း သူတို့၏စိတ်ထဲ၌အား ကျေနပ်မှု အလျဉ်း မရှိကြချေ။

ချူစန်းရောက်လာသဖြင့် ဖခင်သည် ယခင်ကလို ဂရုမစိုက်တော့ဟု ခံစားနေကြရသည်။

ယခင်ကထက်ပို၍ ချုပ်ချယ်ခံရအောင် လွတ်လပ်မှု ကွယ်ပျောက်သွားသည်ဟု မှတ်ယူကြလေသည်။

အချိန်ရှိသရွေ့ အခန်းအောင်းနေခဲ့ကြပြီး သိုင်းစာကိုသာ ဖိ၍ကျက်ခဲ့ကြလေသည်။

ချူစန်းသည်လည်း ပုချိုတို့ ညီအစ်ကိုတို့နှင့် ရင်းနှီးမှု ရယူ၍ မလွယ်မှန်း နားလည်လိုက်သောကြောင့် နေ့စဉ်ပိုင်း ခပ်ကင်းကင်း နေခဲ့၏။

သူတို့၏ မိသားစုသည် ထမင်းစားချိန် မျက်နှာချင်းဆိုင်ကြသည့်အချိန်၌သာ ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ရှိခဲ့ကြပြီး ကျန်အချိန်များတွင် လူစိမ်းပမာ ရှိနေခဲ့ကြပါတော့သည်။

သို့ဖြင့်—

ခြောက်လခန့်ဟူသောအချိန် ကုန်ဆုံးသွားသောအခါ အေးချမ်းသာယာနေခဲ့သည့် ပုအိမ်တော်၌ ပြဿနာအမျိုးမျိုး ဖြစ်ပေါ်လာခဲ့လေတော့၏။

○ ○ ○



နံနက်ပိုင်း လက်ဖက်ရည်နှင့် မုန့်စားသောက်ချိန်တွင် ပုထင်းတို့ ညီအစ်ကိုတို့သည် ကြွင်းစဉ်း ဇနီးမောင်နှံပမာ ယုယချစ်ခင်နေကြသည့် ဖခင် ပုကျောင်းနှင့် ချူစန်းတို့ကို မျက်နှာချင်း မဆိုင်မဖြစ် တွေ့မြင်ခဲ့ရလေ၏။

- ချူစန်းအား ပရိယာယ်ဆောင်းလှသည်။

သူမအား မုန်းတီးနေသည့် ပုချိုတို့ ညီအစ်ကိုအား သူမသည် သဘောမကျနိုင်အောင် ဖြစ်နေသည့်တိုင် လက်ဖက်ရည်နှင့် မုန့်များကို ကိုယ်တိုင် စီစဉ်ပေးလေ၏။

'ရော့...သားတို့ သောက်လိုက်ကြဦး။ မုန့်တွေကို မေမေ ကိုယ်တိုင် စီမံထားတာ'

သူမ၏ မျက်နှာ ပျားသကာပမာ ချိုသာလှသည်။

သူမရင်ထဲက မပါဘဲ ဟန်ဆောင်ပြောနေခြင်းဖြစ်ကြောင်း ပုချိုတို့ သိထားကြသော်လည်း မည်သို့မျှ မခံစားကြရဘဲ သူတို့ကလည်း ဟန်ဆောင်၍ ပြောလိုက်၏။

'ကျေးဇူးပါပဲ မေမေ'

ဟန်ဆောင်နေကြသည့် ပုချိုတို့ ညီအစ်ကိုနှင့် ချူစန်းကို ကြည့်၍ ပုကျောင်းမှာ အမှန်တကယ်ပင် ရင်းရင်းနှီးနှီးနေသည်ဟု၍ သဘောထားပြီး ကျေနပ်စွာဖြင့် ရယ်မော နေပါတော့သည်။

သာယာသော နံနက်ခင်း၌ ပျော်ရွှင်စရာ မိသားစုလေး ရှိနေသည်ကို တွေ့ရမည် ဖြစ်ပေ၏။

ထိုအချိန်တွင်—

'သခင်ကြီး...သခင်ကြီး'

www.burmeseclassic.com



အထိတ်တလန့်ခေါ်သံနှင့်အတူ ကျော့ ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ပုကျော့ချင်း မျက်မှောင်ကြုတ်သွားလေ၏။

'အိမ်ထိန်းကြီး ဘယ်လိုဖြစ်တာလဲ၊ ဘာတွေများ အရေးကြီး ဖြစ်လာတာလဲ'

ကျော့ မျက်နှာပျက်နေ၏။

ပုကျော့ချင်းကို ဦးညွှတ်ကာ အမောတကြီး ပြောလိုက်သည်။

'သခင်ကြီးခင်ဗျာ မီးဖိုချောင်ထဲမှာ အလုပ်သမားသုံးယောက် သေဆုံးနေကြပါတယ်'

'ဟုတ်'

'သူတို့ဟာ အဆိပ်မိပြီး သေဆုံးသွားကြတာ ထင်ရှားပါတယ်၊ တစ်ကိုယ်လုံး မည်းနက်ပြာနှမ်းနေတယ်'

ပုကျော့ချင်း ဝုန်းခနဲ ထရပ်လိုက်၏။

'အထင့်ရဲလှချည်လား၊ ဘယ်သူကများ ကျုပ်တို့အိမ်တော်ကို မလေးစားကြံတာလဲ'

ထိုစဉ်....

ကြောင်တစ်ကောင်သည် ညောင်ခနဲအသံပေး၍ အနီးသို့ရောက်လာရာ ပုချို့က မုန့်လေးတစ်မဲ့ ချကျွေးလိုက်သည်။

ကြောင်ကလေးသည် မုန့်ကိုစားလိုက်ပြီး ချက်ချင်းပြီး ဟာခွ ခွ မအော်မြည်တော့ လဲကျသွားသည်။

ပါးစပ်မှအမြှုပ်များထွက်လာပြီး ချက်ချင်းပင် သေဆုံးသွားလေ၏။



'ဟာ'

'ကြောင်ကြီး အဆိပ်မိသွားပြီ'

ပုချို့နှင့်ပုထင်းတို့ အထိတ်တလန့် ဖြစ်သွားကြသည်။

ပုကျော့ချင်းလည်း မျက်လုံးပြူးသွား၏။

သူတို့စားသောက်ကြမည့် ဟင်းဖတ်ရည်နှင့် မုန့်များထဲတွင် အဆိပ်ပါနေသည် မဟုတ်ပါလား။

ဟင်းဖတ်ရည်နှင့်မုန့်များ စီစဉ်သူမှာ ချူစန်း ဖြစ်ပါသည်။

ပုကျော့ချင်းတို့က ချူစန်းကို စိုက်ကြည့်လိုက်ကြသည်။

'ဟင်'

ချူစန်း နောက်ဆုတ်လိုက်လေ၏။

သူမ၏မျက်စိမျက်နှာပျက်နေ၏။

ပုကျော့ချင်းက ယုံကြည်မရသောအသံဖြင့် ပြောလေတော့သည်။

'လုပ်ရက်လိုက်တာ ညီမရယ်'

ချူစန်း ခေါင်းခါလိုက်သည်။

'မဟုတ်ဘူး၊ ကျွန်မ မဟုတ်ဘူး'

ပုချို့က အော်ပြောလိုက်၏။

'ခင်ဗျား ကောက်ကောက်ကျစ်ကျစ်မပါသော၊ ကျုပ်တို့သားအဖကို အဆိပ်ခတ်ပြီး လုပ်ကြံဖို့ ကြံစည်တာပေါ့ဟုတ်လား'

ချူစန်း လက်ကာပြလိုက်၏။

'မဟုတ်ဘူး...မဟုတ်ဘူး ဒါ [illegible] မဟုတ်ဘူးရှင့်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ မေမေလေးလဲ၊ ခင်ဗျားဟာ မိန်းမယုတ်ကြီးပဲ၊ ကျွန်တော်တို့မိသားစုကို ဒုက္ခပေးဖို့လာခဲ့တယ်ဆိုတာ မသိဘူး မှတ်နေသလား'

ချူစန်းနှင့်ပုချိတို့ ခွန်းကြီးခွန်းငယ်ဖြစ်ကြလေတော့သည်။

ပုကျောင်း ဝင်သတ်ရှိုတ်လိုက်၏။

'ညီမ မှင်းဟွာ အရိပ်မဲ့ ဆေးညို၊ သိုင်းကျမ်းအတွက် ကျုပ်တို့ဆီကိုလာခဲ့တာ မဟုတ်လား၊ မင်းရဲ့အကြံအစည်ပေါ် ပေါက်သွားပြီ၊ ဘာပြောဦးမလဲ'

'မဟုတ်ဘူး...မဟုတ်ဘူး'

'ဒါဖြင့် ဘာမဟုတ်တာလဲ ပြောစမ်း'

ပုချိက ဝင်မေးလေ၏။

ချူစန်း တွေးမျှချလိုက်သည်။

'ဒါ ကျွန်မရဲ့အချက် မဟုတ်ဘူး၊ ကျွန်မကိုမယုံရင် အသေခံပြီး သတ်မသပြရပါမယ်'

ချက်ချင်းပင်...

အသင့်ထည့်ထားသော လက်ဖြစ်ရည်အချို့ဆစ်ခွက်ကိုဆွဲယူကာ မော့သောက်ချလိုက်သည်။

ပုကျောင်း ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

'မင်း ဒါ ဘာလုပ်တာလဲ'

ပုကျောင်း အော်ပြောလိုက်သော်လည်း နှောင်းသွားပြီဖြစ်သည်။



လက်ဖြစ်ရည်မသောက်ပြီးမကြာမီမှာပင် ချူစန်း၏ ခန္ဓာကိုယ်သည် တုန်ခါသွားကာ နှုတ်ခမ်းထောင့်မှသွေးများ ယိုစီးကျလာသည်။

ထိုခဏ၌...

'ဝုန်း'

ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

ချူစန်းသည် မျက်စိရှေ့မှောက်မှာပင် အဆိပ်မိပြီး သေဆုံးသွားပြီဖြစ်၏။

ပုကျောင်းသည်...

ငေးငိုင်နေရာမှ သတိဝင်လာ၏။

'အိမ်ထိန်းကြီး သားနှစ်ယောက်ကိုကြည့်ထား၊ ကျုပ်လိုက်ပြီး စစ်ဆေးကြည့်ပြီးမယ်'

ကျောစုအား မှာကြားပြီး ပြေးထွက်သွားလေ၏။

ပုချိက လိုက်သွားရန်ဟန်ပြင်သောအခါ ကျောစုက တားလိုက်၏။

'သခင်လေး လိုက်သွားလို့မဖြစ်ဘူး'

'ဘာဘာ'

'ကျုပ်တို့အိမ်တော် တိုက်ခိုက်ခံနေရပြီ၊ အိမ်ဖော်တွေမှာ မြင်းစောင်းထဲက မြင်းတွေပါ အဆိပ်ခတ်ခံရတယ်'

'ကျွန်တော်တို့ကို စော်ကားတဲ့လူကို ဆုံးမမယ်'

သူ မပြောမနေပ်ပြောလိုက်သောအခါ ကျောစု ဖမ်းဆွဲပြီလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စကို သခင်ကြီးကြည့်ပြီးစီစဉ်ပါလိမ့်မယ်၊ အခွင့်အရေး ယူပါသေးတယ်'

'ကျွန်တော်...'

သူက စောဒကတက်ရန်ပြင်လိုက်စဉ် ပုဂ္ဂိုလ်ကြီးပြန်ထည့် ရောက်ရှိလာလေသည်။

ပုဂ္ဂိုလ်ကြီး၏မျက်နှာ ဒေါသကြောင့် နီမြန်းနေ၏။

'မျိုးပိတ်တို့ သိမ်ကုန်အောင်းသွားအောင်'

သူ့၏ အသားကြောင့်...

သူတို့လေးယောက်မှအပ အိမ်တော်၌နေထိုင်ကြသည့် သက် ရှိအားလုံး အဆိပ်မိအောင် သေဆုံးသွားဖြစ်ကြောင်း ထင်ရှား နေပါတော့သည်။

ကျော်စု လွှတ်ခနဲပြောလိုက်၏။

'သခင်ကြီးပြောတဲ့နေ့ရက်ကို ရောက်လာပြီထင်တယ်'

သူ ခေါင်းညိတ်လိုက်၏။

'စာတတ်တယ် ကျုပ်တို့ကိုတွေ့သွားပြီး ဒီနေရာမှာနေဖို့မသင့် တော့ဘူး'

'ဟုတ်ပါပြီ သခင်ကြီး'

ကျော်စု ချက်ချင်းပြေးထွက်သွားလေ၏။



မကြီးမိ...

အထုပ်အပိုးများဆွဲ၍ ချက်ချင်း ပြန်ထည့်ရောက်ရှိလာ လေသည်။

အရေးအကြောင်းကိုလျှင် ချွင်တိမ်၊ ထူထားနိုင်သူနှင့် အောင် ပုဂ္ဂိုလ်ကြီးက ကြိုတင်စီစဉ်ထားကြောင်း ထင်ရှားလေ သည်။

သူသည် ရှည်ရှည်ဝေးဝေး စဉ်းစား မနေဘဲ...

'သားတို့ သွားကြစို့'

ဟု ပြောလိုက်၏။

ဂုဏ်တို့သည် အဖြစ်အပျက်ကို နားမလည်နိုင်အောင်ဖြစ် နေ၏။

'ဖေဖေ ကျွန်တော်တို့ ဒီနေရာက ထွက်သွားရမယ် ဟုတ် လား ဟင်'

'ဟုတ်တယ်သား၊ ဖေဖေတို့သွားမှဖြစ်တော့မယ်'

'ကျွန်တော်တို့ ဘာကြောင့်သွားရမယ်ဆိုတာ ပြောပြနိုင် သလား ဟင်'

www.burmeseclassic.com

'ဒီကိစ္စကို သားတို့ သိထားသင့်တယ်ဆိုတာ ဖေဖေနားလည်ပါတယ်၊ ဒါပေမယ့် ခုနေပြောပြဖို့ အချိန်မရှိသေးဘူး၊ နောက်မှပြောပြမယ်၊ လိုချင်တဲ့ပစ္စည်း သွားယူကြ၊ ဖေဖေတို့ သွားကြမယ်'

။ ။ ။

ပုအိမ်တော်သည် အေးချမ်းတိတ်ဆိတ်နေသည်။

ဂျူချိုသည် တစ်သက်လုံး နေထိုင်လာခဲ့သည့်အိမ်ကို ခွဲခွာသွားရမည်ဖြစ်၍ ဝမ်းနည်းကြေကွဲနေလေသည်။

ခြံဝင်းအပြင်သို့ရောက်လျှင် ရီဝေသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်မိလေ၏။

'သား မြန်မြန်လာ'

ပုကျောင်း လှမ်းခေါ်လိုက်သောအခါမှ သတိဝင်လာပြီး လှည့်ကြည့်လိုက်လေသည်။



အိမ်တော်အား ထာဝရခွဲခွာသွားရတော့မည်ဖြစ်ပါသည်။

'ဝါတစ်နေ့ ပြန်လာခဲ့မှာပါ'

သူ့အား ဖခင်နောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ဟူး....ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး လူရိပ်တို့ ပြေးလွှား ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေတော့သည်။

'ဟူး'

ကျွဲစုံလည်း ချက်ချင်း လှုပ်ရှားလိုက်၏။

ပုချိုတို့ ညီအစ်ကိုနှစ်ယောက်အား ချက်ချင်းဆွဲယူ၍ သူ၏ နောက်ကျောဘက်၌ ထားကာ အဆောတကွယ်ပြုပြီးသား ဖြစ်သွားလေ၏။

ပုကျောင်းမှာ မလှုပ်မယှက် ရပ်လျက် ရောက်ရှိလာသူများ မျက်နှာချင်း ဆိုင်လိုက်၏။

ရောက်လာသူများမှာ ဆယ်ယောက်ခန့် ရှိ၏။

အနက်ရောင် ဝတ်ဆင်ထားသူ ရှစ်ယောက်ကို ရသေ့တစ်ဦးနှင့် အသက်ငါးဆယ်ခန့်ရှိသော အဘိုးအို တစ်ယောက်တို့ ဦးဆောင်လာကြခြင်း ဖြစ်၏။

ရသေ့နှင့် အဘိုးအိုတို့သည် ပုကျောင်းမှာ သားနှစ်ဦးကို ခေါ်၍ ထွက်သွားရန် ဟန်ပြင်နေသည်ကို တွေ့ရလျှင် ရယ်လိုက်ကြလေ၏။

'ဟား ဟား ဟား'

www.burmeseclassic.com



'တာ… ဟာ… တာ…'

ဖုန်းကျော်မင်းသည် ကြည့်သော မျက်နှာထားဖြင့် မေးလေသည်။

'မိတ်ဆွေတို့ ကွယ်သူဆွေမျိုးလိုဗျာ၊ ဘာကြောင့် ကျုပ်တို့ကို လမ်းပိတ်ထားရတာလဲ'

ရသေ့ကား ရယ်မောရင်း ရှေ့သို့ လှမ်းထွက် လာလေတော့သည်။

'သိုင်းခလောက်ဆောင် မလျှော့ဘဲဆုံးသွားကြတဲ့ နဂါးငါးကောင်ကို မမေ့နိုင်သူတွေ ရှိနေပါသေးတယ်ဗျာ'

'ဟင်'

ဖုန်းကျော်မင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့သည်။

အတိုးအိုကလည်း ရှေ့တိုးလာ၏။

'ခေါင်းနှစ်လုံး နဂါး… နဂါးစိမ်းဂိုဏ်း ပျက်စီးသွား[illegible] ထင်ရင် မှားသွားလိမ့်မယ်၊ ခင်ဗျားဟာ သတ္တုဖောက် [illegible] ယောက် ဖြစ်ခဲ့တယ်ဆိုတော့ နဂါးစိမ်းဂိုဏ်းရဲ့ စည်း[illegible] သိမှာပေါ့'



ဖုန်းကျော်မင်း ခေါင်းခါယမ်းဆည်း။

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာတွေ လာပြောနေတာလဲ၊ ကျုပ် ဘာမှ နားမလည်ပါလား'

အတိုးအို မဲ့ပြုံး ပြုံး၏။

'ကောင်းပြီလေ… ခင်ဗျား နားမလည်ချင်ယောင် ဆောင်နေတာဆိုလဲ နားလည်အောင် လုပ်ပေးရမှာပေါ့'

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြလိုက်၏။

ဤတွင်…

'ယား'

အနက်ရောင် ဝတ်ဆင်ထားကြသူများအားလုံး ညာသံပေး၍ မြင်းဝင် တိုက်ခိုက်လာကြ၏။

ဗျာချို ထိတ်လန့်သွားသည်။

'ဖေဖေ'

လွတ်ခနဲအော်၍ ရှေ့သို့ လှမ်းထွက်ရန် ဟန်ပြင် လိုက်ပြီး လျှင်…

'သခင်လေး'

ကျော်စွာက ဟန့်တားလိုက်သည်။

'ဘာ'

'သခင်လေး နောက်ဆုတ်လိုက်ပါ၊ ဒီကိစ္စကို သခင်ကြီး ဖြေရှင်းနိုင်ပါတယ်'

ဗျာချိုသည် ကျော်စွာကို တစ်ချက်ကြည့်ပြီး နောက်ဆုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနုတ်ရောင် ဝတ်ဆင်ထားသူတို့က ဗုံကျောင်းထံသို့ ပြေးခင် တိုက်ခိုက်ကြ၏။

ထိုလူများ အနီးသို့ ရောက်လာလျှင် ဗုံကျောင်းလည်း လှုပ်ရှား၊ သက်ဝင်လာ၍ ပြန်လည် ခုခံ တိုက်ခိုက်လိုက်ရလေတော့သည်။

၀ ၀ ၀

အေးချမ်းသာယာပြီး လူတိုင်းကြည်ညိုလေးစားခြင်း ခံခဲ့ရသော ဗုံအိမ်တော်ရှေ့၌ ပြင်းထန်သည့် တိုက်ပွဲ ဖြစ်ပေါ်လာတော့သည်။

အနုတ်ရောင် ဝတ်ထားကြသူများသည် ဗုံကျောင်းအား အရကြမ်း တိုက်ခိုက်လိုက်ကြ၏။

ဗုံကျောင်းကလည်း ပြန်လည် တိုက်ခိုက်လိုက်သောအခါ ပြင်းထန်သည့် တိုက်ပွဲ ဖြစ်ပေါ်လာခဲ့လေတော့၏။



ထိပ်တိုက် ရင်ဆိုင်မိကြသည့် တစ်ခဏတာအချိန်လေး အတွင်းမှာပင်—

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာလေသည်။

အနုတ်ရောင်ဝတ်ထားကြသူများသည် လူများသော်လည်း ဗုံကျောင်းအား မယှဉ်နိုင်ဘဲ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

ဗုံချို ဝမ်းသာသွားသည်။

'ဟေး—ဒါမှ ဖေဖေကွ'

လက်ခုပ် လှမ်းတီးပါ၊ တီး၍ သြဘာ ပေးလိုက်မိလေတော့သည်။

ကျော်စွာ ဟန့်တားလိုက်၏။

'သခင်လေး— နောက်ဆုတ်လိုက်ပါ'

'ဘာဘာ ဖေဖေတို့ လူဆိုးတွေကို ဆုံးမလိုက်ပြီမဟုတ်လား။ ကျွန်တော်တို့အိမ်ဂေဟာကိုအဆိပ်ခတ်လိုက်တာ သူတို့ပဲမဟုတ်လား'

'ပြောဖို့ စောပါသေးတယ် သခင်လေး'

ထိုစဉ်—

'အား အား အား'

www.burmeseclassic.com

www.burmeseclassic.com



ရခေသ နှင့် အဘိုးအိုတို့မှာ ရယ်မောလိုက်ကြလေ၏။

'ခေါင်းနှစ်လုံး နဂါးဟာ နှစ်ပေါင်း အထန်ကြာအောင် သိုင်းလောကထဲ မှာ ပျောက်ကွယ်နေခဲ့တာကြောင့် သိုင်းရှမ်းအား တွေ ကျမသွားသေးတဲ့ကိုး'

'ကောင်းတယ်... ကောင်းတယ်၊ သူ့ရဲ့ ပညာ ဘယ်လောက် တိုးတက်လာသလဲဆိုတာ ထော လော ကြည့်ရအုံးမှာပေါ့'

ရခေသ နှင့် အဘိုးအိုတို့သည် ဝဲယာ တစ်ဘက်တစ်ချက်မှ ချဉ်းကပ်လာကြ၏။

ပျကျော့ခင်း၏ မျက်နှာ တည်ကြည်လေးနက်လာလေတော့ သည်။

'ခင်ဗျားတို့ နှစ်ယောက်စလုံး တစ်ပြိုင်တည်း ဝင်လာတော့ [illegible] အချိန်ကုန် သက်သာတာပေါ့'

ရင်ဆိုင်တိုက်ခိုက်ရန် အသင့် ပြင်ထားလိုက်လေ၏။

ရခေသ နှင့် အဘိုးအိုတို့သည် တစ်ယောက်ကို တစ်ယောက် မျက်ရိပ်ပြလိုက်ကြပြီး...

'ယား'

ညာသံပေး၍ ဝင်ရောက် တိုက်ခိုက်လိုက်ကြ၏။

ပျကျော့ခင်းလည်း အားမာန်အပြည့် ပြန်လည် တိုက်ခိုက်လိုက် လေတော့သည်။

၀ ၀ ၀



တိုက်ပွဲမှာ ဒုတိယအကြိမ် ဖြစ်ပေါ်လာလေ၏။

ယခုတစ်ကြိမ်...

ပို၍ပြင်းထန်လာ၍ ပိုမို ကြောက်စရာကောင်းလာ လေသည်။

ရခေသ နှင့် အဘိုးအိုတို့သည် ပျကျော့ခင်း၏ ဝဲယာတစ်ဘက် တစ်ချက်မှနေ၍ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ကြသည်။

တစ်ယောက်က ဓားဖြင့် တစ်ယောက်က လက်ဝါး ချောင်းအသင့် စွန့်ကုတ်လက်သည်း သိုင်းကွက်ဖြင့် တိုက်ခိုက် ခိုက်ကြခြင်းဖြစ်ရာ ပျကျော့ခင်း ဇက်ကွဲရောက်သွားရမည်ဟု ထင် [illegible]ရှိနေပါတော့၏။

သို့သော်

ပျကျော့ခင်းက လက်တစ်ဘက်ကို ဖျပ်ခနဲ ဖျပ်ခနဲ ဝှေ့ယမ်း [illegible]က်သည်နှင့်...

'အင့်'

'အွန်း'

မသဲမကွဲ ညည်းညူသံများ ထွက်ပေါ်လာ၍ အဘိုးအို [illegible] ရခေသ တို့ ပျောက်ကာ နောက်ဆုတ်လိုက်ကြရလေတော့ [illegible]သည်။

နှစ်ယောက်သား မျက်နှာပျက်နေကြသလို ပျကျော့ခင်းကို [illegible]လုံးပြူး၍ ကြည့်နေကြ၏။

ပျကျော့ခင်းက ဆက်၍ တိုက်ခိုက်ခြင်း မပြုပါချေ။

'ခင်ဗျားတို့ နောက်လှည့်ပြန်သွားကြတာ အကောင်းဆုံး [illegible] ဘူပ်ကို တန်ဖိုးမကြီးစေချင်ဘူး'

www.burmeseclassic.com

အဘိုးအိုက မြေပေါ် ခြေဆောင့်လိုက်၏။

'ကောင်းပြီ...ဒီကနေ့တော့ မင်းကံကောင်းသွားတယ်မှတ်ပါ။ ဒါပေမယ့် ကြာကြာ ကံကောင်းနိုင်မှာမဟုတ်ဘူး။ နောင် သခင်က မင်းကို ဒီလိုနည်းနဲ့မှ ချမ်းသာပေးမှာ မဟုတ်ဘူး။ အင်း...ဟတ်ိဟာ ထား နေပေတော့'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေ၏။

ရဲဘော်ရည်း လိုက်သွား၏။

အနက်ရောင် ဝတ်ထားကြသူများသည်သည်း ပြေးလွှား လိုက်ပါသွားကြလေတော့သည်။

၀ ၀ ၀

ရဲဘော်နှင့်အဘိုးအိုတို့ ဦးဆောင်လာသောလူစုမှာ ပြေး လွှားထွက်ခွာသွားကြပြီ ဖြစ်သည်။



ပုချို ဝမ်းသာအားရ ဖြစ်သွားသည်။

'ဖေဖေ'

ဖခင်ထံ ပြေးသွားလိုက်လေသည်။

ပုခေါင်းက ပုချို၏ပခုံးကို ပုတ်လိုက်သည်။

'သိုင်းစာကို ကြိုးစားလေ့ကျင့်မှတ်ဖို့ အရေးကြောင့် ဖေဖေ တိုက်တွန်းတယ်ဆိုတာကို သားသိပြီလား'

ပုချို ခေါင်းညိတ်လိုက်လေသည်။

'ကျွန်တော် နားလည်ပါပြီ ဖေဖေ'

'ဖေဖေတို့ ဒီကထွက်သွားပြီး အေးချမ်းမှုရှိတဲ့ တစ်နေရာ သွားကြမယ်၊ သားတို့ သိုင်းစာကို ဆက်ပြီး လေ့ကျင့်မှတ် သားကြရမယ်'

ပုချိုက ဖခင်အား မော့ကြည့်လိုက်၏။

'ဖေဖေ ရန်သူကို ဆုံးမ ပေးနိုင်လိုက်ပြီ မဟုတ်ဘူးလား၊ ကျွန်တော်တို့ ဒီကထွက်သွားဖို့ လိုဦးမှာလား'

ပုခေါင်းက ခေါင်းညိတ်လိုက်၏။

'ဒီကထွက်သွားမှ ဖြစ်မယ်၊ ရန်သူတွေရောက်လာတာဟာ အစပဲရှိသေးတယ်၊ အဖေတို့ဆီက အရိပ်မဲ့သိုင်းကျမ်းကို ချင်း သူတို့ ရပ်တန့်သွားမှာ မဟုတ်ဘူး...

တစ်ကြိမ်ပြီး တစ်ကြိမ် ထပ်လာတဲ့ ကြိုးစားကြမှာ ...စိမ်းကိုက်ဟာ သိုင်းလောကမှာ ပြန့်ပြီးအသက်ဝင်လာ သူတို့ အင်အားသုံးလာ င် အဖေလဲ ဘာမှတတ်နိုင်မှာ မဟုတ်ဘူး'

...ချို စိတ်မကောင်းဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းဟူသည် သူ့အတွက် ခေါဟာရအသစ် ဖြစ်နေ သည်။

ယခုမှ ကြားဖူးလိုက်ခြင်း ဖြစ်၏။

အရိုင်မဲ့ လက်ညှိုးသိုင်းကျမ်းလေ၊ သူ့ရင်းနှီးပြီးသားဖြ သည်။

သူတို့ညီအစ်ကို ကျက်မှတ်လေ့ကျင့်နေရသော သိုင်းပေ သည် အရိုင်မဲ့လက်ညှိုးသိုင်းကျမ်းပင် ဖြစ်သည်။

အရိုင်မဲ့လက်ညှိုးသိုင်းကျမ်းအား ရန်သူများအား လို မကြမနေကြသဖြင့် ပုဏ်မဲ့ဟောအား၊ ဗုက္ကဝေးဆောင်ခြင်းဖြ ကြောင်း ထင်ရှားနေသည်။

ကဲ... သွားကြစို့

ပုဏ္ဏကျောင်းက ရှေ့မှဦးဆောင်ကာ ထွက်သွားလျှင် ပုချိ သည်။ လိုက်ပါသွားလေ၏။

—၀—

## ဒုတိယနဂါး

---

တင်းထိန်မြို့—

တင်းထိန်မြို့သည် အနေခါးဘက်အိမ်မိုင်နှစ်ဆယ်ကျော်အခေါ တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ဗုကျောင်းသည် မြင်းလှည်း၊ ငှားရမ်း၍ သည်းခောင်း၊ ခြေ လျင်ခရီးဖြင့် ဆည်းကောင်း လူ သူမရှိသည့် တောလမ်းများကို အသုံးပြုကာ မရပ်မနား ခရီးဖြင်နှင်လာကြ၏။

သို့ဖြင့်—

မြေအဆိမ်မိုင်းနယ်သို့ ၂၀ ဦးအစီရှိမှန်းမသိ ရောက်ရှိလာခဲ့ကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီးတစ်လျှောက်၌ ရန်သူ၏အရိပ်အယောင်ပင် မတွေ့ခဲ့ရချေ။

ပုကျော့ခွင်၊ စိတ်ချအေးချဖြစ်လာပုံ ရှိချေ၏။

နေမဝင်မီ ရေကန်ကြီးတစ်ခုအနီး၌ အနားယူရန် စီစဉ်လိုက်လေ၏။

ကျော့စုအား တစ်စုံတစ်ခု ထိုးတိုးပြောလိုက်လျှင် ကျော့ဦးညွတ်၍ ပြေးလွှားထွက်ခွာသွား၏။

ပုကျော့ခွင်းသည် သားနှစ်ယောက်နှင့်အတူ ရေကန်အနီးရှိ သစ်ပင်ကြီးတစ်ပင်အောက်၌ထိုင်ကာ အနားယူလိုက်သည်။

အသင့်ယူလာသော မုန့်ခြောက်များကို ကျွေးမွေးလိုက်သည်။

'ကဲ… သားတို့ ဗိုက်ဖြည့်ထားလိုက်ကြဦး၊ ဒီည ကောင်းကောင်း အနားယူလိုက်ရပါလိမ့်မယ်'

ပုထင်း….

မထု ဖက်သေးရှိနေသော်လည်း သူ့ဘီလက်ကျက်ချောသော ပုချိုက မေးလိုက်သည်။

'အဖေ တစ်ခုခုများ စိုးရိမ်ထားလို့လား၊ ဘာကို လွှတ်လိုက်တာ အကြောင်းရှိတယ် မဟုတ်လား'

ပုကျော့ခွင်း ပြုံးလိုက်၏။

သားဖြစ်သူ၏ အရောင်ပေါ်မှုကို သဘောကျသွား၏။

'ဟုတ်တယ် သား၊ ဒီနေရာနဲ့ သိပ်ပြီးမဝေးတဲ့ တစ်နေရာမှာ အဖေ့ရဲ့မိတ်ဆွေတစ်ယောက် ရှိတယ်…'



'သူဟာ တစ်ချိန်တုန်းက နာမည်ကျော် သိုင်းသမားတစ်ယောက် ဖြစ်ခဲ့ပေမယ့် ခုချိန်မှာတော့ သိုင်းလောကကို ကျောခိုင်းပြီး ဇာတ်မြုပ်နေလိုက်ပြီ…'

'အဖေတို့ ရောက်လာမှန်းသိရင် အကူအညီပေးမှာ သေချာတယ်'

ဖခင်ကြီးသည် ယခင်က သိုင်းလောက၌ ကျော်ကြားခဲ့ပြီး နောက်ပိုင်း ဇာတ်မြုပ်လိုက်ခြင်းဖြစ်ကြောင်း ခန့်မှန်းရောက်နေပါတော့သည်။

'အဖေရဲ့မိတ်ဆွေ ဘယ်သူလဲဗျ၊ ကျွန်တော်တို့ကို တစ်ခါမှ ပြောမပြခဲ့ဘူး ထင်တယ်'

ပုကျော့ခွင်းက ရယ်မောလိုက်၏။

'သားတို့ အလွတ်မပေးတဲ့ လွတ်ကွက်ရှာကြံပေါ်လာသာနဲ့ လှမ်းထောက်တော့တာပဲကိုး….'

'သားတို့ကို ပြောမပြခဲ့တာ မလိုအပ်ဘူး ယူဆလို့ပါ၊ ခုတော့ အဖေပြောပြဖို့ ဆုံးဖြတ်လိုက်ပါပြီ'

ပုချို ကျေနပ်သွားလေ၏။

'ပြောဦးပါပဲ အဖေ'

သူတို့ ပြောဆိုနေကြသည်ကို ပုထင်းက မျက်လုံးလေး [illegible]ဖြင့် ကြည့်နေ၏။

ပုကျော့ခွင်းက လျှို့ဝှက်ထားသော သူ၏အတိတ်ဘဝဇာတ်ကြောင်းကို ပြောပြရန် ဟန်ပြင်လိုက်စဉ်မှာ

လူရိပ်တစ်ခု ပြေးလွှားလာသည်ကို တွေ့လိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုချောင်း ရင်ထိတ်သွား၏။

'သားတို့နှစ်ယောက် ခဏပုန်းနေလိုက်ကြစမ်း'

ပုချိုတို့အား သစ်ပင်တစ်ပင်ကြီးနောက်ကွယ်သို့ အပျာယာ ပုန်းအောင်းစေလိုက်သည်။

သူကိုယ်တိုင်ကမူ အန္တရာယ်ပေါ်ပေါ်လျှင် ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်၏။

ပြေးလွှားလာသူမှာ...

တစ်ခဏအတွင်းမှာပင် အနီးသို့ ရောက်ရှိလာလေသည်။

ရန်သူမဟုတ်ဘဲ အိမ်ထိန်းကြီးကျော်စု ဖြစ်နေသည်ကို တွေ့ရလေသည်။

သစ်ပင်နောက်ကွယ်မှ ချောင်းကြည့်နေသော ပုချိုတို့ ဝမ်းသာသွားကြသည်။

ပုချောင်း မျက်မှောင်ကြုတ်သွားလေ၏။

'အိမ်ထိန်းကြီး၊ ဝန်းလုံကို မတွေ့ဘူးလား'

ဆီးကြိုမေးမြန်းလိုက်လေ၏။

ကျော်စု ဦးညွှတ်လိုက်သည်။

'မတွေ့ပါဘူး သခင်ကြီး၊ တတိယနဂါး စန်းလုံ နေထိုင်တယ်ဆိုတဲ့ ခြံဝင်းကြီးဟာ မီးလောင်ပျက်စီးသွားပြီး မှီတင်းနေထိုင်သူ အားလုံး တစ်ယောက်မကျန် လုပ်ကြံ သတ်ဖြတ်ခံလိုက်ရတယ်လို့ သိရပါတယ်'

'ဟာ'

ပုချောင်း အံ့အားသင့်သွားလေသည်။

သို့သော်...



သူ၏မျက်နှာ ချက်ချင်း တည်ကြည် လေးနက်သွားပြီး သက်ပြင်းချလိုက်သည်။

'နဂါးစိမ်းဂိုဏ်း ပြန်ပြီး အသက်ဝင်လာပြီဆိုရင်တော့ ဒီလိုဖြစ်လာမယ်ဆိုတာ ကြိုတွေးမိဖို့ကောင်းတာပေါ့၊ ကျုပ်ဆီကိုတောင် ရောက်လာကြဦးမှာပဲလေ၊ တတိယနဂါး စန်းလုံလဲ နဂါးစိမ်းဂိုဏ်းရဲ့ လက်ချက်မိသွားတာပဲဖြစ်မယ်'

ယခုနည်းအတိုင်း မိမိတို့ ဆောင်ရွက်စရာ အနားယူရတော့မည် မဟုတ်ကြောင်း ပုချို နားလည်လိုက်၏။

ပုချောင်းသည် အနည်းငယ်စဉ်းစားပြီးမှ ဆုံးဖြတ်ချက် ချလိုက်၏။

'တတိယနဂါး စန်းလုံ အခြေအနေ မတာန်ဘူးဆိုတော့ ကျုပ်တို့ ဒီမှာနေလို့မဖြစ်တော့ဘူး၊ ရှန်နန်နယ်ဘက်ကို သွားမှ ဖြစ်မယ်'

ညတွင်းချင်း ခရီးဆက်ရန်ဆုံးဖြတ်လိုက်ရာ ပုချိုတို့ စိတ်ပျက်သွားကြသည်။

ဒရောသောပါး ပြေးလွှားနေရသော ခရီးသည် ဘယ်သော အခါမှ ပြီးဆုံးလိမ့်မည်နည်း။

'ကဲ... သွားကြစို့'

ပုချောင်းကပင် ဦးဆောင်ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်...

'တစ်ယောက်မှ မလွတ်စေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



အော်ငေါက်သံများနှင့်အတူ လူတစ်မှု ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရတော့သည်။

* * *

အနီရောင်ဝတ်ထားသူတစ်ယောက် ဦးဆောင်လာသော အနက်ရောင်ဝတ်ထားသူတစ်စုသည် အမှောင်ရိပ်ထဲမှ ထွက်ပေါ်လာကြပြီး ပုဂျောင်းအား ဝိုင်းရံထားလိုက်ကြလေ၏။

ပုဂျောင်၊ မဲ ပြုံးပြုံးလိုက်သည်။

'ကျိုင်းလိန်၊ မင်းရောက်လာလိမ့်မယ်ဆိုတာ ကျုပ်သိတယ်'

ဟူ၍ ကျော့ရုတ်ဆိုအသံသို့လှည့်ကာ ပြောလိုက်၏။

'အိမ်ထိန်းကြီး၊ ကလေးတွေကိုခေါ်ပြီး ထွက်သွားနှင့်ပါ'

'ကောင်းပါပြီသခင်ကြီး'



ကျော့ရုအား....

'သခင်လေးတို့ သွားစို့'

ဟု ပြောကာ ပုချိုနှင့်ပုထင်းတို့ကိုခေါ်၍ ထွက်သွားလေသည်။

ပုထင်း ငိုမဲ့မဲ့လေးဖြစ်သွားသည်။

'ဖေဖေ'

ပုချို ဒ ညီဖြစ်သူ၏လက်မောင်းကို ဆွဲလိုက်၏။

'လာပါညီလေးရာ အဖေလိုက်လာမှာပေါ့၊ တို့ရှိနေရင် အဖေ အတွက် အနှောင့်အယှက်ဖြစ်နေလိမ့်မယ်'

ကျော့ရုသည် ပုဂျောင်း၏ခြေရာ နင်းနိုင်မည့်လူဖြစ်မည်ဟု ယုံကြည်မိလေသည်။

သူတို့ ထွက်သွားရန် ဟန်ပြင်လိုက်ရာ

'ရပ်လိုက်'

အနက်ရောင်ဝတ်ထားသူများမှ ဟန့်တားလိုက်ကြသည်။

သူတာ ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ လက်နှစ်ဖက်ဆန့်ထုတ်ကာ စထင်တိုက်ခိုက်လိုက်သည်။

သူသည်အညီး ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်နေပါတော့သည်။

'ဝှန်း'

လျှယ်လေးခင်သော အသံ ထွက်ပေါ်လာကာ အနက်ရောင်ဝတ်ထားသူသုံးယောက် အဝေးသို့လွင့်စဉ်သွားကြပြီး ထွက်ပေါက်ပွင့်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'သခင်လေးတို့ မြန်မြန်လာကြ'

လူက ပုထင်နှင့်ပုချိုတို့ နှစ်ယောက်ကိုခေါ်ကာ ခပ်သုတ်သုတ် ထွက်သွားလေ၏။

'ဘယ်ပြေးမလဲ'

အနက်ရောင်ဝတ်ထားသူများက ဟန့်တားရန် ကြိုးစားလိုက်သောအခါ ပုကျော်စင်းက တိုက်ခိုက်လိုက်သည်။

'ဝုန်း'

'အား'

'အမယ်လေး'

အနက်ရောင်ဝတ်ထားသူများ ဖရိုဖရဲဖြစ်သွားကြပြန်သောသည်။

ပုချိုတို့အား ဟန့်တားခြင်း မပြုနိုင်ကြတော့ဘဲ ပုကျော်စင်းအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

'ဟား...ဟား...ဟား'

အနီရောင်ဝတ်ထားသူက ဟားတိုက်၍ ရယ်မောလိုက်လေသည်။

'ပုကျော်စင်း၊ ခင်ဗျားက တတိယနဂါးနန်းလုံကို သတိရ မနေပါနဲ့တော့ဗျာ၊ နန်းလုံဟာ ခုချိန်မှာ ငရဲပြည်ကို ရောက် နေလောက်ပါပြီ၊ နဂါးစိမ်းဂိုဏ်းကို သစ္စာဖောက်ခဲ့တဲ့သူ မဆို အပြစ်ပေးခံရမှာပဲဗျ'

သူ မျက်နှာတည်သွားသည်။

'ကျောင်းထိန်၊ ငါ့ကိုတောင် မမေးမစမ်း ပြောရဲတယ်ပေါ့ တုတ်အား၊ မင်း တော်တော် သတ္တိကောင်းနေပါလား'



အနီရောင်ဝတ်ထားသည့်ကျောင်းထိန်က ဟားတိုက်ရယ်မော လိုက်သည်။

'ပုကျော်စင်း၊ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်က အခြေအနေ မျိုး မဟုတ်တော့ဘူးဆိုတာ ခင်ဗျား သတိထားသင့်တယ်ပေါ့ လေ၊ ဟိုတုန်းက နဂါးစိမ်းဂိုဏ်းချုပ်ရဲ့ အားထားရတဲ့ လက် ရုံးငါးယောက်မှာ ခေါင်းနှစ်လုံးနဂါးပုကျော်စင်းဆိုတဲ့ ခင်ဗျား က ဩဇာရှိခဲ့ပေမယ့် ခုချိန်မှာတော့ ကျုပ်က ခင်ဗျားထက် ပိုပြီး ဩဇာရှိနေပြီလေဗျာ'

'ဩော်'

'ဂိုဏ်းချုပ်က သစ္စာဖောက်တွေကို ဆုံးမဖို့ ကျုပ်ကို တာ ဝန်ပေးထားတယ်၊ အထူးသဖြင့် အရိပ်မဲ့လက်ညှိုး၊ သိုင်းကျမ်း ကို ယူသွားတဲ့ခင်ဗျားကို အရဖမ်းဖို့ အမိန့်မှာကြားထား တယ်'

သူ နှာခေါင်းရှုံ့လိုက်သည်။

'ကျောင်းထိန်၊ ငါ့ကို မင်း သတ်နိုင်မယ်များ ထင်နေလို့လား'

'ဟား...ဟား...ဟား၊ ခင်ဗျားက အရိပ်မဲ့လက်ညှိုးမှ သိုင်း ကျမ်းကို ရထားတော့ ခင်ဗျားကိုယှဉ်နိုင်ဖို့ မလွယ်ဘူးဆိုတာ ကျုပ် နားလည်ပါတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ပေးအပ်လိုက် တဲ့ တာဝန်ဝတ္တရားရှိနေတော့လို့ ကျုပ်က စွန့်စားကြည့်ရမှာ ပေါ့ဗျ'

သူ ခပ်ပြတ်ပြတ်ပြောလိုက်သည်။

'ဒါဖြင့် မင်း ဘာလုပ်နေတာလဲ'

'စိတ်ချ'

www.burmeseclassic.com

ချွင်းထိန်က ပုဆော့ချောင်းထံသို့ လျှပ်တပြက် ခုန်ဝင် တိုက်ခိုက်လိုက်သည်။

ရွှေက လက်ဝါးတစ်ဖက်ကို ရင်ဝ၌ အကာအကွယ်ပြုထား၍ ကျန်လက်ဝါးတစ်ဖက်ကို အနှံ့ထုတ်ကာ ဆီးကြို တိုက်ခိုက်လိုက်သည်။

နှစ်ယောက်သား ရင်ဆိုင်မိသည်နှင့်—

'တိုက်ကြဟေ့'

'ယခု'

အနက်ရောင် ဝတ်ထားသူများ အလည်း ညသားဝေးဝေး တစ်ကျွန်ထိုး ပြေးဝင်လာကြလျှင် ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ဝ ဝ ဝ

တောင်းအောင်ပေါ်၌ ဆဝန်းရှိသလို ကြယ်ကလေးများ အလည်း ဝင်းလက်တောက်ပနေသည်။

အေးမြသော ညလေများက သုန်သုန်ညှင်းညှင်း တိုက်ခတ်နေသည်။



သာယာလှပသော ညအချိန်၌ ပုချိုတို့ညီအစ်ကိုမှာ စိုးရိမ်ပူပန်မှုများ ကြီးစိုးလာ၍ တောင်ကုန်းလေးတစ်ခုပေါ် ရောက်ရှိနေကြသည်။

ပုချိုသည် တောင်ကုန်းလေးပေါ်မှတစ်ဆင့် သူတို့လာခဲ့သော ခရီးကို နောက်ကြောင်းပြန် မျှော်ကြည့်လိုက်လေသည်။

ဖခင်သည် ရန်သူများနှင့်ရင်ဆိုင်၍ ကျန်ရစ်ခဲ့သည်။

သူ၏ဖခင်သည် ရန်သူများအားလုံး ဆုံးမနိုင်ပါပေမည်လော။

သူတို့နောက်သို့ လိုက်လာနိုင်ပါမည်လော။

ကျော်စုက ပုချို၏ ပခုံးကိုပုတ်ကာ အားပေးနှစ်သိမ့်လိုက်သည်။

'သခင်လေး ဘာမှစိတ်မပူပါနဲ့၊ မကြာခင် သခင်ကြီး ရောက်လာလိမ့်မယ်'

ပုချိုက ကျော်စုအား မေးလိုက်လေ၏။

'အဖေဟာ အရင်က နဂါးစိမ်းဂိုဏ်းခေါင်းတစ်ယောက်ဖြစ်ခဲ့တာ အမှန်ပဲလား ဘဘ'

အခေါင်းပါးသွားသည့် ပုချိုအား လိမ်ညာ၍မရမှန်း ကျော်စု သဘောပေါက်လိုက်သည်။

'ဟုတ်တယ် သခင်လေး'

'နဂါးစိမ်းဂိုဏ်းဟာ ဘယ်လိုဂိုဏ်းမျိုးလဲဆိုတာ ကျွန်တော် ပြောပြပါ့မယ်—'

www.burmeseclassic.com



'အဖေ ဘာကြောင့် နဂါးစိမ်းဆေးသွင်းပြီး ဇာဝ မြှုပ်နေ ရိုက်ရတာလဲ'

ယခုတစ်ကြိမ်…

ကျော်စု မျက်တာရှေ့ အဖြေမပေးနိုင်ဘဲ ဖြစ်သွားလေတော့ သည်။

ထိုအချိန်မှာပင်…

အဝေးမှ စူးရှသော အော်ဟစ်သံများသည် တိုး၍ ဝင်လာ လည်း [illegible] ပြည်နှင့်အတူ လှုပ်ရှားလာသည်ကို ကြားလိုက်ရလေ သည်။

ပုခက်ကျောင်းနှင့် ရန်သူများ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေ ကြပြီဖြစ်ကြောင်း ထင်ရှားလေသည်။

ပုချိုသည် ဖခင်အတွက် စိတ်ပူသွားပြီး ဇဝေးသို့ 'မျှော် ကြည့်လိုက်၏။

ကျော်စု ငြိမ်နေလိုက်သည်။

ပုချိုသာ အာရုံ ပြောင်း မသွားလျှင် နဂါးစိမ်းကိုက် အကြောင်း ရှင်းပြရဦးမည် မဟုတ်ပါလား။

အော်သံတစ်သံများ တစ်ခဲနက် ထွက်ပေါ်လာပြီးနောက် အပြည်းပြည်း တိတ်ဆိတ်ပျောက်ကွယ်သွားလေသည်။

ကျော်စု သက်ပြင်းချလိုက်၏။

'သခင်လေးတို့ ဒီမှာ စောင့်နေခဲ့ပါ၊ သခင်ကြီးရဲ့အခြေ အနေကို သွားကြည့်လိုက်ဦးမယ်'

ပြောပြီး တောင်ကုန်းလေးပေါ်မှဆင်းလေးနဲ့ ဟန်ပြ [illegible] ထွက်ခဲ့လေသည်။



'ဘာ ကျွန်တော်တို့လဲ လိုက်မယ်'

ပုထင်းက ပြောလာလေသည်။

ပုချိုက ဟန့်တားလိုက်၏။

'ညီလေးတို့လိုက်သွားလို့ ဘယ်ဖြစ်မလဲ၊ တော်ကြာ အဖေ အပြစ်တင်နေမှာပေါ့'

'ကျွန်တော်တို့'

'ဘာလဲ၊ ညီလေးက အဖေ့ကို စိတ်မချဘူးလား၊ ဟင်း… ဟင်း…အခုဖျာ ဒီအခေါ်စေး လူဆိုး ဓားပြတွေလေ ဘယ် တော့မှ မနိုင်ပါဘူး ဘာမှ မစိုးရိမ်ပါနဲ့ကွ'

ပုချို၏အပြောကို ကျော်စု သဘောကျသွားခဲ့၏။

ကျော်စုကိုယ်တိုင်လည်း ပုခက်ကျောင်းထဲသို့ မသွားဖြစ်တော့ ချေ။

သုံးယောက်သား ပုခက်ကျောင်း ရောက်လာမည့်အချိန်ကို စောင့်မျှော်နေကြသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ညသန်းခေါင်အချိန်ကိုပင် ကျော်လွန်သွားကာ နောက် တစ်နေ့ ကူးပြောင်းလာလေသည်။

ပုထင်းမှာ သက်ပြင်းအခါခါ ချနေ၏။

ပုချိုသည်ကား…

မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပြောင်ကာ ဖခင်လာမည့်လမ်းကို မျှော်ကြည့်နေ၏။

ကျော်စုမှာ အည်ငြိမ်စွာရှိနေသော်လည်း သူ၏ရင်ထဲ၌မူ မငြိမ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဇွန်ချောင်း၏ အခြေအနေ မည်သို့ရှိမည်နည်း။

ထိုအချိန်မှာပင်—

တောင်ကုန်းပေါ်သို့ ပြေးတက်လာသူ တစ်ယောက်အား တွေ့လိုက်ရ၏။

အားလုံး မျှော်လင့်စောင့်စားနေကြသည့် ပုဇွန်ချောင်း ဖြစ်သည်။

ပုဇွန်ချောင်း ရောက်လာပြီးသည့်နောက်တွင်—

—၀—

## မဆုံးနိုင်သောခရီး

---

တောင်ကုန်းလေးသည် လည်းကောင်း၊ ပုဇွန်ချောင်းသည် လည်းကောင်း၊ ရန်သူများသည် လည်းကောင်း၊ အနောက်ဘက်၌ ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ပုချိုသည် အတွေးများကိုဖြတ်တောက်၍ ဖခင်နောက်သို့ လိုက်သွားလေသည်။

ကျုံ့ဆော စမ်းပြခေါ်သွားရာ တဖြည်းဖြည်း မိုးလင်းလာလေ၏။

လင်းလင်းချင်းချင်း ဖြစ်လာသည်နှင့် အရှေ့ဘက်၌ မြို့ကလေးတစ်မြို့ကို တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူနေမြို့ရွာများနှင့် ဝေးကွာသည်မှာ ကြာပြီဖြစ်ပြီး တောလမ်းများမှ ခရီးနှင်လာခဲ့သော ပုချိုတို့သည် မြို့ကလေးကို တွေ့ရသောအခါ ဝမ်းသာသွားကြသည်။

ကျော်စုကလည်း မြို့ကလေးဆီသို့ညွှန်ပြကာ ပြောလေတော့သည်။

'ရှေ့ကမြို့ကလေးမှာ သခင်ကြီးရဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်၊ သူ့ဆီမှာ အနားယူပြီး သခင်ကြီးကို စောင့်ကြမယ်'

ပုထင်းက မျက်နှာတင်းလေး ခက်ထန်ထန်ဖြင့် ရှိနေသည်။

ပုချို အားတက်သရော ပြောလိုက်သည်။

'ကောင်းပါတယ် ဘဘရယ်၊ ကျွန်တော်တို့လဲ အနားရတာပေါ့၊ အဖေ့ကိုလဲ စောင့်ကြတာပေါ့'

'ဒါဖြင့် သွားကြစို့'

နှစ်ယောက်သား ခပ်သုတ်သုတ်သွားလိုက်ရာ လူနေအိမ်ခြေများနှင့် တစ်စတစ်စ နီးကပ်လာလေသည်။

မိုးလင်းလေပြီဖြစ်၍ လမ်းများပေါ်၌ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားနေလေသည်။

ပုချိုတို့လည်း ခပ်ယောင်မလာသည်ဖြင့် မြို့တွင်းသို့ ဝင်ရောက်သွားကြလေ၏။

ကျော်စုက ဦးဆောင်၍ ခေါ်သွားပြီး မြို့လယ် လမ်းဆုံလမ်းခွသို့ ရောက်လျှင် ကျော်စုက လမ်းသွားလမ်းလာတစ်ဦးအား စုံစမ်းမေးမြန်းလိုက်၏။



'သမားတော် စုရှိရဲ့အိမ် ဘယ်နားမှာ ရှိပါသလဲ ခင်ဗျား၊ သိရင် လမ်းညွှန်ပေးပါလား'

'သမားတော် စုရှိလား၊ ဟောဟိုဘက်က လမ်းကြီးထဲမှာ နေတာ၊ လူ့အိမ်ကို အနီရောင် ဆေးသုတ်ထားပြီး၊ အိမ်ရှေ့မှာ သစ်ပင်တစ်ပင် ရှိတယ်...

'ဟို ရှေ့က လမ်းကြားက ဖြတ်သွားရင် တွေ့ရပါလိမ့်မယ်'

'ကျေးဇူးပါပဲဗျာ'

ကျော်စုသည် လမ်းညွှန်ပေးသူအား ကျေးဇူးတင်စကားပြော၍ ပုချိုတို့ကို ခေါ်ပြီး ထွက်လာခဲ့၏။

လမ်းကြားအတွင်းမှ ဖြတ်သွားကြပြီး...

မကြာ...

သမားတော်စုရှိ၏ အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေတော့သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



နံ့နံ့ထိစောစောအချိန် ဖြစ်ရကား ကျော့စုအား တံခါးခေါက်လိုက်၏။

သမားတော် စုရှိမှာ အသက်ငါးဆယ်ကျော်ခန့် ရှိသူဖြစ်သည်။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါး ယှက်သွယ်လက်ဖက် ဖျော့တော့လက်သည့် အသွင်ရှိ၏။

'စောစောစီးစီး သမားတော် ဆောင်ဝင်ကြတာလား'

ဟူ၍ ဆီးမေးသည်။

ကျော့စုက ဦးညွှတ်လိုက်၏။

'သမားတော်ကြီးရဲ့ မိတ်ဆွေ တစ်ယောက်က သတိရလို့ လာလည်ဆောင် ပါးခိုင်းလိုက်လို့ လာခဲ့တာပေါ့ဗျာ'

စုရှိ မျက်မှောင်ကုတ်သွား၏။

ကျော့စုအား ခြေဆုံး ခေါင်းဆုံး အကဲခတ် ကြည့်လိုက်သည်။

'ခရီးဝေးက လာခဲ့ကြတာ ထင်တယ်၊ ကျုပ်ရဲ့ တယ်လို မိတ်ဆွေက ဘယ်လို စကားလက်ဆောင် ပါးလိုက်သလဲ ပြောပါဦး'

'သမားတော်ကြီး ဆေးမှုးလေးလို့ ခေါ်ရလို ဖြစ်ခဲ့တဲ့လူ တစ်ယောက်အကြောင်း ပြောပြရင် သမားတော်ကြီး ပြန်ပြီး မှတ်မိမယ် ထင်ပါတယ်'

သူ၏ စကားအဆုံးတွင် စုရှိ လှုပ်လှုပ်ရွရွဖြစ်သွားလေတော့သည်။

မျက်နှာကြီး ဖြူဖျော့၍ နေကာဆုတ်လိုက်လေ၏။



ကျော့စုသည် ပုချိုအား ခေါ်ဆွဲလာရင်း အခြေအနေကြည့်နေလိုက်၏။

အခ်တော်တာ ဆေးကြမှ....

စုရှိသည် ကိုယ်ကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့လေ၏။

နမူးပေါ် စို့လာသည့် ချွေးများကို သုတ်သစ်လိုက်ပြီး သပ်ပြင်ပြင်ရှည်ကြီး ချလိုက်၏။

'အခုတော်ဆိုတဲ့ မိတ်ဆွေကြီးပဲ'

သူက ကျော့စုတို့ကို ပြုံးပြလိုက်၏။

'ခင်ဗျားတို့ကို ပုဒ်ထျောင်း လွှတ်လိုက်တာလား၊ သူဘယ်မှာ လဲ၊ နေကောင်းတယ် မဟုတ်လား၊ အိမ်ထဲ ဝင်ကြပါဦး သား'

အိမ်ထဲဖိတ်ခေါ်၍ နေရာထိုင်ခင်း ပေးသည်။

ပုချို ဝမ်းသာသွား၏။

ဖခင်၏ မိတ်ဆွေနှင့် တွေ့လိုက်ရပြီဖြစ်၍ ဤနေ စိတ်ချမှုရနိုင်အားချိမ်းစွာ အနားယူနိုင်တော့မည် မဟုတ်ပါလား။

ပုထင်းက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။

ပုချို၏ လက်မောင်းကို ဆွဲ၍ တီးတိုး ပြောသည်။

'အစ်ကို... ဒီလူကြီးကို ကျွန်တော် သဘောမကျဘူး၊ ဒီနေရာက မြန်မြန်ထွက်သွားကြရင် ကောင်းမယ်'

'တား... သိပ်မဟုတ်လား၊ ဖေဖေ့မိတ်ဆွေရဲ့အိမ်ကို ရောက်လာပြီး တခါတည်းထွက်စရာရှိမှာလဲ၊ ပြောမနေပါနဲ့'

အတင်း ဆွဲခေါ်သွားခြင်းကြောင့် ပုသင်း မသွားချင်ဘဲ လိုက်ပါသွားရလေ၏။

www.burmeseclassic.com



သို့ဖြင့်....

ဧည့်ခန်းအတွင်းသို့ ရောက်ရှိ သွားကြသောအခါ စုရှီအား လက်ဖက်ရည်များ မုန့်များဖြင့် ဧည့်ခံလေ၏။

ကျွေးစရာ ပုချီတို့ ညီအစ်ကိုပါ ဝိုင်းစား နေကြသော်လည်း ပုထင်းက မစားချေ။

'ညီလေး...စားလေ၊ ဘာဖြစ်လို့လဲ'

ပုထင်း ခေါင်းခါယမ်း၏။

'ကျွန်တော် မစားချင်ဘူး'

'ညီလေး'

'အစ်ကိုရဲ့ မစားနဲ့၊ ကျွန်တော် သိပ်ပြီးစိတ်မချဘူး အစ်ကိုရာ'

'ညီလေး...မင်းဘယ်လို ဖြစ်နေတာလဲ'

ပုထင်း မျက်နှာလေး ညိုးနေ၏။

'ကျွန်တော်တော့ သမားတော်ကြီးကို သဘောမကျဘူး၊ သူ့ကို ကြည့်ရတာ မျက်နှာက ပြုံးနေပေမယ့် အတွင်းသဘောကတော့ ကျိတ်ခဲ့ထိမယ့် ပုံပဲ'

'ညီလေး...မင်းဘယ်လို ပြောလိုက်တာလဲ၊ ဖေဖေ့ရဲ့ မိတ်ဆွေကို စော်ကားသလို ဖြစ်နေပြီ'



ပုထင်းမျက်နှာလေး ငယ်သွားပြီး ဘာမှ မပြောတော့ပါချေ။

ညီအစ်ကိုနှစ်ယောက်၏ ပြောနေသော စကားများကို ကြားလိုက်ရသောအခါ ကျော့စု မျက်မှောင်ကုတ်သွား၏။

ပုချီသည် ဉာဏ်ကောင်းပြီး အရိပ်ပြ အကောင်ထင်သူ ဖြစ်သည်။

ပုထင်းကား လူကဲခတ်တတ်သည့် သဘောရှိနေ၏။

ပုအိမ်တော်၌ သူတို့ညီအစ်ကိုနှင့် လဖွဲ့ပွန်းတတီး နေခဲ့ရသော်လည်း ယခုတိုင် အစွမ်းအစ ပေါ်လွင်ခြင်းမရှိခဲ့ဘဲ ယခုကဲ့သို့ အခက်အခဲဒုက္ခနှင့် ကြုံတွေ့လာရတော့မှ ညီအစ်ကို နှစ်ယောက်ပန်ကိုယ်အရည်အသွေး ပေါ်ပေါက်လာသည်ဟု ဆင်ခြင်မိလေ၏။

ပုထင်းသုံးသပ်သကဲ့သို့ သမားတော် စုရှီသည် အတွင်းစိတ် အကောက်ကျစ်သူ တစ်ယောက် ဖြစ်နေသည်ပေလော။

စုရှီက လိုလေသေးမရှိ ဧည့်ဝတ်ပြုနေ၏။

'စားကြပါ၊ ဘာမှ အားနာစရာ မလိုဘူး၊ နော်ပုကျောင်းနဲ့ ကျုပ်က မိတ်ဆွေရင်းချာတွေပဲ၊ ဟဲ...ဟဲ... ကျုပ်က သမားတော်သင်ဘဝ ပညာနည်းသေးတော့ လူတစ်ယောက်ကို ဆေးကုပေးတုန်း ဆေးမှား ပေးမိတော့ သေမလို ဖြစ်ခဲ့ရတယ်၊ ပု

www.burmeseclassic.com

www.burmeseclassic.com



'ကျောင်းဆော အချိန်မီ အတွင်းအခန်း သုံးပြီး ကြားဝင်ကူသပေးခဲ့လို့ ချမ်းသာရာ ရသွားတာ...'

'ပုဂ္ဂကျောင်းဆောမကူရင် သမားတော်ဘဝကို ကျုပ်ရောက်လာတော့မှာ မဟုတ်ဘူး၊ မြေလတ်ပိုင်းမှာ မနေရဲအောင့်တာနဲ့ ဒီအရပ်ဒေသကို လာပြီး ဆေးကုနေခဲ့တာဗျ'

ကျော်စု ပြုံးလိုက်၏။

'ကျုပ်တို့ သခင်ကြီး၏ သူတစ်ပါးကို ကူညီဖို့ ဝန်မလေးတယ်ပါဘူးဗျာ'

စုရှီ မဲ့ပြုံး ပြုံးလိုက်၏။

'ဒါပေမယ့်...သူဟာ လူကောင်းတစ်ယောက် မတော့ဘူးဆိုတာ လူတိုင်းသိကြပါတယ်ဗျာ'

'ဟင်'

ကျော်စု ကြောင်အမ်းအမ်းဖြစ်သွားသည်။

စုရှီက ဆက်ပြောလိုက်သည်။

'တစ်ချိန်က သိုင်းလောကမှာ ပျော်စီးအောင် ဖျက်ဆီးခဲ့ကြတဲ့ နဂါးစိမ်းဂိုဏ်းမှာ ပုဂ္ဂကျောင်းဟာ အဓိကနေရာက ပါဝင်ခဲ့တာပဲ၊ အင်ပတန် ကြောက်စရာကောင်းတဲ့ လူဆိုးကြီး တစ်ယောက် ဖြစ်ခဲ့တာပေါ့'

စုရှီ သက်ပြင်းချလိုက်ပြီးမှ စကားဆက်လိုက်၏။

'လူဆိုးကြီးတစ်ယောက်က ကျုပ်အပေါ်မှာ ကျေးဇူးရှိနေတာနဲ့ အားတော်ဆိုးဝါးတဲ့ကိစ္စပဲ၊ ဟိုတုန်းကတည်းက တစ်ချိန်ချိန်မှာ အကူအညီလိုအပ်ရင် ကျုပ်ဆီက ပြန်ပြီးတောင်းဆိုမယ်လို့ သူပြောခဲ့ဖူးတယ်'



'ခုတော့ ကျုပ်ဆီကို အကြွေးလာတောင်းတာပေါ့'

ကျော်စုက ဆက်အားပြုလိုက်၏။

'မိတ်ဆွေ အထင်မလွဲပါနဲ့ဗျာ ဒီသဘောမျိုး မဟုတ်ပါဘူး၊ သခင်ကြီးပုဂ္ဂကျောင်းမှာ အခက်အခဲလေးတစ်ခု ရှိနေတာကြောင့်ပါ၊ မိတ်ဆွေဆီကိုလဲ မမျှော်လင့်ဘဲ ရောက်လာတာ တမင်လာခဲ့တာ မဟုတ်ပါဘူး'

ရှီစုက ပခုံးတွန့်လိုက်သည်။

'ဘာပဲဖြစ်ဖြစ်၊ ပုဂ္ဂကျောင်းဟာ လူကောင်းမှမဟုတ်တာ၊ တွေ့ကြုံရတာ မဆန်းပါဘူး၊ သူ ဒုက္ခရောက်တာနဲ့ ကျုပ်ကိုပြီး ဒုက္ခပေးတာပဲပေါ့'

ပုချို ဒေါပွသွားလေသည်။

'သမားတော်ကြီး အဖေ့ကို ဒီလိုမပြောပါနဲ့'

စုရှီက အမှုမထားခဲ့။

'မင်းအဖေဟာ လူဆိုးရွေးပြုတစ်ယောက်ကွ၊ ငါ့က သူနဲ့ ဆက်ချင်တာ မဟုတ်ဘူး'

ပုချိုက ကျော်စုဘက်လှည့်ကာ ပြောလိုက်သည်။

'ဘာဘ၊ ကျွန်တော်တို့ သွားကြပါစို့'

ဒေါသကြောင့် မျက်နှာနီမြန်းကာ အသားမျှဝင်တဆတ်ဆတ်နေ၏။

သခင်ကြီးသာ ပြဿနာနှင့် တွေ့ကြုံနေရခြင်းမရှိလျှင် စုရှီနှင့် ထိုးကြိတ်မိလိမ့်မည် ဖြစ်လေသည်။

စုရှီနှင့်ပတ်သက်ပြီး ပုဆင်း၏သုံးသပ်ချက် မှန်နေနိုင်ပေမဲ့ ကျော်စု နားလည်လိုက်ချိန်မှာပင်...

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား၊ မင်းတို့သူခိုးလို့မရတော့ပါဘူးကွ'

စုရှိ၏ ဟားတိုက်ရယ်မောသံ ထွက်ပေါ်လာ၏။ ကျော့စု၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

'သမားတော်ကြီး ဒါက ဘာသဘောလဲဗျ'

စုရှိ မဲ ပြုံးပြုံးလိုက်သည်။

တစ်ချိန်ချိန်မှာ ပုကျောင်းက ဒုက္ခပေးလာရင် ဘယ်လိုလုပ်ရမလဲဆိုတာ ကျုပ်က ကြိုတင်စဉ်းစားထားခဲ့တယ်လေ၊ ပုကျောင်းရောက်လာတာနဲ့ အင်အားကုန်ခမ်းစေတဲ့ ဆေးတစ်မျိုးတိုက်ပြီး သိုင်းပညာအသုံးပြုလို့ မရအောင်လုပ်ပြီး ဖမ်းလိုက်မယ်လို့ ကြံစည်ထားခဲ့တယ်လေ'

'ခင်ဗျာ'

'ဟင်း...ဟင်း...ကျုပ်က အေးအေးနေချင်တယ်'

'ဒါကြောင့် ပုကျောင်း လာပြီးနောင့်ယှက်မှာကို ဘယ်နည်းနဲ့မှ ပစ်မထားဘူး၊ သိုင်းလောကမှာ နဂါးစိမ်းဂိုဏ်း ပျက်စီးသွားပြီးနောက် ပုကျောင်းဟာ တစ်ချိန်ချိန်မှာ ကျုပ်ဆီကို ရောက်လာနိုင်တယ်ဆိုတာ တွေးမိထားခဲ့တယ်'

နဂါးစိမ်းဂိုဏ်း ပျက်စီးရတာ ပုကျောင်းရဲ့လက်ချက်ပဲ၊ နဂါးစိမ်းဂိုဏ်းချုပ် သေပြီဆိုပေမယ့် ကျုပ် မယုံဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန် သိုင်းလောကမှာ ပြန်ပေါ်လာလိမ့်မယ်လို့ ယုံကြည်ထားတယ်'

'နဂါးစိမ်းဂိုဏ်း ပြန်ပေါ်လာတာနဲ့ ပုကျောင်း ဒုက္ခတွေ့မှာပဲ၊ ဒုက္ခတွေ့တာနဲ့ ကျုပ်ဆီကို ရောက်အောင်ရောက်လာနိုင်တယ်လေ'



သမားတော်စုရှိ၏စကားမှာ ရှုပ်ထွေးနေပြီး နားလည်ရန် ခက်ခဲသည်ဟု ပချိုနှင့်ပုထင်းတို့ တွေးမိကြသည်။

သူတို့ ရှင်းရှင်းလင်းလင်း သိလိုက်သည်မှာ စုရှိသည် လူကိုအား ကူညီမည့်လူမဟုတ်ဘဲ ဒုက္ခပေးမည့်သူဟူ၍ ဖြစ်လေသည်။

ဆားဆားနှင့် အထပ်ထပ်ရည်နှင့်မှုန်များကို စားသောက်လိုက်ကြသော ကျော့စုနှင့်ပချိုတို့သည် စုရှိ ဆေးခတ်ထားသဖြင့် ဒုက္ခရောက်ရတော့မည် ဖြစ်သည်။

ကာဝမှ မစားဘဲနေခဲ့သော ပုထင်းသာလျှင် ကံကောင်းသွားသည်ဟု ဆိုနိုင်ပါသည်။

ထိုသို့ပြီး ခပ်အေးအေးနေထိုင်သည်ဟု ကျော့စု နားလည်ထားသော ပုထင်းက လူကောင်းပကတိရှိနေပြီး ထကိုမြင်သည်ဟု ယူဆထားသော ပချို ဒုက္ခရောက်နေခြင်းကြောင့် ကျော့စု အားမလိုအားမရ ဖြစ်သွားတော့သည်။

'ဟား...ဟား...ဟား'

စုရှိက ဟားတိုက်ရယ်မောလိုက်သည်။

'ခုချိန်မှာ ပုကျောင်းကိုယ်တိုင် ရောက်လာလဲ ကျုပ် စိတ်မပူရတော့ဘူးလေ၊ သူ့ရဲ့ အားထားရတဲ့ အိမ်ထိန်းကြီးရဲ့ သားနှစ်ယောက်ကို ထိန်းချုပ်ထားလိုက်နိုင်ပြီပဲ မဟုတ်လားဗျာ'

ကျော့စု ဒေါသထွက်သွား၏။

'ကျုပ်တို့အပေါ် အခုလိုကြံလို့ရခယ်ထင်ရင် အမှားကြီး မှားသွားလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ ထရပ်လိုက်သည်။

စုရှိ ခေါင်းခါလိုက်၏။

'ခင်ဗျား ဘာမှမတတ်နိုင်ပါဘူး။ ကျုပ်ပြောစရာမယုံရင် စားပွဲပေါ်က ပန်းကန်လုံးတစ်လုံးကိုမှ မယူကြည့်စမ်းပါဦး'

ကျော်စု ခါးပြင်းဒေါသထွက်နေသော်လည်း ခွန်အားများ ကုန်ခမ်းနေကြောင်း ရုတ်ချင်းသိလာ၍ ထိတ်လန့်သွားလေ သည်။

ခြေလက်များ မလှုပ်ရှားချင်အောင်ဖြစ်လာ၍ တစ်ကိုယ်လုံး ပျော့ခွေ၍ ထိုင်ခုံပေါ် ပြန်အည်ထိုင်ချလိုက်ရသည်။

ပုချိုက အော်လိုက်သည်။

'ကျွန်တော်တို့အတွက် ဖြေဆေးမပေးဘူးဆိုရင် ဖေဖေ ရောက်လာတဲ့အခါ ခင်ဗျား လွယ်မှာမဟုတ်ဘူး'

သူ၏အသံမှာ အားမာန်မပါဘဲ မနည်းပြောလိုက်ရခြင်း မျိုး ဖြစ်နေပါတော့သည်။

ကျော်စုနှင့်ပုချိုပါ ဒုက္ခရောက်နေကြချိန်၌ အသည်း ငယ်တတ် ကြောက်တတ်သဖြင့် အားကိုး၍မရနိုင်ဘဲ ယူဆ ထားသည့် ပုထင်းမှာ လှုပ်ရှားလာလေတော့သည်။

'လူယုတ်မာကြီး'

'ဝုန်း...ခွပ်'

စားပွဲပေါ်၌ရှိနေသော ပန်းကန်ခွက်ယောက်များကို ဆွဲ ယူ၍ စုရှိအား ပစ်ပေါက်တိုက်ခိုက်လိုက်သည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် စုရှိ အပျာအယာ ရှောင် တိမ်းလိုက်ရသည်။



'ဖြေဆေးပေး'

ပုထင်းသည် အော်ပေါက်ရင်း စုရှိထံ ခုန်စင်လိုက်လေ သည်။

စုရဲ ဒေါပွသွားသည်။

'ခွေးကောင်လေး မင်းကို ကြောက်နေရမှာလား'

ချက်ချင်းပင်...

ပုထင်းအား ကြမ်းတမ်းစွာ တိုက်ခိုက်လိုက်လေ၏။

ပုထင်းသည် အသက်နှစ်ဆယ့်သုံးနှစ်သာရှိသော ကောင် လေးတစ်ယောက်ဖြစ်သော်လည်း ငယ်စဉ်ကပင် စတင်ကာ နေ့စဉ်နှင့်အမျှ သိုင်းပညာ လေ့ကျင့်ခဲ့ရခြင်းကြောင့် အသည်း ကောင်း...

သိုင်းသမားလေးတစ်ယောက်ဖြစ်မှ ရှိနေရကား စုရဲအား အလွယ်တကူ အနိုင်ရမည်ထင်သော်လည်း ရင်ဆိုင်မိသွားသော အခါ...

'ဖုန်း'

'ခွပ်'

'အား'

ပုထင်း၏ လက်သီးထိုးချက် ခြေထောက်ကန်ချက်များ ကြောင့် စုရဲ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်။

'ဖြေဆေးပေးပါ'

ပုထင်းက လက်ဝါးဖြန့်ကာ တောင်းလိုက်၏။

စုရှိမှာ သမားတော်တစ်ယောက်သာဖြစ်ပြီး သိုင်းပညာ ကောင်းစွာ တတ်မြောက်ထားသူ မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်း အသက်ငယ်သော်လည်း သူ့အား ဒုက္ခပေးနိုင်ကြောင်း သိရှိသွားလျှင် ဖြေဆေးကို ထုတ်ပေးလိုက်လေတော့သည်။

'ကျုပ်ကို ချမ်းသာခွင့်ပေးမှ ဖြေဆေးပေးပါမယ်'

'ကောင်းပြီ ပေး—'

ပုထင်းက ဖြေဆေးရလျှင် ကျော်စိုးနှင့်ပုချိုတို့အား ချက်ချင်း တိုက်ကျွေးလိုက်သည်။

ပုချို ဒေါသအကြီး ဖြစ်နေသည်။

'ညီလေး ဒီလူယုတ်မာကြီးကို ချမ်းသာခွင့်ပေးနဲ့၊ ဆုံးမလိုက်စမ်း'

ပုထင်း ခေါင်းခါလိုက်၏။

'အစ်ကို သူ့ကို ဆုံးမဖို့ထက် အားမှမဖြစ်ဘဲ ဒီဆေး တွေ့သွားဖို့ ပိုပြီးအရေးကြီးပါတယ်၊ ကျွန်တော်တို့ သွားရအောင်'

'မဖြစ်ဘူး ညီလေး၊ ဒီလူယုတ်မာကို ဆုံးမရမယ်'

ပုချို လက်မခံနိုင်အောင် ဖြစ်နေသည်။

ကျော်စိုး ကြားဝင်လိုက်ရ၏။

'သခင်လေး ကျုပ်တို့သွားမှ ဖြစ်လိမ့်မယ်၊ ဖြေဆေးရပြီး ပေမယ့် ဆုံးရှုံးသွားတဲ့ ခွန်အားတွေကို ချက်ချင်းပြန်ရ မလွယ်ဘူး—'

'သမားတော်က ထပ်ပြီး အန္တရာယ်မကြံဘူးလို့ မပြော နိုင်ဘူး၊ သူ့ကို ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဆုံးမလို့ရပါတယ်—'

'ကျုပ်တို့ထောင်ချောက်ထဲက အမြန်ဆုံး ထွက်သွားနိုင်ဖို့ ပိုပြီး အရေးကြီးတယ်'



ပုချို မတတ်သာတော့ဘဲ လိုက်လျောလိုက်ရလေ၏။

'ကောင်းပါပြီ ဘဘ'

ဉာဏ်ထက်သော်လည်း စိတ်မြန်သည့် ပုချိုနှင့် အရာရာကို ခေါင်းအေးအေးထားလေ့ ဆင်ခြင်သုံးသပ်တတ်သော ပုထင်းတို့၏ အရည်အသွေး ကွာခြားပုံ ထင်ရှားပေါ်လွင်လာလေသည်။

ကျော်စိုးက စုရဲအားစိုက်ကြည့်၍ ပြောလိုက်၏။

'သမားတော်ကြီး ခင်ဗျားသတိထားနေပါ၊ ဒီအနေ့ကိစ္စ သခင်ကြီးပုကြော့တိ ဘယ်နည်းနဲ့မှခွင့်လွှတ်မှာ မဟုတ်ဘူး'

ထို့နောက်၌

'လာ...သွားစို့'

ပုချိုနှင့်ပုထင်းတို့အား ခေါ်ဆောင်ကာ သမားတော်စုရဲ အိမ်မှ ထွက်လာခဲ့ကြသည်။

— ၈ —

www.burmeseclassic.com

www.burmeseclassic.com

## တကွဲအပြား

---

သမားတော်စုရဲ၏အိမ်သည် လည်းကောင်း၊ စုရဲနှင့်ထိုင် ခဲ့သည့် မြို့တော်ဈေးသည်လည်းကောင်း အနေစုတ်အတက်၌ ကျန် ရစ်ခဲ့ပြီ ဖြစ်သည်။

ကျော်စုသည် ပုထင်းတို့ညီအစ်ကိုနှစ်ယောက်အား ခေါ်၍ ထွက်လာခဲ့ရာမှ တောအုပ်တစ်ခုသို့ရောက်လျှင် ခြေလှမ်းပေ တန့်လိုက်၏။

လှေနှင့်ဖူးပေါ်၌ ချွေးမျှားစိုအောင် မောဟိုက်နွမ်းနယ်ခေ သည်။

စုရဲ၏ အင်အားကုန်ခမ်းစေလောက်အောင်ကြောင့် ယခုကဲ့သို့ ပင်ပန်းနွမ်းနယ်ခြင်း ဖြစ်သည်။



ပုချီအား ကြည့်လိုက်သောအခါ မောဟိုက်နေသည်ကို တွေ့ရ၏။

ထို့နောက်...

'ကျုပ်တို့ ခဏအနားယူပြီး အားမွေးကြမယ်၊ အင်အား ပြည့်ဖြိုးလာမှ ခရီးဆက်ကြတာပေါ့'

ဟုပြော၍ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ ထိုင်ချလိုက်သည်။

ပုချီမှာမူ—

အခုထိ မကျေမနပ် ဖြစ်နေဆဲပင်။

'လူယုတ်မကြီးကို ဆုံးမရမယ်၊ သူ့ကို ဖြေဆေးအစစ်ပေး ထိုက်တာ ဟုတ်ချင်မှဟုတ်မယ်'

တဖျစ်ဖျစ်တောက်တောက် ပြောဆိုနေလေ၏။

ကျော်စုလည်း စိုးရိမ်မှုဖြင့် သစ်ပင်အောက်၌ ထိုင်ပျဉ်ခွေ ၍ အတွင်းအား ဖော်ထုတ်ကြည့်လိုက်သည်။

ထိုအခါ—

ပျောက်ဆုံးနေသော အတွင်းအားများ တဖြည်းဖြည်းပြန် ပေါ်ထွက်လာသည်ကို သတိပြုမိသဖြင့် ဝမ်းသာသွား ၏။

www.burmeseclassic.com

www.burmeseclassic.com



'အခင်လေး ဘာမှမပူပါနဲ့၊ ဆေးဆဲ မြေဆေးအစစ်ပါ၊ ခင်ကြီးခင် ပျောက်ဆုံးနေတဲ့ အင်အားတွေ ပြန်ရအောင်ပါလိမ့်မယ်...

'အတွင်းအားမှယ ကျင့်တဲ့နည်းကို သခင်ကြီး သင်ကြား ပေးထားတယ် မဟုတ်လား၊ အတွင်းအားကို အမြန်ဆုံးလေ ကျင့်ဖော်ထုတ်လိုက်တာ ကောင်းမယ်'

ဟု၍ သတိပေးလိုက်တော့မှ...

ပုချိုသည်၊ သတိရလာ၍ မြေပေါ်ထိုင်ချပြီး အတွင်း အား စအောင်လာ ကျင့်လိုက်လေ၏၊

ပုထင်းမှာ ကျေးစုနှင့်ပုချိုတို့အားစေ ကြည့်ရင်း ဖြေဆေး ပေးနိုင်လိုက်သဖြင့် ဝမ်းသာနေသည်။

သို့သော်...

ရွှင်ဝမ်းသာမှုသည် ချက်ချင်း ပျောက်ကွယ်သွားရတော့ သည်၊

'ဟူး...ဟူး'

အဝတ်အစားလေတိုးသံများ၊ ထွက်ပေါ်လာ၍ ပြေးလွှား လာသော လူရိပ်များကို တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ် သည်၊



'ရန်သူ'

ပုထင်း သတိပေး၍ခဆုံးမှီ...

အနက်ရောင်ဝတ်၍ လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသူ များ ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်၊

နဂါးစိမ်းဂိုဏ်းသားများ ရောက်ရှိလာကြပြီ ဖြစ်လေ သည်၊

ထိုနဂါးစိမ်းဂိုဏ်းသားများအား ဦးဆောင်လာသူမှာ...

အသက်နှစ်ဆယ်ခန့်ရှိ မိန်းကလေးတစ်ယောက်နှင့် သမား တော်ရုရှိတို့ ဖြစ်ကြသည်၊

'တော့ဖော်...သစ္စာဖောက် လုံယုတ်မာကြီး'

ပုချိုမှာ ဒေါသဘကြီးအော်ငေါက်ကာ ထိုင်ရာမှ ခုန်ထ လာခဲ့လေသည်၊

ကျေးစုလည်း အပျာအယာ ခုန်ထလိုက်၏၊

သုံးယောက်သား ကျောချင်းဆောင်၍ နဂါးစိမ်း ဂိုဏ်းသား ကို ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်ကြ၏၊

'ဟား ဟား ဟား'

www.burmeseclassic.com



သမားတော်စုရှိက ရယ်မောလိုက်သည်။

သူ၏ နံဘေးမှ မိန်းကလေးကို ပြောလိုက်သည်။

'သူတို့ဟာ ပုကျော်ချောင်းရဲ့ သားနှစ်ယောက်နဲ့ အိမ်ထိန်းကြီး ပါ၊ မလွှတ်စေနဲ့'

မိန်းမလေးပြုံး၏။

'ပုဏ္ဏကျွန်း ထွက်ပြေး ရှောင်တိမ်းလိမ့်မယ်၊ တစ်ချိန်က သူနဲ့ ပတ်သက်တဲ့ သူတွေဆီကို ရောက်လာနိုင်တယ် ဆိုတာ နဂါးစိမ်း ဂိုဏ်းချုပ်က သိထားလို့ လူစုခဲ့ပြီး စောင့်ကြည့်ခိုင်း ထားတာ—

'ခုတော့ ပြေးမလွတ်တော့ပါဘူးလေ၊ ပုဏ္ဏကျွန်းနဲ့ ပတ် သက်လို့ လာပြီး သတင်းပေးတဲ့ သမားတော်ကြီးကို ကျေးဇူး တင်လို့ ကျွန်မတို့ နဂါးစိမ်း ဂိုဏ်းက ဆုတော် ချလိုက် တယ်'

စကားဆုံးလျှင် စုရှိ၏ ရင်ဘတ်ကို လက်ဝါးဖြင့် ရိုက်ချလိုက် သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် စုရှိ ရှောင်တိမ်းခြင်း မ နိုင်တော့ချေ။

မိန်းမလေး လက်ဝါးက သူ၏ ရင်ဝသို့ တည့်တည့် မတ် ရိုက်ချမိလိုက်လျှင်—



'ဝုန်း'

'အား'

စုရှိသော အော်ဟစ်သံနှင့် အတူ အနောက်သို့ လွင့်စင်သွား ပြီး မြေပေါ်သို့ ကျ၍ တုတ်တုတ်မျှ မလှုပ်တော့ချေ။

'ဟင်'

'ဟာ'

ပုချိုတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

မိန်းကလေးသည် အသက် ငယ်ငယ်ရွယ်ရွယ်ဖြင့် ရက်စက် ကြမ်းကြုတ်လှသည် မဟုတ်ပါလား။

မိန်းကလေးသည် ပုချိုတို့ဘက်သို့ လှည့်လိုက်၏။

လူဆိုးယောက်ျားအား ယခုပင် ဓားဝိုင်နှင့် ချုပ်သွားစေခဲ့သည့် အသွင်မရှိဘဲ ပြုံးရွှင်ချိုသာစွာ ရှိနေ၏။

'မောင်လေးတို့နှစ်ယောက် မနေ့ လိုက်ခဲ့ကြပါ၊ နောင်ခါမှ မောင် လေးတို့ မျှော်စရာတွေနဲ့ တွေ့ရမယ်လို့ မမ ကတိပေးတယ်၊ ဟုတ်ပြီလား'

ပုချို ဒေါသတကြီး အော်ဟိုက်၏။

'ကျွန်တော်တို့ကို ဘာကြောင့် ခုလို ဖမ်းချုပ်ရတာလဲ'

မိန်းမလေး ရယ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မောင်လေးတို့ကို ဒုက္ခမပေးပါဘူး၊ မမတို့ဟာ မောင်လေး ရဲ့ ဖေဖေနဲ့ပဲ တွေ့ချင်တာပါ'

'ကျွန်တော့် အဖေကို ဒုက္ခပေးကြမှာပဲ မဟုတ်လား'

မိန်းကလေး ခေါင်းခါယမ်းလိုက်၏။

'မောင်လေး မှားနေပြီကွယ့်၊ မောင်လေးရဲ့ ဖေဖေကို ဒုက္ခ ပေးချင်လို့ မဟုတ်ဘူး၊ လူဆိုးသာ ဒုက္ခပေးသွားခဲ့ရာ၊ ဒါပေ မယ့် ဂိုဏ်းချုပ်ကြီးက သူ့ကို ခွင့်လွှတ်လိုက်ပါတယ်၊ သူ့ဆီက သိုင်းကျမ်းတစ်ခုပဲ တောင်းခိုင်းလိုက်တာပါ၊ သိုင်းကျမ်းပေး လိုက်မယ်ဆိုရင် သူ့ကို ဘာမှ မလုပ်ဘဲ ထားပစ်ခဲ့ဖို့ အမိန့်ပေး လိုက်တယ်လေ'

ပုအိမ်တော်အား ဒုက္ခပေးလာသည့် ရန်သူများသည် မိမိတို့ အား ဖောက်ကျူးမှတ်ခဲ့ရသည့် အရိပ်မဲ့ လက်ညှိုးသိုင်းကျမ်းအား လိုချင်ကြ၍ ဖြစ်ကြောင်း ပုချို နားလည်လိုက်၏။

အရိပ်မဲ့ လက်ညှိုးသိုင်းကျမ်းအား သူ၏ဖခင်က ဘယ်သော အခါမှ ပေးအပ်လိမ့်မည် မဟုတ်ပါချေ။

မိန်းကလေးက ဆက်ပြောလာသည်။

'သိုင်းကျမ်းဟာ မောင်လေးတို့ ဖေဖေပိုင်ဆိုင်တဲ့ ပစ္စည်း လဲ မဟုတ်ပါဘူး၊ သူက ဂိုဏ်းချုပ်ကြီးကို ဒုက္ခပေးပြီး အပိုင် စီးသွားခဲ့တာပါ၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးက ပြန်ယူချင် တာပါကွယ်'



ပုချို တွေဝေသွားပြီး ကျော်စုအား ကြည့်လိုက်၏။

ကျော်စု ခေါင်းခါယမ်းလိုက်သည်။

'လျှာအရိုး မရှိတိုင်း ပြောနေတာ မယုံနဲ့ သခင်လေး'

ပုထင်း ခေါင်းညိတ်လိုက်၏။

'မှတ်တယ်—သူတို့ ပြောချင်တာ ပြောပါစေ၊ ဖေဖေဟာ ကျွန်တော်တို့ရဲ့ သူရဲကောင်းကြီးပဲ'

ကျော်စုသည် ဉာဏ်ကောင်းသော်သည်။ ဒေါသ ဖြစ်လွယ်၊ စိတ်မြန်လွယ်ပြီး တွေဝေသွားတတ်သည်။

ပုချိုသည် တစ်ချိန်လုံး မထုံတက်အေးနေပြီး မှန်မှန် ကန် ကန် သုံးသပ်တတ်သည့် ပုထင်းကို ပို၍ သဘောကျသလို ဖြစ် လာ၏။

မည်သို့ဆိုစေ—

ပုချိုရော ပုထင်းကိုပါ ဆောတွယ် စောင့်ရှောက်သွားရမည့် တာဝန်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ရှိရာထံသို့ သွားခဲ့မိသည်မှာ အဆိုးသွားပြီး အကောင်းအရာ ပြောင်းကွယ်ခဲ့သည့် အန္တရာယ်နှင့် ရင်ဆိုင်ရချိန်၌ အလွန်ဆိုးဝါးသော အခြေအနေ ဆိုက်ရောက်မလာပါတော့သည်။

မိန်းမချောလေးက ရယ်မောလိုက်၏။

'မောင်လေးတို့ အခုမှ တွေ့တာမနေနဲ့၊ မနေ့သကလိုက်ခဲ့ကြပါ၊ မှတ်တစ်ခုမှ မနွမ်းစေရဘူးလို့ မမအာမခံတယ်၊ ကဲ... သွားရအောင်'

ကျော်စုက...

ရှေ့သို့ လှမ်းထွက်လိုက်သည်။

'အခင်လေးတို့ကို ခေါ်သွားချင်တယ်ဆိုရင် ကျုပ်က သဘောတူမတူ အရင်ဆုံး မေးပါဦးမှ'

'ဩော်...'

မိန်းမချောလေးက ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ ဘယ်လိုမေးရမယ်ဆိုတာ ပြောပါဦးရှင်'

'လွယ်ပါတယ်၊ ကျုပ်ကို နိုင်အောင်တိုက်ခိုက်နိုင်မယ်ဆိုရင် အခင်လေးတို့ကို ခေါ်သွားနိုင်ပါတယ်'



ကျော်စု၏စကားကြောင့် မိန်းမချောလေး ပို၍သဘောကျသွားလေ၏။

'ဒါဆို သိပ်ကောင်းတာပေါ့ရှင်၊ ကဲ... ရှင်က စ မလား၊ ကျွန်မက စ ရမလား...ပြောပါ'

'မိန်းကလေးကပဲ စ ပါ'

'စိတ်ချ၊ သတိသာထားပေတော့'

မိန်းမချောလေးက စတင်တိုက်ခိုက်လိုက်လေ၏။

ကျော်စုကလည်း ရှိသမျှအင်အားကို ထုတ်ဖော်ကာ ပြန်လည် ခုခံတိုက်ခိုက်လိုက်လေ၏။

တိုက်ပွဲဖြစ်ပေါ်လာသည်နှင့်...

'ဟေး...အစ်ကို'

ပုထင်းသည် ပုချို၏လက်ကိုဆွဲ၍ ထွက်ပြေးသွားလေသည်။

အားနည်းနေသောပုချိုသည် လိုက်မသွားချင်သော်လည်း ရုန်းကန်နိုင်ခြင်းမရှိသဖြင့် လိုက်ပါသွားရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်ပေါ်နေသော အသံများသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ပုထင်းသည် ပုချို့အား အတင်းဆွဲ၍ တိုက်ပွဲနှင့် ဝေးရာသို့ ပြေးလွှားသွားလေသည်။

ပုချို့ ဒေါပွသွား၏။

'ညီလေး၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ငါ မလွှဲခံတော့ဘူး'

အတင်း ဆောင့်ရုန်းလိုက်ခြင်းကြောင့် ပုထင်းက လွှတ်ပေးလိုက်ရတော့သည်။

ပုချို့က ဓါးသတကြီးဖြင့် ကျေးရွာ ကျန်ခဲ့သည့်အရပ်သို့ ပြေးထွက်သွားရန် တန်ပြင်လိုက်၏။

သူက ခေါင်းခါလိုက်သည်။

'အစ်ကို သွားမယ်ဆိုရင် အဖေ ရဲ့စကားကို နားမထောင်တာလို ဖြစ်သွားလိမ့်မယ်'

သူ၏စကားကြောင့် ပုချို့၏ ခြေလှမ်းတုန့်ခနဲရပ်သွားလေသည်။

သူ၏ တည်ကြည်ညိုသော မျက်နှာထားဖြင့် ပြော၏။



'အဖေဟာ အန္တရာယ်ကြုံလာရင် ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးရမယ်လို့ မှာထားတာမဟုတ်လား၊ ကျွန်တော်တို့မိသားစုမှာ မျိုးဆက်ကျန်ခဲ့အောင် ကြိုးစားရမယ်လို့ အတန်တန် မှာကြားထားတာ အစ်ကိုမေ့နေပြီလား'

ပုချို့ ငိုင်သွားသည်။

သူက ဆက်ပြောသည်။

'ကျွန်တော်တို့ သွားမှဖြစ်မယ်၊ အိမ်ထိန်းကြီးက ရန်သူတွေကို ဟန့်တားထားတုန်း ရလာတဲ့အခွင့်အရေးကို လက်လွှတ်မခံတဲ့ ထွက်သွားတာအကောင်းဆုံးပဲ'

'ဒါဖြင့် ဘဘကျေးစုကို ဘယ်လိုလုပ်မလဲ'

ပုချို့က စောဒကတက်လိုက်သောအခါ ပုထင်းက ရှင်းပြလိုက်သည်။

'ဘဘကျေးစုဟာ အင်အားကုန်ခမ်းနေတဲ့ဆဲကို သေမှာသိတောင် ရန်သူကို ခုခံတိုက်ခိုက်နေတာဟာ ကျွန်တော်တို့ ထွက်ပြေး လွတ်မြောက်နိုင်ဖို့အောင် အသက်စွန့်ပြီး ခုခံပေးထားတာပဲ၊ ကျွန်တော်တို့သာ လွတ်အောင်မပြေးဘူးဆိုရင် ဘဘကျေးစုကို စော်ကားသလိုဖြစ်နေမှာပေါ့'

'ဒါ'

ပုချို့ မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ သွားကြအုံးပေါ့'

ပုထင်းအေတို့ထံမှ နှုတ်ဆက်သောအခါ ပုချိုမတတ်သာတော့ပါချေ။

'ကောင်းပြီ—သွားကြပါတော့'

ထွက်သွားရန် သဘောတူလိုက်ရလေတော့သည်။

—၀—

ဘဝစေရာ

---

တောအုပ်ကြီးကို ဖြတ်ကျော်ပြီးသော အခါ တောင်ကုန်းတစ်ခုသို့ ရောက်ရှိလေ၏။

အားအင် ကုန်ခမ်းခဲ့သော ပုချို၏ တစ်ကိုယ်လုံး ချွေးစို့နစ်နေပါတော့သည်။

မြေခဲသားများ ထားညှိတိုင် ကုန်ခမ်းသွားသော အင်အားများကို ရှာတွေ့ ပြန်မရနိုင်သေးပါချေ။

ပုချို မောဟိုက်နေသည်ကို တွေ့ရလျှင် ပုထင်းအေ နှစ်သိမ့်လိုက်၏။

'ကျွန်တော်တို့ ခဏ နားကြစို့ပေါ့'

ပုချိုက မြေပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းအား အနေ့စတ်ဘက်သို့ လှမ်းမျှော် ကြည့်လိုက်လေသည်။

တိုက်ခိုက်သံများ၊ မကြားရနိုင်တော့သကဲ့သို့ ကျွဲစု၏အရိပ်အယောင်ကိုပင် မတွေ့ရချေ။

ဖခင် ပုချောင်းသည်လည်း မည်သည့်နေရာ ရောက်ရှိနေမှန်း မသိနိုင်တော့ပေ။

'ညီလေး…ဘာစု ကျွဲစု လိုက်မလာနိုင်တော့ဘူး ထင်ပါတယ်'

ပုချီ၏ အမေးစကားကြောင့် ပုထင်း ငိုင်ကျသွားလေသည်။

ဖခင်ရော ကျွဲစုပါ ရောက်မလာနိုင်တော့လျှင် သူတို့ ညီအစ်ကို နှစ်ယောက်၏ ခရီး မည်သို့ ဆက်ရမည်နည်း။

'ဘာဘကျွဲစုကို ဒီအတိုင်းထားခဲ့လို့ မဖြစ်ဘူးထင်တယ်'

'ကျွန်တော်သွားကြည့်…'

ပုထင်းသည် အစ်ကို စိတ်ချမ်းသာစေရန် ကျွဲစုအားသွားကြည့်မည်ဟု ပြောရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်…

'ဟင်း၊ ဟင်း၊ ဟင်း မင်းတို့ ဒီနေရာမှာ လာပုန်းနေကြတာကို'



စကားသံနှင့်အတူ နဂါးစိမ်းဂိုဏ်းမှ မိန်းကလေး ရိပ်ခနဲ ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

'ဟင်'

ပုထင်း အံ့ဩသွားကာ နောက်ဆုတ်လိုက်၏။

ပုချီအား ဝေါခနဲ ထရပ်သည်။

မိန်းကလေး ရောက်လာခြင်းကြောင့် ကျွဲစု အခြေအနေ ကောင်းမည် မဟုတ်ကြောင်း ထင်ရှားနေ၏။

ပုထင်းအား တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

'အစ်ကို သွားနှင့်ပါ၊ ကျွန်တော် လိုက်ခဲ့ပါမယ်'

ပုချီ ခေါင်းခါတမ်းသည်။

'ငါမသွားဘူး၊ မင်းသွား'

'အစ်ကို'

'ညီလေး…မင်းသွားတော့'

'ဟာ…ဘယ်ဖြစ်မလဲ'

'ဒါဆိုလဲ နှစ်ယောက်အတူတူ ရင်ဆိုင်လိုက်ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



မိန်းအေးအေး ရယ်သည်။

'မင်းတို့နှစ်ယောက် ရွာမျာ။ ထင်နိုင်ကြမှာလဲ၊ ကဲ— ယောက်စလုံး ငါနေဖို့ လိုက်ခဲ့ကြစမ်း။'

ပြောရင်း ရှေ့တိုးလာလေ၏။

ပုချိုအား အကြိတ်လိုက်၏။

'သေပေတော့'

အော်ငေါက်၍ ပြေးခင် တိုက်ခိုက်လိုက်လျှင်—

'ယူ၊'

ပုထင်းလည်း မနေနိုင်တော့ဘဲ ငြာသံပေး၍ ပြေးခင်တိုက် ခိုက်လိုက်ရ၏။

ညီအစ်ကိုနှစ်ယောက် တဏ်ညီထက်ညီ တိုက်ခိုက်ကြသော် လည်း၊ ငယ်ရွယ်ပြီ၊ အတွေ့အကြုံ နုနယ်သူများ ဖြစ်ကြရ ထက်မြက်သော သိုင်းစာကို လျှောက်မှတ်ထားခဲ့ကြသည်ဖြစ်သော် အသည်၊ မယှဉ်နိုင်အောင် ဖြစ်သွားကြလေ၏။

မိန်းကြွလေးအား ပြန်လည် တိုက်ခိုက်သည်နှင့်—

'ဝုန်း'

'အား'



စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၍ ပုချိုတို့ နှစ်ယောက် အဝေးသို့ လွင့်စင်သွားကြတော့သည်။

ပုချိုသည် နာကျင်သွားသည်ကိုပင် ဂရုမစိုက်ဘဲ လူးလိမ့်၍ သပ်မံ ရင်ဆိုင်ရန် ဟန်ပြင်လိုက်၏။

ပုထင်းကား ရင်ဆိုင်ဖို့ စိတ်မရှူးတော့ပါချေ။

'အစ်ကို မြန်မြန်လာ'

ပုချို၏ လက်ကိုဆွဲ၍ ထွက်ပြေးလေသည်။

ပုချိုက ရုန်းလိုက်၏။

'ညီလေး—လွှတ်လိုက်'

မိန်းအေးအေး မဲ့ပြုံး ပြုံးသည်။

'မင်းတို့ နှစ်ယောက်စလုံး ငါ့လက်က မလွတ်နိုင်တော့ပါဘူး'

ချက်ချင်းပင်—

ပုထင်းတို့ထံ ခုန်ဝင်လာ၍ ဖမ်းဆီးရန် ကြိုးစားလိုက်မိ သည်။

ပုထင်းသည် ထွက်ပြေး၍ မလွတ်နိုင်သဖြင့် နောက်ပြန် ရင်ဆိုင်လိုက်ရလေ၏။

ပုချိုသည် ဒေါသကြီး ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတို့ ထိပ်တိုက် ရင်ဆိုင်မိကြပြန်လျှင်—

'ဝုန်း'

'အား'

ပုသင်းတို့ နှစ်ယောက်စင် ခုယီးဖယိုင်ဖြင့် နောက်ဆုတ်ကြရပြန်လေတော့၏။

တောင်ကုန်းလေး၏ အနောက်ဘက်သို့ ဆုတ်သွားခဲ့ကြသော တောင်ကုန်းလေး၏ အနောက်ဘက်၌ တဝေါဝေါ မြည်၍ စီးဆင်းနေသည့် ချောင်းတစ်ခု ရှိနေသည်ကို တွေ့ရလေ၏။

ပုထင်းတို့ နောက်ဆုတ်စရာ မြေမရှိတော့ပါ။

နှစ်ယောက်သား မိန်းကလေးဘက်သို့ လှည့်လိုက်ကြလေသည်။

'ဟင်၊ ဖောင်၊ မင်းတို့ ဘယ်ပြေးမလဲ'

မိန်းကလေး ရှေ့တိုးလာ၏။

ပုချို ဒေါသချောင်းချောင်း ထွက်သွား၍—

'ဟား'

မိန်းကလေး၏ တစ်ဟုန်ထိုး ပြေးဝင်သွားလေ၏။

ဆွဲမ၏ ရယ်လိုက်သည်။

'မင်း ဘာတတ်နိုင်မှာမို့လဲ'



ပုချို၏ တိုက်ကွက်ကို ရှောင်တိမ်း၍ ဖမ်းဆီးရန် ကြိုးစား လိုက်သည်။

သူ့အား အဖမ်းမခံဘဲ အရကြမ်း တိုက်ခိုက်လိုက်ရာ သူမ တော့မနိုင် ဖြစ်သွား၏။

'ဒီအကောင်တော့ ဖြစ်လှတာ သွားစမ်း'

ပုချိုအား ခြေထောက်ဖြင့် ကန်ချလိုက်၏။

'ဝုန်း'

ပုချိုမှာ နောက်ဘက်သို့ လွင့်စင်သွား၍ အရှိန်မထိန်းနိုင်ဘဲ တောင်ကုန်းလေး တစ်ဘက် ချောက်ထဲသို့ ထိုးကျသွားတော့သည်။

'အစ်ကို'

ပုထင်း ထိတ်လန့်သွားသည်။

ချက်ချင်းပင်—

ပြေးလိုက်သွားပြီး တောင်ကုန်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

တောင်ကုန်း၏ အောက်ဘက်၌ တဝေါဝေါ မြည်၍ စီးဆင်းနေသည့် ချောင်းကြီးတစ်ခု ရှိနေပါ၏။

ညီအစ်ကိုနှစ်ယောက်သည် ခြေဆားယား လက်ဆားယား ဖြင့် ချောင်းထဲ ထိုးကျသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်၊ ဝုန်း'

နှစ်ယောက်စလုံး ချောင်းရေထဲ မြုပ်သွားပြီး ခပ်လှမ်းလှမ်း၌ ပြန်ပေါ်လာကြ၏။

ညီအစ်ကို နှစ်ယောက်သည် တကွဲတပြားစီ ပြန်ပေါ်လာကြခြင်း ဖြစ်၏။

'အစ်ကို'

'ညီလေး'

တစ်ယောက်ကို တစ်ယောက် အော်ခေါ်၍ ကူးခတ်ရိုးပေါ်သော်လည်း နှစ်ယောက်သား နီးရာပ် ဆုံတွေ့နိုင်ကြခြင်း မရှိကြတော့ပေါချေ။

တစ်ယောက်ကို တစ်ယောက် ဆွဲယူရန် ကြိုးစားရင်း ပို၍ ပို၍ ဝေးသွားပြီး အဟုန်ပြင်းစွာ စီးဆင်းနေသော ချောင်းရေ အတိုင်း တစ်ယောက် တစ်နေရာစီ မျောပါသွားကြမတော့ သည်။

မိန်းတာလေး ပို၍ ဒေါသတကြီး ဖြစ်သွားလေ၏။

ချောင်းရေထဲ မြုပ်ချည်ပေါ်ချည်ဖြင့် မျောပါသွားသော ပုထင်းတို့ ညီအစ်ကို နှစ်ယောက်ကို ကြည့်၍ အ ကြိတ်ရိုက်သည်။

'မင်းတို့ မပြေးလို့ လွတ်မယ်ထင်ရင် ပြေးစမ်း'



ရှမ ရှည်ရှည်ဝေးဝေး ခဉ်းစားမနေတော့ဘဲ ချောင်းထဲ ခုန်ဆင်းလိုက်လေတော့သည်။

'ဝုန်း'

ဝ ဝ ဝ

ရေစီးသံ ဆောဝါဝါမြည်နေခြင်းကြောင့် ရေစီး သန်သိမ့် ည်ဖြစ်ကြောင်း သိနိုင်၏။

ချောင်းရေထဲရောက်သွားသောအခါ မျှော်မှန်းထားသည် အဆပေါင်း များစွာ ပို၍ ရေစီးပြင်းထန် မြန်ဆန်ခန သည်ကို တွေ့ရလေ၏။

ပုထင်းနှင့် ပုချိုတို့သည် ရေစီးထဲ၌ တကွဲတပြားစီဖြစ်သွား သည်။

ရေထဲမြုပ်လိုက်၊ ပေါ်လိုက်ဖြင့် မျောပါသွားရသော တစ် ဆို တစ်ဦး အော်ခေါ်ရန်ပင် ကြိုးစား မရနိုင်တော့ပေါ ချေ။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းနှင့် ပုချိုတို့အသည် ရေအောက်သို့ နစ်မြုပ်၍ သေဆုံးသွားခြင်း မရှိရလေအောင် မနည်း ကြိုးစား နေရသဖြင့် တဖြည်းဖြည်း လွှချင်း ကွဲသွားတော့သည်။

ဝ ဝ ဝ

ချောင်းရေမှ တစ်ခေါက်တစ်ခေါက် အရှိန်လျှော့ကျသွားပြီ၊ ရေစီး ညင်သာလာလေသည်။

ပုထင်းသည် ကမ်းစပ်ဆီသို့ ဦးတည် ကူးခတ် လိုက်ရာ မကြာမီပါချေ။

ကမ်းစပ်ရှိ မြက်ပင် ချုံနွယ်များ ကြားသို့ ရောက်ရှိသွားလေသည်။



မြက်ပင်ချုံနွယ်များ ကြားမှ တိုးထွက်လိုက်လျှင် ကမ်းပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေသည်။

'တူး...တော်ပါသေးရဲ့'

ပုထင်းမှာ အသက်ဘေးမှ လွတ်မြောက်လာသည်ဖြစ်၍ ဝမ်းသာသွားသည်။

သို့သော်

အစ်ကိုဖြစ်သူပုချိုကို မတွေ့ရသဖြင့် စိုးရိမ်မှုပန်သွားလေသည်။

'အစ်ကို...အစ်ကို'

ပုထင်း အော်ခေါ်လိုက်သည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာပါသော်လည်း တုန့်ပြန်သံ မကြားရပါချေ။

'ဒုက္ခပဲ၊ အစ်ကိုတော့'

ပုထင်း၏ မျက်ဝန်းအစုံ၌ မျက်ရည်များ စီးကျလာလေသည်။

ဖခင်သည် ဆုံးလေပြီ။

အိမ်ထိန်းကြီးသည် လည်းသေပြီ။

အစ်ကိုဖြစ်သူသည် လည်းသေပြီ။

www.burmeseclassic.com



မည်သည့်နေရာ ရောက်ရှိသွားကြမှန်း မသိနိုင်တော့ပါ။ သူသည် မြေပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ဝမ်းနည်းကြေကွဲမှု စိတ်ပျက်အားငယ်မှုများဖြင့် မလှုပ်ချင် မရှားချင်အောင် ဖြစ်သွားလေတော့သည်။

ထိုစဉ်—

'မောင်မော။ မင်း ဘာဖြစ်နေလို့လဲ'

အိုမင်းမစွမ်းစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'ဟင်'

သူ ထိတ်လန့်တကြား အပျာအယာ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ တောင်ဝှေးတစ်ချောင်းကို အားပြုကာ လှမ်းလာနေသည့် အဘွားအိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။

အဘွားအိုမှာ လျှော်များဖြင့်ယက်လုပ်ထားသည့် အဝတ်အစားများ ဝတ်ဆင်ထားသည်။

ဆံပင်များ မျက်ခုံးမွှေးများဖြူဖွေးကာ ခါးကိုင်းနေလေသည်။

အိုမင်းမစွမ်း အဘွားအိုတစ်ယောက် ဖြစ်သော်လည်း အတော့်မနော်ကောင်းပြီး ကြင်နာမှုရှိသည့် အဘွားအိုတစ်ဦး ဖြစ်ပုံရှိသည်။



ရုတ်တရက်မို့ သူ ထိတ်လန့်သွားသော်လည်း အဘွားအို၏ ကြင်နာတန်အသွင်ကို တွေ့မြင်ရလျှင် သူ စိတ်အေးသွားလေသည်။

'ကျွန်—ကျွန်တော့် အစ်ကို ပျောက်သွားလို့ပါ အဘွား'

'ဪ—အစ်ကိုပျောက်လို့ ငိုနေတာကိုး၊ အလေးမတွက် ငယ်မတွက် ငိုနေတာ ရှက်စရာကောင်းပါတယ်ကွယ်၊ မင်းရဲ့ အစ်ကို ပျောက်ဆုံးသွားတာကို လိုက်ရှာပေါ့၊ မဟုတ်ဘူးလား'

အဘွားအို အားပေးလေသည်။

'မင်းအစ်ကိုကို လိုက်ရှာမလို့လား'

အဘွားအိုက မေးသည့်အခါ သူ ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ် အဘွား'

'ဒါဖြင့် လာခဲ့၊ ငါပါ ကူရှာပေးမယ်'

'ဟေး—ကျေးဇူးပါပဲ အဘွား'

သူ ဝမ်းသာနေသည်။

မမျှော်လင့်ဘဲ ကူညီမည့်သူတစ်ယောက်ကို တွေ့လိုက်ရသည် မဟုတ်ပါလား။

'လာ'

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုသည် ပုထင်းကိုခေါ်ကာ ချောင်းစပ်ပေါ် တစ်လျှောက်၌ ပုချိုအားလိုက်ရှာကြသည်။

အတန်ကြာအောင် ရှာဖွေ ကြည့်ရှုပါသော်လည်း ပုချို၏ အရိပ်အရောင်ပင် မတွေ့ရပါချေ။

သူ စိတ်ဓာတ်ကျသွားပြန်၏။

'ဘယ်သူ့ကိုမှလဲ ရှာမတွေ့ပါလား။ မင်းအစ်ကို ရေနစ်သေဆုံးသွားပြီထင်တယ်'

'ကျွန်တော့် အစ်ကို—လူ—ဆူ—'

သူ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာပြန်သည်။

အဘွားအိုသည် ပုထင်း၏ပခုံးကိုပုတ်ကာ နှစ်သိမ့် ချော့မော့လိုက်၏။

'ဘာမှ မပူပါနဲ့ကွယ်၊ မင်း ဒုက္ခရောက်နေခဲ့မယ့် ငါ တွေ့တာ သိပ်ကံကောင်းတယ်မှတ်ပါ၊ မင်းကို ငါ စောင့်ရှောက်ပါ့မယ်၊ ငါနဲ့နေပေါ့ ဟုတ်လား'

သူ မည်သို့ပြန်ပြောရမှန်းမသိပါ။

အားကိုးစရာလည်း မရှိ။

မည်သည့်နေရာ သွားရမှန်းလည်းမသိ ဖြစ်နေရသော အဘွားအိုကို အားကိုးရတော့မည်သာ ဖြစ်ပါသည်။

'ဘယ်လိုလဲ ငါနဲ့နေမယ် မဟုတ်လား'



'ဟုတ်...ဟုတ်ကဲ့'

'အေး...မင်း ဘာမှမပူနဲ့တော့၊ ငါနဲ့နေတဲ့အဘွားကြီး မင်းရဲ့ ဘဝ တိုးတက်ကြီးပွားအောင်စေရမယ်၊ ကဲ...သွားကြစို့'

'ဟုတ်...ဟုတ်ကဲ့'

သူသည် ရွေးစရာလမ်း မရှိတော့သဖြင့် အဘွားအိုနောက်သို့ လိုက်ပါသွားရလေတော့သည်။

—ဝ—

www.burmeseclassic.com

# မဆည့်အတူ

---

အချိန် မည်မျှကြာသွားမှန်းမသိ၊

ပုချို သတိရလာသောအခါ ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပြီး ကောင်းကင်ပေါ်၌ ကြယ်ကလေးများ ဝင်းလက် တောက်ပနေသည်ကို တွေ့ရသည်။

တစ်ကိုယ်လုံး စိုနစ်နေလျက် ရေစီးသံများကိုလည်း ကြားနေရ၏။

ချောင်းရေစီးအတိုင်း မျောပါလာပြီး ကမ်းပေါ်တင်ခြင်းဖြစ်၍ ကံကောင်းထောက်မစွာ အသက်ရှင်ခဲ့ခြင်း ဖြစ်ကြောင်း နားလည်လိုက်သည်။



ပုချို အပျော့ကလေး လူးလိမ့်ထလာ၍ ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်၏။

ပုထင်း၏ အရိပ်အယောင်ကို မတွေ့ရသဖြင့် စိတ်ပူသွားလေသည်။

'ညီလေးရေ…ညီလေး'

ပုချို အော်ခေါ်လိုက်သည်။

ပုထင်း၏တုန့်ပြန်သံ မကြားရပါချေ။

'ညီလေးရေ၊ မင်းဘယ်မှာလဲ'

သူသည် ညီဖြစ်သူအား လိုက်လံ ရှာဖွေမိလေသည်။

ချောင်းကမ်းပါးအတိုင်း စမ်းတဝါးဝါးဖြင့် လျှောက်ရင်း တစ်နေရာသို့အရောက်တွင် ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သူ ခြေလှမ်းရပ်သွား၏။

ပတ်ဝန်းကျင်ကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။

ည၏ ပိုးကောင်မွှားကောင်လေးများ၏ အော်မြည်သံများ ထွက်ပေါ်နေသည်။

ပိုးစုန်းကြူးကလေးများသည် ဟိုမှသည် ပျံဝဲနေကြလေသည်။

www.burmeseclassic.com



ညမွှေးခန်းရနံ့ မျှားလာလည်း ဆင်းပျံ့နေသည်။

ညည်းတွားသံ မည်သည့်နေရာမှ ထွက်ပေါ်လာသည်ကို ပုချို ရုတ်တရက် မသိရချေ။

သေသေချာချာ နားစောင့်လိုက်တော့မှ—

'အင်း…အင်း'

ညည်းညူသံများ ထွက်ပေါ်လာပြန်သည်ကို ကြားလိုက်ရသည်။

'ညီအေး'

ပုထင်း တစ်စုံတစ်ခုဖြစ်နေပြီဟု ထင်မှတ်ကာ ညည်းညူသံထွက်ပေါ်လာရာဆီသို့ လှမ်းသွားလိုက်သည်။

ညည်းညူသံသည် မလှမ်းမကမ်းမှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း သိလိုက်ရသည်။

ညည်းညူသံ ထွက်ပေါ်လာရာဆီသို့ လျင်မြန်စွာ လှမ်းသွားလိုက်သည်။

ထိုအချိန်တွင်—

လေပွေ ယမ်းတိုက်ခတ်လိုက်သဖြင့် လဆန်းအား ဖုံးကွယ်နေသော တိမ်ညိုတိမ်မည်းများ လွင့်စင်သွားသည်ဖြစ်ရာ လဆန်းထွက်ပေါ်လာပြီး ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။



ပုချိုထ လိုက်လံရှာဖွေရင်း—

တစ်နေရာအရောက်တွင် မြေပေါ်၌လဲကျနေသော ညည်းညူနေသူတစ်ယောက်ကို တွေ့လိုက်ရ၏။

'ညီမလေး'

ပုချို ပြေးသွားလိုက်ရာ အနီးသို့ရောက်လျှင်—

လဲကျနေသူမှာ ပုထင်းမဟုတ်ဘဲ အမျိုးသမီးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရ၏။

ထိုအမျိုးသမီးသည်ကား—

'ဟာ… ဒါတို့မိန်းမယုတ်ပဲ'

ပုချို ဒေါပွသွားသေးသည်။

ထိုအမျိုးသမီးကား—

သူတို့အား ဒုက္ခပေးခဲ့သည့် နဂါးစိမ်းဂိုဏ်းမှ မိန်းမချောလေး ဖြစ်ခဲ့လေသည်။

'လက်စသတ်တော့ ငါတို့ နောက်ကို လိုက်လာခဲ့တာကိုး'

'တော်ပြီ'

ပုချို တောက်ခေါက်လိုက်၏။

'ခင်ဗျား အသေဖို့သာပြင်ထား'

ချက်ချင်းပင်—

မြေပေါ်မှ ကျောက်ခဲတစ်လုံးကို ကောက်ယူ၍ မိန်းမချောထံသို့ ချဉ်းကပ်သွား၏။

မိန်းမချောကား—

ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်းနီရဲပြီး ညည်းတွားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်…

သူမ ဒဏ်ရာရရှိခဲ့သည်ကို ပုချို မသိပါ၊

သူသိထားသည်မှာ…

မိန်းမချောသည် လူတို့အား ဒုက္ခပေးမည့်သူတစ်ဦး ဖြစ်ခဲ့သည်၊

'ဆေးပေးတော့'

ပုချိုက အော်ဟစ်ပြောရင်း…

မိန်းမချော၏ ဦးခေါင်းအား ကျောက်ခဲဖြင့်ထုချရန် လှမ်းပြင်လိုက်သည်၊

ထိုအချိန်မှာမှ…

မိန်းမချော မျက်လုံးပွင့်လာသည်၊

လရောင်ဖြင့် ပုချို၏ သူမအား ကျောက်ခဲဖြင့် ထုချရန် ဟန်ပြင်လိုက်သည်ကို တွေ့ရသည်၊

'မလုပ်နဲ့'

မိန်းမချော အထိတ်တလန့်ဖြင့် အော်လိုက်သည်၊

သူမ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း မလှုပ်ရှားနိုင်ပဲ ဖြစ်နေသည်၊

ပုချို ရယ်မောလိုက်၏၊



'ခင်ဗျား ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား'

'ငါ…ငါ့ကို မသတ်ပါနဲ့'

'စိတ်ချ၊ ခင်ဗျား သေကိုသေရမယ်'

'မင်း…မင်း'

မိန်းမချောသည် သေရမည့်ဘေးကြောင့် ကြောက်လန့်၍ စကားမပြောနိုင်အောင် ဖြစ်သွားသည်၊

ပုချိုသည် ဒုက္ခပေးခဲ့သည့် မိန်းမချောအား သုတ်သင်ဖစ်မည်ဟု ကြံစည်ထားသော်လည်း…

ခုခံနိုင်စွမ်းမရှိသူ တစ်ယောက်အား တိုက်ခိုက်ရမည့်ကို နှစ်မြို့နိုင်အောင် ဖြစ်နေသည်၊

ထိုကြောင့်

ကျောက်ခဲအား လွှတ်ချလိုက်လေ၏၊

မိန်းမချော အံ့ဩသွား၏၊

'မင်း…မင်း'

ပုချို အံကြိတ်လိုက်၏၊

'ခင်ဗျား သိပ်ကံကောင်းသွားတယ် မှတ်ထားပါ'

စကားဆုံးလျှင်…

ချာခနဲ လှည့်ထွက်လိုက်လေ၏၊

မိန်းမချောအား လျစ်လျူရှုကာ ထွက်သွားတော့မည်ဖြစ်

'ငေး မင်း သွားတော့မလို့လား'

မိန်းမချောထံမှ ထွက်ပေါ်လာသော စကားသံကြောင့် ဒေါ်ပွသွား၏၊

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြဲ'

'ကျုပ်က ခင်ဗျားကို ဘာမှမလုပ်ပဲ ထွက်သွားတာကို မကျေနပ်ဘူးလား'

'ငါ ငါ့ကို ဒီအတိုင်းထားပစ်ခဲ့မယ်ဆိုရင် ငါသေသွားမှာပေါ့'

'သိပ်ကောင်းတာပေါ့'

ပုချိုက ပြောလိုက်၏။

မိန်းမချောသည်လား....

သေရမည့်ဘေးကို စိုးရိမ်ကြောက်လန့်နေလေ၏။

'ငါ့ကို ဒီအတိုင်းထားမသွားပါနဲ့'

'ဒါဖြင့်ဘာလုပ်ရမှာလဲ၊ ခင်ဗျားကို သတ်ပစ်လိုက်ရမှာလား'

'ငါ့ကို ယူပါ'

'ဪ'

ပုချို ဟားတိုက်ရယ်မောလိုက်လေသည်။

'ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်ကို သတ်ပစ်ဖို့ သဲကြီးမဲကြီး လိုက်ခဲ့တယ်၊ ခုတော့....

'ကျုပ်တို့ကို အသက်ကယ်ခိုင်းတယ်၊ ရယ်ဖို့ကောင်းလိုက်တာ၊ ဟား ဟား ဟား'

'ငါ... ငါမှားသွားပါတယ်၊ ငါ့ကို ယူပါ၊ ဒီအတိုင်း [illegible]ပါနဲ့'



ပုချို နှုတ်ခေါင်းရှုံ့လိုက်သည်။

'ဒီအစားကောင်ထဲမှာ သားရဲတိရစ္ဆာန်တွေ ပေါများတယ်၊ ခင်ဗျားတို့ထိုက်နဲ့ ခင်ဗျားတို့ကံပဲ'

'ကဲ....ကျုပ်သွားပြီ'

စကားဆုံးလျှင်....

မိန်းမချောအား လုံးဝ အမှုမထားတော့ဘဲ လျှောခိုင်း ထွက်သွားလေသည်။

မိန်းမချောမှာမူ....

ညည်းတွားရှိုက်ငိုရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

မိန်းမချောမှာ မြေပေါ်၌ မလှုပ်မယှက်ဖြစ်နေသော ကျောက်ရုပ်ကြီး ဖြစ်ပါသည်။

ပုချိုသည် အမြဲအား တုန့်ပြန်လိုက်ရ၍ ကျေနပ်မှုကြီးခဲ့ ရှု—

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့အရောက်တွင်…

'ဗျာ'

အသံတစ်သံ ထွက်ပေါ်လာသဖြင့် ခြေလှမ်းရပ်တန့်သွားရ သည်။

အမှတ်တမဲ့ လှမ်းကြည့်လိုက်သောအခါ မလှမ်းမကမ်း တစ်နေရာမှ အလွန်ကြီးမားသော မြွေကြီးတစ်ကောင်ကို တွေ့ လိုက်ရလေသည်။

'ဟာ'

ပုချီ တပျာတယာ နောက်ဆုတ်လိုက်၏။

သူ၏ ဘဝတစ်သက်တာတွင် ဤမျှကြီးမားသော မြွေကြီး မျိုး မတွေ့ဖူးပါချေ။

မိန်းမချောအား သားရဲတိရစ္ဆာန်များနှင့် တွေ့ရမည်ဟု ခြောက်လှန့်ပြောဆိုခဲ့ရာ—

ယခု—

သူကိုယ်တိုင် ကြုံတွေ့နေရပြီဖြစ်လေသည်။

မြွေကြီးက—

လျင်မြန်စွာ ရွေ့လျားသွားတာ မြင်ကွင်းမှပျောက်ကွယ် သွားတော့သည်။

သူက နဖူးပေါ်မှချွေးများကို သုတ်လိုက်သည်။

'ကံကောင်းလို့ပေါ့၊ ငါသာ အလောတကြီးသွားမိရင် မြွေစာဖြစ်သွားမှာပဲ'

မမျှော်လင့်ဘဲ—



မိန်းမချော ကြောက်လန့်နေမည်ကို တွေးကာ ရှေ့ ဆက်သွားမိလေသည်။

စိတ်ကောင်းလေး ဝင်လာသဖြင့်—

'မဖြစ်သေးပါဘူး'

ချက်ချင်းပင်—

နောက်ကြောင်းပြန်လှည့်လိုက်လေသည်။

မကြာပါချေ။

မိန်းမချောထိုင်နေသည့် နေရာသို့ ပြန်လည်ရောက်ရှိလာ သည်။

မိန်းမချောလေး ညည်းတွားနေပါသည်။

ဝေဒနာ အပြင်းအထန် ခံစားနေရဟန် ပေါ်လွင်နေ သည်။

သူ အနီးသို့ချဉ်းကပ်သွားလိုက်လျှင် မိန်းမချောလေး မျက် လုံးပွင့်လာလေသည်။

'မင်းပြန်ရောက်လာပြီကိုး၊ အတော်ပဲ၊ ငါ့ကို တစ်ခါတည်း သတ်သွားပါတော့'

ဝေဒနာကို မခံစားနိုင်တော့သဖြင့် သေရခြင်းက အကောင်း ဆုံးဖြစ်သည်ဟု သေလမ်းကို ရွေးချယ်လိုက်ခြင်း ဖြစ်ပုံရလေ သည်။

သူ ခေါင်းခါယမ်းလိုက်၏။

'စိတ်ချ ခင်ဗျားကို သေဖို့နေ့တောင်မတိုက်ဘူး'

'ငါ—ငါ—'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား သေဒဏ်ခံရပြီး သေဆုံးသွားတာကို အရသာ ခံပြီး ထိုင်ကြည့်ဖို့ ကျုပ်ပြန်လာခဲ့တာပဲ'

သူ အရွဲ့တိုက်ပြီး ပြောလိုက်၏။

မိန်းမချောလေး၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာ၏။

'မင်း တော်တော်ရက်စက်တာပဲ'

'ဟား ဟား ဟား ခင်ဗျားတို့သာ မရက်စက်ခဲ့ဘူးဆိုရင် ကျုပ်က ရက်စက်စရာကြောင်းရှိပါမလား'

'မင်း...'

'နေစမ်းပါဦး၊ ခင်ဗျားမှာ ဒီလောက် ဒဏ်ရာတွေရအောင် ဘယ်သူတိုက်ခိုက်တာလဲ'

'ခင်ဗျား ချောင်းထဲခုန်ချလိုက်တာကို ကျုပ်တွေ့လိုက်တယ်'

'ဟုတ်တယ်'

မိန်းမချောက ဝန်ခံလေ၏။

'မင်းတို့လွတ်သွားမှာကို စိုးရိမ်ပြီး ငါလဲ ချောင်းထဲခုန်ချပြီး လိုက်ခဲ့တာ၊ ချောင်းရေက ငါမျှော်လင့်ထားတာထက် ပိုပြီး ရေစီးသန်နေတော့ ဘယ်လိုမှ ထိန်းမရဘဲ ရေစီးအတိုင်း မျောပါသွားရင်း ကျောက်တုံးတွေနဲ့ ဝင်ဆောင့်မိခဲ့တာကြောင့် ဒီလိုဒဏ်ရာရခဲ့တာ'

'ဟား ဟား ဟား'

သူက တဟားဟားရယ်မောလိုက်သည်။



'သူတစ်ပါးမခံစားနိုင်ကြောင်းကိုယ်သာခံရဆိုတဲ့စကားဟာ သေချာ တွေ့အောင် မှန်နေပါလား'

မိန်းမချောက အားယူပြုံးလိုက်၏။

'ဟုတ်တယ်၊ ငါသာ မင်းတို့ကို ဒုက္ခမပေးဖို့ ကြိုးစားခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ ဒါပေမယ့် ငါ ငါ့နေရာကဆိုတော့ လိုက်ဖို့ မဖြစ်ပါဘူး'

သူ မျက်မှောင်ကုတ်သွားသည်။

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'မင်းတို့နှစ်ယောက်ကို မိအောင်မဖမ်းနိုင်ဘဲ လွှတ်ပေးလိုက်ရင် နဂါးစိမ်းဂိုဏ်းက ငါ့ကို သေဒဏ်အပြစ်ပေးမှာဖြစ်နေတော့ ဆက်လိုက်ရတဲ့အထဲ ရှေ့တိုးလိုက်တာပေါ့'

ပုချိုက ရှမအား စိုက်ကြည့်လိုက်လေသည်။

'ကျွန်တော်တို့ကို ဖမ်းလို့မမိရင် နဂါးစိမ်းဂိုဏ်းက သေဒဏ်ပေးမယ် ဟုတ်လား'

'ဟုတ်တယ် ပေးထားတဲ့တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်ရင် ဘယ်သူမဆို သေဒဏ်ပေးခံရတယ်'

'အတော်ရက်စက်တဲ့ဂိုဏ်းပဲ'

သူက နဂါးစိမ်းဂိုဏ်းအပေါ် မကျေမနပ်ဖြစ်သွားသည်။

မိန်းမချောက ရှင်းပြသည်။

'ငါ့ရဲ့ အစ်မ [illegible] ကလည်း နဂါးစိမ်းဂိုဏ်းဝင် တစ်ယောက်ဖြစ်တယ်၊ ဒီထဲကိုဝင်ရင် ဘဝတိုးတက်ကြီးပွားမယ်လို့ ယုံကြည်ပြီး ဝင်ခဲ့တာနဲ့ ငါလည်းဝင်ဖြစ်ခဲ့တာ၊ ခြေကျွံမိပြီး ပြန်နုတ်မရတော့တဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့ရတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောသည် ဗာတ်တို့နှင့်ရန်ငြိုးမရှိဘဲ နဂါးစိမ်းဂိုဏ်းချုပ်၏ အမိန့်အတိုင်း လိုက်နာဆောင်ရွက်နေရခြင်းမှာ ထင်ရှားနေသည်။

နဂါးစိမ်းဂိုဏ်းသည် ဖခင်ပုရောဟိတ်ဟောင်းအစပေါ်ခဲ့သော အဘယ်ကြောင့် သဲကြီးမဲကြီး ဖြစ်နေရပါသနည်း။

အရိပ်မဲ့အဖော်သို့ သိုဝှက်ထားခြင်းကြောင့်ဟု ဆိုသည်ကို ယေဘုယျအားဖြင့် သိထားသော်လည်း နေဝဏ်ကွယ်တွင် လျှို့ဝှက်ချက်များ ရှိဦးမည်ဟု နားလည်မိလေသည်။

ပုချိုသည် မိန်းမချောအား စိုက်ကြည့်ကာ မေးလိုက်သည်။

'ခင်ဗျားသာ ဒဏ်ရာမရခဲ့ရင် ခုလို နေ့ခင်တရမှာ မလွတ်သွား၊ ကျုပ်တို့ကို တွေ့တာနဲ့ သတ်ပစ်ဖို့ကြိုးစားမှာမဟုတ်လား'

သူမ သက်ပြင်းချလိုက်သည်။

'မင်းပြောတာအမှန်ပဲ၊ ဒုက္ခမရောက်ခဲ့ရင် နေ့ခင်တရဦးမယ် မထင်ဘူး'

'ဒါဖြင့် ခင်ဗျားကိုကူညီလို့ အခုအကြောင်းထူးမှာလဲ၊ ခင်ဗျား စိတ်မကောင်းရင် စိတ်ပြောင်းသွားမှာပဲ မဟုတ်လား'

မိန်းမချောလေး ငြိမ်ကျသွားလေ၏။

ပုချိုက အကဲခတ် ကြည့်နေလိုက်၏။

အတော်ကြာလေး ကြာသောမှ မိန်းမချော၏ စကားသံ ထွက်ပေါ်လာသည်။



'ငါ့အာ နေ့ခင်တရနေပြီ ဆိုတော့ မင်းကို ဒုက္ခမပေးတော့ပါဘူး၊ ဒါပေမယ့်လဲ မင်းရဲ့သဘောပေါ်ငါ့ကို မကူညီဘဲ ထွက်သွားမယ်ဆိုရင်လဲ မင်းကို အပြစ်မဆောင်ပါဘူး'

ပုချို ပြုံးလိုက်သည်။

'ခင်ဗျား ဘာအကြောင်းပြောတာလား'

'ဘာအကြောင်းပါ မောင်လေးရယ်၊ မင်း ဘယ်လို ခံစားနေရမယ်ဆိုတာ မမသိပါတယ်၊ နဂါးစိမ်း ဂိုဏ်းထဲကို မမဝင်ခဲ့တာ မကြာသေးပါဘူး....'

'ခုတစ်ကြိမ် ဝထမဆုံး တာဝန်ထမ်းဆောင်ခဲ့တာပါ၊ ပထမအကြိမ်မှာပဲ မမ နေ့ခင်တရလိုက်ပါပြီ'

'ကျွန်တော့် အဖေနဲ့ အိမ်ထိန်းကြီးကို ဒုက္ခပေးခဲ့ကြတဲ့အထဲမှာ ခင်ဗျားလဲ ပါဝင်ခဲ့တာပဲ မဟုတ်လား'

ပုချိုက ဆက်မေးလိုက်ပြန်သည်။

မိန်းမချော ခေါင်းခါ ယမ်းလိုက်၏။

'ပုအိမ်တော်ကို တိုက်ခိုက်ဖို့ နဂါးစိမ်းဂိုဏ်းက ဂိုဏ်းသားတွေနဲ့ လက်ရွေးစင် သိုင်းသမားအတော်များများကို လွှတ်လိုက်ပါတယ်....'

'မောင်လေးရဲ့ အဖေ လွတ်မြောက် သွားသလို အိမ်ထိန်းကြီးလဲ ရှောင်တိမ်းသွားနိုင်ခဲ့ပါတယ်ကွယ်'

'ဒါ....ဒါတကယ်ပဲလား'

ပုချို ဝမ်းသာသွားသည်။

ဖခင်နှင့် အိမ်ထိန်းကြီးတို့ လွတ်မြောက်သွားလျှင် ပြန်လည်ဆုံတွေ့နိုင်စရာ အကြောင်းရှိသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



'မိမ…မလိမ်ပါဘူး မောင်လေး ရယ်'

'ကောင်းပြီ…ခင်ဗျားကို ကျွန်တော် ကူညီမယ်'

ပုချို စိတ်အောင်၊ ခင်သွားဟ၏။

'ခင်…ခင်၊ အကယ်ပြောတာလား'

'မမ… နေခင်တရသွားပြီ ဆိုရင် ကျွန်တော် ဘာကြောင့် မကူညီနိုင်ရမှာလဲ'

'အို…ဖမ်းသလိုဖြစ်တာ မောင်လေးရယ်'

မိန်းကလေးနှင့် ပုချိုတို့ ပြေပြေလည်လည် ဖြစ်သွားကြလေ၏။

ထုမကာပြောသည်။

'မနေ့မည် ရှမ်းရှမ်းလို့ ခေါ်တယ်၊ မှတ်ထားပါ၊ မတော နေကောင်းသွားတာနဲ့ မမလေးကို ကိုယ့်ရဲ့ မောင်ငယ်တစ် သလိုပဲ သဘောထားပြီး စောင့်ရှောက်သွားမယ်လို့ ကတိ ပေးပါတယ်ကွယ်'

'ကျေးဇူးတင်ပါတယ် ခင်ဗျား၊ မမကို ဘယ်လို ကူညီရမလဲ ဆိုတာ ပြောပါ'

ပုချိုက မေးလျှင်…



မိန်းကလေး(၀ါ)ရှမ်းရှမ်း အားတက်သရောပြောလာလေ သည်။

'မမရဲ့ တစ်ကိုယ်လုံး လှုပ်ရှားလို့ မရပဲ အကြောအချဉ်တွေ ဆိုင်းသွားတယ်၊ ဒါပေမယ့်…ကိစ္စမရှိပါဘူး၊ မမရဲ့ အင်္ကျီအိတ် ထဲမှာ အသက်ကယ်ဆေးနဲ့ ဒဏ်ကြေဆေးရှိတယ်၊ အဲဒီ ဆေး တွေကိုသာ မမ သောက်လိုက်ရရင် ချက်ချင်း သက်သာသွား မှာပါ'

'ဒါဖြင့်…မမ ဘာမှမပူပါနဲ့'

ပုချိုသည် ဆေးလုံးများ ရှာဖွေလိုက်၏။

အသက်ကယ် ဆေးကို တိုက်ကျွေးလိုက်ကာကဲ့သို့ ဒဏ်ကြေ ဆေးကိုလည်း လိမ်းပေးလိုက်၏။

ရှမ်းရှမ်းဆောင်ထားသည့် ဆေးတို့က အစွမ်းထက်လှသည် ဖြစ်ရကား…

မကြာမီ…

သက်သာသွားလေတော့၏။

ရှမ်းရှမ်းသည် ပုချိုအား ကျေးဇူးတင် မဆုံးအောင် ဖြစ် သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တင်—

ခေါင်အေး အရှင်းဖမ်း စာအုပ်ထားလိုက်လေတော့၏။

ဗူးချို မချော်အောင့်တဲ့ ကွမ်းတောင်းသွားသည့်ကူ ဆိုနိုင်ပါ ပေတော့သည်။

—၀—

အပူမီး

---

'ဟူး—ဟူး'

အစုတ်အစား ဖောက်သံများ ထွက်ပေါ်နေ၏။

အိမ်ထိန်းကြီး ကျော့စုသည် ပုထင်းတို့ ညီအစ်ကိုနှစ်ယောက်တို့အား နဂါးစိမ်းဂိုဏ်းသားများ ဖုံကွဲမပေးနိုင်စေရန် အခေါ်သို့ များခေါ်သွားပေသည်။

'မပြေးနဲ့'

'လိုက်ဟ'

နဂါးစိမ်း ဂိုဏ်းသားများမှာ ညစသံပေး၍ လိုက်လာကြသည်။

ရှုပ်တရက်—

www.burmeseclassic.com

www.burmeseclassic.com



ကျော့စုအား ခြေလှမ်းရပ်၍ အကဲခတ်နေလိုက်လေ၏။

'ဝုတ် ဝုတ် ဝုတ်'

သတ်နတ်ပုန်းခွေးများသည် ပလူပျံ အောင် ပစ်လွှင့်သွား လေ၏။

ပြေးလိုက်လာကြသည့် နဂါးစိမ်းဂိုဏ်းသားများမှာ ရုတ်တရက် အဝိုင်းမိသွားကြ၏။

အရှိန်ဖြင့် ပြေးဝင်လိုက်ကြသည် ဖြစ်ရကား ပစ်လွှင့်လာသည့် သတ်နတ်ပုန်းများအား မရှောင်နိုင်ဘဲ ဖြစ်သွားလေ တော့သည်။

'ဂုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

နဂါးစိမ်း ဂိုဏ်းသားများ ရှုံ့မဲ့ အော်ဟစ်၍ ဇွတ်နှင့် အရှိန်၊ လဲကျသွားကြလေတော့၏။

'ဆင်'

'အား'

ကျိုန်နေသေးသည့် နဂါးစိမ်းဂိုဏ်းသားများ ထိတ်လန့်၍ ပျာယာ နောက်ဆုတ်လိုက်၏။



ကျော့စု မဲ့ပြုံး ပြုံးသည်။

'မင်းတို့ ဘယ်ပြေးမလဲ'

ကြိုးဝါးရင်း တစ်ဟုန်ထိုး ဝင်ရောက် တိုက်ခိုက်ပစ်လိုက် သည်။

နဂါးစိမ်းဂိုဏ်းသားများအား ဆုံးမပြီးလျှင် ပုထင်းတို့ ညီအစ်ကို နောက်သို့ လိုက်သွားရဦးမည် မဟုတ်ပါလော။

ဒူးရှသော အော်ဟစ်သံများနှင့်အတူ နဂါးစိမ်းဂိုဏ်းသား များ အတုန်းအရုန်း လဲကျသွားပြန်၏။

ကျော့စု မဲ့ပြုံး ပြုံးလိုက်သည်။

'ပုအိမ်ဘော်ကို ဓုက္ခပေးချင်ရင် ခုလိုအဖြစ်မျိုးနဲ့ကြုံရမယ် ဆိုတာ မှတ်ထား'

အန္တရာယ်ကို ဖယ်ရှားပြီးပြီ ဖြစ်၍ ပုထင်းတို့ နောက်သို့ လိုက်သွားရန် ဟန်ပြင်လိုက်စဉ်....

'ဖျောင်း....ဖျောင်း....ဖျောင်း'

လက်ခုပ်သံများ ထွက်ပေါ်လာသဖြင့် ရင်ထိတ်သွားပြီး အပျာအယာ လှမ်းကြည့်လိုက်လျှင် သစ်ပင်များကြားမှ လှမ်း ထွက်လာသူတစ်ယောက်အား တွေ့မြင်လိုက်ရသည်။

ထိုလူအားတွေ့ရလျှင် ကျော့စု ဝမ်းသာအားရဖြစ်သွားလေ တော့သည်။

'သခင်ကြီး'

ချက်ချင်းပင် ဦးညွှတ်ဂါရဝ ပြုလိုက်သည်။

သစ်ပင်များကြားမှ ထွက်လာသူကား ပုအိမ်ဘော်သခင် ကြီး ပုတော့ာင်းဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုကျောင်း ရယ်မောလိုက်သည်။

'အိမ်ထိန်းကြီး ဘယ်ဆိုးလို့လဲ၊ ဒါထက် ကျုပ်ရဲ့သားနှစ်ယောက်ရော'

'ရှိပါတယ်သခင်ကြီး၊ အန္တရာယ်ရှိနေတာကြောင့် အရှေ့ဘက်ကို ရှောင်တိမ်းသွားခိုင်းလိုက်ပါတယ်'

ပြောရင်း နဂါးစိမ်းဂိုဏ်းသားများအား ဦးဆောင်လာသည့် မိန်းမချောလေး ပျောက်ဆုံးနေကြောင်း သတိရလာသဖြင့် မျက်နှာပျက်သွားလေ၏။

ပုကျောင်း မျက်မှောင်ကုပ်သွားသည်။

'အိမ်ထိန်းကြီး၊ ဘာဖြစ်လို့လဲ'

'ဟို…ဟို'

'ဘာဖြစ်တာလဲ၊ မြန်မြန်ပြောစမ်း'

ကျော့စုက ဦးညွှတ်လိုက်သည်။

'နဂါးစိမ်းဂိုဏ်းသားတွေကိုဦးဆောင်လာတဲ့ မိန်းကလေး တစ်ယောက် ပျောက်ဆုံးနေပါတယ်၊ ရှာဖို့ ဆင်ခြေဖုံး နေရာတွေကို လိုက်သွားတယ်လို့ထင်ပါတယ်'



ပုကျောင်း စိတ်ပူသွားလေ၏။

'ဒါဆိုမဖြစ်ဘူး၊ ကျုပ်တို့ အမြန်ဆုံးလိုက်သွားမှပဲ'

'ကောင်းပါပြီသခင်ကြီး'

နှစ်ယောက်သား တဟုန်ထိုး ပြေးထွက်သွားကြလေတော့သည်။

○ ○ ○

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီဖြစ်ပါသည်။

ကျော့စုနှင့်ပုကျောင်းတို့သည် တောတောင်အနှံ့ လိုက်ရှာဖွေခဲ့ကြလေသည်။

သို့သော်

ပုသင်းတို့၏ အရိပ်အရောင်ပင် မတွေ့ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းတို့ ညီအစ်ကိုနှစ်ယောက်ကော မိန်းမချောလေးပ ပျောက်ဆုံးနေလေသည်။

ကျော်စု ချေးပြန်နေသည်။

ပုထင်းတို့ တစ်စုံတစ်ခုဖြစ်သွားလျှင် မိမိတွင် တာဝန် သည်ဟူ၍ ခံယူထားခြင်းကြောင့် ဖြစ်သည်။

ပုချောင်းလည်း စိုးရိမ်ပူပန်နေ၏။

အရပ်ကလေးမျက်နှာ၌ နှစ်ပင်အောင် ရှာဖွေခဲ့ကြသော်လည် မတွေ့ရသဖြင့် တောင်ကုန်းအေးတစ်ခုပေါ်သို့ ရောက်လ သောအခါ ခြေလှမ်းရပ်လိုက်သည်။

ကျော်စု စိတ်မကောင်းဖြစ်နေသည်။

ပုချောင်းက ခရု၌ ငှုးခေထဖ်ချလိုက်၏။

'သခင်ကြီး ကျွန်ုပ်မှာ အပြစ်ရှိပါတယ်၊ ကျွန်ုပ်ကို အပြ ပေးပါ'

ပုချောင်း ခေါင်းခါလိုက်၏။

'အိမ်ထိန်းကြီး ဘယ်လိုမှ သတွေးမသားပါနဲ့၊ ကံတ အတိုင်း ဖြစ်ရမှာပေါ့လေ၊ ခုလိုဖြစ်ခဲ့ရတာဟာ ကျ အပြစ်တွေချည်းပါပဲ၊ ကျွန်ုပ်ကိုယ်တိုင်ကမှ မစောင့်ခဲ့ လို့'

မုချောင်း၏ သံဝေဂစကားကို နားထောင်ရင်း ကျော ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ သည်။

အခုမှ မသိနားမလည်ဘဲ အပြစ်မရှိတဲ့ကလေးနှစ်ယော ဒုက္ခရောက်တာ အသော်ကို ကြေကွဲရှာလောင်းပါသ



ကျော်စု ခေါင်းမဖော်နိုင်တော့ပေ။

ခေါင်းငုံ့ထားရင်းမှ မျက်စိဝန်းအစုံတွင် မျက်ရည်များ စ်ဝဲလာလေသည်။

ရုတ်တရက်—

မျက်ရည်ဝဲနေသော မျက်စိဝန်းအစုံသည် မြေပေါ်၌ ခပ် ါးပါးရှေး ထင်ကျန်နေသော ခြေရာအချို့ကို တွေ့မြင်မိ ာ်လာသည်။

ကျော်စု ထခုန်လိုက်သည်။

'သခင်ကြီး၊ ဟောဒီမှာ ခြေရာတွေရှိနေတယ်၊ အခင်ေ ဒီနေရာကို ရောက်လာခဲ့ကြတာမသေချားဘူး'

ပုချောင်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ခြေရာများအား ရှုပ်တွေးဆ မတောင်ကုန်းတစ်ဖက်ထိပ် ဦးတည်နေလေသည်။

တောင်ကုန်း တစ်ဘက်၌ မြေဖြတ်လမ်းပေါ်ကြီးနှင့် ချောက် ၌ ဟရိုင်းအစုန်ပြင်းစွာ စီးဆင်းနေသော ချောင်းတစ်ခု နေသည်ကို တွေ့ရလေသည်။

ပုထင်းတို့အား အဘယ်ကြောင့် ရှာမတွေ့သည်ကို နှစ်ဦ း ချက်ချင်း သဘောပေါက်လိုက်ကြ၏။

'သူတို့ ချောက်ထဲကျသွားကြတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပုချော်ခင်၊ ထီးတိုး-ရရွတ်လိုက်သည်။

တစ်ဖန်

'အိမ်ထိန်းကြီး၊ ပုအိမ်တော်မှာ ယစ္စနရှိရှိ တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကဲ-ခုချိန်ကစပြီး ထွေးလိုရာကို လွတ်လွတ်လပ်လပ် သွားနိုင်ပါပြီ'

စကားဆုံးလျှင်...

ရှေ့သို့လှမ်းထွက်ပြီး ချောင်းထဲသို့ ခုန်ချလိုက်လေသည်။

'သခင်ကြီး'

ကျော့စု အထိတ်တလန့်အော်လိုက်သည်။

ထီးကိုမျှ ဦးစားမနေတော့ဘဲ တဟုန်ထိုးပြေးထွက်လာ ပုချောင်ခင်၏နောက်မှ လိုက်၍ ချောင်းထဲသို့ ခုန်ချလိုက်လေတော့သည်။

—o—

ပထမပိုင်းပြီး၏။

ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်

ဇဏ္ဏာအောင်

# ဇဏ္ဏာအောင်

# နှောင်ကြိုး တစ်မျှင် သံယောဇဉ်

( ဒုတိယပိုင်း )

www.burmeseclassic.com

www.burmeseclassic.com

## ရွယ်ဆိဘယ်ဝယ်

---

တဝေါဝေါမြည်သံ ကျယ်လောင်စွာ ထွက်ပေါ်နေခြင်းကြောင့် ချောင်းရေစီးသည့် အရှိန်အဟုန် မည်မျှပြင်းထန်သည်ကို ခန့်မှန်းကြည့်၍ သိနိုင်ပေသည်။

သားနှစ်ယောက်၏ ချောင်းထဲကျသွားသည်ကို သိလိုက်ရသည်နှင့် ချက်ချင်း ချောင်းထဲခုန်ဆင်းလိုက်ခြင်း ဖြစ်သည်။

ပုခုံးချင်းနေ့ဖက်သို့ ကျောပေးကာ ရှေ့ဆီပါ ခုန်ဆင်းလိုက်ခြင်းဖြင့် နှစ်ယောက်စလုံး ဒရောသောပါးဖြင့် ချောင်းထဲသို့ ရှေ့ဆင့်နောက်ဆင့် ကျသွားလေသည်။

'ဗွမ်း……ဗွမ်း'

www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲသို့ အသံမြည်အောင် ကျွံကျသွားကြပြီးလျှင် ရေစီးနှင့်အတူ မျောပါသွားကြတော့သည်။

ရေစီးလျှင်မြန်လွန်းလှသည်ဖြစ်ရာ နှစ်ယောက်သား မြုပ်ချည်ပေါ်ချည်ဖြင့် မျောပါသွားကြသည်။

ချောင်းထဲ မြုပ်မသွားအောင် ရုန်းကန်လှုပ်ရှားကြရင်း တကွဲတပြားဖြစ်အောင် မျောပါသွားကြသည်။

○ ○ ○

တောင်ပူစာလေး၏ အနောက်ဘက်၌ လှပစွာ ပွင့်ဖူးနေသော တောပန်းခင်းတစ်ခု ရှိလေသည်။

ပန်းခင်းတစ်ဖက်၌ သေးငယ်သော်လည်း သပ်သပ်ရပ်ရပ် အိမ်ကလေးတစ်လုံး ရှိသည်။

အမျိုးသမီးကြီးသော—

ထိုလှပသော အိမ်ကလေးသို့ ပုထင်းအား ခေါ်ဆောင်သွားခြင်း ဖြစ်သည်။



ပုထင်းအတွက် ဘဝသစ်တစ်ခုသို့ ရောက်ရှိသွားသည်ဟု ဆိုနိုင်ပေသည်။

ဖခင်ပုချောင်းနှင့် ကျွဲစုတို့က သူ့အား လိုက်လံရှာဖွေနေသည်ကို မသိနိုင်တော့ပါ။

အစ်ကိုပုချိုသည်လည်း နဂါးစိမ်းကိုက်၍မှ သေလွတ်လိုက်သည့် မိန်းမချောလေးနှင့် အဆင်ပြေသွားပြီဖြစ်သည်ကို မသိနိုင်ခဲ့ပါ။

ပုထင်းသည်ကား—

လှပသောအိမ်ကလေးသို့ ရောက်ရှိသွားချိန်တွင် ပုချိုနှင့် မိန်းမချောလေးတို့သည် ဆန့်ကျင်ဘက်အရပ်သို့ ထွက်သွားကြပြီဖြစ်သည်။

ပုချောင်းနှင့်ကျွဲစုတို့သည်ကား—

ချောင်းထဲမှတစ်ဆင့် အပြောကျယ်လှသော မြစ်ရေပြင်ကျယ်ထဲသို့ မျောပါသွားခဲ့ကြသည်။

ပုချောင်းတို့သားအဖသုံးယောက် တကွဲတပြားစီ ဖြစ်သွားခဲ့ပြီးသည့်နေ့ကတွင်—

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com



နွေ....
မိုး....
ဆောင်း....

ရာသီစက်ဝန်း လည်ပတ်ခြင်းဖြင့် နွေ၊ မိုး၊ ဆောင်း ဥတု အလီလီ ပြောင်းလဲသွားခဲ့သည်။

အဟောင်း၊ အဟောင်းတို့ ချုပ်ငြိမ်းကွယ်ပျောက်သွားခဲ့ပြီး အသစ် အဆန်းတို့ ပေါ်ထွန်းလာခဲ့လေ၏။

သိုင်းကျောင်းတော်ကြီး...

ပုအိမ်တော်အကြောင်း အားလုံး မေ့သွားကြပြီး အခြားသော အပြောင်းအလဲများစွာ ဖြစ်ပေါ်လာခဲ့သည်။

• • •

နန်းကျောင်းမြို့....

နန်းကျောင်းမြို့သည် ဒေသမြို့တော်ဖြစ်သည်နှင့်အညီ စည်ကားသိုက်မြိုက်နေလေ၏။



ကျယ်ဝန်းသော မင်းလမ်းမကြီး၏ ဝဲယာဘက်တစ်လျှောက်၌ ဈေးဆိုင်များ၊ စားသောက်ဆိုင်၊ တည်းခိုခန်းများဖြင့် စည်စည်ကားကား ရှိလေ၏။

နှစ်ထပ်အဆောက်အဦးတစ်ခုကို ပြုပြင်မွမ်းမံ၍ ဖွင့်လှစ်ထားသည့် တည်းခိုခန်းတစ်ခုတွင် လူငယ်တစ်ယောက်သည် အပေါ်ထပ်ရှိ အခန်းတစ်ခု၏ ပြတင်းပေါက်၌ရပ်ကာ လမ်းပေါ်မှ လှုပ်ရှားသွားလာသူများအား ငေးမောကြည့်နေသည်။

ထိုလူငယ်မှာ မူ....

အသက် နှစ်ဆယ့်ရှစ်ခန့်ရှိပြီး ယောကျ်ားပီသစွာ ချောမောခန့်ညားသည့်ရုပ်သွင် ရှိလေသည်။

လူငယ်က စည်ကားလှသော နန်းကျောင်းမြို့ရှုခင်းကို အတန်ကြာ ငေးကြည့်ပြီးမှ သက်ပြင်းချလိုက်သည်။

'လူစည်ကားတဲ့ အရပ်ဒေသနဲ့ ဝေးကွာခဲ့တာ နှစ်ပေါင်း အတော်ကြာပြီ၊ ဒေါ်ဒေါ်လင်း ခိုင်းလိုက်တဲ့ကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်ပြီးရင် ငါ့ဘာသာအတွက် အရေးကြီးတဲ့ကိစ္စတွေကို ဆက်ပြီး ဆောင်ရွက်ရဦးမယ်၊ သူတို့ လောကပေါ်မှာ အသက်ရှင်လျက် ရှိကြသေးရဲ့လား'

ဟုတိုးခနဲရေရွတ်လိုက်၏။

ထိုစဉ်....

လမ်းပေါ်တစ်နေရာ၌ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

'ဘာဖြစ်တာပါလိမ့်'

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ယံ သေသေချာချာ ကြည့်လိုက်သောအခါ...

မိန်းမငယ်လေးတစ်ယောက်အား လူငါးယောက်ထား ဝိုင်း၍ ဖမ်းဆီးရန် ကြိုးစားနေကြသည်ကို တွေ့ရ၏။

လှိုင်ယံ သက်ပြင်းချလိုက်၏။

နန်းတော်ချောင်းမြို့သို့ ထွက်လာသည့် လမ်းတစ်လျှောက်တွင် ဓားစရှိသောသမားများ ထကြွသောင်းကျန်းနေသည်ကို တွေ့မြင်ခဲ့ရ၍ စိတ်ပျက်ခဲ့ရသည်။

ယခုလည်း...

မိန်းကလေးတစ်ယောက်အား လူကြမ်းကြီးငါးယောက်တို့ ဝိုင်းဖမ်းဆီးနေသည်ကို တွေ့ရခြင်းကြောင့် စိတ်ပျက်သွားခြင်း ဖြစ်သည်။

မိန်းကလေးမှာ ခုခံတွန်းပြေးရန် ကြိုးစားပါသော်လည်း လူကြမ်းကြီးများ၏အကြားမှ လွတ်မြောက်နိုင်ခြင်း မရှိဘဲ ကြောက်လန့်စွာ ငိုကြွေးလျက် အဖမ်းခံလိုက်ရလေသည်။

'ကယ်တော်မူကြပါရှင်'

မိန်းကလေး၏ အော်ဟစ် အကူအညီတောင်းသော်လည်း မည်သူကမျှ ကူညီခြင်း မပြုကြပါချေ။

လူကြမ်းကြီးများကို ကြောက်လန့်စွာ ဝေးဝေးမှ ရှောင်ရှားသွားကြလေသည်။

လူကြမ်းကြီးများသာ...

ထင်တိုင်းကြဲသောင်းကျန်းနိုင်ခဲ့ကြသည်။

မိန်းကလေးမှာ အော်ဟစ်နေသဖြင့် ရိုက်နှက်၍ ဖမ်းဆီး ခေါ်ဆောင်သွားကြသည်။



လှိုင်ယံသည် စခန်းမှ ထွက်လာသည့် မြင်ကွင်းကို မကြည့်လိုတော့သဖြင့် ပြတင်းပေါက်အနီးမှ ဖယ်ခွာလိုက်လေသည်။

တစ်ညတာ စခန်းချ အိပ်စက်အနားယူပြီးပြီမို့...

နံနက်မိုးလင်း၍ အိပ်ရာမှ ထလာသောအခါ ရွှင်ရွှင်လန်းလန်း ဖြစ်နေခဲ့ပါသည်။

မိန်းကလေးတစ်ယောက်အားဖမ်းဆီးသွားသည့် အကြည်းတန်မြင်ကွင်းကိုသာ တွေ့မြင်ရခြင်း မရှိပါလျှင် လှိုင်ယံအဖို့ ကျေနပ်နှစ်သိမ့်စရာများစွာ ဖြစ်နေမည်နည်း။

နန်းတော်ချောင်းမြို့အနီး ဝန်းကျင်မှာ မဟာရာမှုတွေကြီးစိုးနေတာကို မြို့စားကြီး ဘာကြောင့်များ အရေးမယူဘာပါလိမ့်'

လှိုင်ယံသည်...

အခန်းထဲမှထွက်လာ စားသောက်ခန်းမ ဖွင့်ထားသော အောက်ထပ်သို့ ဆင်းလာခဲ့၏။

နံနက်ခင်းနေရောင်ခြည်အောက်တွင် နန်းတော်ချောင်းမြို့ လှုပ်ရှားလာပြီဖြစ်သလို...

စားသောက်ခန်းမ၌လည်း စားသောက်မည့် လူများဖြင့် စည်ကားလာပြီဖြစ်သည်။

လှိုင်ယံလည်း ပြတင်းပေါက်နှင့်ကပ်လျက် စားပွဲတစ်လုံး၌ နေရာယူ၍ စားသောက်စရာများ မှာကြား၍ စားသောက်နေလေသည်။

လှိုင်ယံနှင့်ကပ်လျက်စားပွဲ၌ လူနှစ်ယောက် စားသောက်နေသည်။

www.burmeseclassic.com



ထိုလူနှစ်ယောက်မှာ လူကြမ်းကြီးပါးသောက်၏ မိန်းမပျို တစ်ယောက်ကို ဖမ်းဆီးခေါ်သွားသည့်ကိစ္စကို ဝေဖန်ပြောဆို နေကြလေသည်။

'နန်းတော်ချောင်းမှာ မိန်းမလေးတွေ အဓမ္မဖမ်းဆီးခံနေရတဲ့ ကိစ္စ အတော် ကိုဆိုးဝါးတာပဲ၊ ဘယ်သူ့မှလဲ ခင်မရွှေဆိုရဲဘူး ငေးငိုင်ကြည့်နေရတယ်'

'ဟုတ်တယ်ဗျ ဒီကိစ္စဟာ ဂမုန်းဘောင်နဲ့ ပတ်သက်နေ တယ်လို့ ပြောဆိုကြတာပဲ၊ မြို့စားကြီးအလဲ မလှုပ်ရဲဘူး ဖြစ် နေတယ်'

လှငယ်စိတ်ဝင်စားသွားလေသည်။

ထိုလူနှစ်ယောက်....

ပြောဆိုနေသည့်စကားများအရ မိန်းမလေး အဖမ်းခံ ရသည့်ကိစ္စမှာ မြို့ခံများအတွက် ထူးဆန်းသည့်အဖြစ်မျိုးမဟုတ် ဘဲ တွေ့မြင်နေကျ ဖြစ်ရပ်မျိုးဖြစ်ကြောင်း သတိပြုမိလိုက် သည်။

ထိုလူနှစ်ယောက်အနက်....

ပထမလူက ပြောလေသည်။

'ဂမုန်းဘောင် နာမည်ကြီးလေသော ကျုပ်တို့လဲ ဝေဖန် ဘဲ နေတာကောင်းမယ်'



'ဒါပေါ့ဗျာ အော်ကြူ မဆီမဆိုင် ကြားထဲအဒုက္ခရောက် နေဦးမယ်'

ထိုလူနှစ်ယောက်သည် မိန်းကလေးများ အဖမ်းခံရသည့် အကြောင်းနှင့်ပတ်သက်၍ ဆက်၍ ဝေဖန်ပြောဆိုခြင်းမပြုကြ ဘဲ စားစရာရှိသည်များကို စားသောက်ပြီးလျှင် ထိုက်သင့် ငွေပေးချေပြီး ထွက်သွားကြတော့သည်။

လှငယ် ပင့်သက်ရှိုက်မိသည်။

'ဂမုန်းဘောင်ဟာ ဘယ်လိုနေရာမျိုးပါလိမ့်၊ ဘာကြောင့် မိန်းကလေးတွေကို ဖမ်းဆီးနေရတာလဲ'

သူတွေးတောနေစဉ်မှာပင်....

ဆိုင်ထဲသို့ မိန်းကလေးတစ်ယောက် ဝင်ရောက်လာလေ သည်။

အစိမ်းရောင်အဝတ်အစားများဝတ်ဆင်ထားပြီး နတ်မိမယ် ကားအလှ၊ ချောမောလှပသူလေး ဖြစ်ပါတော့သည်။

လှငယ်သည်

သူမအား မြင်တွေ့ရလျှင် အဘယ်ကြောင့်မှန်းမသိ ရင်ထဲ လှုပ်ရှားလာလေ၏။

ပတ်ဝန်းကျင်ကိုပင် အမှုမထားနိုင်တော့ဘဲ သူမအားငေး ကြည့်နေမိလေတော့၏။

မိန်းကလေးများ အဓမ္မဖမ်းဆီးခံနေရချိန်၌ မိန်းမချော လေးတစ်ယောက် ထွက်ပေါ်လာသည်ဖြစ်၍ ဆိုင်ထဲရှိလူများ သည်း အာရုံစိုက်ကြည့်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူမသည် စားသောက်ဆိုင်ရှိရာ ဆိုင်ထဲဝင်လာပြီးမှ လူမအား ဝိုင်းကြည့်နေကြသည်ကို သတိပြုမိလျှင် မနေတတ်မနေပ်ဖြစ်သွား ရလေသည်။

လူမသည်...

စားပွဲတစ်လုံး၌ ဆောင့်အောင့်ထိုင်ချပြီး ကျွယ်နဖာဝင်မှာ ဖြင့် ပြောလိုက်သည်။

'ဟော အရက်တစ်အိုးနဲ့ အမဲသားပြုတ်တစ်မီယာ ... ခဲ့'

သူမ မှာကြားလိုက်သည့် စားသောက်ဖွယ်ရာများကိုကြား ရလျှင် လူငယ် ပါးစပ်အဟောင်းသား ဖြစ်သွားလေ ... သည်။

အခြားသော စားသောက်နေ သူများသည်၊ အံ့သြသွား ကြလေသည်။

ထိုခဏ်းအလေးမှာ ခေသူမဟုတ်တော့ခြင်း အားလုံးရိပ် ... မိလိုက်ကြ၏။

ဆိုင်လုလင်တစ်ယောက် အပျောအယာ ချဉ်းကပ်လာ ... သည်။

'ဒီမှာ အစ်မလေးဘာ ဘာမျှးသုံးဆောင်မလဲဆိုတာအ ... ရှိပါခင်ဗျာ'

'အေး'

သူမက စားပွဲဟို ဖြန်းခနဲမြည်အောင်ပုတ်ပြီး အော်ငေ ... လိုက်လေ၏။



'အရက်နဲ့ အမဲသားမှာလိုက်တာ မကြားဘူးလား၊ ရှင် နားမပင်းနေလား'

'အစ်မလေးရဲ့, တဆယ်ပဲ အရက်နဲ့အမဲသား စားသောက် မလို့လား'

'စကားရှည်လိုက်တာ'

သူမက လုလင်လေးအား စကားကြောရှည်သည်ဟူ၍ ဒေါပွသွားလေ ဝါးရိုက်ချလိုက်၏။

'ဖြန်း'

ကျွယ်နဖာဝင်သောအသံ ထွက်ပေါ်လာပြီး လုလင်လေးမှာ နောက်ဆုတ်သွားလေ၏။

အခြားသော...

လုလင်များက မနေတတ်မနေပ်ဖြစ်ရာ ချက်ချင်းဝိုင်းအုံလာ ကြလေ၏။

သူမက ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်၏။

ခြေထောက်တစ်ဖက်ကို ထိုင်ခုံတစ်လုံးပေါ်တင်ကာ ခါး ... သာထိ၍ ဗမာမခန့် ပြောလိုက်၏။

'ဒါ စားသောက်စရာရောင်းတဲ့ဆိုင်မဟုတ်ဘူးလား၊ အရက်နဲ့ အမဲသား ဘာကြောင့် အလွယ်ယူလာမပို့ကြသေးတာလဲ'

လုလင်လေးများ အကြောက်ကြောင် ဖြစ်သွားလေသည်။

သူမ ... ကြားသည့်အတိုင်း ဆောင်ရွက်ပေးရမည်မှာ သူ့ ... ဝန် ဖြစ်လေသည်။

သူမအား အရက် အမဲသားဆက်မည်လော ... မြသည်း ... ဝင်း။

www.burmeseclassic.com

www.burmeseclassic.com



အဘွယ်ကြောင့် အရက်မှာကြားရသနည်း ဟူ၍မေးလျှင် ဖြေစရာ မေးစရာအကြောင်းမရှိပေ။

'မော ဘာလုပ်နေတာလဲ မှာတဲ့အတိုင်း မြန်မြန်လုပ်ပေး လိုက်ကြစမ်း'

ကြိမ်းမောင်းသံနှင့်အတူ—

ဆိုင်ရှင်ဖြစ်ဟန်တူသော လူတစ်ယောက် ဝင်ရောက်လာ လေသည်။

အသက်လေးဆယ်ခန့် ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့် ဝတ်ဆောင်စား လို့ ဝတ်ဆင်ထားသူဖြစ်၏။

ဆိုင်လုပ်ငန်းမှူး ဖျာပျစ်သလိုဖြစ်သွားသော သူမမှာကြား သည့်အတိုင်း ယူဆောင်ပေးလိုက်ကြလေသည်။

ဆိုင်ရှင်က တောင်းပန်လိုက်လေ၏။

'ကျုပ်ရဲ့လူတွေ အသုံးမကျတာကို ခွင့်လွှတ်ဖို့တောင်းပန် ပါတယ်၊ မိန်းကလေး လိုအပ်တာရှိရင်ပြောပါ၊ ဘာမှအား မနာပါနဲ့၊ ကျုပ် အားလုံး စီစဉ်ဆောင်ရွက်ပေးပါ့မယ်'

'ကိစ္စမရှိပါဘူး၊ ကျွန်မမှာလိုက်တဲ့ အရက်နဲ့စားစရာရ ပြီးတာပဲ'

သူမသည် ဆိုင်ရှင်အား လုံးဝအမှုမထားဘဲ အရက်အိုး မကာ သောက်ချလိုက်လေသည်။

လူငယ်သည် မိန်းကလေး အရက်သောက်ပုံကိုကြည့်ကာ မျက်လုံးပြူးသွားလေသည်။



မိန်းကလေးအား အထူးအဆန်းဝမ ကြည့်နေကြသူများ လည်း မကြည့်ရဲကြတော့ဘဲ မျက်နှာ လွှဲထားလိုက်ကြလေ သည်။

နတ်သမီးတမျှ ချောမောလှပသော မိန်းကလေးသည် အံ့ ဖွယ်ကောင်းလောက်အောင် စိတ်ကြမ်းကိုယ်ကြမ်း ရှိနေကြ သည် မဟုတ်ပါလား။

သူမသည် အရက် တစ်အိုးလုံး ကုန်အောင် သောက်ချ လိုက်ပြီး အမဲသားပြုတ်ကြော်ကို အားရပါးရ စားသောက်နေ သည်။

BURMESE CLASSIC

လူငယ် ပင့်သက်ရှိုက်လိုက်၏။

'ဒီလောက် ကြမ်းတမ်းတဲ့ မိန်းကလေးကို ဘယ်ယောက်ျားမှ ကွဲ့ပေးရဲကြမှာ မဟုတ်ပါဘူး'

မိန်းမချောလေးမှာ အစမှ ဖမ်းဆီးခြင်းခံရသည့် ကိစ္စကြောင့် ဒေါသထွက်နေခြင်းကြောင့် ထိုမိန်းကလေး အတွက် စိုးရိမ်မိကြလေ သည်။

ယခုတော့

မိန်းမကြမ်းလေး တစ်ယောက် ဖြစ်နေခြင်းကြောင့် စိုးရိမ် ရ မဖြစ်မိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကိုလည်း မကြည့်တော့ဘဲ—

'ငွေလာယူပေါ့'

ဆိုင်လုလင်တစ်ယောက်ကို ခေါ်၍ ကျသင့်ငွေ ပေးချေပြီး ဆိုင်ထဲမှ ထွက်လာခဲ့၏။

သို့သော်—

သူ၏ စိတ်ထဲ၌ မိန်းမလေး ပျောက်မသွားချေ။

ဆိုင်အပြင်ဘက်သို့ ရောက်လျှင် လမ်းဘေးအစ်နေရာ၌ လူနှစ်ယောက်သား ဆိုင်ပေါက်ဝဆီသို့ အကဲခတ် ကြည့်နေကြသည်ကို သတိပြုမိ၏။

ထိုလူနှစ်ယောက်၏ ရုပ်ရည်နှင့် အသွင်ပြင်ကို လှငယ် မနှစ်မြို့နိုင်အောင် ဖြစ်သွားရလေသည်။

'လူကောင်းတွေ မဖြစ်နိုင်ဘူး'

ထိုသို့ တွေးမိသည်နှင့် တစ်ဆက်တည်းပင်—

'မိန်းကလေးတွေကို အဓမ္မဖမ်းဆီးနေတဲ့ လူဆိုးတွေများ ဖြစ်နေမလား၊ တို့—မိန်းကလေးကို ဖမ်းဆီးဖို့ စောင့်ကြည့်နေကြတာများလား'

လှငယ်၏ ခြေလှမ်း တုန့်ခနဲ ရပ်သွားလေတော့သည်။

ထိုအချိန်တွင်—

မိန်းကလေးသည်လည်း ဆိုင်ထဲမှ ထွက်လာသည်ကို တွေ့လိုက်ရလေ၏။

မကောင်းစရာကောင်းသူ နှစ်ယောက်သည် သူမ နောက်သို့ မသိမသာ လိုက်သွားကြလေ၏။



လှငယ် မနေနိုင်တော့ပေ။

'အဲ့တို့မှာ မကောင်းတဲ့ အကြံအစည် တစ်ခုခုတော့ ရှိနေတာ သေချာပြီ'

ချက်ချင်းပင်—

ထိုလူများ နောက်သို့ လိုက်သွားမိလေတော့သည်။

— ၁ —

www.burmeseclassic.com

www.burmeseclassic.com

## ထူးခြားတဲ့ မိန်းကလေး

---

စိတ်ကြွမ်းကိုယ်ကြွမ်းရှိသော မိန်းကလေးသည် လမ်းကြား တစ်ခု အတွင်းသို့ ချိုးကွေ့ ဝင်သွား၍ မြင်ကွင်းမှ ပျောက် ကွယ်သွားလေသည်။

မသင်္ကာစရာကောင်းလှ နှစ်ဦးလည်း ခပ်သွက်သွက် လိုက် သွားကြလေ၏။

လူငယ်သည် မိန်းကလေးတို့ကို မျက်ခြည်ပြတ်သွားမည် စိုးရိမ်၍ လမ်းကြားလေး ဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက် စဉ်မှာပင်....



ထိုလူ နှစ်ယောက်တို့လည်း လမ်းကြားထဲမှ ပြန်ထွက်လာ ကြသည်ကို တွေ့လိုက်ရ၏။

'ဟင်'

လူငယ် ကြောင်အမ်းအမ်းဖြင့် ခြေလှမ်းရပ်သွားလေတော့ သည်။

ထိုလူနှစ်ယောက်သည် လူငယ်အား အမှုမထားဘဲ ပတ်ဝန်း ကျင်ကို ကျိုးကန်း၊ ဝေ့ဝင်းမှာ ကြည့်လိုက်ကြမိလေတော့ သည်။

'ဘယ်ရောက်သွားပါလိမ့်'

'လမ်းကြားထဲ ဝင်သွားတာဗျ'

'အေးလေ…လမ်းကြားထဲမှာ မတွေ့ရဘူး ဆိုတော့'

မိန်းကလေး လမ်းကြားလေးအတွင်းသို့ ဝင်ရောက်သွားခဲ့ သည်ကို လူငယ်လည်း တွေ့မြင်ခဲ့ပါ၏။

မိန်းကလေး ပျောက်ဆုံးသွားသည်မှာ....

လူငယ်က လမ်းကြားလေး အတွင်းသို့ စောင်းငဲ့ကြည့်မိ သည်။

မိန်းကလေး၏ အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

'မိန်းကလေး ဘယ်ရောက်သွားပါလိမ့်'

သူတွေးတောနေစဉ်မှာပင်....

ထိုလူ နှစ်ယောက်က အနီးသို့ ရောက်ရှိလာကြလေတော့ သည်။

'ကောင်လေး… လမ်းကြားလေးထဲက ထွက်လာတဲ့ မိန်း ကလေး တစ်ယောက်ကို မတွေ့မိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



လူငယ် ခေါင်းခါယမ်းလိုက်သည်။

'ဟင့်အင်း...မတွေ့ဘူးဗျ၊ ခင်ဗျားတို့ ဘာကြောင့် သူ့ကို လိုက်ရှာနေကြရတာလဲ'

'မင်းနဲ့မဆိုင်ဘူး'

ထိုလူနှစ်ယောက်သည် မျက်နှာထားတင်းတင်းဖြင့် အောင်ပေါက်ရင်း ထွက်သွားရန် ဟန်ပြင်လိုက်ကြ၏။

ထိုစဉ်...

'မှုင်တို့က ကျွန်မကို လိုက်ရှာနေကြတာမဟုတ်လား'

ချိုလွင်သော စကားသံလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

လူငယ်တို့ လှည့်ကြည့်လိုက်သောအခါ ခါးထောက်၍ ရပ်နေသည့် မိန်းကလေးအား တွေ့လိုက်ရ၏။

ထိုလူ နှစ်ယောက်ကား မိန်းကလေးကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားကြလေသည်။

'တော်ပါသေးရဲ့၊ ငါတို့ ငွေထုပ်လေး ပျောက်မသွားသေးလို့...'

'အလွတ်ပေးလို့ မဖြစ်တော့ဘူးကွ'

နှစ်ယောက်သား ချက်ချင်းရှေ့တိုးသွားကြပြီး မိန်းကလေးအား ဖမ်းဆီးရန် ဟန်ပြင်လိုက်ကြလေ၏။



သူမ နှာခေါင်းရှုံ့လိုက်၏။

'ရှင်တို့ကို ဆုံးမချင်နေတာနဲ့ အတော်ပဲ'

သူမ၏ လက်တစ်ဖက် ဆန့်ထုတ်လိုက်လျှင် ထိုလူနှစ်ဦး၏ ဝါးပြွင်ကို ဘယ်ပြန် ညာပြန် ရိုက်ချမြီးသော ဖြစ်သွားတော့သည်။

'ဖြန်း...ဖြန်း...ဖြန်း'

ထိုလူ နှစ်ယောက် ဒယီးဒယိုင်ဖြင့် ချာချာလည်သွားလေသည်။

လူငယ် ပြုံးလိုက်မိသည်။

မိန်းကလေးအား ခေသူ မဟုတ်ကြောင်း အလင်းအရှား ပေါ်လွင်နေပြီ ဖြစ်ပါသည်။

ထိုလူနှစ်ယောက်သည် မိန်းကလေး၏ လက်သံပြောင်လှသည်ကို တွေ့လျှင် မခံနိုင်ကြတော့ဘဲ ထွက်ပြေးရန် ကြိုးစားလိုက်ကြလေတော့သည်။

'မပြေးနဲ့'

မိန်းကလေးက ထိုလူနှစ်ယောက်အား ဂုတ်ဆွဲ၍ ဆွဲလှန်လိုက်လေသည်။

ထိုလူနှစ်ယောက် ကြောက်လန့်တကြား ဖြစ်နေကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်—ကျုပ်တို့ကို ချမ်းသာပေးပါ'

'ကျုပ်တို့ အစားပါရစေ'

နှစ်ယောက်သား တောင်းပန်လာကြလေသည်။
မိန်းမချောလေး မှုံပြုံးပြုံးလိုက်၏။

'ရှင်တို့ သွားချင်တယ်ဆိုရင် ဘာကြောင့် ကျွန်မတို့ ငွေပေးချင်ကြတယ်ဆိုတာ ပြောပြမှဖြစ်မယ်'

'ကျုပ်—ကျုပ်တို့'

'ရှင်တို့ ပြောမပြဘူးဆိုရင် ကျွန်မလည်း ဘယ်နည်းနဲ့မှ ညှာနိုင်မှာမဟုတ်ဘူး'

ထိုလူနှစ်ယောက် မနေသာတော့ပါချေ။

'ကျုပ်တို့ ငွေလိုချင်ကြလို့ပါ'

'ကျုပ်တို့ကို ချမ်းသာပေးဖို့ တောင်းပန်ပါတယ်'

မိန်းမချောလေး မဲ့ပြုံးပြုံးလိုက်သည်။

'လက်စသတ်တော့ ငွေလိုချင်ကြလို့ကိုး။ ကျွန်မဆီက ငွေလုဖို့ ကြိုးစားချင်ကြတာပေါ့လေ'

ထိုလူနှစ်ယောက် အချင်းချင်းကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်ကြ၏။



'ဟုတ်ပါတယ်ဗျာ'

လူငယ် မနေနိုင်တော့ဘဲ ကြားဝင်ပြောလိုက်၏။

'မဟုတ်ဘူး၊ သူတို့ဟာ မင်းကိုဖမ်းပြီး ရောင်းစားကြမလို့'

ထိုလူနှစ်ယောက်မှာ မိန်းမချောလေးအား ဖမ်းဆီးအရောင်းစားရန် ကြံစည်ခဲ့ကြသည်ကို လူငယ် ရိပ်စားမိလေသည်။

လူငယ်၏စကားကြားလျှင် မိန်းမချောလေး မျက်မှောင်ကြုတ်ကာ လှမ်းကြည့်လိုက်သည်။

ထိုလူနှစ်ယောက်အား မျက်ဖြူဆန်ပြီး ဖြစ်သွားကြလေသည်။

မိန်းမချောလေး နှာခေါင်းရှုံ့ကာ—

'ကျွန်မ ဒီမြို့ကိုရောက်လာတော့ မိန်းမလေးတွေကို အဓမ္မဖမ်းဆီးနေတယ်ဆိုတဲ့ သတင်းကြားခဲ့ရတယ်၊ ဟဲ—ပြောစမ်း ရှင်တို့ဘယ်သူတွေလဲ၊ ဘာကြောင့် မိန်းမလေးတွေကို ဖမ်းဆီးနေရတာလဲ'

ထိုလူနှစ်ယောက် ပြိုင်တူ ခေါင်းခါယမ်းလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့အလိုရှိတာ မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့တတွေ လောင်းအစားဝိုင်းမှာ ရှုံးလာတာတွေကြောင့် ကြံရာမရတာနဲ့ မိန်းကလေးတစ်ယောက်ကို ဖမ်းဆီးပြီး ရောင်းစားကြဖို့ စိတ်ကူးမိခဲ့ကြတာပါ'

လူတို့၏အကြံကို အမှန်အတိုင်း ဝန်ခံလိုက်ကြလေတော့သည်။

မိန်းကလေးက ထပ်မေးလေသည်။

'လူမည်းကြီးဆိုတာ ဘယ်သူလဲ၊ ပြောစမ်းပါဦး'

'သူ...ကတော့ မြို့စွန်မှာနေပါတယ်၊ မကောင်းမှုဒုစရိုက်မှန်သမျှ အကုန်လုပ်ပါတယ်'

'ဒါဖြင့် မိန်းကလေးတွေ အမဲဖမ်းဆီးခံနေရတဲ့ ကိစ္စဟာ လူမည်းကြီးနဲ့ မသက်ဆိုင်ဘူးပေါ့ ဟုတ်လား'

ထိုလူနှစ်ယောက်သည် လူမည်းကြီးအား ကြောက်လန့်နေသည့်အသွင် ဘာမှမပြောတော့ချေ။

လူငယ် မနေနိုင်တော့ဘဲ ဝင်ပြောလိုက်သည်။

'ဒါထက်ပိုပြီး ခင်ဗျားသိကြတာမှ မဟုတ်ပါဘူး၊ သူတို့ကို လွှတ်ပေးလိုက်တာ အကောင်းဆုံးပါပဲ'



မိန်းကလေး ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ ရှင်တို့ သွားကြပေတော့'

ထိုလူနှစ်ယောက် ဝမ်းသာအားရဖြစ်ကာ ထွက်ပြေးသွားကြလေတော့သည်။

မိန်းကလေးသည် လူငယ်ဘက်သို့ လှည့်လိုက်သည်။

'ကဲ...ရှင်သိတာကို ပြောပါ'

'ဗျာ'

'ဟိုလူနှစ်ယောက်က မသိဘူးဆိုရင် ရှင်သိရမယ် မဟုတ်လား'

'ကျုပ်က'

လူမည်းကြီးအကြောင်းကို ရှင်သိရမှာပေါ့'

လူငယ် သက်ပြင်းချလိုက်သည်။

'မိန်းကလေး မှားနေပြီ၊ လူမည်းကြီးအကြောင်းကို သိဖို့ မပြောနဲ့ မြင်တောင်မမြင်ဖူးပါဘူး၊ ကျုပ်ဟာ ဒီအနေမှ ဒီမြို့ကို ရောက်လာတာပါ'

'ဟာ...ရှင်'

မိန်းကလေး မျက်မှောင်ကြုတ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်---ရှင်'

လှငယ်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

'ကျွန်ုပ်ကို ခွင့်ပြုပါဦးဗျ'

'ရပ်လိုက်'

မိန်းကလေးသည် လှငယ်၏ရှေ့၌ ချက်ချင်း လမ်းပိတ်ရပ်လိုက်၏။

လှငယ် ခြေလှမ်းရပ်သွားလေ၏။

မိန်းကလေးက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သည်။

'ရှင် ဒီလိုနဲ့ ထွက်သွားလို့ရမလား'

'ကျွန်ုပ်က'

'ရှင်ငင်ပြောလို့ ဟိုလူနှစ်ယောက်ကို ကျွန်မ လွှတ်ပေးလိုက်တာပဲ၊ ရှင့်ကြောင့်မဟုတ်ရင် လူမည်းကြီးအကြောင်းကို ကျွန်မသိရမှာပဲ'

လှငယ် ပြုံးလိုက်သည်။

'လူမည်းကြီးဟာ မကောင်းမှုမျိုးစုံ ပြုလုပ်တဲ့လူဆိုတော့ စုံစမ်းဖို့မခက်ခဲပါဘူး၊ မြို့ထဲမှာ စုံစမ်းကြည့်လိုက်ရင် သိရမှာပဲ'

မိန်းကလေး မျက်မှောင်ကုပ်သွား၏။

'ကျွန်မကို စုံစမ်းခိုင်းရုံနဲ့ပြီးတော့လား၊ ရှင်ကိုယ်တိုင်လိုက်ပြီး စုံစမ်းပေးရမယ်၊ ဒါမှ ရှင်ဟာ ဟိုလူနှစ်ယောက်နဲ့ မပတ်သက်ဘူးဆိုတာ ကျွန်မလက်ခံနိုင်မယ်'

လှငယ်မှာ လူကောင်းစေတနာဖြင့် ပြန်ကြောင်း ရိပ်မိသွားသည့်တိုင် အကြပ်ကိုင်လိုက်လေသည်။



လှငယ် စိတ်ပျက်သွားလေသည်။

'ကျွန်ုပ်က'

'ရှင် မစုံစမ်းပေးဘူးဆိုရင် ကျွန်မ လျှော့ပေးမှာမဟုတ်ဘူး'

လှငယ် ဘာမှမတတ်နိုင်တော့ပါ။

'ကောင်းပါပြီဗျာ၊ ကျုပ်---လိုက်ပြီးစုံစမ်းပေးပါမယ်'

လူမည်းကြီးအား လိုက်လံစုံစမ်းပေးရန် သဘောတူလိုက်ရလေတော့သည်။

---ο---

www.burmeseclassic.com

## လျှို့ဝှက်ချက်

လမ်းကြားလေး၏အဆုံး၌ အနီရောင်ခေါင်မိုးသုတ်ထားသည့် အိမ်တစ်လုံးရှိနေသည်။

ထိုအိမ်ကလေးမှာ လူမည်းကြီး၏အိမ်ဟု စုံစမ်းသိရှိခဲ့ပြီး ဖြစ်ပါသည်။

လှငယ်နှင့်မိန့်မချောလေးတို့သည် အိမ်ရှေ့သို့ရောက်သွား ကြလျှင် အိမ်တံခါးမှာ ပိတ်ထားသည်ကို တွေ့လိုက်ရလေ သည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် ကြလေ၏။

ထို့နောက်



လှငယ်ကပင် တံခါးခေါက်လိုက်၏။

'ဒေါက် ဒေါက်'

တံခါးခေါက်သံထွက်ပေါ်လာပြီး…

မရှေးမနှောင်းမှာပင်…

'ဘယ်သူလဲ'

ကျယ်လောင်သော မေးမြန်းသံနှင့်အတူ တံခါးပွင့်လာ၍ လူ တစ်ယောက် ထွက်လာလေ၏။

ထိုလူမှာ…

ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင်ရှိပြီး အသားနက်ကြုတ်ကြုတ် ရှိလေသည်။

'လူမည်းကြီးဟာ ဒီလူပဲဖြစ်ရမယ်'

လှငယ် တွေးလိုက်၏။

ထိုလူမှာ မျက်နှာပေါက်ဆိုးဆိုး အသံမာမာရှိလေသည်။
'ဘာကိစ္စလဲ ပြောစမ်း'

အော်ငေါက်မေးမြန်းရင်း မိန့်မချောလေးအား တွေ့မြင် လိုက်လျှင် မျက်နှာထားပြောင်းသွားတော့သည်။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်လာတော့ သလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ကိုယ်လုံးအား သေသေချာချာ အကဲခတ်ကြည့်ရှု လိုက်လေသည်။

သူမ ဒေါပွသွားသည်။

'ရှင်ဟာ မိန်းကလေးတွေကိုဖမ်းပြီး ရောင်းစားနေတာ မဟုတ်လား၊ မှန်မှန်ပြောစမ်း'

သူမ အော်ငေါက်လိုက်သောအခါ လူမည်းကြီး မျက်နှာ ပျက်သွားလေသည်။

'အံမယ် ငါ့ကို အော်လားငေါက်လားနဲ့၊ ဆောချင်ပြီထင် တယ်၊ ဒီမြို့မှာ လူမည်းကြီးဆိုတဲ့ငါ့ကို ဘယ်သူကမှ မအော်ရဲ မငေါက်ရဲကြဘူး'

ပြောရင်း—

ရှေ့တိုးလာသည်။

သူမက အမှုမထားချေ။

'ကျောင်းမေဆိုတဲ့ ကျွန်မက လူမည်းကြီးကို ဂရုမစိုက်လို့ ဆုံးဖြတ်ခဲ့တယ်ဆိုတာ မှတ်ထား'

သူမလည်း ရှေ့တိုးပြီး လက်တစ်ဖက် ဆန့်ထုတ်လိုက်လေ သည်။

'ဖြန်း'



သူမ၏လှုပ်ရှားမှုသည် လျှပ်ပြက်သလို လျင်မြန်လှပြီး လူ မည်းကြီး၏ ပါးပြင်ကို ရိုက်ချပြီးသား ဖြစ်သွားလေသည်။

'ဖော'

ပါးရိုက်ခံရသဖြင့် လူမည်းကြီး အံ့ဩသွားကာ လွှတ်ခနဲ အော်လိုက်လေသည်။

နာကျင်သွားသော ပါးပြင်ကိုလည်း ယောင်ယမ်းကာပွတ် လိုက်မိလေသည်။

ကျောင်းမေက အော်ငေါက်လိုက်သည်။

'မိန်းကလေးတွေကို ဖမ်းပြီး ရောင်းစားနေတာ ရှင်မဟုတ် လား ပြောစမ်း'

လူမည်းကြီး ဒေါပွသွားလေသည်။

'တော် လူမည်းကြီးက မကောင်းတာအကုန်လုပ်မယ်၊ ဒီလို အောက်တန်းကျတဲ့အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူးဆိုတာ မှတ်ထားပါ'

'ရှင်မလုပ်ရင် ဘယ်သူ့လက်ချက်လဲ ပြောစမ်း'

'ဘယ်သူ့လက်ချက်ဖြစ်ဖြစ် ကျုပ်နဲ့မဆိုင်ဘူး၊ မင်းမေးတိုင်း ပြောရမှာလား'

'မပြောရင် ရှင်သေမယ်'

www.burmeseclassic.com

နှစ်ယောက်သား…

အပြန်အလှန် အော်ပေါ်နေကြသည်ကိုကြည့်၍ လူငယ် ပြုံးလိုက်မိသေး၏၊

မိန်းကလေးမှာ ရှပ်ချော့ပြီး သိုင်းပညာမလေ့လာသော့ကို ရွှေရောင်နှင်းလေး တစ်ယောက်ဖြစ်ကြောင်း နှုတ်လည်လိုက် လေသည်။

'ဘယ့်သေမလဲ ကြည့်ကြသေးတာပေါ့'

လူမည်းကြီးက လက်သီးဆုပ်ကြီး နှစ်လုံးဖြင့် ကျောင်းမကို တိုက်ခိုက်လိုက်လေသည်၊

'ဝှီး…ဝှီး'

ပြင်းထန်လှသော လက်သီးထိုးချက်များသည် ကျောင်းမထံသို့ တိုးဝင်သွားလေသည်၊

'ရှင့်ပညာ ဒါအကုန်ပဲလား'

ကျောင်းမက ပွတ်ကနဲသီအောင်ရှောင်တိမ်းရင်း ပြန်လည်တိုက် ခိုက်လိုက်လေသည်၊

သူမ၏ လက်ဝါးရိုက်များသည် လူမည်းကြီး၏ လက်သီး ထိုးချက်ကို ပွတ်ထုတ်ပြီး ပါးသို့ သားချက်ရှိအပြီးသား ဖြစ် သွားလေတော့သည်၊



'ဖြန်း ဖြန်း ဖြန်း'

'အား'

ပါးကွဲသွားမတတ် နာကျင်သွားသဖြင့် လူမည်းကြီး လွတ်ခနဲ အော်ပြီး နောက်ဆုတ်လိုက်လေသည်၊

ကျောင်းမလေး ဆက်၍လက်တို့ကိုနို့ကိ်ုခြင်း မပြုပါချေ၊

လူမသည် ဟန်ပါပါဖြင့် ခါးထောက်၍ပြောလိုက်သည်၊

'ပြောစမ်း မိန်းကလေးတွေကို ဘယ်သူတွေက ဖမ်းဆီးနေ ကြတာလဲ'

လူမည်းကြီး အံကြိတ်လိုက်သည်၊

'ဒီကိစ္စ ကျုပ်နဲ့မဆိုင်ဘူး၊ မင်းသိချင်ရင် ဂမုန်းတောင်ကို သွားမေးကြည့်'

'ဟြော် ဂမုန်းတောင်ရဲ့အဆိုးချက်ပေါ့'

'လူတွေက ဒီလိုပြောနေကြတာပဲ'

'ကောင်းပြီ ဂမုန်းတောင်ကို ကျွန်မသွားမယ်'

ကျောင်းမက လူငယ်ဘက်သို့လှည့်၍ မေးလိုက်လေသည်၊

'ရှင်ရော ဂမုန်းတောင်ကို လိုက်ဦးမလား'

www.burmeseclassic.com



လှငယ် ခေါင်းညိတ်လိုက်သည်။

'မတရားမှုတွေကို တွေ့နေရတာချည်းပဲ၊ လက်ပိုက်ကြည့်နေလို့ မဖြစ်ပါဘူး၊ ဂမုန်းတောင်ကို ကျုပ်လိုက်ခဲ့ပါမယ်'

'ဒါဖြင့် သွားကြမယ်'

ကျင်းမေက ခပ်သွက်သွက် လှမ်းထွက်သွားလျှင် လှငယ် လိုက်ပါသွားရတော့သည်။

'မင်းတို့နှစ်ယောက် ငါ့လက်က ဘယ်နည်းနဲ့မှ မလွတ်ဘူး ဆိုတာ မှတ်ထားပါ'

စာ ကြုံးဝါးလိုက်လေသည်။

ထိုစဉ်—

လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်။

ထိုလူကား—

ဆိုင်လုလင်တစ်ယောက်အသွင် ဝတ်ထား၏။

လှငယ်နှင့် ကျင်းမေတို့ထံ ရှိနေကြမည်ဆိုလျှင် စားသောက်ခဲ့ကြသောဆိုင်မှ ဆိုင်လုလင်တစ်ယောက်ဖြစ်ကြောင်း သိရှိသွားကြမည်ဖြစ်လေသည်။

ဆိုင်လုလင်သည် လူမည်းကြီး၏ရှေ့သို့ရောက်လျှင် လက်ဝါးဖြန့်လျက် ငွေတောင်းလိုက်၏။



'ကဲ—ကျုပ်အတွက် ရသင့်ရထိုက်တာ ပေးပေတော့'

လူမည်းကြီး မချော့မနပ် ဖြစ်သွား၏။

'ဘာကွ၊ မင်းကို ဘာပေးရမှာလဲ'

'ငွေ—ငွေပေါ့ဗျာ၊ ခင်ဗျားပဲ စားသောက်ဆိုင်ကို မိန်းမချောလေးတွေရောက်လာရင် စား၊ သောက် စရာ တွေ ထဲမှာ ဆေးခတ်ဖို့ ကျုပ်ကို မှာထားတယ် မဟုတ်လား၊ ခုတော့ မိန်းမလေးသောက်ခဲ့တဲ့ အရက်ထဲမှာ ကျုပ်က ခဗျားပေးတဲ့ဆေးကို ခတ်ထားလိုက်တယ်လေ၊ ဒါကြောင့် ကျုပ် အတွက် ဆောင်ရွက်ခပေးသင့်တာပေါ့'

လူမည်းကြီး၏ဒေါသများ တစ်မုဟုတ်ချင်း ပြေပျောက်သွားတော့၏။

'ကောင်းတယ်၊ မင်းသိပ်ခက်တယ်—ရော့'

ချီးကျူးစကားပြောရင်း ငွေစက္ကူတစ်စောင် ထုတ်ပေးလိုက်သည်။

ဆိုင်လုလင် ဝမ်းသာအားရ ဖြစ်သွား၏။

'ခင်ဗျားအတွက် ချောပေလှပေ မိန်းမလေးတွေကြည့် ထားလိုက်ဦးမယ်၊ ကဲ—ကျုပ်သွားပြီ'

www.burmeseclassic.com

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားတော့၏။

လူမည်းကြီးလော ဆိုင်လုံအောင်အား အမှုမထားဘဲ ရှောင်းမေတို့ ထွက်သွားရာနေ ကိုသို့ ပြေးလွှားလိုက်ပါလေ့သွား ေသည်။

ဂမုန်းတောင်—

ဂမုန်းတောင်သည် နှန်းချောင်းမြို့၏ မြောက်ဘက်၌တည် ရှိ၏။

ဂမုန်းပင်အမျိုးပေါင်းတစ်ရာကျော်ပေါက်ရောက်လျက်ရှိ ပြီး ဂမုန်းပင်များသည် တောကြီးတစ်ခုပမာ တောင်ကုန်း တစ်ခုလုံးကို ဖုံးလွှမ်းထားသောကြောင့် ဂမုန်းတောင်ဟု အစွဲပြုကာ ခေါ်ကြခြင်း ဖြစ်သည်။

ဂမုန်းတောင်ပေါ်၌ ထင်းယန်းဟု အမည်ရှိသော သိုင်း အသင်းအဖွဲ့တစ်ခု တည်ရှိခဲ့သည်။



ဂမုန်းတောင် ထင်းယန်းဂိုဏ်းသည် သိုင်းပညာ ထင်ပြီး အများအကျိုး သိုင်းလောကအကျိုး ဆောင်ရွက်သဖြင့် နာ မည်ကြီးလေသည်။

နှန်းချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်၌ မိန်းကလေးများ အမွေဖမ်းဆီးခံနေရသည့် ကိစ္စများမှာ ထင်းယန်းဂိုဏ်းနှင့်ပတ် သက်နေသည်ဟု ပြောဆိုနေကြသဖြင့် ထူးဆန်းသောကိစ္စ တစ်ခု ဖြစ်လေသည်။

ကျောင်းမနှင့်လူငယ်တို့သည် ဂမုန်းတောင်သို့ ဦးတည်ကာ ခရီးနှင်လာခဲ့ကြရာမှ မြို့ပြင်တောအုပ်သို့ ရောက်မိလေ သည်။

ထိုအချိန်တွင် အနောက်ဘက်မှ ပြေးလွှားလာသော ခြေ သံများ ကြားလိုက်ရသဖြင့် နှစ်ယောက်သား လှည့်ကြည့်လိုက် ကြသောအခါ လူမည်းကြီး ဦးဆောင်သောလူစု ဖြစ်နေသည် ကို တွေ့လိုက်ရသည်။

လူမည်းကြီးသည် သူ၏ တပည့်ဆယ်ပန်းများကိုခေါ်ဆောင် ကာ လိုက်လာကြခြင်း ဖြစ်သည်။

ရှောင်းမေ မဲ့ပြုံးပြုံးလိုက်၏။

'ပါးရိုက်ဆုံးမခဲ့တာကိုတောင် မမှတ်သေးပဲ၊ သိုက်လာကြ တာ သေချင်လို့ပဲဖြစ်ရမယ်'

သူမသည် ခါးထောက်၍ ရပ်စောင့်နေလိုက်သည်။

www.burmeseclassic.com



လူငယ် စိတ်ပျက်သွား၏။

သို့သော်—

ဘာမျှမပြောပဲ အခြေအနေကို စောင့်ကြည့်နေလိုက်လေသည်။

လူမည်းကြီးတို့လူစုမှာ ချက်ချင်းပင် အနီးသို့ရောက်ရှိလာကြပြီး ကျောင်းမနှင့်လူငယ်တို့အား ဝိုင်းရံထားလိုက်ကြလေသည်။

ကျောင်းမက လူမည်းကြီးအား စိုက်ကြည့်လိုက်သည်။

'ဒါက ဘာလုပ်တာလဲ၊ ရှင် သေချင်ပြီထင်တယ်'

လူမည်းကြီး ဟားတိုက်ရယ်မောလိုက်၏။

'ဟာ ဟား ဟား၊ မင်း ဘယ်လောက်ကြာကြာ ခေါင်းမာနိုင်မလဲဆိုတာ ကျုပ်သိချင်သေးတယ်'

'ဪ'

ကျောင်းမ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ကောင်းပြီ၊ ရှင် ဘယ်လောက်စောင့်နိုင်မလဲ ကြည့်ကြသေးတာပေါ့'

လူမ ရှေ့တိုးသွားသည်နှင့် လူမည်းကြီးက လက်ကာ တားလိုက်သည်။



ဤတွင်—

'ယား'

လူမည်းကြီး၏ တပည့်တပန်း လူမိုက်များသည် ညာသံပေးကာ ဝိုင်းတိုက်ခိုက်လာလေသည်။

ကျောင်းမကား အမှုမထားဘဲ လက်ဝှေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်လျှင်—

'ဝုန်း'

'အား'

'အမယ်လေး'

ဆူညံသော အော်ဟစ်သံများ ထွက်ပေါ်လာကာ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

လူမည်းကြီး ဒေါပွသွား၏။

'မဟာ ကောင်တွေ၊ မင်းတို့ကို ငါဘာပြောထားသလဲ'

ထိုအခါ

သူ၏လူများသည် လက်နက်ကိုယ်စီကိုင်ဆွဲကာ ချက်ချင်း ရှေ့တိုးလာကြပြန်လေသည်။

ယခုတစ်ကြိမ် အမှုးရှူးထိုး ဝင်ရောက်တိုက်ခိုက်လာကြခြင်း မရှိတော့ပဲ ချဉ်း

www.burmeseclassic.com

www.burmeseclassic.com



သားကောင်ချောင်းကြည့်နေသော မုဆိုးများပမာ ဝိုင်းဝန်း ကာ တိုက်ခိုက်ရန် ချောင်းမြောင်းလိုက်ကြသည်။

ကျင်းမေ စိတ်မရှည်နိုင်တော့ ဖြစ်သွားလေသည်။

'ရှင်တို့ ဒီလို ချောင်းမြောင်းနေတော့မှာ အနိုင်ရမယ် များ ထင်နေလို့လား'

သူမ ရှေ့တိုးသွားပြီး လက်ဝှေ့ယမ်းကာ တိုက်ခိုက်လိုက် သည်။

လူမည်းကြီး၏ တပည့်များကလည်း ချက်ချင်း ဆီးကြို တိုက်ခိုက်လိုက်ကြသည်။

ယခုတစ်ကြိမ်တွင် ကျင်းမေ လွတ်မသွားအောင် ဝိုင်းထားကြပါသော်လည်း ထိပ်တိုက်ရင်ဆိုင်ခြင်းမျိုး မပြုကြပါ ချေ။

ကျင်းမေ ရှေ့တိုးလာသည်နှင့် ညာသံပေးကာ ဆီးကြိုပြီး တိုက်ခိုက်လိုက်ကြပြီး ချက်ချင်းပင် နောက်ဆုတ်လိုက်ကြလေ သည်။

ကျင်းမေမှာ အရှေ့ဘက်မှလူအား တိုက်ခိုက်ရန် ဟန်ပြင် လိုက်လျှင် သူမ၏အနောက်ဘက်မှလူက အလစ်ဝင် တိုက်ခိုက် လိုက်သည်။

ကျင်းမေက အနောက်ဘက်သို့ လှည့်လိုက်လျှင် အရှေ့ဘက် မြောက်ဘက်မှ ဝင်တိုက်လိုက်ကြသည်။



လူငယ်သည် တိုက်ပွဲကိုကြည့်ကာ ချက်ချင်းမှင်သက်သွား သည်။

'လူမည်းကြီးရဲ့လူတွေဟာ မိန်းမလေး မပန်းသွား အောင် လုပ်နေကြတာပဲ၊ အကြောင်းရှိလိမ့်မယ်'

နံဘေးမှ အကဲခတ်နေသော လူငယ်က လူမည်းကြီးတွင် အကြံအစည်တစ်ခု ရှိနေပြီဟု ရိပ်မိသော်လည်း ကိုယ်တိုင် ရင်ဆိုင်နေသည့် ကျင်းမေမှာ သတိမပြုမိခဲ့ချေ။

လူမည်းကြီး၏လူများ ရှေ့တိုးနောက်ဆုတ် လုပ်နေကြ သည်ကို မချင့်မရဲဖြစ်လာပြီး—

'ဒီလောက်တောင်ရှိလှတာ၊ ရှောင်နိုင်ရင် ရှောင်ကြပေ တော့'

လက်နှစ်ဖက် ဝှေ့ယမ်းပြီး တချက်ကြမ်း တိုက်ခိုက် ပစ်လိုက် သည်။

'ဟူး၊ ဟူး၊ ဟူး'

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့ သည်။

ကျင်းမေမှာ ရှိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားသွား၍ ဝိုင်းထားသော သူများ၏ လက်ထဲမှ ဓားတိုများ လွင့်ထွက်ပြီး ထိုသူများအား ဓား၀ါးဖြင့် ရိုက်ချ၍ လည်းကောင်း...

www.burmeseclassic.com

ခြေထောက်ဖြင့် ဆိန်ကျောက်၍ လည်းကောင်း မရပ်မနား တရစပ် တိုက်ခိုက်ဖက်လိုက်၏။

'အား'

'အွန့်'

'အမယ်လေး'

လူမည်းကြီးမှာ ဖရိုဖရဲ လွင့်စင်သွားလေတော့၏။

ကျောင်းမေ မဲ့ပြုံး ပြုံးသည်။

'ကဲ… ရှင်တို့ ဘာဆက်နိုင်ကြသေးလဲ'

လူမည်းကြီးသော ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိသည့်အပြင် အလောတကြီး ရယ်မောလိုက်၏။

'တော်တယ်… မိန်းကလေး သိပ်တော်တယ်၊ ကျုပ်ဟာ တော်ရုံတန်ရုံ လူလို့ အရှုံးပေးချင်တာ မဟုတ်ဘူး၊ မိန်းကလေးနဲ့ ကျုပ် ပညာချင်း ပြိုင်ရအောင်'

ကျောင်းမေ နှာခေါင်းရှုံ့လိုက်၏။

'ရှင်ဟာများ ကျွန်မကို ယှဉ်ချင်သေးသလား'

လူမည်းကြီး ပခုံးတွန့်လိုက်သည်။



'ကျုပ်ဟာ လွယ်လွယ်နဲ့ ဘယ်အရှုံးပေးချင်ပါ့မလဲ၊ ကျုပ်တို့ အတွင်းအား ပညာကို အဓိကထား လေ့ကျင့် ထားတာ ကြောင့် ကျုပ်တို့ အတွင်းအားပညာ ယှဉ်ပြိုင်ကြရင်မကောင်း ဘူးလား'

ကျောင်းမေ မဖြေပါချေ။

'ကျွန်မက ဘာကြောင့် မယှဉ်ရဲရမှာလဲ'

လူမည်းကြီး သဘောကျသွားပြီး မလှမ်းမကမ်း၌ ရှိနေသော ကျောက်တုံးကြီး တစ်တုံးအား ညွှန်ပြ လိုက်လေတော့သည်။

'ဟိုရှေ့က ကျောက်တုံးကြီးကို ကွဲအက်ကြေမွသွားအောင် ကျုပ်ရဲ့ လက်ဝါးနဲ့ ရိုက်ချပြမယ်၊ မိန်းကလေးရော လုပ်နိုင်ပါ့မလား'

'ကျွန်မ ဘာကြောင့် မလုပ်နိုင်ရမှာလဲ'

စိတ်မြန်လက်မြန် ရှိသော ကျောင်းမေသည် ကျောက်တုံးကြီး ဆီသို့ လှမ်းသွား၍ လက်ဝါးဖြင့် ရိုက်ချပစ်လိုက်လေတော့သည်။

'ဝုန်း'

ကျယ်လောင်သော အသံ ထွက်ပေါ်လာ၍ ကျောက်တုံး ကြီး ကွဲအက် ကြေမွသွားတော့၏။

လူငယ် သက်ပြင်းချသည်။

'ဒီမိန်းမလေးဟာ ငယ်ငယ် ရွယ်ရွယ်နဲ့ အတွင်းအားကောင်းလှချည်လား'

ကျောင်းမေအား ကြိုတ်၍ ချီးကျူးမိလိုက်၏။

'တား...ဟား...အား'

လူမည်းကြီး ရယ်မော၏။

'မိန်းကလေးရဲ့ အတွင်းအားကောင်းပုံတွေ စံနမူနာပြပါ၊ ဟိုသစ်ပင်ကြီး လဲပြိုသွားအောင်ရော အတွင်းအား သုံးပြီး ရိုက်လို့ ဖြစ်ပါ့မလား'

သစ်ပင်ကြီး တစ်ပင်ကို ညွှန်ပြ၍ မေးမြန်း၏။

ကျောင်းမေ မဲ့ပြုံး ပြုံး၏။

'ဘာကြောင့် မဖြစ်နိုင်ရမှာလဲ'

လူမသည် ခြေသံပြင်းပြင်း နင်း၍ သစ်ပင်ကြီးဆီသို့ လှမ်းသွားလိုက်လေ၏။

လူငယ် မနေနိုင်တော့ပါ။

'ညီမ... သူပြောသလို မလုပ်နဲ့၊ ညီမကို အစော်ကားနေတာ'

ဟူ၍ အော်ဟစ်ပြောလိုက်မိတော့၏။



လူမည်းကြီး ဒေါပွသွားသည်။

'ဟိတ်... ကိုယ်နဲ့ မဆိုင်ရင် ဝင်မရှုပ်နဲ့၊ ငြိမ်ငြိမ်သာ နေစမ်း'

လူငယ်ကို အော်ငေါက်ပြီး ကျောင်းမေဘက်သို့ ပြန်လှည့်၍ ပြုံးပြလိုက်၏။

'မိန်းကလေးသာ သစ်ပင်ကြီးကို ရိုက်လှဲပစ်နိုင်မယ် ဆိုရင် ကျုပ်ယှဉ်ပြိုင် မနေတော့ပါဘူး၊ မိန်းကလေးကို အရှုံးပေးလိုက်ပါ့မယ်'

ကျောင်းမေ တွေဝေသွားသည်။

လူငယ်သတိပေးလိုက်ခြင်းကြောင့် အကြံအစည်ဆစ်ခုခုဖြင့် မိမိအား နိုင်းစေနေခြင်း ဖြစ်ကြောင်း မတွေးမိသေးလေတော့သည်။

လူမသည် မဲ့ပြုံး ပြုံးလိုက်၏။

'သစ်ပင်ကြီးအစား ရှင့်ကိုပဲ ရိုက်လှဲပစ်မယ်'

လက်တစ်ဖက်ကို မြှောက်၍ လှမ်းသွားရန် ဟန်ပြင်လိုက်သည်။

လူမည်းကြီး ကြောက်၍ ထိတ်လန့်၍ ချက်ချင်းထွက်ပြေးသွားလေတော့သည်။

၀ ၀ ၀

www.burmeseclassic.com



လူဆန်ကြီးနှင့် သူ၏လူများ ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

ကျောင်းမေ ရယ်မောလိုက်သည်။

'သူတို့ နေခဲ့ထိပ် မဆောရဲတော့ပါဘူး'

လူငယ်က ဘာမှ မပြောဘဲ နေလိုက်၏။

ကျောင်းမေသည်လည်း ဘာကိုမှ အမှုမထားဘဲ—

'ကဲ…ဂမုန်းတောင်ကို သွားရအောင်'

ရေ ခရီးသာ ဖိဖိသာ စိတ်ချနေပြီး လှမ်းထွက်သွားလေသည်။

လူငယ်သည်၊ လိုက်လာသည်။

နှစ်ဦးသားသည် ထမင်း တစ်အိုးကျက်ခန့် အချိန်ကြာမျှ ခရီးနှင်ပြီးလျှင်—

ဂမုန်းပင်များ ဝေဝေဆာဆာ ရှိနေသည့် ဂမုန်းတောင် ခြေရင်းသို့ ရောက်ရှိသွားကြလေ၏။

ကျောင်းမေက လူငယ်ကို ပြောသည်။

'ကဲ…ရှင် ဒီမှာ နေရစ်ခဲ့ပေတော့'

လူငယ် မျက်မှောင်ကုတ်သွားသည်။

'ကျုပ်တောင်ပေါ်ကို လိုက်လို့ မရဘူးလား'



သူမ ခေါင်းခါယမ်းလိုက်သည်။

'ရှင်မလိုက်ပဲနေတာ ကောင်းတယ်၊ တောင်ပေါ်မှာ အန္တရာယ် ရှိနိုင်တယ်၊ ပြီးတော့ ရှင်နဲ့ ကျွန်မ သိကျွမ်းကြတာလည်း မကြာသေးဘူး…'

'တစ်နေ့တစ်ခု ဖြစ်ခဲ့ရင် ရှင့်အတွက် ကျွန်မ တာဝန်ယူချင်မှ ယူနိုင်လိမ့်မယ်'

လူငယ် ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်အတွက် ကျုပ်ဘာသာ တာဝန်ယူနိုင်ပါတယ်၊ ကျုပ်နာမည် ပုထင်းလို့ ခေါ်ပါတယ်၊ မှတ်ထားပါ'

ကျောင်းမေ မျက်မှောင်ကုတ်သွားသည်။

လူငယ်(ဝါ) ပုထင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးမှ မေးလေသည်။

'ရှင် သိုင်းပညာတတ်တယ် မဟုတ်လား'

ပုထင်း ခေါင်းညိတ်လိုက်၏။

'အနည်းအကျဉ်းတော့ တတ်ပါတယ်'

'ကောင်းပြီ…ရှင်ဟာ မိန်းကလေးတွေ အဖမ်းခံနေရတဲ့ ကိစ္စကို ဖော်ထုတ်မယ်လို့ စိတ်ကူးထားတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်… ဒါပေမယ့် ကျုပ်စိတ်ထဲမှာတော့ ဂမုန်းတောင်ရဲ့ လက်ချက် မဟုတ်ဘဲ တစ်စုံတစ်ယောက်က ဂမုန်းတောင် ထင်းယန်းကိုင်း နာမည်ပျက်အောင် လုပ်ကြံ ဖန်တီးနေတယ်လို့ ယူဆမိလို့ပါ'

ကျင်းမေ အံ့သြသွားလေသည်။

'ရှင်က ဂမုန်းတောင်ရဲ့ လက်ချက် မဟုတ်ဘူးလို့ ယုံကြည်ထားတယ် ဟုတ်လား'

ပုထင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

'ဒီကိစ္စပြောဖို့ စောပါသေးတယ်'

'ရှင်က…'

ကျင်းမေသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ မပြောတော့ဘဲ…

'ဂမုန်းတောင်ပေါ်ကို ရောက်ရင် ရှင်းရှင်းလင်းလင်း ဖြစ်သွားမှာပါ'

သူမသည် ပုထင်းလိုက်လာသည် ဖြစ်စေ မလိုက်သည် ဖြစ်စေ မည်သို့မျှ အမှုမထားတော့ဘဲ ဂမုန်းတောင်ပေါ်သို့ တက်သွားလေ၏။

ပုထင်းလည်း လိုက်သွားလေသည်။



ဂမုန်းတောင်ပေါ်သို့ တက်သွားကြပြီး မကြာမီ…

'ရပ်လိုက်'

ဟန့်တားသံနှင့်အတူ ဂမုန်းပင်များကြားမှ ထင်းယန်းကိုင်း ဓားများ ထွက်ပေါ်လာ၍ လမ်းပိတ် ဟန့်တားလိုက်သည်ကို တွေ့မြင်လိုက်ရလေတော့သည်။

—။—

www.burmeseclassic.com

ချယ်ရီ မိန်းမဆိုး

---

ထင်းယန်ဂိုဏ်းသားများသည် ဂမုန်းပင်များကြားမှ ထွက်ပေါ်လာ၍ ပုထင်းနှင့် ကျောင်းမေတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

ကျောင်းမေ ပြုံးလိုက်လေသည်။

'ထင်းယန်ဂိုဏ်းသားလူတွေ ရောက်လာတာ ထင်တာပဲ၊ ကဲ—ရှင်တို့ ဂိုဏ်းချုပ်ကို ခေါ်လိုက်စမ်းပါ၊ ကျွန်မ အချိန်ကုန်မခံနိုင်ဘူး'

ပုထင်း စိတ်ပျက်သွားလေ၏။



ကျောင်းမေသည် စိတ်မြန် လက်မြန်ရှိပြီ၊ မည်သူ့ကိုမျှ အမှုမထားသည့် သဘောရှိနေသည်မှာ အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ရှိနေသည် မဟုတ်ပါလော။

ထင်းယန် ဂိုဏ်းသားများကို ဦးဆောင်လာသူ ဖြစ်ဟန်ရှိသည့် နှုတ်ခမ်းမွှေးထူထူနှင့်လူက ရှေ့သို့ လှမ်းထွက်လာလေ၏။

ထိုလူသည် ကျောင်းမေအား ခြေဆုံး ခေါင်းဆုံး ကြည့်၍ တည်ကြည်သော မျက်နှာထားဖြင့် ပြောလေ၏။

'မိန်းကလေး ဘယ်သူလဲ၊ ဘာကြောင့် ဂမုန်းတောင်ပေါ်ကို အလည်လာရသလဲဆိုတာ ပြောပါ'

ကျောင်းမေ ခါးထောက်လိုက်၏။

'ထင်းယန်ဂိုဏ်းကို ဆုံးမဖို့ လာခဲ့တာပေါ့၊ ကျွန်မက အချိန်ကုန်ခံပြီး လာခဲ့မယ်များ ထင်နေလား'

'မိန်းကလေး မော်ကားလှချည်လား'

နှုတ်ခမ်းမွှေးထားထားရှိသူမှာ ဂမုန်းတောင်ပေါ်သို့တက်သည့် လမ်း၌ စောင့်ကြပ်ရသော အဖွဲ့၏ ခေါင်းဆောင် ဂုတိုး ဆိုသူ ဖြစ်၏။

www.burmeseclassic.com



နှံ့အောင်ပြီး မိန်းကလေးများ၊ အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားခြင်း ခံရသည့် ကိစ္စများနှင့် ပတ်သက်၍ ဂမုန်းတောင်အပေါ် ထိုင်းလေသားများတော့ အားရှိစိုက်လောကြ ...သောကြောင့် ဂမုန်းတောင် လုံခြုံရေးကို အထူးပင် ဂရုစိုက် စောင့်ကြပ်နေရခြင်း ဖြစ်လေ၏။

စုတိုးသည် ကျောင်းစမအား သည်းခံနေသော်လည်း ခေါ်အားမောင်တော့ ခြေဖလှားလေသောအခါ ဆက်၍ သည်းမခံနိုင်တော့ပဲ....

'ဆုံးမလိုက်ကြစမ်းဟေ့'

ယူ၏လူများအား၊ အမိန့်ပေးလိုက်သလို သူကိုယ်တိုင်လည်း ဝင်ရောက် တိုက်ခိုက်လိုက်၏။

ကျောင်းစမ မဲ့ပြုံး ပြုံးသည်။

'ရှင်တို့ ဘာတတ်နိုင်မှာမို့ လဲ'

လက်ဝှေ့ယမ်း၍ ဆီးကြိုတိုက်ခိုက်လိုက်၏။

ညီး

ပုသိမ်သား လှမ်းပြီး သတိပေးလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။



ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြလျှင်—

'ဖုန်း'

'အား'

'အမယ်လေး'

ဆူးရှိသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာ၍ ထင်းယန်ကိုကျောင်းသားတို့ ဖရိုဖရဲ ပြစ်သွားကြလေတော့၏။

စုတိုး ခံပြင်းသွားသည်။

'သတိထား'

ခါးအစ်ကြား ဆွဲထုတ်၍ ဝှေ့ယမ်းတိုက်ခိုက်လိုက်လေတော့သည်။

'ဝှစ် ဝှစ် ဝှစ်'

ဝင်းလက် တောက်ပသော ဓားရောင်များ ထွက်ပေါ်လာပြီး ဓားရိပ်တို့သည် ကျောင်းစမအား ဖုံးလွှမ်း သွားလေတော့သည်။

စုတိုး၏ သိုင်းပညာ မခေကြောင်း ထင်ရှားပေါ်လွင်လာသည်။

သို့သော်....

ကျောင်းလ အား မည်သို့မျှ ယှဉ်၍ မရနိုင်ကြောင်း ပုထင်း နှိပ်မိလေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ပညာ ဒါအကုန်ပဲလား'

ကျောင်းမေ၏အသံ ထွက်ပေါ်လာ၍—

'ဟုန်း'

ခါးရိုးမျာ၊ ပျော့အိကွယ်သွားပြီး စုတိုး အငေးသို့လွင့်စင်သွားလေတော့သည်။

ကျောင်းမေ ရယ်လိုက်သည်။

'ဂမုန်းတောင်ကလူတွေ ဘာမှလဲ အသုံးမကျပါလား'

ထိုစဉ်—

'ဂမုန်းတောင်ကို အသုံးမကျတူးလို့ ပြောတာ ဘယ်သူလဲကွ'

ကျယ်လောင်သော စူးရှသံနှင့်အတူ လူရိပ်တစ်ခု ရိပ်ခနဲရောက်ရှိလာ၏။

ထိုလူရောက်လာသည့် လေအရှိန်ကား မုန်တိုင်းတိုက်ခတ်သကဲ့သို့ ရှိနေရကား၊ ကျောင်းမေနှင့် ပုထင်းတို့ အပျာအယာနောက်ဆုတ်လိုက်ကြ၏။

စုတိုးနှင့် ထင်းယန်ဂိုဏ်းသားများလည်း နောက်ဆုတ်ကြသည်။

ဂမုန်းပင်များ ယိမ်းနွဲ့သွားသည်။



ဖုန်များ သဲများ ဝဲလူပျံသွားသည်။

လေငြိမ်သွားသော အခါ လူဝကြီး တစ်ဦး ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

ထိုလူဝကြီးကား—

အရောင် တောက်ပသော ပိုးဖဲစများဖြင့် ချုပ်ထားသည့် ကြွေးကျူးတျူ အဝတ်အစားကို ဝတ်ဆင်ထားသောလူ သည်။

လက်ထဲ၌ ယပ်တောင် တစ်ချောင်း ကိုင်ထားပြီး ချစ်ခင်နှစ်လိုဖွယ် ရုပ်သွင်ရှိ၏။

ပုထင်းသည် ထိုလူဝကြီးအား မြင်လျှင် မြင်ချင်း သဘောကျသွားလေ၏။

လူဝကြီးသည် ပျော်ပျော် နေတတ်ပြီး သဘော မနောကောင်းသူ ဖြစ်မည်ဟု ယုံကြည်မိ၏။

လူဝကြီးရောက်လာသည်ကို မြင်လျှင် စုတိုးတို့ ဦးညွှတ်ဂါရဝပြုလိုက်ကြ၏။

'ဂိုဏ်းမှူးကြီး ဓါဖုးကို ဂါရဝပြုပါတယ် ခင်ဗျာ'

ကျောင်းမေသည် လူဝကြီး၏ ပုံပန်းသဏ္ဌာန်ကိုကြည့်၍ ရယ်လိုက်ကြလေ၏။

လူဝကြီး ဓါဖုံးက ကျောင်းမေကို ကြည့်သည်။

www.burmeseclassic.com



'ဂမုန်းတောင်ကို အသုံးမကျဘူးလို့ပြောတာ မိန်းကလေး လား'

လှမကာ ရယ်လိုက်သည်။

'မှတ်မိပါတယ်ရှင်၊ ဂမုန်းတောင် လူတွေ အသုံးမကျလို့ မကျဘူးပြောလိုက်တာပေါ့ရှင်'

ဝါဖိုး ခေါင်းခါယမ်းလိုက်၏။

'မိန်းကလေး မှားနေပါပြီ၊ ဂမုန်းတောင် ထင်းယန်ကိုတ်ကို သိုင်းလောကအ တစ်ခုလုံး လေးစားကြောက်ရွံ့ကြတယ်၊ မိန်းကလေး အားကို အချိန်မီ ပြန်မြင်လိုက်ရင် ကောင်းပါလိမ့်မယ်'

လှမခေါင်းထောင်လိုက်သည်။

'ကျွန်မ စာအားကို ပြန်မြင်စေချင်ရင် ဂမုန်းတောင်အသုံး ကျတယ်ဆိုတာကို လက်တွေ့ပြမှ ဖြစ်မှာပေါ့ရှင်'

'မိန်းကလေး တော်တော်ဆိုးပါလား'

'ဟင်း...ဟင်း...သိုင်းလောကသားတွေက ကျွန်မကိုချယ်ရီ မိန်းမဆိုးလေးလို့ ခေါ်ကြတာ အကြောင်းမဲ့မှ မဟုတ်တာပဲ ရှင်'

ဝါဖိုး ခေါင်းညိတ်သည်။

'လက်စသတ်တော့...ချယ်ရီမိန်းမဆိုးလေးဆိုတာ မင်းကိုး၊ မင်းရှိနေမယ့် သိုင်းလောကမှာ အကောင်းသတင်းနေတာပဲ၊ ချယ်ရီ သီလရှင်တာ မင်းရဲ့ဆရာဆိုတာ အမှန်ပဲလား'



လှမ ခေါင်းခါယမ်းသည်။

'ကျွန်မအကြောင်းပဲ ပြောတာ ကောင်းမယ်၊ ချယ်ရီသီလ ရှင်အကြောင်းထည့်ပြောစရာ ဘာမှ အကြောင်း မရှိပါဘူး ရှင်'

ဝါဖိုး သက်ပြင်းချသည်။

'ချယ်ရီသီလရှင်တာ ခုချိန်ထိ မှန်ပေမယ့် သိုင်းလောက ကို အကျိုးပြုခဲ့တဲ့ ထိပ်သီး သိုင်းသမားကြီး၊ တစ်ခါတုန်းက လေးစားစရာ ကောင်းပါတယ် မိန်းကလေးကတော့...'

'ကျွန်မသာ ဂမုန်းတောင်ကို ဖျက်ဆီးချေမှုန်းပစ်မယ့်လူဆို တာ မှတ်ထားပေါ့ရှင်'

'မင်း'

ဝါဖိုး မကျေမနပ် ဖြစ်သွားသည်။

ကျိုင်းမေ ရယ်လိုက်၏။

'ရှင်း...မယုံဘူးလား'

ဝါဖိုး သက်ပြင်းချသည်။

'အောင်မြင်လေ...မိန်းကလေးအားနဲ့ ကျုပ်ကိုတွေ့ဖြတ် သွားနိုင်တယ် ဆိုရင်တော့ မိန်းကလေး အတော်ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်—ရှင်သတိထားပေတော့'

ကျင်းမသည် ဘာကိုမှ အမှုမထားဘဲ ဝါဖုံးထံသို့ လျှပ်တပြက် ခုန်စင် တိုက်ခိုက်လိုက်၏။

'ညီမ'

ပုထင်း ဟန့်တားဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်၏။

လူဝကြီး ဝါဖုံးက အသက်ပြင်းပြင်း ရှူရှိုက်၍ လက်ဝါး ဆန့်ထုတ်ကာ ဆီးကြို တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိသည်နှင့်—

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၍ လူဝကြီး ဝါဖုံး ဒယီးဒယိုင်ဖြင့် နောက်သို့ ဆုတ်လိုက်ရ၏။

ကျင်းမလည်း နောက်ဆုတ်လိုက်သည်။

ဝါဖုံး သက်ပြင်းချလိုက်၏။

'မိန်းကလေးရဲ့ သိုင်းပညာ မဆိုးပါဘူး ဒါပေမယ့် ကျုပ်ကို ကျော်ဖြတ်သွားဖို့ဆိုတာ မဖြစ်နိုင်သေးဘူး'

ကျင်းမေ ခေါင်းညွှတ်သွားသည်။

'ရှင့်ကို ကြောက်နေရမှာလား'

ကျင်းမသည် ဝါဖုံးထံ ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်—



သူမ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၍—

'ဝုန်း'

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားတော့၏။

'ဟင်'

ပုထင်း ရင်ထိတ်သွားသည်။

ဝါဖုံးလည်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

'မိန်းကလေး ဘယ်လို ဖြစ်သွားတာလဲ'

ကျင်းမ မည်သို့ ဖြစ်သွားသည်ကို ပုထင်းရော ဝါဖုံးပါ နားမလည်နိုင်အောင် ဖြစ်နေပုံရ၏။

သူမမှာ မြေပေါ်မှ ထူးလိမ့်ထလိုက်သော်လည်း မဟန်နိုင်ဘဲ ဒယီးဒယိုင် ဖြစ်နေ၏။

ဝါဖုံး ပြုံးလိုက်၏။

'မိန်းကလေးကို ထင်းယန် ဂိုဏ်းချုပ်ဆီကို ခေါ်သွားချင်တယ်၊ လိုက်ခဲ့ရင် ကောင်းမယ်'

ကျင်းမေ မျက်နှာပျက်သွားသည်။

ပုထင်းဘက်သို့ လှည့်ပြော၏။

'ကျွန်မတို့ ဒီနေရာက အမြန်ဆုံး ထွက်သွားမှဖြစ်မယ်'

အခြေအနေ မဟန်ကြောင်း ရိပ်မိလိုက်သည့် ပုထင်းက ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ'

သို့သော်

ကျင်းမေ ဒယီးဒယိုင်ဖြစ်နေ၍ ရုတ်တရက် ထွက်မသွားနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းအား မေးလိုက်သည်။

'ညီမ…မင်းဘာယ်လို ဖြစ်တာလဲ'

'ကျွန်…ကျွန်မ…'

ဝါဖိုး၏ရယ်မောသံကြီး ထွက်ပေါ်လာခဲ့သည်။

'ဟား…ဟား…ဟား မင်းတို့နှစ်ယောက်လုံး ထွက်သွားလို့ မရတော့ပါဘူး'

ပုထင်း ငိုသံကြီးဖြင့်ရှိုက်လိုက်သည်။

'ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး'

ချက်ချင်းပင်…

ကျွန်းမကို ဆက်ခန့်ပွေ့ချီ၍ ပခုံးပေါ်ထမ်း၍ ပြေးသွားတော့သည်။

တောင်ပေါ်တက်သွားဖို့ မဖြစ်နိုင်သေးလို့ တောင်အောက်ပြန်ဆင်းသွားဖို့ရာလည်း စုတိုးခေါင်းဆောင်သော ထင်းယ… ကိုက်သားများက လှမ်းပိတ်ထားခြင်းကြောင့် မဖြစ်နိုင်တော့။

ပုထင်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ဂမုန်းပင်များထဲသို့ ခုန်ဝင်ကာ ပြေးသွားလေတော့သည်။

* * *



'ပြေးပြီဟေ့ လိုက်ကြ'

'မလွတ်စေနဲ့'

ညာသံပေးသံများ တဖြည်းဖြည်း ဝေးရှိဝေးရှိသွားခဲ့လေသည်။

ပုထင်းသည် ကျွန်းမအား ပခုံးပေါ်ထမ်း၍ ဂမုန်းပင်များကြားမှဖြတ်ကာ ပြေးလွှားသွားရင်း ကျောက်တုံးကျောက်ခဲများ ပေါများသော နေရာတစ်ခုကို ရောက်ရှိလာသော် အပျောအထာ ပုန်းအောင်းလိုက်လေသည်။

နောက်မှ လိုက်လာသူများ မျက်ခြည်ပြတ်သွားသောအခါမှ ကျွန်းမကိုခေါ်၍ တောင်အောက်သို့ ပြန်ဆင်းသွားရန် စိတ်ကူးထားလေသည်။

ကျောက်တုံးကျောက်ခဲများက လိုဏ်ဂူအသေးတစ်ခုကဲ့သို့ ရှိနေပါသည်။

ညာသံပေး၍ လိုက်လံရှာဖွေနေကြသော အသံများကို တောအနှံ့တွင် ကြားနေရ၏။

ထို့သော်…

မျှားမကြာမီ တိတ်ဆိတ်ပျောက်ကွယ်သွားလေသည်။

ပုထင်း သက်ပြင်းချလိုက်၏။

'တော်ပါသေးရဲ့ ငါတို့ကိုရှာမတွေ့သွားလို့'

ထင်းယန်ကိုက်သားများသည် ရှာတွေ့သွားကြမည်ဆိုပါလျှင် မလိုလားအပ်သော ပြဿနာများနှင့် ရင်ဆိုင်ရဦးမည် မဆုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



အသံဗလံများ တဖြည်းဖြည်း ငြိမ်သက်ပျောက်ကွယ်သွားလေလည်း။

ပုထင်း ကျေနပ်သွား၏။

'သွားဖို့အချိန်တန်ပြီ'

ထွက်သွားသင့်ပြီဟုယူဆကာ ချောင်းမေတုက်သို့လှည့်လိုက်လျှင်—

'ဟင်'

ချောင်းမေမှာ မလှုပ်မယှက် ပျော့ခွေလျက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

'ညီမ မင်းဘာဖြစ်သွားတာလဲ'

ပုထင်းမေးလိုက်သောအခါ ချောင်းမေ အဖြေမပေးနိုင်ပါ။

သူမတစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်ကာ ခိုက်ခိုက်တုန်အောင် ချမ်းနေသည့်အဖြစ် ရှိနေပါတော့သည်။

'ညီမ'

'ကျွန်မချမ်းလိုက်တာရှင်'

သူမ၏မျက်နှာလေးသည် နှင်းပွင့်ပမာ ဖြူဖပ်ဖြူရော်နေပါတော့သည်။

'မင်းဖျားစရာဖြစ်နေတာပဲ၊ အတွင်းဒဏ်ရာရသွားတာများလား'

'ကျွန်မ ကျွန်မ'

ချောင်းမေကိုယ်တိုင်လည်း—

အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို စဉ်းစားမရ ဖြစ်နေရှာလေသည်။



ပုထင်း စိုးရိမ်သွားသည်။

'ဒီလိုနေလို့မဖြစ်ဘူး၊ နန်ချောင်းမြို့ကိုပြန်သွားပြီး သမားတော်ရှာမှပဲ'

ချောင်းမေ ခေါင်းခါယမ်းလိုက်သည်။

'ရှင်သွားပါ ကျွန်မ လိုက်နိုင်တော့ဘူး'

'မင်း ဘယ်လိုဖြစ်တာလဲ'

'ကျွန်မရဲ့အတွင်းအားတွေ ကုန်ခန်းသွားတယ်၊ ဟို လူကြီးက အောက်လမ်းပညာနဲ့ တိုက်ခိုက်လိုက်တာပဲဖြစ်မယ်'

ချောင်းမေ ပင့်သက်ရှိုက်မိသည်။

ဒေါသရှထားတော့ စိတ်မြန်လက်မြန် လုပ်တိုင်းသော ချောင်းမေမှာ အခက်ကြုံနေရပြီ မဟုတ်ပါလော။

'တော့မှမှပဲနဲ့ သမားတော်ဆီရောက်အောင် ချောင်းမေ ကျွန်တော် ပို့ပေးပါမယ်'

ချောင်းမေ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်—ကျွန်မ လိုက်နိုင်တော့မှာ မဟုတ်ပါဘူးရှင်'

'ဘာဖြစ်လို့လဲ'

'ချမ်းလွန်းလို့ ကျွန်မသေတော့မယ်ရှင့်'

'ဒုက္ခပဲ မီးပုံလုပ်ပြီး မီးလှုံလို့လဲ မဖြစ်သေးဘူး'

အချမ်းဒဏ် သက်သာစေရန် မီးပုံပြုလုပ်လိုက်မည်ဆိုပါက ထင်းယန်ဂိုဏ်းသားများ ချက်ချင်းတွေ့သွားကြလိမ့်မည် ဖြစ်လေသည်။

အေးစိမ့်သည့်အချမ်းဒဏ်ကို ချောင်းမေ မခံမရပ်ဖြစ်လာပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်—ကျွန်မကို ဖက်ထားစမ်းပါရှင်'

'အင်'

ပုထင်း မျက်လုံးပြူးသွားလေသည်။

ကျောင်းမကဲ့သို့ ချောချောမောမောလှပသော အစိမ်းမိန်းကလေး တစ်ယောက်အား ပွေ့ဖက်ဖို့ဆိုသည်မှာ မစဉ်းစားရဲသော ကိစ္စပင်။

'အင်း အင်း ချမ်းလို့ပါတော့ ကျွန်မကို ဖက်ထားစမ်းပါ ရှင်'

ပုထင်းသည် ဘာမှပြောနားမလည်နေရသည်ကို မကြည့်ရဘဲ နေတော့ချေ။

'ကျုပ်ကိုခွင့်လွှတ်ပါ ညီမရယ်'

တီးတိုးတောင်းပန်လိုက်ပြီး ကျောင်းမလေးအား အင်းအင်းကြွပ် [illegible] ပွေ့ဖက်ထားလိုက်ရလေတော့သည်။

· · ·



ကျောင်းမမှာ ခိုက်ခိုက်တုန်အောင် ချမ်းနေသော်လည်း၊ သူမ၏ခန္ဓာကိုယ်ကား နွေးနွေးထွေးထွေး ရှိနေ၏။

သူမ၏ရင်တွင်းမှ ချမ်းစိမ့်နေခြင်းဖြစ်ရမည်ဟု ပုထင်း တွေးမိ လိုက်မိသည်။

'သူ ဘာကြောင့်ဒီလိုဖြစ်ရတာလဲ'

တုဂ္ဂ တွေးတော စဉ်းစားလိုက်သောအခါ—

အဆိပ်အေး တစ်ခုခု မိခဲ့၍လည်းကောင်း

အတွင်းဒဏ်ရာရခဲ့ခြင်းကြောင့်လည်းကောင်း ဖြစ်ရမည်ဟု ဆင်ခြင်လိုက်မိလေသည်။

နှစ်ယောက်သား တစ်ချိန်လုံး အတူတူရှိခဲ့ကြသဖြင့် မည်သည့်နေရာ၌ ထိုသို့ဖြစ်သွားခြင်းကို စဉ်းစား၍မရဘဲ ဖြစ်မိ၏။

ပုထင်း သက်ပြင်းမချနိုင်ဖြစ်ရသောကာလ ကျောင်းမ၏ မျက်နှာကို စမ်းသပ်ကြည့်လိုက်သည်။

ဤတွင်—

ကျောင်းမမှာ အတွင်းအားလုံးမရှိတော့ဘဲ ကုန်ခမ်းနေ ကြောင်း သိရှိလိုက်ရလေ၏။

'လူကြီးနဲ့ သိုင်းပညာယှဉ်ပြိုင်ခဲ့ရလို့ အတွင်းအား ကုန် ခမ်းသွားတာ မဖြစ်နိုင်ဘူး၊ အဆိပ်အေး တစ်ခုခုကြောင့်သာ ဖြစ်ရမှာပဲ'

ပုထင်း သေသေချာချာ တွေးတောစဉ်းစားလိုက်သော အခါ စားသောက်ဆိုင်လေး၌ ကျောင်းမ အရက်သောက်ခဲ့ပုံကို ပြန်လည် မြင်ယောင်လာမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က အရက်ထဲမှာ အတွင်းအား ကုန်ခမ်းစေတဲ့ ဆေးခတ်ထားတာပဲဖြစ်မယ်။

အရက်အိုးထဲ၌ ဆေးခတ်ထားသည့်ကိစ္စကို ပိုင်ရှင်နှင့် ဆိုင်လုပ်ငန်းမှူး သိရပေလိမ့်မည်။

ကျောင်းဒမကို ကြည့်လိုက်သည့်အခါ သတိလစ်မေ့မြောနေသည်ကို တွေ့ရ၏။

ပုထင်း ဆုံးဖြတ်ချက်ချလိုက်သည်။

'အရက်ဆိုင်ကိုပြန်သွားပြီး တရားခံဖော်ထုတ်ရမယ်၊ ဒါမှ ဖြေဆေးကိုရယူနိုင်လိမ့်မယ်'

ကျောင်းမေကိုထားခဲ့ပြီး ဖြေဆေးသွားရှာမည်ဟု ကြံရွယ်လိုက်စဉ်မှာပင်...

'မိန်းကလေး၊ မင်း ထွက်လာခဲ့ရင်ကောင်းမယ်'

အပြင်ဘက်မှ လူကြီး၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

—၀—

ညှိသည်

---

ကျောက်စက်တုံး ကျောက်ခဲများကြားမှ ပုထင်း လှမ်းထွက်လိုက်သောအခါ ဂမုန်းပင်များရှေ့ မြေကွက်လပ်၌ လူဝကြီး ဝါဖုံးဦးခေါင်းသော ထင်းယန်းကိုင်းသားများ ရောက်ရှိနေကြသည်ကို တွေ့ရလေသည်။

ဝါဖုံးအ ရယ်မောလိုက်သည်။

'ဂမုန်းတောင်ပေါ်ရောက်လာပြီး ပုန်းနေလို့ရမယ်ထင်ရင် မှားသွားမှာပေါ့ကွေ၊ ဟိုမိန်းကလေးကိုလဲ ခေါ်လိုက်စမ်းပါဦး...'

ပုထင်း ခေါင်းခါလိုက်၏။

'သူ မရှိတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကွ'

'သူ ထွက်သွားပါပြီ'

ဝါဖုံး ခေါင်းယမ်းလိုက်သည်။

'မင်းလိမ်ပြောတယ်ဆိုတာ ကျုပ်သိတယ်'

ဆူတာ—

'သူ့ကို ခေါ်ထုတ်လိုက်ပါ'

'ဝမ်းနည်းပါတယ်ဗျာ၊ သူဟာ ဦးတို့ကို ရင်ဆိုင်နိုင်တော့မှာ မဟုတ်ပါဘူး'

ဝါဖုံး မျက်မှောင်ကြုတ်လိုက်၏။

'နေပါဦး၊ သူ ဘာဖြစ်နေလို့လဲ'

'သူဟာ ဂမုန်းတောင်ကို ရောက်မလာခင်ကတည်းက အရက်ထဲမှာ အတွင်းအားကုန်ခမ်းစေတဲ့ ဆေးခတ်ခံခဲ့ရတာကြောင့် ဂမုန်းတောင်မှာ ဦးနဲ့ရင်ဆိုင်ပြီးတဲ့နောက် အတွင်းအား ကုန်ခမ်းသွားပြီ၊ အခု ကြုံနေရပါတယ်ခင်ဗျာ'

ဝါဖုံး သက်ပြင်းချလိုက်၏။

'ကောင်းပြီလေ သူ့ကိုခေါ်ထုတ်လိုက်ပါ၊ သူနဲ့ စကားပြောရလိမ့်မယ်'



'ဝမ်းနည်းပါတယ်ခင်ဗျာ၊ သူဟာ ဦးကို ထွက်တွေ့နိုင်မှာ မဟုတ်ပါဘူး'

ဝါဖုံး မျက်နှာတည်သွား၏။

'မင်းတို့နှစ်ယောက်ဟာ ဂမုန်းတောင်ကိုလာပြီး နှောင့်ယှက်ခဲ့ကြတော့ မင်းတို့ကို အခွင့်အရေးပေးလို့ မဖြစ်ဘူး၊ ဂိုဏ်းချုပ်ဆီ ခေါ်သွားရမှာပဲ'

ပုထင်း ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် ထင်းယန်ဂိုဏ်းနဲ့ လာတွေ့ပါမယ်၊ ခုတော့ သွားခွင့်ပြုပါဦးခင်ဗျာ'

'မင်းသွားလို့ တယ်ရပါ့မလဲ'

'ကျွန်တော်'

ဝါဖုံးအား လေးစားပြုရင်း မေးလေသည်။

'မင်းထွက်သွားချင်ရင် ကျုပ်ကို အနိုင်ယူသွားဖို့ပဲရှိတယ်'

ပုထင်း စိတ်မကောင်းဖြစ်သွား၏။

ရှောင်လွှဲစရာလမ်းလည်း မရှိတော့သဖြင့်

'ကောင်းပါပြီခင်ဗျာ'

ဝါဖုံးနှင့်ယှဉ်ပြိုင်ရန် သဘောတူလိုက်သည်။

ဝါဖုံးက ထင်းယန်ဂိုဏ်းသားများကိုခေါ်ကာ ချက်ချင်း နေရာ ဆုတ်လိုက်သည်။

မြေကွက်လပ်တွင် ဝါဖုံးနှင့်ပုထင်းတို့ မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွား၏။

ဝါဖုံး ပြုံးလိုက်သည်။

'ကဲ—မောင်ရင်ဆော်ပဲ စပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီခင်ဗျား'

ပုထင်းသည် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ စောင်တိုက်ခိုက်လိုက်၏။

ပုထင်း၏ သိုင်းကွက်ကိုမြင်လျှင် ဝါဖုံး၊ ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

* * *

ပုထင်း၏ သိုင်းကွက်ဖော်ထုတ်လိုက်သောအခါ ဝါဖုံး အံ့ဩသွားသည်။

ပုထင်း၏သိုင်းကွက်ကို တွေ့ဖူးမြင်ဖူးသည်ဟု ထင်မှတ်မိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

သူ၏ အံ့ဩငေးမောနေမိခြင်းကြောင့်လည်း ပုထင်း၏ တိုက်ကွက်က သူ၏ရင်ဝသို့ တိုးဝင်သွားလေတော့၏။

ဝါဖုံး သတိဝင်လာသော်လည်း အပျော့အယား နောက်ဆုတ်ပြီး ရှောင်တိမ်းလိုက်ရလေတော့သည်။



ပုထင်းက အသာစီးရလိုက်သော်လည်း ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်သည်။

'ကျွန်တော် ထွက်သွားလို့ရပြီလားခင်ဗျာ'

ပုထင်းက မေးလိုက်သောအခါ ဝါဖုံးက သက်ပြင်းချလိုက်လေသည်။

'ကျုပ်က မောင်ရင်လေးရဲ့သိုင်းကွက်ကို တအံ့တဩ ငေးမောမိခဲ့တာကြောင့် ခုလို ဖရိုဖရဲဖြစ်ခဲ့ရတာပေါ့'

'သိုင်းပညာယှဉ်ပြိုင်ရာမှာ သိုင်းကွက် သဘောအရေးအရ ကျုပ်ရှုံးနိမ့်သွားပြီဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့်...မောင်ရင်လေးနဲ့ သိုင်းတစ်ကွက်လောက် ထပ်ပြီး ယှဉ်ပြိုင်ချင်ပါသေးတယ်'

ပုထင်း ခေါင်းညိတ်သည်။

'ကောင်းပါပြီခင်ဗျာ၊ ဦးရဲ့သဘောပါပဲ'

ချက်ချင်းပင် သိုင်းဟန် ပြင်၍ စောင် တိုက်ခိုက်လိုက်လေသည်။

ပုထင်းကလည်း ပြန်လည် တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိကြလျှင်...

'ဝုန်း'

ကျယ်လောင်သော မြည်သံ ထွက်ပေါ်လာ၍ ဝါဖုံးမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရတော့၏။

ပုထင်း ဆက်၍ တိုက်ခိုက်ခြင်း မပြုပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ်လည်း ---

အသာစီး ရလိုက်သဖြင့် ဝါဖုံးအား အရှုံးပေးလိမ့်မည်ဟု ယုံကြည်ထားပုံပေါ်တန်၏။

ဝါဖုံးသည် ခန္ဓာကိုယ် အရှိန်တန့်၍ ရပ်လိုက်၏။

ပုထင်းအား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

'မင်းအသုံးပြုလိုက်တာ ဘောင်းဆောင်နဂါးသိုင်းကွက်မဟုတ်လား'

ဟူ၍ မေးသည်။

ပုထင်း ပြုံး၏။

'ဟုတ်ပါတယ်၊ ဦးအား ဒီသိုင်းကွက်ကို သိနေတယ် ဆိုရင် ဆက်ပြီး ယှဉ်ပြိုင်တိုက်ခိုက်ဖို့ မကြိုးစားချေနဲ့တော့'

ဝါဖုံး သက်ပြင်းချသည်။

'မင်းဟာ ထင်းယန်ကိုဏ်းချုပ်နဲ့ ဘယ်လိုများ ပတ်သက်နေသလဲ'

'ကျွန်တော် ပြောမပြနိုင်တာ ဝမ်းနည်းပါတယ် ခင်ဗျာ'

ပုထင်းက ငြင်းလိုက်ခြင်းကြောင့် ဝါဖုံး စိတ်ပျက်သွားမိသည်။

ထင်းယန်ဂိုဏ်းသည် အစွမ်းထက်သော နဂါး သိုင်းကွက်ကြီးကြောင့် သိုင်းလောကတွင် ထင်ရှားသော်၏။

ထိုသိုင်းကွက်အား ထင်းယန် ဂိုဏ်းချုပ်မှသာလျှင် သင်ကြားခွင့်ရှိသော၏။



ထင်းယန်ဂိုဏ်းချုပ်သည် သူ့အတွက်ရွေးချယ်ထားသော နဂါးသိုင်း ကိုးကွက်အနက်၊ သူ၏ အရိုက်အရာကို ဆက်ခံမည့် သူကိုသာ သင်ကြားပေးရသည်။

ထို့ကြောင့်လည်း

ထိုသိုင်းကွက်အား ပုထင်းက တတ်မြောက်နေခြင်းကြောင့် ဝါဖုံး အံ့ဩနေရခြင်း ဖြစ်၏။

ထင်းယန်ဂိုဏ်း၏ ဇော်ရှိ ဂိုဏ်းချုပ်မှာ လွန်ခဲ့သော သုံးနှစ်ခန့်က မမျှော်လင့်ဘဲ ကွယ်လွန်သွားသဖြင့် သမီး ဖြစ်သူ ပေချင်းက ဂိုဏ်းချုပ် အရိုက်အရာကို ဆက်ခံ ခဲ့ရလေတော့သည်။

ပေချင်းသည် ဖခင်၏ နဂါးသိုင်း ကိုးကွက်အား အမွေရသဖြင့် ထင်းယန်ဂိုဏ်းချုပ် ဖြစ်လာသော်လည်း အခက်အခဲရှိနေခဲ့သည်။

နဂါးသိုင်းကွက် တတ်မြောက်ထားသည့် ပုထင်းအားတွေ့လိုက်ရသောအခါ ---

'ကျွန်တော့်ကို သွားခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ'

ဝါဖုံး ခေါင်းညိတ်လိုက်၏။

'မင်းသွားနိုင်ပါပြီ'

'ဦးကို ကျေးဇူးတင်ပါတယ်'

ပုထင်းသည် ချောက်ချင်းပင် ခုန်ပျံထိုး၍ တောအုပ်များကြားတွင် ရှိနေသော ကျောင်းဆောင်ကို သွား၍ သယ်ထုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝေဆီမှ အားအင်ကုန်ခမ်း၍ သတိလစ် မေ့မျော နေပါသည်။

ပုထင်းသည် ကျောင်းမေအား ပခုံးပေါ် ထမ်း၍ ကျောက်တုံး ကျောက်ခဲများ ကြားမှ ထွက်လာစဉ်—

'မောကတ်'

ကျောင်းဆောင် ပေါ်သို့ အချက်ပြ မီးကျည်တစ်ခု ထိုးတက် သွားသည်ကို တွေ့လိုက်ရ၏။

ပုထင်း အံ့ဩသွားလေသည်။

ငါဖိုးသော အချက်ပြမီးကျည် ပစ်လွှတ်၍ အကူအညီတောင်း လာ၍ ဟန့်တားဖို့ ကြိုးစားခြင်း ဖြစ်ရာ ပုထင်း အချိန်ဆွဲမနေ နိုင်ပါတော့ချေ။

ဂမုန်းတောင်မှ အမြန်ဆုံး ထွက်သွားရန် ဆုံးဖြတ်လိုက်မိ သည်။

ထိုအချိန်မှာပင်—

'ဟူး ဟူး'

အဝတ်အစား လေတိုးသံများ လွင့်ပေါ်လာ၍ လူရိပ်တို့ ပြေးလွှား ရောက်ရှိလာကြသည်ကို တွေ့လိုက်ရ၏။

မိမိထွက်သွား၍ မရနိုင်တော့မှန်း ပုထင်း နားလည်လိုက်မိ သည်။

ပထမဦးစွာ လူသုံးယောက် ရောက်ရှိ လာကြလေတော့ သည်။

အဖြူရောင် ဝတ်ဆင်ထားကြသော အဘိုးအိုသုံးယောက် ဖြစ်၏။



ထိုအဘိုးအို သုံးယောက်နောက်တွင် လှပ ချောမောသော မိန်းကလေး သုံးယောက် လိုက်ပါလာကြ၏။

ထိုမိန်းကလေးတို့မှာ နတ်မိမယ်တော်များ အလား ချော မောလှပသူများ ဖြစ်ကြ၏။

သူမတို့၏ နောက်မှ အနီရောင်ဝတ်နှင့် မိန်းကလေး တစ် ယောက် လိုက်ပါလာသည်။

ထိုမိန်းကလေးမှာ—

အသက် ဆယ့်ခြောက်နှစ်ခန့်သာ ရှိသေးသည်။ ဝိုင်းစက် ကြည်လင်သော မျက်လုံး၊ ကော့ညွတ်သော မျက်တောင်၊ ပြောင့်စင်းသော နှာတံ နီထွေးသော နှုတ်ခမ်းများဖြင့် ပန်းပု ရုပ်လေးအလား ချောမော လှပသူလေး ဖြစ်နေပါတော့ သည်။

သူမနှင့် ယှဉ်လျှင်—

အဘိုးအိုများနောက်မှ လိုက်ပါလာကြသော မိန်းကလေး သုံးယောက်၏ အလှအား မှေးမှိန် ကွယ်ပျောက်သွားရတော့ သည်။

ပုထင်းသည် ထိုမိန်းကလေးကို မြင်လျှင် ကျောက်ရုပ်ပမာ လှုပ်မယှက် ဖြစ်သွား၍ ငေးမော ကြည့်နေမိလိုက်လေတော့ သည်။

ထိုမိန်းကလေး ရောက်ရှိလာသည်နှင့် ငါဖိုး အပါအဝင် တိုးတို့လူစုက ဦးညွှတ် ဂါရဝ ပြုလိုက်ကြ၏။

'ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်'

ပုထင်း အံ့ဩသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော်—

ပေါ်ငယ်ရှယ်ရှယ် ရှိသေး မိန်းကလေးမှာ ထင်းယန်ဂိုဏ်း ချုပ် ဖြစ်နေသည် မဟုတ်ပါလား။

သူမသည် ယခုရှိ ထင်းယန်ဂိုဏ်းချုပ် ပေချင်း ဖြစ်နေပါ တော့သည်။

ပေချင်းက ပုထင်းအား အကဲခတ်ကြည့်ပြီး ဝါဖုံးကို မေး လိုက်သည်။

'ဂိုဏ်းမှူးကြီးက အရေးပေါ် အချက်ပြမီးကျည်ပစ်ဖောက် လိုက်တာ အကြောင်းရှိနေပြီ ထင်တယ်'

ဝါဖုံး ဦးညွှတ်လိုက်၏။

'အရေးပေါ်မီးကျည်ကို သေရေးရှင်ရေးကိစ္စကြုံမှ ပစ် လွှတ်ရမယ်ဆိုတာကို ဂိုဏ်းချုပ်သိပါတယ်၊ ခုလည်း တကယ့်ကို အရေးပေါ်ကိစ္စပေါ်လာလို့ပါ'

ပေချင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ ဘယ်လိုအရေးပေါ်ကိစ္စပေါ်လာသလဲဆိုတာ ပြောပါ'

ဝါဖုံးက ပုထင်းအား ညွှန်ပြလိုက်၏။

'ခေါင်းဆောင်ကြီးခင်ဗျာ ဒီကောင်လေးဟာ ထင်းယန် ဂိုဏ်းရဲ့ လျှို့ဝှက်ချက်ဖြစ်တဲ့ နဂါးသိုင်းကွက်ကို တတ်မြောက် ထားတာ တွေ့ရပါတယ်'

ထိုစကားကြားလျှင်—

ပေချင်းအပါအဝင် အတိုးအိုသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။



အားလုံး မျက်လုံးပြူးကာ ကြည့်ကြလေသည်။

အတိုးအိုသုံးယောက်မှာ ထင်းယန်ဂိုဏ်း၏ အစေရးပါသည့် အဆောင်ကိုင်သုံးယောက်ဖြစ်လေသည်။

စုပိ၊ စုလိုနှင့် စုနန်ဟု အမည်ရှိကြသည်။

ထင်းယန်ဂိုဏ်း၏ ပေချင်း၏ဖခင် ဝေကုလဏ်ထက်အညီ အမှုထမ်းခဲ့ကြသူများဖြစ်၏။

ဂိုဏ်းချုပ်ပြီးလျှင် ဝါဖုံးက အကြီးဆုံး၊ သိုင်းပညာ အတော်ဆုံးဖြစ်သည်။

အဆောင်ကိုင် သုံးယောက်အနက်မှ စုပိက ရှေ့သို့ထွက် လိုက်လေသည်။

စုပိသည် ပုထင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့် လိုက်သည်။

ပုထင် ကဲ့သို့ မျက်နှာစိမ်းလူငယ်လေး တစ်ယောက်က ဂိုဏ်း၏လျှို့ဝှက်ချက်ဖြစ်သော နဂါးသိုင်းကွက်များအား တတ် မြောက်နေသည်ကို မယုံကြည်နိုင်အောင် ဖြစ်နေပါသည်။

'မင်းက နဂါးသိုင်းကွက်တွေကို တတ်မြောက်ထားတယ် ဟုတ်လား'

ပုထင်းလ ဦးညွှတ်လိုက်၏။

'ကျွန်တော် သိုင်းပညာဘချို့ သင်ကြားခဲ့ပါတယ်၊ ဒါပေ မယ့် ကျွန်တော်သင်ကြားခဲ့တဲ့ပညာဟာ နဂါးသိုင်းကွက်ဆို တာ မသိခဲ့ပါဘူးခင်ဗျာ—

'အဘတို့ပြောတဲ့ နဂါးသိုင်းကွက်တွေ ဟုတ်ချင်မှ ဟုတ် ပါလိမ့်မယ် ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



သူရှင်းပြလိုက်သော စကားကြောင့် စုပီအာ ဝါဖုံးအား လှမ်းကြည့်လိုက်လေ၏။

ဝါဖုံး ရှေ့တိုးလာသည်။

'ဟုတ်ပ ခေါင်းဆောင်နဂါးသိုင်းကွက်ကို အသုံးပြုခဲ့တာ ကျုပ်မျက်မြင်ကိုယ်တွေ့ပါ'

စုပီက ပုထင်းဘက်သို့ ပြန်လှည့်လိုက်၏။

'ခင်ဗျား ခေါင်းဆောင်နဂါးသိုင်းကွက်ကို အသုံးပြုခဲ့တယ်လို့ ပြောနေပါလား'

ပုထင်း ပခုံးတွန့်လိုက်၏။

'ဒါတော့ ကျွန်တော်လို့ မပြောတတ်ပါဘူး'

'ဒါဖြင့် ကျုပ်တို့ လက်တွေ့စမ်းသပ်ကြည့်မယ်ဆိုရင်ရော'

ပုထင်း တောင်းပန်လိုက်လေသည်။

'ကျွန်တော်ဟာ ခင်ဗျားတို့ရဲ့ရန်သူ မဟုတ်ပါဘူး၊ ဒီနေရာကို ရောက်လာတာဟာ လူတစ်ယောက်ရဲ့ ပစ္စည်းတစ်ခုပို့ချင်လို့ လာခဲ့တာပါ'

ယခုမှ—

ထင်းယန်ဂိုဏ်းနှင့် ပတ်သက်နေသည့်အကြောင်း ပေါ်ပေါက်လာလေသည်။

စုပီ အံ့ဩသွား၏။

'ဘယ်သူက ဘယ်လိုပစ္စည်းပို့ခိုင်းလိုက်တာလဲ ပြောစမ်းပါဦး'

'ထင်းယန်ဂိုဏ်းချုပ်နဲ့တွေ့မှ ပြောနိုင်မှာမို့ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့'



စုပီ ရယ်မောလိုက်လေသည်။

'ထင်းယန်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ရောက်နေတာ မင်းမတွေ့ဘူးလား'

မလှမ်းမကမ်း၌ရပ်နေသည့် ပေချင်းအား ညွှန်ပြ၍ ပြောလိုက်လေသည်။

ပုထင်းလည်း ကျောင်းဝမကို မြေပေါ်၌ သက်တောင့်သက်သာချ၍ ပေချင်းထံသို့ လှမ်းသွားလိုက်၏။

အားလုံးက—

ပုထင်းအား မျက်တောင်မခတ် ကြည့်နေကြ၏။

ပေချင်းကလည်း စောင့်ကြည့်နေ၏။

ပုထင်းသည် သူ့ရှေ့ရောက်လာသောအခါ မိန်းကလေး သုံးယောက် ချက်ချင်းဟန့်တားလိုက်ကြလေသည်။

'ရပ်လိုက်'

ပုထင်းက တိုက်ခိုက်လာမည်ဆိုလျှင် ပေချင်း အခက်ကြုံသွားနိုင်သည်ဟူ၍ စိုးရိမ်ပူပန်သဖြင့် ဟန့်တားလိုက်ကြခြင်းဖြစ်ပါတော့သည်။

ပုထင်း ခြေလှမ်းရပ်လိုက်သည်။

ပေချင်းကလည်း လက်ခါယမ်းပြလိုက်၏။

'သူက ဘာပစ္စည်းပေးမလဲဆိုတာ မေးလိုက်ပါ'

ကိုယ်ရံတော်မိန်းကလေး သုံးယောက်အနက် တစ်ယောက် ရှေ့တိုးလာပြီး ပုထင်းကိုရင်ဆိုင်လိုက်၏။

'ကဲ—ရှင့်ရဲ့ကိစ္စကိုပြောပါ'

ပုထင်း သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီရင်ဘတ်ကြားမှ ပစ္စည်းနှစ်ခုကို ထုတ်ယူလိုက်၏။

အစိမ်းရောင်နှင့် မရမ်းရောင် တဖိတ်ဖိတ်တောက်နေသည့် ခေါင်းတောင်တစ်ခုနှင့် အနီရောင်ဖဲကြိုးပါ ဘူးအသေးတစ်ခု ဖြစ်လေသည်။

ပေချင်းသည် ခေါင်းတောင်လေးကိုမြင်လျှင် မျက်မှောင်ကုတ်သွားလေသည်။

'ချင်…ချင်…ဒီခေါင်းတောင်လေးကို ဘယ်ကရခဲ့တာလဲ'

'လူဆစ်ယောက်က ထင်းယန်ဂိုဏ်းချုပ်ကို ပေးခိုင်းလိုက်တာပေါ့'

ပေချင်းက စုပိတ္တို အဘိုးအိုသုံးယောက်အား ကြည့်လိုက်လေသည်။

အဆောင်ကိုင် သတ်တော်ရှည် အဘိုးအိုသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ချက်ချင်းပင် —

အနီးသို့ချဉ်းကပ်လာကြ၏။

ကိုယ်ရံတော် မိန်းကလေးတစ်ယောက်က ပုထင်း၏လက်ထဲမှ ခေါင်းတောင်လေးကိုယူကာ ပေချင်းအား ရိုရိုသေသေ ပေးလိုက်လေသည်။

ပေချင်းသည် ခေါင်းတောင်လေးကို လက်ခံယူကာ စေ့စေ့ကြည့်လိုက်၏။

ထိုခေါင်းတောင်သည် သာမန်ခေါင်းတောင်မျိုးမဟုတ်ဘဲ ထူးခြားသော သင်္ကေတများရှိသည့် ခေါင်းတောင်ဖြစ်ပါသည်။



ခေါင်းတောင်ပေါ်၌ အသွင်သဏ္ဌာန် ... လုံးလေးများကို လှပပိုင်းစေ့စွာ လက်ရေးဖြင့် ရေးထားလေသည်။

ထိုရေးထားသောစာများမှာ —

'ထင်းယန်ဂိုဏ်းချုပ်'

ဟူ၍ဖြစ်လေသည်။

ပေချင်းက ခေါင်းတောင်လေးကို လက်မြှောက်ပြလိုက်လျှင် —

သတ်တော်ရှည်အိုးတိုးနှင့် စုပိတ္တို သည်သည်းခေါင်း၊

မိန်းမချောလေးများသည် လည်းကောင်း၊

ဂိုဏ်းမှူးကြီးပေါ်ဖုံးနှင့် စုတိုးတိုသည် လည်းကောင်း ချက်ချင်း ဒူးထောက်ကာ အရိုအသေပြုလိုက်ကြသည်။

ထို ခေါင်းတောင်လေးသည် ထင်းယန်ဂိုဏ်းချုပ်၏ အဆောင်အယောင်တစ်ခု ဖြစ်နေပါတော့သည်။

ဂိုဏ်းချုပ်၏အဆောင်အယောင်သည် ပုထင်း၏လက်ထဲသို့ မည်သို့မည်ပုံ ရောက်ရှိနေပါသနည်း။

ပေချင်းက ပုထင်းအား အကဲခတ်ကြည့်ပြီး မေးလိုက်လေသည်။

'ရှင်ဟာ ထင်းယန်ဂိုဏ်းရဲ့ ရန်သူမဟုတ်ဘူးလို့ ကျွန်မ ယုံကြည်မိတယ်'

ပုထင်း ခေါင်းညိတ်ပြလိုက်လေ၏ —

www.burmeseclassic.com

www.burmeseclassic.com



'ရှာတွေ့ပါတယ် ဂိုဏ်းချုပ်ကြီး၊ ကျုပ်တော့ ထင်းယန်ဂိုဏ်းခွဲ ရန်ရှာမတွေ့တော့ပါဘူး'

'ဒီခေါင်းတောင်လေးကို ဘယ်က ရခဲ့သလဲဆိုတာ ရှင်ပြောပြနိုင်မလား'

'ပြောနိုင်ပါတယ်၊ ကျုပ်ရဲ့ ဘျွေးဖူးရှင်ကြီးက ခေါင်းတောင်လေးနဲ့ ဆင်ကျွံ့ပါဘူးတလေးကိုပေးပြီး ထင်းယန်ဂိုဏ်းကို သွားဖို့ စေလွှတ်လိုက်လို့ပါ'

ပေချင်း၏အကြည့်သည် ပုထင်း၏လက်ထဲမှ ဆင်ကျွံ့ပါဘူးလေးဆီသို့ ကြည့်လိုက်လေသည်၊

ပုထင်းက လက်နှစ်ဖက်ဖြင့် ရိုရိုသေသေပေးလိုက်သည်၊

ပေချင်းသည် ဆင်ကျွံ့ပါဘူးလေးအား လှမ်းယူလိုက်သည်၊

သူမသည် ဆင်ကျွံ့ပါဘူးလေးအား ဖွင့်ကြည့်ရန် ဟန်ပြင်လိုက်စဉ်မှာပင်...

'အား'

စူးရှသော အော်ဟစ်သံနှင့်အတူ ကျောင်းမေသတိရလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်၊



ကျောင်းမေ သတိရလာပြီဖြစ်သည်၊

သူမသည် စူးရှစွာ တစ်ချက်အော်ဟစ်လိုက်ပြီး မြေပေါ်မှ လူးလိမ့်ထလာလေသည်၊

'ညီမ'

ပုထင်း စိုးရိမ်သွားပြီး ဆပျာဆယာပြေးသွားကာ ပွေ့မလိုက်၏၊

ကျောင်းမေ၏တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေပါသည်၊

သူမ၏မျက်လုံးများသည် ကြောင်စီစီ ဖြစ်နေပါသည်၊

သူမသည် အပြောင်းအလဲဖြင့် လက်နှစ်ဖက်ဆန့်တန်းကာ ထရပ်ဖို့ ကြိုးစားလိုက်သည်၊

'ညီမ...ညီမ'

ပုထင်းသည် ကျောင်းမေ အခြေအနေမကောင်းသည်ကို မြင်လျှင် လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ သွေးကြောတစ်နေရာကို လက်ညှိုးဖြင့် ထောက်လိုက်သည်၊

'အင့်'

ကျောင်းမေ မသဲမကွဲညည်းညူကာ သွေးကြောပိတ်ခံရပြီး မလှုပ်မယှက် ဖြစ်သွားလေသည်၊

ပုထင်းသည် ကျောင်းမေအတွက် စိုးရိမ်ပူပန်နေသည် ဖြစ်ရာ ပေချင်းအား လှမ်းပြီး အကူအညီတောင်းလိုက်လေသည်၊

'ကျုပ်ကို သွားခွင့်ပြုစေချင်ပါတယ်၊ မကြာခင် ဂိုဏ်းချုပ်ကို လာတွေ့ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



မပချင်းသည် ကျောင်းမအား အကဲခတ်ကြည့်လိုက်သည်။

'ဆရာမ အတွင်းအားနဲ့ပတ်သက်တဲ့ ရောဂါဝေဒနာတစ်ခုခု ရထားပုံရပါတယ်၊ ဟုတ်ရဲ့လားရှင်'

ပုထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'ဒါဖြင့် ထင်းယန်ဂိုဏ်းကို လိုက်ခဲ့ပါလားရှင်၊ ကျွန်မတို့ ထင်းယန်ဂိုဏ်းမှာ အစွမ်းထက်တဲ့ သမားတော်တစ်ယောက် ရှိပါတယ်၊ သူ့ကို ဆေးကုပေးနိုင်ပါလိမ့်မယ်'

ပုထင်း တွေဝေသွားသည်။

နန်းကျောင်းမြို့သို့ ခေါ်သွားလျှင် အချိန်ကြာနေမည်ဟု တွေးမိလိုက်သည်။

ကျောင်းမအား ဆေးကုပေးဖို့က အရေးကြီးနေသည်ဟု ယုံကြည်မိသဖြင့်....

'ဂိုဏ်းချုပ်ကြီးကို တွေ့ဆုံခွင့်ပါတယ်ဗျာ'

ထယ်နှစ်ဖယ်ဆုပ်ကာ ဦးညွှတ်ရင်း ပြောလိုက်၏။

ပုထင်း လက်ခံလိုက်သည်ကို တွေ့ရလျှင် ပချင်း ဝမ်းသာသွား၏။

'ဂိုဏ်းမှူးကြီး ထင်းယန်ဂိုဏ်းကိုပြန်ပြီး သမားတော်ကြီးကို အကျိုးအကြောင်းပြောပြလိုက်ပါ၊ ဝေဒနာရှင်တစ်ဦးကို ဆေးကုပေးဖို့ အရေးကြီးနေတယ်'

ဂိုဏ်းမှူးကြီးဝါဖုံးဘက်သို့ လှည့်ကာ အမိန့်ပေးလိုက်လေသည်။

'အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီး'



ဝါဖုံးသည် စုဘိုးတို့လူစုကို ခေါ်ဆောင်ကာ ချက်ချင်း ထွက်သွားလေတော့သည်။

ပချင်းက သက်ကြီးဘက်ချည်ဘိုးဘိုးစုပိကို ပြောလိုက်လေသည်။

'ဘိုးဘိုး၊ ညီမသည်တွေကို ခေါ်လာခဲ့ပါ'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး'

ပချင်းသည် ကိုယ်ရံတော်မိန်းကလေးသုံးယောက် ခြံရံကာ ထွက်သွားလေသည်။

စုမိက ပုထင်းအား ဖိတ်ခေါ်လိုက်သည်။

'ထင်းယန်ဂိုဏ်းကို ကြွပါ'

ပုထင်းသည် ထင်းယန်ဂိုဏ်းသို့လိုက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

— ၇ —

www.burmeseclassic.com

www.burmeseclassic.com

ထင်းယန်ကိုက်၏ အရှုပ်တော်ပုံ

---

ဂမုန်းတောင်သည် ညီညာပြန့်ပြူးသော တတိယတောင် ထိပ်ပေါ်၌ ထင်းယန်ကိုက်၏ အဆောက်အဦးများ တည်ရှိ သည်။

ပုထင်းသည် ကျောင်းမအား ပခုံးပေါ်ထမ်းလျက် စုပိတို့၏ နေရာသို့ ပို့ပေးပါသွားရင်း ထင်းယန်ကိုက်းသို့ ရှေ့ဆက်ရှိသွား သည်။

ဂိုက်းမှူးကြီးဝါဖုန်းသည် ကြိုတင်အကြောင်းကြားထားသဖြင့် သမီးတော်ကြီးအား အသင့်စောင့်ကြိုနေလေသည်။



ထင်းယန်ကိုက်းသို့ရောက်သည်နှင့် ကျောင်းမအား သီးသန့် စီစဉ်ထားသော အခန်းတစ်ခုသို့ ခေါ်ဆောင်သွားပြီး ဆေး ကုပေးလေသည်။

ပုထင်းကိုလည်း စားသောက်ဖွယ်ရာများဖြင့် ညှိခံကြ လေသည်။

ပေချင်းသည် ပုထင်းနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ကိုယ်ရ တော် မိန်းမလေးသုံးယောက်က နံဘေးမှနေ၍ ဇိုအပ်သမျှ ဆောင်ရွက်ပေးရန် အသင့်ပြင်ထားကြ၏။

သတ်တော်ရှည်ဘိုးဘို၊ သုံးယောက်ဖြစ်သော စုပိတ်အည်း အနီး၌ခြံရံ၍ ရပ်နေကြလေသည်။

ပုထင်းကား စားသောက်ဖွယ်ရာများ၌ စိတ်ဝင်စားခြင်း မရှိချေ။

ကျောင်းမအတွက်သာ စိတ်ပူနေမိပါတော့သည်။

ပေချင်းလည်း ရိပ်မိလေ၏။

'ရှင့်ရဲ့မိတ်ဆွေအတွက် ဘာမှမပူပါနဲ့ရှင်၊ ကျွန်မတို့ရဲ့သမား တော်ကြီးဟာ အစွမ်းထက်ပါတယ်ရှင်၊ ရှင့်မိတ်ဆွေရဲ့ဝေဒနာ သက်သာ ပျောက်ကင်း သွားအောင် ကုသ ပေးနိုင်ပါလိမ့် မယ်'

ပုထင်း ဦးညွှတ်လိုက်၏။

'ကျေးဇူးတင်ပါတယ် ဂိုက်းချုပ်ကြီး'

သူမ ထက်အပြုံးလိုက်၏။

'ကျွန်မကို ဂိုက်းချုပ်ကြီးလို့ မခေါ်ပါနဲ့ရှင်၊ ကျွန်မနာမည် ပေချင်းလို့ ခေါ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီးကို နေမည် မခေါ်ဝံ့ပါဘူး ခင်ဗျာ'

'မဟုတ်သေးဘူးရှင့်'

မပချင်းအား သူမ၏ အခြေအနေကို ရှင်းပြ လိုက်မိတော့သည်။

'ဖေဖေ ကွယ်လွန်သွားလို့ ကျွန်မဟာ ဂိုဏ်းချုပ်နေရာကို ဆက်ခံခဲ့ရပေမယ့် ထင်းယန်ဂိုဏ်းချုပ်တွာ အစွမ်းထက်တဲ့နဂါး သိုင်းကိုးကွက်ကို တတ်မြောက်ရပါလိမ့်မယ် ...

ကျွန်မက ဖေဖေ့ဆီက မကျင့်ယူရသေးတဲ့ ဖေဖေ မြန်မြန်ကြီး ကွယ်လွန်သွားတာကြောင့် ဂိုဏ်းချုပ်ဖြစ်လာပေမယ့် စည်းကမ်း ညီညွတ်တဲ့ ဂိုဏ်းချုပ် မဖြစ်နိုင်တော့ပါဘူးရှင်'

သိုင်းအဖွဲ့များ၊ သိုင်းဂိုဏ်းများသည် မိမိတို့ ဂိုဏ်းမှ သတ်မှတ်ထားသော စည်းကမ်းချက်တို့ကို လိုက်နာစောင့်ထိန်းကြရသည်။

ထင်းယန်ဂိုဏ်း၏ သံမဏိစည်းကမ်းကိုလည်း ပချင်းအပါအဝင် အားလုံးက တိတိကျကျ လိုက်နာကြလေ၏။

သူမသည် ဂိုဏ်းချုပ်တို့ တတ်မြောက် ထားရမည့် နဂါးသိုင်း ကိုးကွက်ကို တတ်မြောက်ထားခြင်း မရှိသဖြင့် ဂိုဏ်းချုပ် ဟူ မဆိုနိုင်ပါတော့ပေ။

ပချင်းက ပုထင်းကို မေးသည်။

'ရှင်ဟာ ခေါင်းဆောင်ကို ဘယ်အရခဲ့သလဲ ဆိုတာ ပြောပြ ပါလားရှင်'

ပုထင်း ခေါင်းညိတ်၏။



'ကျုပ် ပြောပြပါမယ်၊ ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင် အဘွားရှမ်းပင်ဆီက ရလာခဲ့တာပါ၊ အဘွားရှမ်းပင်က ထင်းယန်ဂိုဏ်းကို သွားပြီး ခေါင်းဆောင်ပေးရမယ်ဆိုတာကြောင့် ကျုပ်လာခဲ့တာပါ'

ရှမ်းပင် ဆိုသော အမည်ကို ကြားလျှင် ပချင်းနှင့်တကွ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေတော့၏။

ပချင်းသည် ပုထင်းအား မယုံကြည်နိုင်စွာ မော့ကြည့်မိသည်။

'အဘွားရှမ်းပင်ကို တွေ့ခဲ့ရတယ် ဟုတ်လား၊ သူဘယ်မှာလဲ ဆိုတာ ပြောပြပါလားရှင်'

ပုထင်း ခေါင်းခါယမ်းလိုက်၏။

'အဘွားဟာ သိုင်းလောကကို ဘယ်တော့မှ ထွက်လာတော့မှာ မဟုတ်ပါဘူး ...

'ဟိုဘယ်နေရာမှာ ရှိနေတယ်ဆိုတာလည်း မပြောရဘူးလို့ မှာလိုက်ပါတယ်'

ပချင်း စိတ်ပျက်သွားရလေသည်။

'အဘွားဟာ ထင်းယန်ဂိုဏ်းက သူ့ကို လိုအပ်နေတယ်ဆိုတာ ဒီခေါင်းဆောင်ယောက်ကို ပေးခိုင်းလိုက်တာကြည့်ရင် သိနေပြီးသားဆိုတာ ထင်ရှားပါတယ် ...

'သူဘာကြောင့် မလာရသလဲ၊ ဘာကြောင့် ကျွန်မတို့ကို အတွေ့မခံချင်ရတာလဲရှင်'

သူမ၏ မျက်နှာလေး ညှိုးသွားသဖြင့် ဝမ်းနည်းကြေကွဲနေကြောင်း ထင်ရှား ပေါ်လွင်နေပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပေချင်းနှင့် လူ၏ကျေးဇူးရှင် ရှမ်းပင်တို့ ပတ်သက်မှုတစ်ခုခု ရှိနေကြလိမ့်မည်ဟုလည်း ပုထင်း ယုံကြည်လိုက်မိ လေတော့သည်။

'ဝမ်းနည်းပါတယ်ဗျာ၊ အဘွားတော့ ဘာမှ ပြောမပြလို့ ကျုပ်လည်း ဘာမှ မသိခဲ့ရပါဘူး'

လူမ ခေါင်းညိတ်လိုက်၏။

'ဒါဖြင့်...ရှင်ဟာ အဘွားနဲ့ ဘယ်လို ပတ်သက်ခဲ့သလဲ ဆိုတာ ပြောပြနိုင်မလားရှင်'

'ဒါတော့ ပြောပြနိုင်ပါတယ်'

ပုထင်းသည် ရှမ်းပင်နှင့် ဆုံတွေ့ခဲ့ရပုံကို ရှင်းပြလိုက်လေတော့သည်။

လူ၏မျက်နှာ တည်ကြည် လေးနက်လာသည်။

အတိတ်က ဖြစ်ရပ်များကို ပြန်လည် မြင်ယောင်လာပုံ ရသည်။

မှန်ပေသည်။

လူတို့မိသားစုသည် ပျော်ရွှင်စွာ ရှိနေခဲ့ရာမှ မိခင် ဖြစ်သူ သေဆုံးသွားခဲ့ပြီး...

မကြာမီ...

ဖခင်က နောက်အိမ်ထောင် ပြုလိုက်၏။

နောက်အိမ်ထောင်နှင့် ပတ်သက် ဆက်နွယ်၍ အန္တရာယ်တို့ ပေါ်ပေါက်လာပြီး ပုအိမ်တော်ကို စွန့်ခွာ ထွက်ပြေးခဲ့ကြသည်။



ရန်သူများ၏ လိုက်လံ တိုက်ခိုက်မှုကြောင့် မိသားစု တကွဲ တပြားဖြစ်၍ ရှမ်းပင်နှင့် ဆုံတွေ့ခဲ့ခြင်း ဖြစ်ပေသည်။

တွေ့ခါစက ရှမ်းပင်သည် အသက်လေးဆယ်အတွင်း၌သာ ရှိမည်ဟု ထင်မိသော်လည်း...

နောက်ပိုင်းမှ လူမသည် သိုင်းအားကောင်းသူဖြစ်၍ အရွယ် တင်နေခြင်း ဖြစ်ပြီး...

လူမ၏ အသက် အမှန်မှာ ရှစ်ဆယ်ကျော် ရှိနေပြီ ဖြစ်ကြောင်း နောက်ပိုင်းမှ သိခဲ့ရလေ၏။

ရှမ်းပင်သည် သူ့အား လက်ခံ စောင့်ရှောက်ထားခဲ့ပြီး သိုင်းပညာ သင်ကြားပေးခဲ့၏။

ပုထင်းသည် မိဘမဲ့ ဘဝဖြင့် တောတောင်ထဲ၌ လျှောက်သွားရင်း ရှမ်းပင်နှင့် တွေ့ဆုံခဲ့ရပုံကိုသာလျှင် ပြောပြလိုက်လေသည်။

'ဆရာဟာ တောတောင်ထဲမှာ ကျုပ်ရဲ့ လူငယ် ဘဝကို မကုန်ဆုံးသွားသင့်ဘူးဆိုပြီး တွင်းယန်ဂိုဏ်းကို လွှတ်လိုက်တာပဲဗျာ'

ပေချင်း အားမလို အားမရ ဖြစ်သွားလေ၏။

'အဘွားနဲ့ ကျွန်မ တွေ့လို့ မရနိုင်ဘူးလားရှင်'

ပုထင်း ဘာမှ မပြောဘဲ နေလိုက်၏။

ဤတွင်...

လူမက မျက်နှာထား တင်းတင်းဖြင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုဘ်…မင်းအမှန်အတိုင်း ပြောရမယ်၊ မပြောရင် မင်းကို အပြစ်ပေးရမှာပဲ'

ပုထင်း ပခုံးတွန့်လိုက်၏။

'ကျွန်တော်ကို မပြောရဘူးလို့ မှာလိုက်တာကြောင့် ပြော မပြနိုင်တာ ခွင့်လွှတ်ပါဗျာ'

စုပိုသာ ရွှေ့ဘိုးလေး၏။

'အဘွားရှမ်းမင်းယား ဂိုဏ်းချုပ်ကြီးနဲ့ ဘယ်လို ပတ်သတ်နေ သလဲ ဆိုတာ မင်းသိသလား၊ သူတို့က မြေးအဘွားတွေပဲ၊ အဘွားရှမ်းပင်ယား ဂိုဏ်းချုပ်ကြီးရဲ့ မိခင်ရဲ့ အမေပဲ'

မမျှော်လင့်ဘဲ အဖြေး ကြားလျှင် ပုထင်း ပါးစပ် အဟောင်းသား ဖြစ်သွားလေ၏။

ဂိုဏ်းချုပ် ပေချင်းနှင့် ရှမ်းပင်တို့သည် မြေးအဘွားများ ဖြစ်နေကြသည် မဟုတ်ပါလား။

ထိုသို့ ဖြစ်လိမ့်မည်ဟု သူလုံးဝ မတွေးမိခဲ့ပါချေ။

ပေချင်းက ယည်ကြည်သော မျက်နှာထားဖြင့် ပြောလေ သည်။

'ဟုတ်ပါတယ်ရှင်…ရှမ်းပင် ဆိုတာ ကျွန်မရဲ့ အဘွားပါပဲ၊ အဘွားဟာ ကျွန်မ ငယ်ငယ်ကတည်းက ထွက်သွားခဲ့တာပါ၊ သေသည် ရှင်သည် မသိရဘဲ ပျောက်၊ အစအန ပျောက်သွားတာ နှစ် ပေါင်း အတော်ကြာပါပြီရှင်'

ပုထင်းက ဦးညွှတ် တောင်းပန်လိုက်၏။

'ဆရာမ သူ့ရဲ့အကြောင်း ဘာမှမပြောရဘူးဆိုလို့ ပြော မပြနိုင်တာ ခွင့်လွှတ်ပါ ဂိုဏ်းချုပ်ကြီး'



'ရှင်ဟာတယ်ပဲ ပြောမပြနိုင်ဘူးလား'

'ကျုပ်တောင်းပန်ပါတယ် ခင်ဗျာ'

ပုထင်းအား မည်သို့ပင်မေးမေး ပြောမည်မဟုတ်ကြောင်း၊ အားလုံးနားလည်လိုက်ကြ၏။

စုပိုဒေါပွသွားလေသည်။

'ဂိုဏ်းချုပ်ကြီး မေးနေတာတောင် မင်းက မပြောဘူးဆို တာ စော်ကားတာပဲ၊ မင်းကို အရေးယူ အပြစ်ပေးရမယ်'

စုပိုတို့သုံးယောက်ကာ မိမိအား သဘောမတူနိုင်အောင်ဖြစ် နေကြောင်း ပုထင်းနားလည်လိုက်၏။

'ဘဘစုပို နေဘက်ဆုတ်ပါ'

ပေချင်းက ဟန့်တားလိုက်သည်။

'ဂိုဏ်းချုပ်ကြီး၊ သူဟာ…'

'ဘဘ နောက်ဆုတ်လိုက်ပါ'

ပေချင်းက တည်ကြည်သောမျက်နှာထားဖြင့် ဆက်ပြော လိုက်ရာ စုပို နောက်ဆုတ်လိုက်ရလေသည်။

ပေချင်း ဆက်ပြောင်းချလိုက်၏။

'အဘွားက မပြောနဲ့လို့မှာထားတာကြောင့် သူ မပြော တာပါ၊ အဘွားရဲ့စကားကို တသွေမတိမ်း နားထောင်တာကို ချီးကျူးရမယ် မဟုတ်လားရှင်'

စုပို ပါးစပ်ပိတ်သွားလေသည်။

ပေချင်းက ပုထင်းအား ပြုံးပြလိုက်သည်။

'အဘွားက နေကောင်းတယ်တော့ ဟုတ်ကြောင်းပြောနိုင် လိုက်လဲဆိုတာ ရှင်သိလား'

www.burmeseclassic.com

ပုထင်း ခေါင်းခါယမ်းလိုက်သည်။

'ချုပ်မသိပါဘူး ဆရာအပြောမပြလိုက်ပါဘူး'

'ဒါဖြင့် ကျွန်မပြောပြမယ် ဒီခေါင်းဆောင်လေးတာ ထင်းယန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်အမှတ်အသားတစ်ခု ဖြစ်ပါတယ် ကျွန်မဟာ နဂါးသိုင်းကိုးကွက်ကို တတ်မြောက်မထားပေမယ့် ဒီခေါင်းဆောင်လေးကို ရထားတာကြောင့် ဂိုဏ်းချုပ်အဖြစ် အသိအမှတ်ပြုကြရမှာပါ...'

'ဒါဟာ ထင်းယန်ဂိုဏ်းရဲ့ စည်းကမ်းတစ်ခုပါပဲ၊ ဖေဖေ ကွယ်လွန်သွားပြီး ကျွန်မမှာ အခက်အခဲ ကြုံနေရတာကို အဘသိလို့ ပေးခိုင်းလိုက်တယ်လို့ ကျွန်မနားလည်ပါတယ် ရှင်'

ပုထင်း ခေါင်းညိတ်လိုက်၏။

'ဂိုဏ်းချုပ်ကြီးပြောတာ ဖြစ်နိုင်ပါတယ်ဗျာ'

ပေချင်းက စုပိဘက်သို့လှည့်လိုက်၏။

'ဘဘတို့ ဘယ်လိုသဘောရသလဲ ပြောပါဦး'

စုပိ မျက်နှာမသာမယာဖြစ်နေသည်။

'ဂိုဏ်းချုပ်ကြီးကို အားလုံး အသိအမှတ်ပြုကြရမှာပေါ့'

စုလုံနှင့် စုနန်တို့ယည်း ထောက်ခံလိုက်ကြလေသည်။

'ဒါအမှန်ပါပဲ ဂိုဏ်းချုပ်ကြီး'

'နဂါးသိုင်းကိုးကွက်ကို တတ်မြောက်ထားရင် ပိုကောင်းပါတယ်၊ ပိုပြီးပြည့်စုံတာပေါ့ ဒါပေမယ့် အမိန့်ဒေါင်းတော် ရှိနေရင်လဲ လုံလောက်ပါတယ်'

ပေချင်း ပြုံးနပ်သွားသည်။



'ကျွန်မရဲ့ အခုမှပဲ ဂိုဏ်းချုပ်နေရာယူထားရတာမို့ စိတ်ထဲ ဆန့်သွားတော့တယ်၊ ရှင့်ကို ကျေးဇူးတင်ပါတယ်ရှင်'

ပုထင်းအား ကျေးဇူးတင်စကား ပြောပြန်သည်။

ပုထင်း ပြုံးလိုက်သည်။

'ဆရာခိုင်းတဲ့အတိုင်း ကျွန်ုပ်ဆောင်ရွက်ရတာပါ၊ ဆရာ့ကို သာ ကျေးဇူးတင်သင့်တယ်'

ဂိုဏ်းချုပ်နေရာ ယူထားရသည်ကို ယခုမှ စိတ်ဆန့်သွားလေသည်တဲ့ ပြောခြင်းမှာ အကြောင်းရှိရမည်ဟု ပုထင်းတွေးမိလိုက်သေး၏။

စုပိမျက်နှာ ရှုံ့မှုံ့သို့ဖြစ်သွားသည်။

ထင်းယန်ဂိုဏ်းချုပ်နေရာ ဆက်ဆံမည့်သူမှာ နဂါးသိုင်းကိုးကွက်ကို တတ်မြောက်ထားခြင်းမရှိလျှင် သတ်တော်မှုည် အကိုးအိုးသုံးရာယူ၏ အစီအမံ့အတိုင်း အုပ်ချုပ်ရမည်ဟူ စည်းကမ်းရှိလေသည်။

စုပိသည် ပေချင်းနှင့် ထင်းယန်အဖွဲ့ကို သူ၏သဘောအတိုင်း ဖြစ်စေလိုသည်။

ယခု....

အမိန့်ဒေါင်းတော် ရရှိလိုက်ခြင်းကြောင့် ပေချင်းအား ချုပ်ကိုင်၍ရနိုင်တော့မည် မဟုတ်တော့။

ပုထင်းကြောင့်ဖြစ်ရသည်ဟူ၍ သူ မကျေမနပ်ဖြစ်နေတော့သည်။

ပေချင်းက ပုထင်းပေးသည့် ကတ္တီပါဘူးလေးကို ထုတ်ယူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီအတ္တာပါဘူးကရာသားထဲမှာတော့ တယ်လို ပစ္စည်းများ ပါသလဲရှင်'

ပုသိမ်း ခေါင်းခါယမ်းလိုက်၏။

'မိန်းနည်းပါဘယ်ဗျ။ ကျုပ် ကြည့်ခွင့်မရှိတာကြောင့် ဘာတွေထည့်ပါသယ်ဆိုတာ မသိပါဘူး'

'ကောင်းပြီ'

သူမက အာရုံသုံး၏ရှေ့တွင် အတ္တာပါဘူးလေးအား ဖွင့်လိုက်လေသည်။

အဖုံးပွင့်သွားသည်နှင့်—

အတွင်းဘက်၌ ကျောက်စိမ်းလက်စွပ်နှစ်ကွင်းရှိနေသည်ကို တွေ့ရလေသည်။

ထိုကျောက်စိမ်းလက်စွပ်နှစ်ကွင်းကို မြင်လျှင် သူမအား ပုထင်းသါ ပါးစပ်အဟောင်းသားဖြစ်သွားကြလေတော့သည်။

—၀—

ဗျာမျှားရှာသူ

---

ကျောက်စိမ်းလက်စွပ်လေး နှစ်ကွင်းအား အရောင်ဝင်းလက်နေအောင် ကျွတ်သရေမင်္ဂလာ ရှိလှပေတော့သည်။

ထိုလက်စွပ်လေးနှစ်ကွင်းသည်—

ပေချင်းနှင့် ပုထင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

ရုတ်တရက်—

ပေချင်း၏မျက်နှာ နီမြန်းသွားကာ ခေါင်းငုံ့သွားလေတော့သည်။

ပုထင်းသည်း နေမထိထိုင်မသာ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာ စေ့စပ်ကြောင်းလမ်းတဲ့ အထိမ်းအမှတ်လက်စွပ်တွေပဲ'

စပီ၏အသံ၌ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ မှန်ပေသည်။

ထိုကျောက်စိမ်းလက်စွပ်သော၊ နှစ်ကွင်းတော၊ စေ့စပ်ကြောင်းလမ်းသည့် အထိမ်းအမှတ်ဖြစ်ပါတော့သည်။

မည်သူတို့အား စေ့စပ်ကြောင်းလမ်းမည်နည်း။

လက်စွပ်နှစ်ကွင်းအား ပုထင်းယူဆောင်လာပြီး ပေချင်းကို ပေးခဲ့သည်။

ဤသို့ဆိုလျှင်—

'ဂိုဏ်းချုပ်ကြီးကို အဘွားဖြစ်သူက စေ့စပ်ကြောင်းလမ်းပေးလိုက်ပြီ'

စပီ၏စကားကြားလျှင် အားလုံး ဝမ်းသာအားရဖြင့် လက်ခုပ် လက်ဝါး တီးလိုက်ကြလေသည်။

'ဒါ—ဒါ'

ပေချင်း ကြောင်အမ်းအမ်းဖြစ်နေသည်။

ပုထင်း ထိုင်ရာမှ ပေါ်ခနဲ ထရပ်လိုက်မိသည်အထိဝင် စပီက ရယ်မောလိုက်လေ၏။

'သခင်လေး၊ ဘာကြောင့်များ ဂိုဏ်းချုပ်ကြီးကို လက်စွပ် ဝတ်မပေးရသေးတာလဲ'

'ဗျာ'

'ဂိုဏ်းချုပ်ကြီးကလော့ သခင်လေးကို ဘာကြောင့် လက်စွပ်ထုတ်မပေးရသေးတာလဲ'



'ကျွန်—ကျွန်မ'

'ဟဲ—ဟဲ—ဘွား၊ဘွားရှမ်းပင် ဂိုဏ်းချုပ်ကြီးအတွက် သတို့သားလောင်း စေလွှတ်ပေးလိုက်တာ ဝမ်းသာကိုက်ယူစရာ ပါပဲ'

စပီက စုလိုနှင့်စုနန်းတို့ဘက်သို့လှည့်ကာ ပြောလိုက်လေ သည်။

'ညီမလေးတို့ ဒီနေ့ဟာ ကျုပ်တို့ ထင်းယန်ဂိုဏ်းအတွက် မင်္ဂလာအရှိဆုံး နေ့တစ်နေ့ပါပဲ၊ ဂိုဏ်းချုပ်ကြီးရဲ့ သတို့သား လောင်းကို ဂါရဝပြုကြစို့'

'ဟုတ်တယ်—ဟုတ်တယ်'

'ဒါဟာ ကြုံရခဲတဲ့ အခွင့်အရေးတစ်ရပ်ပဲ'

ချက်ချင်းပင် မင်္ဂလာအရက်များငှဲ့ကာ ပုထင်းအား ဝိုင်း ဝန်း ဂုဏ်ပြုကြလေ၏။

ကွဲကွာသွားခဲ့သော ဖခင်နှင့် အစ်ကိုဖြစ်သူတို့အား ရှာဖွေ ရန် ထွက်လာခဲ့ရာမှ မမျှော်လင့်ဘဲ အိမ်ထောင်ကျရမည့်ကိန်း ဆိုက်နေပြီဖြစ်သည်။

'ကျွန်—ကျွန်တော်'

'ဘွား၊ဘွားရှမ်း လွှတ်ပေးလိုက်တာ ဘာဆိုတာသည်းအာ ကျုပ် တို့လဲ ရိပ်မိဖို့ကောင်းပါတယ်၊ ကဲ—သခင်လေး၊ မင်္ဂလာအရက် သောက်လိုက်ပါဦး'

ပုထင်း အပျာကယာ ငြင်းလိုက်လေ၏။

'ကျွန်တော် မသောက်ပါရစေနဲ့ဗျာ'

'ဟင်'

www.burmeseclassic.com



စုပီ မျက်ခုံမှုန်ကြုတ်သွား၏။

'သခင်မလေး ဆက်မခံနိုင်ဘူး မှတ်လား'

'ကျွန်တော် ထင်းယန်ဂိုဏ်းကို အားခဲ့တာပါ'

'မင်းသက်မခံဘူးဆိုရင် သခင်မလေးနဲ့ ထင်းယန်ဂိုဏ်း ကို စော်ကားတာပဲ'

စုပီ၏အသွင် ချက်ချင်းပြောင်းလဲသွားလျက် အော်ငေါက် လိုက်သည်။

ပုထင်း ကပျာကယာ နောက်ဆုတ်လိုက်မိသည်။

စုပီက မျက်နှာထားတင်းတင်းဖြင့် ပြောသည်။

'ထင်းယန်ဂိုဏ်းကို စော်ကားတယ်ဆိုရင် ဂိုဏ်းရဲ့ စည်း ကမ်းအရ သေဒဏ် အပြစ်ပေးခံရမှာပဲ'

နဂိုအလည်းက ထင်သလို ခြယ်လှယ်ခွင့်မရနိုင်တော့သဖြင့် ကျိတ်မနိုင်ခဲမရဖြစ်နေရပေ၏။ စုပီကသည် အခွင့်အရေးရသည် နှင့် ပြဿနာဖန်တီးလာခြင်း၏။

ပုထင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက် သည်။

'ကျွန်တော်ဟာ ဆရာရဲ့အမိန့်အတိုင်း လာခဲ့တယ်ဆိုပေ မယ့် ဒီစမ်းကြောင်းလမ်းတဲ့ကိစ္စကို ဘာမှမသိခဲ့ရပါဘူး၊ ဆရာစိတ်တိုင်းကျ စီစဉ်လိုက်တာဖြစ်နိုင်ပါတယ်'

'အမှန်တော့ မင်္ဂလာကိစ္စဆိုတာ အခွယ်ကျရှင်တွေရဲ့ သဘောထားဟာ ပိုပြီးအရေးကြီးပါတယ်၊ ဒီကိစ္စကို သခင်မ လေးလို လက်ခံဖို့ လွယ်မယ်မထင်ပါဘူးဗျာ'

စုပီက ပေချောင်းအား လှမ်းမေးလိုက်သည်။



'သခင်မလေးတော့ ဒီကိစ္စကို ဘယ်လိုသဘောထားသလဲ ပြောပါ'

'ကျွန်—ကျွန်မ'

'ဘွားဘွားရှမ်းပင်ရှဲ့အမိန့်ကို နားမထောင်နိုင်ဘူးဆိုတဲ့ သဘောလား'

စုပီအား အကြပ်ကိုင်လိုက်၏။

ပေချောင်းသည် ပုထင်းကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းငုံ့ ထားလိုက်သည်။

'သခင်မလေး၊ ပြတ်ပြတ်သားသားပြောပါ၊ ဒါဟာ ထင်း ယန်ဂိုဏ်းအတွက် သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စပဲ'

ရှမ်းပင် စီစဉ်ပေးသော ကိစ္စမှာ ထင်းယန်ဂိုဏ်းအတွက် သေ ရေးရှင်ရေးတမျှ အရေးပါသော ကိစ္စဖြစ်နေသည်ကို ပေချောင်း နားလည်မိလေသည်။

ထို့ကြောင့် ဘာမျှမတတ်သာတော့ဘဲ—

'ဘွားဘွားစီစဉ်တဲ့ကိစ္စကို ကျွန်မ ငြင်းဝံ့ပါဘူး'

'ဒါဖြင့် သခင်မလေး သဘောတူတယ်ပေါ့'

သူမ ခေါင်းညိတ်လိုက်၏။

စုပီက ပုထင်းဘက်လှည့်လိုက်သည်။

'ကဲ…မင်းရဲ့သဘောထားကို ပြောပေါ့'

ပုထင်း ငိုင်သွားသည်။

သူမအား သဘောတူလိုက်ခြင်းကြောင့် ငြင်းလိုက်လျှင် သူမ အရှက်တကွဲ အကျိုးနည်းဖြစ်ရပေတော့မည်။

ထို့ပြင်—

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆွေးရှင် ရှမ်းဝင်၏အစီအမံကို ငြင်းပယ်သကဲ့သို့ ဖြစ်သွားပေလိမ့်မည်။

အထိခံလိုက်ပြန်လျှင်လည်း သူမနှင့် အထိတပ်ရတော့မည် ဖြစ်လေသည်။

ပုထင်၊ အခန်းကြုံနေစဉ်မှာဝင်

'အစ်ကို'

ချိုလွင်သော ခေါ်သံနှင့်အတူ ကျောင်းမေသည် သမားတော်ကြီးနှင့်အတူ အတွင်းဘက်မှ ထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဝ ဝ ဝ

ကျောင်းမေသည် လူကောင်းပကတိ ဖြစ်သွားသည်ကို တွေ့လိုက်ရသောအခါ သမားအော်ကြီး၏ ဆေးစွမ်းထက်လှသည်ကို ပုထင်း ချီးကျူးမိလိုက်သည်။

'အစ်ကို'

ကျောင်းမေက ပုထင်းအနီးသို့ ရောက်ရှိလာလေ၏။

ပုတင်း ဝမ်းသာသွားသည်။

'ညီမ သက်သာသွားပြီနော်'

www.burmeseclassic.com



'ဟုတ်တယ် အစ်ကို၊ နန်းကျောင်းမြို့က စားသောက်ဆိုင်မှာ အတွင်းအစ ကုန်ခမ်းစေတဲ့ဆေး အခတ်ခံခဲ့ရတာပေါ့၊ ဒီကိစ္စဟာ မိန်းကလေးတွေ ဖမ်းဆီးခံရတဲ့ကိစ္စနဲ့ ပတ်သက်နေပါလိမ့်မယ်၊ ကျွန်မတို့ စွေ့စွေ့ပြီးဆုံးမကြမယ်'

ကျောင်းမေသည် ထင်းယန်ဂိုဏ်း အကြောင်း ဘာမှ မပြောတော့ချေ။

ပုထင်း ပြုံး၍ မေးလိုက်သည်။

'မိန်းကလေးတွေ ဖမ်းဆီးခံရတဲ့ကိစ္စဟာ ထင်းယန်ဂိုဏ်းနဲ့ မပတ်သက်ဘူးဆိုတာ ညီမ လက်ခံပြီ မဟုတ်လား'

ကျောင်းမေ ဘာမှ မပြောချေ။

ပုထင်းက စုပိတ္တိ ရှက်သို့ လှည့်၍ ပြောလိုက်၏။

'ထင်းယန်ဂိုဏ်းကို ဆရာစေလွှတ်လိုက်တဲ့အခါ ထင်းယန်ဂိုဏ်းအပေါ် ကျရောက်လာမယ့် အန္တရာယ်အပေါင်းကို ဖြေရှင်းပေးရမယ်လို့ မှာကြားလိုက်ပါတယ်…

နန်ကျောင်းမြို့ကို ရောက်တော့ မိန်းကလေးတွေ ဖမ်းဆီးခံနေရတယ်၊ ထင်းယန် ဂိုဏ်းရဲ့ လက်ချက်ဖြစ်တယ်လို့ သတင်းတွေ ထွက်ပေါ်နေတာကို ကြားခဲ့ရတယ်…

ဒီကိစ္စကို ဦးစားပေးပြီး ဖြေရှင်းဖို့ ကျုပ်ဆုံးဖြတ်ထားပါတယ်'

ပေချင်း ချက်ချင်း လက်ခံလိုက်၏။

'ဟုတ်တယ်၊ အစ်ကိုတစ်ယောက်က ထင်းယန်ဂိုဏ်းနာမည် ပျက်အောင် တမင်လုပ်ကြံ ဖန်တီးနေတာပဲ၊ ဒီကိစ္စကို ဦးစားပေးပြီး ဖြေရှင်းရလိမ့်မယ်'

www.burmeseclassic.com



စုပိုင်ိုင်သွားသည်။

ယင်းယန်ကိုဏ်း၌ ကိုယ်ရေးကိုယ်တာကိစ္စများထက် ဂိုဏ်းအရေးကို ဦးစားပေးရမည် ဟူသော စည်းကမ်းချက် ရှိလေသည်။

ပေချော်း၏ မင်္ဂလာကိစ္စသည် ထင်းယန်ဂိုဏ်းနာမည်ပျက်အောင် ဖန်တီးနေသည့် ကိစ္စအစား ဦးစားပေး ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်၏။

'ကျုပ်တို့ဟာ ထင်းယန်ဂိုဏ်း နာမည်ပျက်စေမယ့် ကိစ္စကို ဖန်တီးနေသူတွေကို ခြေရာခံမိထားပါပြီ၊ ဒါကြောင့် ဖြေရှင်းနိုင်ဖို့ ကျုပ်တို့ကို သွားခွင့်ပြုပါဦး'

စုပိ ဘာမျှ မပြောဘဲ နေလိုက်၏။

ဤတွင်—

ဂိုဏ်းမှူးကြီး ဝါဖုံးက ဝင်ပြောလိုက်၏။

'သခင်လေးတို့ ပြောတာ မှန်ပါတယ်၊ အချိန်ဆွဲနေရင် ရန်သူတွေ လွတ်မြောက်သွားနိုင်ပါတယ်'

ပေချောင်းလည်း သဘောတူ၏။

'ရန်သူကို ချက်ချင်း ဖော်ထုတ်ရမှာပေါ့'



ပုထင်းသည် ရှာသည့် အခွင့်အရေးကို အမိအရ ဆုပ်ကိုင်နိုင်စေရန်—

'ကျုပ်ကို ခွင့်ပြုပါဦး'

ချက်ချင်းပင်—

ကျောင်းမေ၏ လက်ကိုဆွဲ၍ ခန်းမဆောင်အတွင်း၊ လှမ်းထွက်သွားလေသည်။

ကျောင်းမေလည်း ဘာမှမပြောဘဲ လိုက်ပါသွား၏။

စုပိတို့ကား—

ဟန့်တားနိုင်ခြင်း မရှိ ငူငူကြီး ရပ်၍ ကျန်ရစ်ခဲ့ကြလေတော့သည်။

* * *

ထင်းယန်ဂိုဏ်းသည် ဂမုန်းတောင်ခြေ၌ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ပုထင်းနှင့် ကျောင်းမေတို့ အလျှင်အမြန် ထွက်လာခဲ့ကြရာ ဂမုန်းတောင်ခြေသို့ ရောက်ရှိလာကြ၏။

ပုထင်းသည် နန်ချောင်းမြို့သို့ ခြေဦးလှည့်လိုက်ရာ ကျောင်းမေက ခြေလှမ်း ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ညီမ ဘာဖြစ်လို့လဲ'

ကျောင်းမေက သူ့အား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်လေသည်။

'ရှင်ဟာ ထင်းယန်ဂုဏ်ဆောင် လူတစ်ယောက် ဟုတ်လား'

သူ ခေါင်းခါယမ်းသည်။

'ထင်းယန်ဂုဏ်နဲ့ ပတ်သက်နေတာ မှန်ပေမယ့် ထင်းယန်ဂုဏ်ဆောင် လူတစ်ယောက်တော့ မဟုတ်ပါဘူးဗျာ'

'ရှင်လိမ်ပြောတာ'

'ဟင်'

'ရှင်ဟာ ထင်းယန်ဂုဏ်မှာ အရေးပါ အရာရောက်တဲ့ လူတစ်ယောက် မကြာခင် ဖြစ်လာတော့မယ်ဆိုတာ ကျွန်မ မသိဘူး ထင်နေလို့လား'

'ဗျာ'

'ရှင်နဲ့ ထင်းယန် ဂုဏ်ချုပ် မကြာခင် လက်ထပ်ကြတော့မှာပဲ မဟုတ်လား'

ပုထင်း စင့်သက်ရှိုက်လိုက်၏။

မချော်ဆင့်တဲ့ ပချင်းနှင့် လက်ထပ်ရန် အကြောင်းဖန်လာသည်။

ထိုကိစ္စသည် ဈေးဦးရှင် ရှမ်းဝင်၏ မျက်နှာကို ထောက်ထား၍ ငြင်းမရနိုင်တော့သည့် ကိစ္စ ဖြစ်နေသည်။

ကျောင်းမေ မဲ့ပြုံး ပြုံးလိုက်၏။



'ရှင်ဟာ မိန်းမချောချော တစ်ယောက်နဲ့ လက်ထပ်ပြီး ဂုဏ်ချုပ် ဖြစ်လာတော့မယ့် အရေးကို တွေးပြီး ပျော်နေတယ်ပေါ့ ဟုတ်လား'

'ကျုပ်—'

'ရှင်—သူ့ကို လက်မထပ်ရဘူး'

'ဟင်'

ကျောင်းမေ၏ စကားကြောင့် ပုထင်း ကြောင်အမ်းအမ်း ဖြစ်သွားရလေတော့သည်။

'ရှင်တစ်ယောက်ထဲ လက်ထပ်ရမယ့် လူဟာ ကျွန်မပဲ၊ ကဲ— ကျွန်မကို လက်ထပ်မလား၊ လက်မထပ်ဘူးလား၊ ပြောစမ်းပါ'

'ကျုပ်...'

ပုထင်း မည်သို့ ပြောရမှန်းမသိ ဖြစ်နေပါ၏။

ကျောင်းမေသည် ပုထင်း၏ ရှေ့၌ ခါးထောက် ရပ်လိုက်လေသည်။

'ကဲ—ပြော၊ ကျွန်မကို လက်ထပ်မလား၊ လက်မထပ်ဘူးလား'

ကျောင်းမေသည် စိတ်မြန်လက်မြန်ရှိသူ ဒေါသအလျော့၏ မဆင်မခြင်ပြုလုပ်တတ်သူ ဖြစ်ကြောင်း ပုထင်း နားလည်ထားလိုက်မိသည်။

ထို့ကြောင့်

အခြေအနေကြည့်ပြီး ပြောလိုက်ရသည်။

'နေပါဦး၊ ကျုပ်က ညီမကို ဘာကြောင့် လက်ထပ်ရမယ်ဆိုတာ ပြောပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ဪ...'

ကျင်းမေ၏ လက်ဖဝါးတစ်ဖက်က ပုထင်း၏ ပါးပြင်ပေါ်သို့ လျင်မြန်စွာ ကျရောက်သွားလေသည်။

'ဖြန်း'

သူမ ပါးရိုက်ချလေမည် မထင်မိခြင်းကြောင့် သူမရှောင်နိုင်။

နာကျင်သွားသော ပါးပြင်ကို ပွတ်ချင်း အပျာအယာ နေရာမှဆုတ်လိုက်လေ၏။

'ညီ...ညီမ'

'ရှင်က ကျွန်မကို ခေါ်သွားပြီးမှ ခေါင်းရှောင်ချင်လို့ ရမလားရှင့်'

'ညီမ မင်းဘယ်လို ပြောလိုက်တာလဲ'

'ရှင့်ကိုယ်ရှင် မသိဘူးလား'

'ကျုပ်က...'

'ကျွန်မ သတိလစ်မေ့မျောနေတုန်း ရှင် ပွေ့ချီခေါ်သွား တာ မမှတ်မိလား'

ပုထင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် အဲဒါဘာဖြစ်သလဲ'

'ဘာဖြစ်ရမလဲ ကျွန်မအား အဖိုးဆိုလို့ ယင်ဖိုတောင်မသန်း ဘူးသေးတဲ့ အပျိုစင်မိန်းမလေးတစ်ယောက်ဆိုတာ မှတ်ထား'

ပုထင်း မချောမနပ်ဖြစ်သွား၏။

'ဘာဆိုင်လို့လဲ ညီမဒုက္ခရောက်နေလို့ ဆေးကုပေးရအောင် ခေါ်သွားတာ၊ သတိမေ့နေတာကို ပွေ့ချီပြီးခေါ်မသွားရင် ဘယ်လိုခေါ်သွားရမလဲ ပြောပါဦး'



ကျင်းမေ ထောက်မခံပါချေ။

'ကျွန်မမသိဘူး ရှင်က ကျွန်မကို ထိတွေ့ကိုင်တွယ်ပြီးမှ တာဝန်မယူချင်လို့ ဘယ်ရမလဲ'

'ကျုပ်...'

'ကျွန်မကို တခြားဘယ်ယောကျ်ားလေးက စိတ်ဝင်စားဦးမှာလဲ'

'ဟာ'

ပုထင်းသည် နားရှုပ်သွားကာ မျက်နှာကြီးနီရဲသွားလေတော့သည်။

ယနေ့သည်...

သူ၏ဘဝအတွက် ထူးခြားသောနေ့တစ်နေ့ ဖြစ်နေပါလေတော့သည်။

ယင်းယန်ဂုဏ်ကျော်ချုပ် ပေချုင်းနှင့်လက်ထပ်ရန် အကြောင်း နှင့်ဖောသကဲ့သို့ ကျင်းမေကလည်း သူမအား လက်ထပ်ရမည် ဟု အကြပ်ကိုင်နေသည်။

မကြုံဖူးသောအဖြစ်များ ဖြစ်နေခြင်းကြောင့် သူ ငိုင်ကျ သွားလေတော့သည်။

ကျင်းမေက ခပ်ပြတ်ပြတ်မေးလေသည်။

'ကဲ...ကျုပ်မကိုလက်ထပ်မလား၊ လက်မထပ်ဘူးလား ပြော'

'ကျုပ်...'

'ရှင် ပြတ်ပြတ်သားသားပြော၊ တကယ်လို့ ကျွန်မကိုလက် ထပ်ရင် ရှင့်ကိုချမ်းသာမပေးနိုင်ဘူး၊ ကျွန်မကိုယ်ကျွန်မလဲ အဆုံးစီရင်ပစ်လိုက်မှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အေး'

ကျင်းမေ၏စကားကြောင့် သူ ထိတ်လန့်သွားခဲ့သည်။

'မင်း...မင်း... ဒီလိုမလုပ်သင့်ဘူး'

'ဒီလိုမလုပ်သင့်ဘူးထင်ရင် ကျွန်မကို ရှင်အဖော်ထပ်ရမယ်'

'ရှုပ်...'

ကျင်းမေ စိတ်မရှည်နိုင်သောအခါ ဖြစ်ဟန်ပုံရှိနေသည်။

သူမ၏လက်တစ်ဖက်ကို အပေါ်သို့မြှောက်ကာ ငယ်ထိပ်ကို လက်ဝါးစောင်းဖြင့် ပြန်လည်ကုပ်ချရန် ဟန်ပြင်လိုက်လေသည်။

'မလုပ်နဲ့'

သူ အော်ပြောရင်း ဟန့်တားလိုက်လေသည်။

'ရှေ့တိုးအေး...'

ကျင်းမေ၏လက်ကို ဖမ်းဆွဲလိုက်လေသည်။

'ကျွန်မကိုမဆွဲနဲ့'

ကျင်းမေက ရုန်းလိုက်သည်။

သို့ဖြင့်...

နှစ်ယောက်သား ဝရုန်းသုန်းကား ဖြစ်သွားကြပြီးလျှင် ကျင်းမေမှာ ပုထင်း၏ရင်ခွင်ထဲသို့ ရောက်ရှိသွားလေတော့သည်။

အဘယ်ကြောင့်မှန်းမသိ။

ပုထင်းမှာ ကျင်းမေအား မလွှတ်နိုင်တော့ဘဲ ဆက်၍သိုင်းဖက်ထားလိုက်လေတော့သည်။

o o o



နန်းကျောင်းမြို့

နန်းကျောင်းမြို့သည် ထုံးစံအတိုင်း စည်ကားသိုက်မြိုက်လျက်ရှိနေပါသည်။

ပုထင်းနှင့် ကျင်းမေတို့သည် နန်းကျောင်းမြို့ထဲသို့ ရောက်ရှိလာကြပြီဖြစ်လေသည်။

စားသောက်ဆိုင်အားဆီသို့ ဦးတည်လာခဲ့ကြသည်။

စားသောက်ဆိုင်သို့ရောက်လျှင် ဆိုင်ရှင်ထံ၌ စုံစမ်းလိုက်ကြလေသည်။

ဆိုင်ရှင်သည် သူတို့မေးသည့်စကားများကို ဘာမသိဘာမသိ ဖြစ်နေသည်။

ထိုအချိန်တွင်...

သူမအား အရက်အိုးအောချပေးသော ဆိုင်လုလင်ကို ကျင်းမေ သတိပြုမိလိုက်လေသည်။

ဆိုင်လုလင်သည် သူမနှင့် မျက်နှာချင်းဆိုင်မိလျှင် မျက်နှာပျက်သွားကာ ဆိုင်ထဲမှ ချက်ချင်းပြေးထွက်သွားတော့သည်။

ဆိုင်လုလင်မှာ ရိုးသားသူမဟုတ်ဘဲ အကြောင်းရှိနေရမည်ဟု ကျင်းမေရော ပုထင်းပါ သတိပြုမိလိုက်ကြသည်။

'နေဦး'

ပုထင်းက လှမ်းပြီးတားလိုက်မှ ဆိုင်လုလင်က ကြောက်လန့်တကြား ထွက်ပြေးသွားတော့၏။

'မပြေးနဲ့'

သူနှင့်ကျင်းမေတို့ တစ်ဟုန်ထိုး ပြေးလိုက်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်မှာ ဆိုင်အပြင်သို့ရောက်လျှင် လမ်းကြားလေး တစ်ခုအတွင်းသို့ ချိုးဝင်ပြေးလေ၏။

'ဟူး…ဟူး'

သူနှင့်ကျောင်းမေတို့မှာ ကိုယ်ဖော့ပညာအသုံးပြုပြီး လိုက်သွားကြရာ ဆိုင်လုလင်အား မီသွားတော့သည်။

'ရပ်လိုက်စမ်း'

'မင်း…ပြေးလို့လွတ်မလား'

သူနှင့်ကျောင်းမေတို့မှာ လမ်းပိတ်ဟန့်တားလိုက်ခြင်းကြောင့် ဆိုင်လုလင် ပြေးမလွတ်တော့ပါချေ။

ချက်ချင်းပင် မြေပေါ်ဒူးထောက်ချပြီး တောင်းပန်လိုက်သည်။

'ကျုပ်…ကျုပ်ကို ချမ်းသာခွင့်ပေးပါဗျာ'

သူနှင့်ကျောင်းမေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ဆိုင်လုလင်သည် အပြစ်ကျူးလွန်ထား၍သာ သူတို့အား သိရှိနေပြီး သူတို့မပေးမီကပင် တောင်းပန်တိုးလျှိုးနေခြင်း ဖြစ်ကြောင်း နားလည်လိုက်ကြလေတော့သည်။

ကျောင်းမေ မဲ့ပြုံးပြုံးလိုက်၏။

'ရှင့်ကို ချမ်းသာပေးစေချင်တယ်ဆိုရင် အရက်ထဲမှာ အဆိပ်ခတ်ခဲ့တယ်ဆိုတာကို ဝန်ခံရမယ်'

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်…ဟုတ်ပါတယ်၊ အဆိပ်ခတ်တာတော့ မဟုတ်ပါဘူး၊ အတွင်းအားကုန်ခမ်းစေတဲ့ ဆေးတစ်မျိုးခတ်ခဲ့တာပါ'



'ဘာ့ကြောင့် ဒီလိုလုပ်ရတာလဲ'

'ကျုပ်…ကျုပ်က'

'ရှင်…မှန်မှန်ပြောစမ်း၊ အသက်အသေခံမှာလား၊ ကြိုက်တဲ့လမ်း ရွေးပါ'

ကျောင်းမေက ခြိမ်းခြောက်လိုက်၏။

ဆိုင်လုလင် ထိတ်လန့်သွားသည်။

'ကျုပ်…ကျုပ်ကို ချမ်းသာခွင့်ပေးပါဗျာ'

'ကောင်းပြီ၊ ရှင့်ကို ချမ်းသာပေးစေချင်ရင် အမှန်အတိုင်း ပြောပေတော့'

'ကျုပ်…ကျုပ်ကို အသခွမည်းက ခိုင်းခဲ့တာပါ'

'သြော်…'

အဖြေထွက်ကြုံသည့် ကိစ္စသည် အသခွမည်းဘက်သို့ ပြန်လည်သွားတော့၏။

'အသခွမည်း ဘယ်မှာလဲ၊ သူ့အိမ်မှာပဲလား'

'ခုချိန်လောက်ဆိုရင် မြို့စွန်ဘုံကျောင်းပျက်မှာရောက်နေပြီ'

ပုထင်းနှင့် ကျောင်းမေတို့ တစ်ယောက်ကို တစ်ယောက်ကြည့် လိုက်မိကြပြန်၏။

'ကျုပ်အမှန်အတိုင်း ပြောနေတာပါ၊ မြို့စွန်ဘုံကျောင်းကို လိုက်ပြဆိုရင် လိုက်ပြပါမယ်'

'ဒါဖြင့်…ရှေ့ကသွား'

ဆိုင်လုလင်သည် ကျောင်းမေတို့အား လမ်းပြ ခေါ်ဆောင် သွားလေတော့၏။

— ○ —

www.burmeseclassic.com

www.burmeseclassic.com

## အမှန်

နန်းတော်ချောင်မြို့အနောက်ဘက်တွင် ဘုံကျောင်းပျက်တစ်ခုရှိသည်။

ဆိုင်လုလင်သည် ပုထင်းတို့အား လမ်းပြ ခေါ်ဆောင်သွားသည်။

ဘုံကျောင်းပျက်ရှေ့သို့ ရောက်လျှင် ဆိုင်လုလင် ခြေလှမ်းရပ်လိုက်၏။

'ဒီဘုံကျောင်း ပျက်ထဲမှာ အသားမည်း ရှိနေပါလိမ့်မယ်ဗျား၊ ကျုပ်မလိုက်ရဲလို့ မလိုက်တော့ပါရစေနဲ့ဗျာ'

ဆိုင်လုလင် ငိုသံပါကြီးဖြင့် တောင်းပန် ပြောဆိုလေတော့သည်။

ကျင်းမေက ဘုံကျောင်းပျက်လေးကို အကဲခတ်ကြည့်လိုက်သည်။

'အသားမည်းက သူ့အိမ်မှာ မနေဘဲ ဘာဖြစ်လို့ ဒီဘုံကျောင်းပျက်ကို လာရတာလဲ၊ ပြောစမ်းပါဦး'



'ဒီနေရာမှာ သူ့ကို ငွေပေးပြီး ခိုင်းနေသူနဲ့ လာပြီးတွေ့ဆုံတာပေါ့၊ ကျုပ်မမျှော်လင့်ဘဲ သိခဲ့ရတာပါ'

'ကောင်းပြီ'

ကျင်းမေသည် ဆိုင်လုလင်အား သွေးကြောပိတ်လိုက်လေသည်။

'အင့်'

ဆိုင်လုလင် မသဲမကွဲ ညည်းညူ၍ မလှုပ်မယှက်ဖြစ်သွားရသည်။

'သွားစို့'

ကျင်းမေသည် ပုထင်းကို ခေါ်၍ ပြေးထွက်သွားလေတော့သည်။

ပုထင်း ပင့်သက်ရှိုက်မိသည်။

ကျင်းမေသည်...

ယခုအချိန်ထိ စိတ်မြန်လက်မြန် ရှိနေဆဲဖြစ်ကြောင်း တွေ့ရသော ရင်မောသွား၏။

ဘာမျှ မတတ်နိုင်တော့ဘဲ သူမ နောက်သို့ လိုက်သွားရသည်။

နှစ်ယောက်သား ဘုံကျောင်းပျက် အနီးသို့ ရောက်ရှိသွားကြလျှင်...

ဘုံကျောင်းပျက်ထဲမှ ရယ်မောသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရ၏။

တိုးညှယ်သောအသံနှင့် အသားမည်း၏ ရယ်သံလည်း ပါဝင်နေကြောင်း ပုထင်းတို့ သတိပြုမိကြသည်။

www.burmeseclassic.com



ဘုံကျောင်းထဲမှ အခြေအနေကို ချောင်းကြည့်ရန် ပုထင်း စိတ်ကူးနေစဉ်မှာပင်....

'ရှင် ဘယ်ပြေးမလို့'

ကျောင်းမလေး အော်ငေါက်ရင်း ဘုံကျောင်းအတွင်းသို့ ခုန်ဝင်သွားလေ၏။

'ဟာ'

ပုထင်း စိတ်ပျက်သွားပါတော့သည်။

ကျောင်းမေ ဝင်သွားပြီဖြစ်၍ မတတ်သာတော့ဘဲ ဘုံကျောင်း ပျက်ထဲသို့ ပြေးဝင်လိုက်ရတော့၏။

ဘုံကျောင်း ပျက်ထဲ ရောက်သွားလျှင် အသားမည်းနှင့် အမျိုးသမီး တစ်ယောက် ရှိနေကြသည်ကို တွေ့ရ၏။

အသားမည်းတို့သည် ပုထင်းတို့ ရောက်ရှိ လာကြသည်ကို မြင်လျှင် အလန့်တကြား ဖြစ်သွားကြ၏။

ကျောင်းမေက ခါးထောက်ရယ်လိုက်သည်။

'ဟင်း ဟင်း ဟင်း ကျွန်မ ရောက်လာမယ်လို့ ရှင်မထင်မိဘူး မဟုတ်လား'

'မှင်...မင်း'

'ရှင်အား ကျွန်မကို လိုချင်နေမှန်းသိလို့ ကျွန်မ လာပြီးအပ်ခံတာပေါ့ရှင်'

ကျောင်းမေက ရှေ့တိုးလိုက်လျှင် အသားမည်း တပျာတယာ နောက်ဆုတ်လိုက်၏။

သူမ ခေါင်းခါယမ်းသည်။



'မကြောက်ပါနဲ့လေ၊ ရှင်ပဲ ကျွန်မကို အဓမ္မဖမ်းဆီးဖို့ ကြံစည်ခဲ့သေးတယ် မဟုတ်လား'

'ကျုပ်...ကျုပ်'

ရုတ်တရက်...

ကျောင်းမေ၏ အသံ ပြောင်းလဲသွားလေသည်။

သူမ၏ မျက်နှာ တင်းမာသွား၍ အသံလည်း ခက်ထန် မာကျောသွားတော့သည်။

'ပြောစမ်း၊ မိန်းကလေးတွေကို အဓမ္မဖမ်းဆီးနေတာ ဘာသဘောလဲ'

အသားမည်း ခေါင်းခါယမ်းသည်။

'ဒီကိစ္စ ကျုပ်နဲ့ မဆိုင်ဘူး'

'ရှင့်ရဲ့လက်ချက် မဟုတ်ရင် ဘယ်သူ့လက်ချက်လဲ ဆိုတာ ပြောစမ်း'

အသားမည်းက မလှမ်းမကမ်း၌ ရပ်နေသည့် အမျိုးသမီး အား ကြည့်လိုက်၏။

အမျိုးသမီး မှာ အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထား၍ မျက်နှာပေါ်တွင် ဇာပဝါ တစ်ထည် ဖုံးလွှမ်းထားသေးသည်။

အသက်အားဖြင့်အရွယ်ရောက်ခန့် ရှိမည်ဟုသာ ခန့်မှန်း၍ရပြီး မည်သူမည်ဝါဖြစ်ကြောင်း မသိနိုင်ချေ။

ကျောင်းမေ မဲ့ပြုံး ပြုံးသည်။

'ရှင့်ရဲ့လက်ချက် ဟုတ်လား'

အမျိုးသမီးထံသို့ မျက်နှာမူ၍ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် စားသောက်ဆိုင်တစ်လုံးမှ မပြောဘဲ ယက်ခေါ်ယမ်း ပြိုက်ခလေ၏။

'ဝှစ် ဝှစ် ဝှစ်'

လက်နက်ပုန်းလေးများ တရစပ် ပစ်လွှတ်လာသော်လည်း ကျောင်းမေ ဝဲဘက်သို့ ခုန်ရှောင်လိုက်၏။

'ရှင့်ပညာ ဒါအကုန်ပဲလား'

ထွမသည် အော်ပြောရင်း အမျိုးသမီးထံသို့ ခုန်ဝင်တိုက် ခိုက်ရန် ကြိုးစားလိုက်၏။

အမျိုးသမီးအား လက်နက်ပုန်းလေးများဖြင့် ဖစ်ခတ်လိုက်ပြန် သည်။

'ဝှစ် ဝှစ် ဝှစ်'

'ဒေါက် ဒေါက် ဒေါက်'

လက်နက်ပုန်းလေးများ အဆက်မပြတ် ပစ်လွှင့်လာခြင်း ကြောင့် ကျောင်းမေသည် အမျိုးသမီးထံသို့ ခုန်ဝင်သွားဖို့ဆိုသည် မှာ မဖြစ်နိုင်တော့ပါချေ။

အမျိုးသမီးသည် ကျောင်းမေအား တိုက်ခိုက်လိုက်သည့်အပြင် အသားမည်းကိုလည်း ယက်ပါးဓားဖြင့် ခုတ်ချလိုက်လေ သည်။

အသားမည်း ထိတ်လန့်သွား၏။

'ခင်ဗျား ဘာလုပ်လိုက်တာလဲ'

ကြောက်လန့်တကြား ရှောင်တိမ်းရန် တန့်ပြင်လိုက်သော် လည်း နောက်ကျသွားပြီ ဖြစ်လေ၏။

'ဖျောင်း'



'အား'

စူးရှ ကျယ်လောင်သော အော်ဟစ်သံများနှင့်အတူ ကြမ်း ပြင်ပေါ် ပုံလျက်သား လဲကျသွားလေ၏။

အမျိုးသမီး[illegible]သည် အသားမည်းအားနှုတ်ပိတ်ပြီးသည်နှင့်—

'ဟိတ်'

ညသံတစ်ချက်ပေး၍ ဘုံကျောင်းပျက်အပြင်ဘက်သို့ ခုန် ထွက်သွားလေ၏။

'မပြေးနဲ့'

'ရပ်လိုက်'

ပုထင်နှင့် ကျောင်းမေတို့လည်း တစ်ဟုန်ထိုး မြေးလိုက်သွား ကြလေသည်။

အမျိုးသမီးမှာ ကိုယ်ဖော့ပညာ မခေကြောင်း ထင်ရှားနေ သည်။

သူမသည် ကိုယ်ဖော့ပညာ အသုံးပြုရင်း ရိပ်ခနဲ ရိပ်ခနဲပြေး လွှားသွားရာ—

မကြာပါချေ။

မြို့ပြင်တောအုပ်ထဲသို့ ရောက်ရှိသွားလေတော့သည်။

ပုထင်နှင့် ကျောင်းမေတို့လည်း တစ်ဟုန်ထိုး ပြေးလိုက်သွား ကြလေ၏။

တောအုပ်ထဲသို့ ရောက်သွားကြသောအခါ အမျိုးသမီး၏ အရိပ်အငွေ့ရောင်ကိုပင် မတွေ့ရပါတော့ချေ။

နှစ်ယောက်သား မကျေမနပ်ဖြစ်၍ ခြေလှမ်းရပ်လိုက်ကြရ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို ချည်းအန်းဘောင်းခမ္ဘာတိ ရှာဖွေကြည့်လိုက်သော်လည်း အမျိုးသမီး၏အရိပ်အရောင်ကိုပင် မတွေ့ရပေ။

'တောဖော်...လွတ်သွားတာ နာတယ်'

ကျောင်းမေ ညည်းတွားလိုက်လေ၏။

ပုထင်းက စည်ကြည်သောမျက်နှာထားဖြင့်ပြော၏။

'သူ ဒီတောအုပ်ထဲမှာ ပုန်းနေတာဖြစ်ရမယ်၊ ဝေးဝေးရောက်နိုင်သေးပါဘူး'

'ဒါဖြင့် ကျွန်မတို့လိုက်ရှာရအောင်'

'ကောင်းပြီ'

နှစ်ယောက်သား လိုက်ရှာရန်ဆုံးဖြတ်လိုက်ကြသည်။

ထိုအချိန်မှာပင်...

တောအုပ်တွင်းမှ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ကျောင်းမေတို့ လှုပ်ရှားသွားကြလေ၏။

ယာပျာယာ ပြေးသွားလိုက်ကြလေ၏။

တိုက်ခိုက်သံများသည် ရုတ်ချည်း ပျောက်ကွယ်သွားလေသည်။

နှစ်ယောက်သား တောအုပ်အတွင်းသို့ရောက်သွားကြလျှင် မိန်းမငယ်လေးတစ်ယောက်ရှိနေသည်ကို တွေ့မြင်လိုက်ကြရလေသည်။

ထိုမိန်းမလေးမှာ ထင်းယန်အဖွဲ့ခေါင်းဆောင် ပေချင်းဖြစ်နေပါတော့၏။



'တင်း...'

ကျောင်းမေ ကြောင်အမ်းအမ်းဖြစ်သွား၏။

ပေချင်းကို ခြေဆုံးခေါင်းဆုံးကြည့်၍မေးလိုက်၏။

'ခေါင်းဆောင်ကြီးကိုး၊ ဒီလိုနေရာကိုဘယ်လိုအကြောင်းကိစ္စနဲ့ရောက်လာရသလဲဆိုတာ ပြောစမ်းပါဦး'

ပုထင်းသည်လည်း ပေချင်းကိုတွေ့မြင်လိုက်ရလျှင် မျက်နှာမထားတတ်အောင်ဖြစ်သွားလေ၏။

ပေချင်းက စည်ကြည်သောမျက်နှာထားဖြင့် ပြော၏။

'မိန်းလေးတွေကို အဓမ္မဖမ်းဆီးခံနေရတဲ့ကိစ္စဟာ ထင်းယန်အဖွဲ့ရဲ့ လက်ချက်မဟုတ်ဘူးလို့ အများထင်သလိုမဟုတ်ဖြစ်နေတာကို ဖြေရှင်းဖို့ ဂမုန်းတောင်ပေါ်က ကျွန်မ ဆင်းလာခဲ့တာပါရှင်'

ကျောင်းမေတို့ အော်ပြောလိုက်လေ၏။

'ညည်းက အစ်ကိုပုထင်းနေ့ကို လိုက်ချောင်းလို့မဟုတ်လား'

ပေချင်း၏မျက်နှာလေး နီမြန်းသွားလေ၏။

ပုထင်းလည်း မနေနိုင်ပဲ ကြားဝင်လိုက်ရလေ၏။

'ညီမ...ဒီလိုမပြောနဲ့လေ'

ကျောင်းမေ နှာခေါင်းရှုံ့လိုက်၏။

'ကျွန်မ မှန်တာကို ပြောတာပါရှင်'

ပုထင်းက ပေချင်းအား လှမ်းပြောလိုက်၏။

'ဒီကိစ္စတွေဟာ ထင်းယန်အဖွဲ့ရဲ့လက်ချက်မဟုတ်ဘူးဆိုတာ ထင်ရှားပေါ်လွင်နေပါပြီ၊ ညီမ ဘာမှ မစိုးရိမ်ပါနဲ့တော့'

www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းအောင်ဇော်ကိုပြန်ပါ၊ တရားခံကို ရှာဖွေဖော်ထုတ်ပြီး ဆုံးမလိုက်ပါမယ်'

ပေချင်း ဆက်မှာခဲ့ပါချေ၊

'ကျွန်မတို့အဖွဲ့ရဲ့ ဂုဏ်သိက္ခာ ထိခိုက်စေမှာတွေကို ကျွန်မ အောင့်ပိုး ကြည့်နေမယ်ဆိုရင် တာဝန်မဲ့ရာ ကျသွားမှာပေါ့၊ တရားခံကို ကျွန်မအားပဲ တစ်ခန်းစီပြီး ဖော်ထုတ်ပါမယ်ရှင်'

ထိုအခါ ဆုံးလျှင် ကျောင်းမေက တခစ်ခစ်ရယ်ရင်း မေးလိုက်ပြီး

'အစ်ကိုပုထင်း၊ ရှင်ဟာ တော်တော်စွတဲ့ လူတစ်ယောက်ပါလား'

သူမသည် ပေချင်းအား ခနဲ့လိုက်သည့်အပြင် ပွင့်ပွင့်လင်းလင်းပင် နှိမ့်ချ စိမ်ခေါ်လိုက်လေ၏။

'နေပါဦး၊ တရားခံကို ဖော်ထုတ်ရအောင် ညည်းရဲ့ လိုင်းပညာတဲ့ စွယ်စောင်းများ ရှိနေလို့လဲ၊ ပြောစမ်းပါဦး'

ပေချင်း၏မျက်နှာ တည်ကြည်လေးနက်သွား၏။

'ကျွန်မရဲ့ သိုင်းပညာဟာ ထင်းယန်ဂိုဏ်းတို့ ထက်ကွယ် စောင့်ရှောက်ဖို့လောက်ပါတယ်ရှင်'

'ညည်းသေချာရဲ့လား'

'သေချာပါတယ်'

'ဒါဖြင့် ကျွန်မက လက်တွေ့စမ်းသပ်ကြည့်ချင်တယ်ဆိုရင် ရော'

ကျောင်းမေက စိမ်ခေါ်လိုက်သောအခါ ပုထင်း၊ အံ့ထိတ်တလန့်ဖြစ်သွားလေ၏။



'သိမ — ဒီလိုမပြောရဘူးလေ'

'အစ်ကို — ဘေးဖယ်နေလိုက်ရင် ကောင်းမယ်'

ပုထင်း စိတ်ပျက်သွားလေသည်။

ကျောင်းမေက ရှေ့တိုးလိုက်၏။

'ဘယ်လိုလဲ — ညည်းက တကယ်ပဲ အစွမ်းအစရှိရဲ့လား'

ပေချင်း ခေါင်းညိတ်လိုက်သည်။

'ဖော်အားမဖော်အား လုပ်သောသူတွေကို ဆုံးမနိုင်တဲ့ ညာ ကျွန်မမှာ ရှိပါတယ်ရှင်'

'ဒါဖြင့် — ညည်းခုံကြည့်ပါဦး'

သူမသည် မှားသည် မှန်သည် ခေါင်းမနေတော့ဘဲ ပေချင်းထံ ရှင်ဝင် တိုက်ခိုက်လိုက်၏။

ပေချင်းကလည်း ပြန်လည် တိုက်ခိုက်လိုက်သော အခါ ပုထင်းမှာ မည်သို့မျှ ဆွဲလွှဲ၍ မရနိုင်တော့ဘဲ နေးရသီဆုတ်ပေးလိုက်ရလေတော့သည်။

ကျောင်းမေသည် မခံကျမ်းနပ်ဖြင့် ပေချင်းအား ရန်စတိုက်ခိုက်လိုက်လေ၏။

ပေချင်းကလည်း ပြန်လည် တိုက်ခိုက်လိုက်ရာ မြေကွက်လပ်တွင် ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေ၏။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်လိုက်ကြပြီး —

မကြာမီ —

'ဝုန်း'

ကျယ်လောင်သော အသံနှင့်အတူ ကျောင်းမေ ဝယီသို့ ဖြင့် နောက်ဆုတ်သွားသည်ကို တွေ့မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

ပုထင်း အံ့ဩသွားသည်။

ဖေချင်း၏ ပညာမှာ ကျောင်းမေထံ၌ သင်နေသည်မဟုတ်ပါလား။

ကျောင်းမေ ဒေါသထွက်သွားလေ၏။

'ညည်း...ဘယ်ဆိုးလို့လဲ၊ ဒီတစ်ခါ ခံနိုင်ရင် ခံကြည့်စမ်းပါဦးလေ'

သိုင်းကွက်ပြောင်း၍ ပြင်းထန်စွာ ဝင်ရောက်တိုက်ခိုက်လေ၏။

လူမ၏ တိုက်ခိုက်မှုမှာ...

ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန် နေပါတော့သည်။

'ရပ်လိုက်'

ပုထင်းက ဟန့်တားလိုက်သော်လည်း အမှု မထားတော့ချေ။

ဖေချင်းသည် ကြောက်စိတ် ထိတ်လန့်မှုမရှိဘဲ သိုင်းကွက်များကို စနစ်တကျ ထုတ်ဖော်၍ ပြန်လည် တိုက်ခိုက်လိုက်တော့သည်။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်လိုက်ကြပြီး...

မကြာမီ...

'ဒုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၍ ကျောင်းမေအဝေးသို့ လွင့်စင်သွားလေတော့သည်။

'ဟာ'



ပုထင်းသည် ကျောင်းမေအတွက် စိုးရိမ်၍ ကျောင်းမေထံသို့ ပြေးသွားရန် ဟန်ပြင်လိုက်၏။

သို့သော်...

လူမက အမှုမထားဘဲ ခုန်ထလာသည်။

လူမသည် ဒေါသထွက်နေသော်လည်း ဖေချင်းအား မယှဉ်နိုင်မှန်း ရိပ်မိသွားပြီး မျက်နှာ ဖြူဖပ်ဖြူလျော် ဖြစ်နေတော့သည်။

ဖေချင်းက လက်နှစ်ဖက် ဆုပ်၍ ဦးညွှတ် လိုက်လေတော့သည်။

'ကျွန်မမတော်သားလို့ ခုခံလိုက်ရတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်'

ကျောင်းမေအံ့ကြိတ်လိုက်၏။

'ညည်း...သတိထားနေပါ၊ ဒီကနေ့အဖြစ်အပျက်ကို ဘယ်တော့မှ ငါကျေနပ်ဘူးဆိုတာ မှတ်ထားပါ'

ဒေါသတကြီး ကြုံးဝါးပြီး ချာခနဲလှည့်၍ ထွက်ပြေးသွားတော့သည်။

'ညီမ...ကျောင်းမေ'

ပုထင်းက တန့်တားလိုက်သော်လည်း လုံးဝ လှည့်မကြည့်တော့ချေ။

လျင်မြန်စွာ ပြေးထွက်သွားပြီး သစ်ပင် ချုံနွယ်များ ကြား၌ ပျောက်ကွယ်သွားလေသည်။

—•—

www.burmeseclassic.com

www.burmeseclassic.com

## မီးလျှံ

---

ကျောင်းမေ ထွက်ပြေးသွားပြီ ဖြစ်သည်။

ပုထောင်း လိုက်သွားရန် ဟန်ပြင်ပြီးမှ ကိုယ့်ရှိန်နှင့်သတ်၍ ရပ်လိုက်လေ၏။

ကျောင်းမေသည် ပေချစ်အား ရှုံးနိမ့် သွားခြင်းကြောင့် အရှက်ကြီး ရှက်သွား၍ မီးကိုလည်း မျှော်နေ ပြုရဲတော့မည်မဟုတ်။ ထို့ကြောင့် လိုက်သွားခြင်းသည် သူမအား နှိပ်စက်ရာကျမည်ဟု တွေးမိလိုက်ခြင်းကြောင့် ဖြစ်၏။

ပေချစ်က ပုထောင်းအား တောင်းပန်လိုက်၏။

'ကျွန်မကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်'

ဟု သတ်ပြင်းစွာလိုက်သည်။

'ညီမရဲ့ အခြေအနေကို ကျုပ်နားလည်ပါတယ်၊ ကျောင်းမေ ထိန်းလို့မရဘူး၊ တစ္ဆေကပ်သလို လုပ်တတ်တာဆိုတော့ ခက်နေပါတယ်'

ပေချစ်သည် ပုထောင်းကို လေးစားစွာဖြင့် ဆက်ဆံလေသည်။

'ထင်းယန်ဂိုဏ်းကို နာမည်ပျက်အောင် လုပ်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ဖမ်းမိထားပါတယ်၊ ကျွန်မနဲ့ လိုက်ခဲ့ပါ'



ပုထောင်းက ပေချစ်နောက်သို့ လိုက်သွားလေ၏။

မြေကျွန်းဆပ် တောင်ဖက်ရှိ သစ်ပင် ချုံနွယ်များ ကြားသို့ ရောက်သွားသော အခါ အမျိုးသမီးတစ်ဦး မလှုပ်မယှက် ရပ်လျက်ရှိနေသည်ကို တွေ့ရလေ၏။

ထိုအမျိုးသမီးသည် အသားမည်းနှင့် တွေ့ဆုံခဲ့သူ ဖြစ်နေပါတော့၏။

'ကောက်စသတ်တော့ သူ့ကို သွေးကြောပိတ်ပြီး ဖမ်းထားတာကိုး'

ပေချစ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ရှင်... သူဟာ နန်ကျောင်းမြို့က ဒုစရိုက်သမားတွေကို ငွေပေးပြီး မိန်းကလေးတွေကို ဖမ်းဆီးခိုင်းခဲ့သူပါ။ သူ အကြောင်း မပေါ်ပေါက်ရအောင် ထင်းယန်ဂိုဏ်းရဲ့ နာမည် ချက်ဖျက်ဖို့ လုပ်ကြံ သတင်းလွှင့်ခဲ့တာပါပဲ'

ထိုအမျိုးသမီး အဘယ်ကြောင့် ထိုသို့ ပြုလုပ်ရသည်ကို ပုထောင်း သိလိုလေ၏။

'သူဘာကြောင့် ဒီလို လုပ်ခဲ့ရတယ်ဆိုတာ ညီမသိသလား'

'သူ့ကို စစ်ဆေးကြည့်ရမှာပေါ့ရှင်'

ပေချစ်သည် အမျိုးသမီး၏ သွေးကြော အချို့ကို ဖွင့်ပေးလိုက်၏။

အမျိုးသမီး မျက်လုံး ပွင့်လာ၍ စကားပြောလာနိုင်လေသည်။

သို့သော်

ခြေလက်များ လှုပ်ရှားခြင်း မပြုနိုင်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်…ဘာကြောင့် ထင်းယန်ဂိုဏ်း ဒုက္ခရောက်အောင်လုပ်ရတာလဲ'

ပေချင်းက မေးလိုက်သောအခါ အမျိုးသမီး ရယ်လိုက်သည်။

'ထင်းယန်ဂိုဏ်း နေရာမှာ ဆာခြွေးဂိုဏ်းတစ်ခုခု ရှိနေတယ်ဆိုရင်လဲ အပြစ်တွေကို အဲဒီဂိုဏ်းအပေါ် ပုံချလိုက်မှာပဲ၊ ကျုပ်လုပ်ရပ်တွေ မပေါ်ပေါ်အောင် တစ်ယောက်ယောက်အပေါ်တော့ အပြစ်ပုံချရမှာမို့ မဟုတ်လား'

'ဩော်'

ပေချင်း မဲ့ပြုံးပြုံးလိုက်၏။

'ထင်းယန်ဂိုဏ်းအပေါ် အပြစ်ပုံချလိုက်တဲ့အတွက် နောက်ဆက်တွဲ ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေကို တွေးတောစဉ်းစားထားဖို့ ကောင်းတာပေါ့ရှင်'

'မလိုပါဘူး၊ ညည်းတို့ထင်းယန်ဂိုဏ်းလဲ တစ်နေ့ကျရင် ငါတို့ ခြေဖဝါးအောက်ကို ရောက်လာရမှာဘဲ'

'ရှင်…ရှင်…'

ပေချင်း မကျေမနပ်ဖြစ်သွားသော်လည်း ကျင်းမေကဲ့သို့ စိတ်လိုက်မာန်ပါမလုပ်ဘဲ စိတ်ထိန်းလိုက်၏။

အမျိုးသမီး ရယ်မောလိုက်၏။

'မီးလျှံဂိုဏ်းဟာ မကြာခင် သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးသိမ်းပိုက်လိုက်တော့မှာပဲ၊ မင်းတို့ ဘာတတ်နိုင်ကြမှာမို့လဲ'

မီးလျှံဂိုဏ်းဟူသောအမည်ကိုကြားရလျှင် ပုထင်းလှုပ်လှုပ်ရှားရှားဖြစ်သွားလေ၏။



ထိုဂိုဏ်းမှ အမျိုးသမီးတစ်ယောက်ကို ကိုယ်တင်မိခဲ့ခြင်းကြောင့် ဖခင်ပုကျောင်းနှင့်တကွ ညီတို့တစ်အိမ်သားလုံး ဒုက္ခရောက်ခဲ့ကြရသည် မဟုတ်ပါလား။

ထို အမြင်…

အမျိုးသမီး၏အသံကို ကြားဖူးသည်ဟု ထင်မှတ်မိသဖြင့် လွှတ်ခနဲ မေးလိုက်မိလေ၏။

'ခင်ဗျား ဘယ်သူလဲ'

ပေချင်းသည်လည်း အရေးပါသူတစ်ယောက်အား ဖမ်းမိထားခြင်းဖြစ်သည်ဟု ယုံကြည်လာရလေ၏…

'ကျွန်မကို ခွင့်လွှတ်ပါ'

အမျိုးသမီး၏မျက်နှာပေါ်မှ ဇာဝတ်ကို ဖယ်ရှားပစ်လိုက်လေ၏။

အမျိုးသမီး၏ ပကတိမျက်နှာပေါ်လွင်လာသည်။

သူမ၏မျက်နှာကို သေသေချာချာ ကြွေမြင်လိုက်ရလျှင် ပုထင်း ပါးစပ်အဟောင်းသား ဖြစ်သွားရပြန်လေတော့သည်။

၀ ၀ ၀

မိထွေးတော် ချူစန်း…

ပုအိမ်တော်သို့ မွေးနေ့ဆုတောင်းဖို့ ရောက်ရှိလာခဲ့သော မိထွေး ချူစန်းအား တွေ့လိုက်ရသဖြင့် ပုထင်း စိတ်လှုပ်ရှားလာလေသည်။

ချူစန်းဟာ သူ့အား မှတ်မိပုံ မရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆွမသည် ပုအိမ်တော်အတွင်း အဆိပ်ခွသဖြင့်၍ သေချင်တန်းသေခြင်း ဖြစ်ကြောင်းလည်း ထင်ရှား ပေါ်လွင်လာသည်။

ပုအိမ်တော် ပျက်စီးရသည့် ကိစ္စ၌ ချူစန်းသည် အဓိကနေရာမှ ပါဝင်ခဲ့သည်ဖြစ်ရာ...

ဖခင်နှင့် အစ်ကိုဖြစ်သူ ပျောက်ဆုံးနေသည်ကို သူမ သိရှိရမည်ဟု ပုထင်း ယုံကြည်ထားပြီး

သူသည် စိတ်ထိန်းနိုင်တော့ဘဲ ရှေ့တိုးသွားလေသည်။

'ကျုပ်ကို သေချာကြည့်စမ်း၊ ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျား မှတ်မိရဲ့လား'

ချူစန်းသည် ပုထင်းအား ခေါင်းခါ၍ မမှတ်မိပါချေ။

'မင်းက ဘယ်သူလဲ'

ပုထင်း မဲ့ပြုံး ပြုံးလိုက်သည်။

'ကျုပ်ကို မမှတ်မိရင်လဲ ပုအိမ်တော်ကိုတော့ မှတ်မိမယ်ထင်ပါတယ်'

'ဪ...ပုအိမ်တော် ဟုတ်လား'

'ဟုတ်တယ်၊ သခင်ကြီး ပုကျောင်းကို ခင်ဗျားအမေ မသာယာနဲ့ မြှူဆွယ်သိမ်းသွင်းခဲ့သေးတာပဲ မဟုတ်လား'

ချူစန်း၏မျက်လုံးတို့ အရောင်တဖိတ်ဖိတ်ဝင်းလာ၏။

'ဒါကဘာဖြစ်လို့ သခင်ကြီးပုကျောင်းနဲ့ မင်းဆက်ဆံနေတာလဲ'

'ခင်ဗျားကြောင့်ပုအိမ်တော် ပျက်စီးသွားရတာ ကျုပ်တို့ ဘယ်တော့မှ မမေ့ဘူး မှတ်ပါ'

'ဟင်း ဟင်း ဟင်း'



ချူစန်းသည်ကြောက်ရွံ့ခြင်းမရှိသည့်အပြင် ရယ်မောမိ၏။

'မင်းအဖေ ပုကျောင်းလဲ အလကားပေါ့၊ ဒါက သူ့ကို အထင်ကြီးမိတာ၊ အရိုးမဲ့ သိုင်းကျမ်းဟာ သူ့ဆီမှာရှိနေတာမှ မဟုတ်ဘဲ၊ ပေါင်မန်းရကျိုး မနှမ်ဘဲ ဖြစ်သွားတယ်'

ပုထင်း အံ့ဩသွားသည်။

ဆစ်စုံဘစ်ခုပြောရန် ဟန်ပြင်လိုက်ပြီးမှ မပြောဘဲနေလိုက်သည်။

ချူစန်းက အရှိန်ရနေပြီး ဆက်၍ ပြော၏။

'တကယ်တော့...အရိုးမဲ့ကျမ်းဟာ ညီနောင် ဝူးလုံဆီမှာ ပါသွားတာ၊ ဝူးလုံကို သတ်သင်ရှင်းလင်းပြီးတော့ နဂါးစိမ်းဂိုဏ်းချုပ်က ရသွားပြီလေ...'

'ဂိုဏ်းချုပ်ကြီးဟာ အရိုးမဲ့ကျမ်းကို ရလ ကျင့်ပြီးအောင်မြင်သွားရင် သိုင်းလောကမှာ တစ်ခုလုံးကို လွှမ်းမိုးနိုင်မှာ အသေအချာပဲ'

သူမ၏ စကားများကို ပုထင်း ခေါင်းငုံ့ နားထောင်နေခဲ့ပါချေ။

နဂါးစိမ်း ဂိုဏ်း၏ ဂိုဏ်းတွင်း အရှုပ်အထွေးများသည် သူ့မှာ မသိခဲ့ခြင်း မရှိပါ။ ဖြစ်ပျက်ခဲ့ခြင်း မဟုတ်ပါလား။

သူ၏ ဖခင် ပုကျောင်းသည် နဂါးစိမ်း ဂိုဏ်းမှ ရှေးဟောင်း သိုင်းသမားတစ်ဦး ဖြစ်ခဲ့သည်ကိုတော့ သိထားပါ၏။

နဂါးစိမ်းက ပြန့်သည့် အသက်ကို လာမည့်အချိန် သိုင်းလောက၏ အားချုပ်ကိုင်ထားမှု ပျက်စီးသွားမည်မှာ ထင်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ်.... ဂိုဏ်းချုပ်ကြီးက သစ္စာ ဖောက်တာတွေကို ချမ်းသာပေးမှာ မဟုတ်ပါဘူး၊ မင်းရဲ့ အဖေလဲ ခုချိန်လောက်ဆို သေသွားလောက်ရောပေါ့'

ပုသင်း အံကြိတ်လိုက်သည်။

'ကျုပ်က နဂါးစိမ်း ဂိုဏ်းကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး ဆိုတာ မှတ်ထားပါဗျာ'

ချူစန်း ခနဲ့လိုက်၏။

'မင်း ဘာများ တတ်နိုင်မှာမို့လဲ'

'စိတ်ချ ခင်ဗျာ၊ တွေ့ရမှာပေါ့'

ပုသင်းသည် တိုက်ခိုက်ရန် တန့်ပြင်ပြီးမှ စိတ်တိုန်း၍နေရာမှ ဆုတ်လိုက်၏။

မချောင်း သက်ပြင်းချသည်။

'အစ်ကိုတို့ဟာ အရင်ကတည်းက ရန်ငြိုးရန်စတွေ ရှိနေခဲ့ကြတာကိုး၊ ဘာကြောင့် မိန်းကလေးတွေကို အမွှေဖမ်းဆီး နေရသလဲ၊ မီးလျှံ ဂိုဏ်းနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ သိရင် ကောင်းမယ်'

ချူစန်း ရယ်လိုက်သည်။

'မေးနေစရာ မလိုပါဘူးလေ၊ ညည်းသိချင်ရင် ကျုပ်ပြောပြမှာပေါ့၊ ကျုပ်ဟာ မီးလျှံ ဂိုဏ်းက လူတစ်ယောက်ပဲ၊ ဒါပေမယ့်.... ကျုပ်ဟာ နဂါးစိမ်းဂိုဏ်းချုပ်ဆီမှာ သစ္စာခံလိုက်တယ်'

'နဂါးစိမ်း ဂိုဏ်းချုပ်က ငါ့ကို ချီးမြှင့် မြှောက်စားတဲ့ အနေနဲ့ မီးလျှံ ဂိုဏ်းချုပ်ကို ဖယ်ရှားပြီး ငါ့ကို ဂိုဏ်းချုပ်နေရာ ထင်ပေးခဲ့တယ်လေ....



'ငါဂိုဏ်းချုပ်ဖြစ်လာတာကို မကျေနပ်သူတွေ ရှိနေတော့ ပြတ်ပြတ်သားသား အရေးယူ ဖယ်ရှားပစ်လိုက်တာကြောင့် မီးလျှံ ဂိုဏ်းမှာ အင်အားနည်းသွားတယ်....

'အင်အား ပြန်ပြီး တောင့်တင်းလာအောင် လူပြည့်ဖို့ မိန်းကလေးတွေကိုလိုက်ပြီး ဖမ်းဆီးနေရတာပဲ၊ ကဲ — ရှင်းပြီလား'

အဖြစ်အပျက်များက တဖြည်းဖြည်း ရှင်းလင်းလာလေ၏။

သို့သော်....

အရိပ်မဲ့ကျမ်းနှင့်ပတ်သက်၍ကား မရှင်းမသင်း ဖြစ်နေမိ၏။

အရိပ်မဲ့ကျမ်းသည် သူ၏ ဖခင်ထံ၌ ရှိနေခဲ့ပြီး သူတို့ ညီအစ်ကို နှစ်ယောက်ကို သင်ကြားခဲ့ကြရပေ၏။

ထိုကျမ်း၌ ရေးသားထားသည့် လက်ရာတို့ကို တစ်ပုဒ်မကျန် သူတို့ အလွတ်ရထားကြ၏။

ချူစန်းက ထိုကျမ်းအား အတုဟု ပြောခဲ့သည်။

မိမိဖခင်၏ သေွးသောက်ညီအစ်ကို ပညာနဂါး ဂူးလုံထံ၌ အစစ်ရှိနေပြီး ဂူးလုံကို လုပ်ကြံ၍ နဂါးစိမ်းဂိုဏ်းချုပ်က ရရှိသွားခဲ့ကြောင်း သိရ၏။

နဂါးစိမ်း ဂိုဏ်းချုပ်သည် အရိပ်မဲ့ ကျမ်းအား လေ့ကျင့်နေခြင်းကြောင့် သိုင်းလောကကို ထွက်မလာနိုင်သေး ရကား သိုင်းလောက အေးချမ်းငြိမ်သက်နေရခြင်း ဖြစ်ပေသည်။

ချူစန်းထံမှ ဖခင် အကြောင်း မသိရနိုင်သဖြင့် စိတ်ပျက်သွားမိသော်လည်း....

ဖခင်မှာ နဂါးစိမ်း ဂိုဏ်း၏ လက်ချက်ဖြင့် သေဆုံးသွားခြင်းမရှိသေးကြောင်း ထင်ရှားသဖြင့် စိတ်အေးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ... မင်းအာစသိချင်သေးသလဲ၊ ပြောစမ်းပါဦး'

ချူစန်းက မေးလေ၏၊

ပုထင်း အံကြိတ်လိုက်သည်၊

'သိုင်းလောကမှာ ခင်ဗျားတို့ ထင်ကိုင်းကျဲဖို့ ခွင့်မပြုနိုင်ပါဘူး၊ အဓမ္မဖမ်းထားတဲ့ မိန်းကလေးတွေကို ပြန်လွှတ်ပေးရပါမယ်၊ ခင်ဗျားရဲ့ အပြစ်တွေကို သိုင်းလောကသားတွေ ဆီမှာ ပေးခံရလိမ့်မယ်'

ချူစန်း ရယ်လိုက်သည်၊

'ကောင်းတယ်... မင်းရဲ့အကြံ သိပ်ကောင်းတယ်၊ ကျုပ်က မင်းပြောသလို လုပ်မယ်များ ထင်နေသလား'

'ခင်ဗျား ဘာမှ မတတ်နိုင်တော့ပါဘူး'

'ဘာကြောင့် မတတ်နိုင်ရမှာလဲ'

ချူစန်းသည် ရုတ်တရက် လှုပ်ရှားလိုက်၏၊

'ဟူး'

သူ၏ ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ အပေါ်သို့ ထိုးတက်သွားပြီး သစ်ကိုင်းတစ်ကိုင်းပေါ်သို့ရောက်ရှိသွားလေ၏၊

'ဟင်'

'ဟာ'

ပုထင်းနှင့်ပေချင်းတို့ ကြောင်အမ်းအမ်းဖြစ်သွားကြလေ၏၊

သွေးကြောပိတ်ခံထားရသည့် ချူစန်းမှာ လှုပ်ရှားလာနိုင်သည် မဟုတ်ပါလား၊

သူ့ကို စကားပြောနိုင်ရန် ပေချင်းက သွေးကြောဖွင့်ပေးခဲ့သည်နှင့်...



ကျန်သွေးကြောများကို ချူစန်းက အတွင်းအားအသုံးပြု၍ ကြိတ်အား ဖွင့်ပေးခဲ့ခြင်း ဖြစ်ကြောင်း နားလည်လိုက်ကြ၏၊

'မပြေးနဲ့'

ပုထင်း သတိဝင်လာပြီး မြေပေါ် ခြေဆောင့်၍ သစ်ကိုင်းပေါ်သို့ ခုန်တက်လိုက်၏၊

ပေချင်းကလည်း ပြေးလိုက်လာသည်၊

'ဟူး ဟူး'

နှစ်ယောက်စလုံး သစ်ကိုင်းပေါ်သို့ ရောက်သွားလျှင် ချူစန်းက အခြားသော သစ်ကိုင်းတစ်ကိုင်းပေါ်သို့ ခုန်ကူးသွားလေ၏၊

'မပြေးနဲ့'

ပုထင်းတို့ တစ်ဟုန်ထိုး လိုက်သွားကြ၏၊

ချူစန်းကလည်း သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးကာ ပြေးသွားရာ...

သစ်ရွက်သစ်ခက် ထူထပ်လှသည့် သစ်ပင်များကြား၌ တိုးဝင် ပျောက်ကွယ်သွားလေတော့သည်၊

o o o

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ပျောက်ကွယ် သွားတော့မည် ဖြစ်သည်၊

ပုထင်းနှင့်ပေချင်းတို့သည် ချူစန်းအား ရှာမတွေ့တော့သည့်အဆုံး ခြေလှမ်းရပ်လိုက်ကြလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ပေချင်း မတော့မနှပ်ဖြစ်နေ၏။

'ကျွန်မ နည်းနည်းလေး သတိပေါ့လျော့သွားတာနဲ့ ခုလို ဖြစ်သွားရတာ ကျွန်မကိုခွင့်လွှတ်ပါရှင်'

ပုထင်းအား တောင်းပန်လိုက်လေသည်။

ပုထင်း ခေါင်းယမ်းလိုက်၏။

'ကိစ္စမရှိပါဘူး၊ သူ့ကို သွေးကြောပိတ်ထားတယ်ဆိုတော့ စိတ်ချလက်ချဖြစ်မိမှာပဲ၊ မိန်းကလေးတွေ အဓမ္မအဖမ်းခံရတဲ့ ကိစ္စမှာ ချူစန်းဟာ အဓိကတရားခံဆိုတာ သိလိုက်ရပြီပဲ၊ မီးလျှံဂိုဏ်းကို လိုက်သွားနိုင်ရင် သူ ပြေးမလွတ်နိုင်တော့ပါဘူး'

သူမ စိတ်ဝင်စားသွားသည်။

'မီးလျှံဂိုဏ်း ဘယ်မှာရှိတယ်ဆိုတာ အစ်ကိုသိသလား'

ပုထင်း ခေတ္တစဉ်းစားသွား၏။

မီးလျှံဂိုဏ်း မည်သည့်နေရာ၌ရှိသည်ကို သူ မသိပါချေ။ သို့သော်

'မီးလျှံဂိုဏ်းဟာ သိုင်းလောကအရေးရဲ့ အထင်ကရဂိုဏ်းတစ်ခုပဲ၊ စုံစမ်းကြည့်လို့ ရမယ်ထင်ပါတယ်'

'မီးလျှံဂိုဏ်းကို ကျွန်မတို့ အမြန်ဆုံးလိုက်သွားနိုင်မှ ဖြစ်မယ်၊ ချူစန်းဟာ သူ့အကြောင်းသိနေပြီဆိုတော့ ခြေရာဖျောက်သွားမှာ စိုးရိမ်ရတယ်'

'ညီမပြောတာ မှန်တယ်'

နှစ်ယောက်သား စကားတပြောပြောဖြင့် လျှောက်လာကြရင်း....



အချိန်များစွာ တရွေ့ရွေ့ကုန်ဆုံးသွားသော် အလင်းရောင်အားနည်းသွားပြီး အမှောင်ရိပ်များလွှမ်းမိုးလာလေတော့၏။

လူသူကင်းမဲ့သော အရပ်ဒေသ၌ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပြုမိလျှင် ပုထင်းသည် ပေချင်းအတွက် စိတ်ပူလာလေ၏။

'ညီမ၊ ထင်းယန်ဂိုဏ်းကို မပြန်ဘူးလားဟင်'

လွှတ်ခနဲ မေးလိုက်မိသည်။

သူမ ခေါင်းယမ်းလိုက်သည်။

'မီးလျှံဂိုဏ်းအကြောင်းကို ဖော်ထုတ်ပြီးမှ ကျွန်မ ပြန်တော့မယ်'

'တော်ကြာ ညီမကို စိတ်ပူနေကြမယ်ဆိုတာတော့ ညီမ တွေးမိရဲ့လား'

ပုထင်း၏စကားကြောင့်....

သူမ ပြုံးလိုက်သည်။

'သူတို့က စိတ်ပူကြမှာတဲ့လား၊ ကျွန်မမရှိရင်တောင် သူတို့ ပိုပြီး သဘောကျကြမှာပါ'

သခင်တော်ရှည်ဘိုးတိုးသုံးယောက်အား ရည်ရွယ်၍ ပြောလိုက်သည်။

သူမနှင့် စုပိတို့သုံးယောက်၏ အဆင်မပြေလှကြောင်း ပုထင်း အကဲခတ်မိ၏။

သူမသည် ထင်းယန်ဂိုဏ်း၌နေရသည်ကို စိတ်ကုန်နေပုံရသည်ဟုလည်း တွေးမိလေသည်။

ထို့စဉ်...

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို…ဟိုမှာကြည့်စမ်းပါ'

သူမအား တစ်နေရာသို့ ညွှန်ပြလိုက်သဖြင့် ပုသင်းက လှမ်းကြည့်လိုက်ရာ မလှမ်းမကမ်းတစ်နေရာ၌ မီးရောင်များ ထွက်ပေါ်နေသည်ကို မြင်ရသည်။

'မီးရောင်ရှိရင် လူရှိမှာပဲ'

'ကျွန်မတို့ တစ်ညတည်းခိုလို့ ရနိုင်တာပေါ့'

'ရောက်တယ်၊ ကျုပ်တို့သွားရအောင်'

နှစ်ယောက်သား မီးရောင်ထွက်ပေါ်နေသည့် နေရာဆီသို့ ဦးတည် လှမ်းသွားလိုက်ကြ၏။

မီးရောင်

လူသူမနီးသည့် တောတောင်ထဲ၌ မီးရောင်တွေ့မြင်ရသည်မှာ အံ့သြစရာဖြစ်နေလေသည်။

သူတို့နှစ်ယောက်သည် တစ်ညအာ တည်းခိုနိုင်ရန်အတွက် မီးရောင်ထွက်ပေါ်လာသော နေရာဆီသို့ဦးတည်ကာ ခပ်သွက်သွက် လှမ်းသွားနေကြ၏။

သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သွားရခြင်းကြောင့် မီးရောင်မှာ ပျောက်သွားလိုက် ပေါ်လာလိုက် ဝေးသွားလိုက် နီးလာလိုက် ရှိနေသည်။

အတန်ကြာသွားပြီးမှ မြေကွက်လပ်တစ်ခုပေါ်၌ သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်အဆောင်တစ်လုံး ရှိနေသည်ကို တွေ့ရလေသည်။

ထိုနှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး အိမ်ဆီလေးဆီသို့ လှမ်းသွားကြသည်။



သူမအား တံခါးခေါက်လိုက်သည်။

'ခေါက်…ခေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင်…

'ဘယ်သူလဲ'

အိုမင်းမစွမ်းအသံနှင့်အတူ တံခါးပွင့်လာကာ အဘိုးအို တစ်ယောက် ထွက်လာ၏။

ပေချင်းတာ ဦးညွှတ်လိုက်သည်။

'ကျွန်မတို့ ခရီးသွားရင်း မိုးချုပ်သွားလို့ ဒီဘက်က မီးရောင်တွေတာနဲ့ တည်းခိုစရာနေရာရချင်လို့ လာခဲ့ကြတာပါ'

'အြော်…ခရီးသွားရင်း အခက်ကြုံနေကြသူတွေကို ရပါတယ်၊ ရပါတယ်၊ ကျုပ်ရဲ့အိမ်အဆောင်လေးမှာပဲ တည်းခိုကြပါ စားသောက်စရာတွေလဲ အဆင်သင့်ရှိပါတယ်'

အဘိုးအိုသည် အိမ်ထဲသို့ ပျူပျူငှာငှာပင် ဖိတ်ခေါ်ကာ နေရာထိုင်ခင်းပေးသည်။

စားသောက်စရာများ ထွေးယူလာ ကျွေးမွေးလေသည်။

ညစာမစားရသေးသည့် ပုထင်းတို့အတွက် ရေဆာနံ့အသင့် ကြာအသင့် ဖြစ်သွားတော့သည်။

'ကျေးဇူးပါပဲ'

နှစ်ယောက်သား စားသောက်လိုက်ကြလေသည်။

ပုထင်းသည် စားသောက်ရင်း အဘိုးအိုအား အကဲခတ်ကြည့်နေ၏။

ရုတ်တရက်ထဲ၌…

'ဒီအဘိုးကြီးကို ငါမြင်ဖူးသလိုပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တွေးနေသည်။

အဘိုးအိုတာ၊ အိမ်ရှင်ဝတ္တိရား ကျေပွန်ရမေ့အောင် လိုလေသေးမရှိ ဆောင်ရွက်ပေး၏။

အိပ်ရာခင်းမှုုံးသည်။ ပြင်ဆင်ပေးသည်။

သို့ဖြင့်—

ပုထင်းတို့ တစ်ညတာ အိပ်စက်အနားယူဖို့ အဆင်ပြေသွား ကြတော့သည်။

* * *

ညဉ့်နက်လာပြီဖြစ်သည်။

ကောင်းကင်ပေါ်တွင် လ ငန်းထိန်ထိန်သာနေပြီ။ ကြယ် ကလေးများ ဝင်းလက်တောက်ပနေ၏။

အေးမြသော လေပြည်လေညှင်းလေးများ တိုက်ခတ်နေ သလို ည၏ ပိုးမကာင့်မွှားကောင်လေးများ၏ အော်မြည်သံ များသည်း ထွက်ပေါ်နေသည်။

ပုထင်းမှာ အတွေးများလွှမ်းမိုးနေရသော ညဉ့်နက်သည် တိုင် အိပ်မပျော်နိုင်အောင် ဖြစ်နေ၏။ ထို့စဉ်—

'ချီ'

ထူးခြားသောအသံ ထွက်ပေါ်လာသဖြင့် လှမ်းကြည့်လိုက် ရာ အိမ်ရှင်အဘိုးအိုသည် လက်ယပ်ခေါ်ပြီး အပြင်သို့ပြေး ထွက်သွားသည်ကို တွေ့လိုက်ရသေးသည်။

'ဟင်—ဘာသဘောပါလိမ့်'

ရှု အံ့ဩသွားရ၏။



လူးလိမ့်ထလာ အပြင်သို့ထွက်လိုက်လေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်းရှိနေ ပါ၏။ သူအိမ်အပြင်ရောက်သွားလျှင် အဘိုးအိုအား မတွေ့ရ တော့ချေ။

'ဘယ်ရောက်သွားပါလိမ့်'

သူ တွေးတောနေစဉ်မှာပင် နေစက်ချော်ဆီမှ လေတိုး သံများ ထွက်ပေါ်လာသည်။

တစ်စုံတစ်ခုယောက်က ချောင်းမြောင်း တိုက်ခိုက်လာပြီဖြစ် ကြောင်း ရိပ်မိလိုက်လျှင် ရှေ့သို့ အပျော်လာခုန်ထွက်ကာ ခရင်တိမ်းသိုက်ရှောင်သည်။

မြေပေါ်ခြေချ သုံးလေးချက်ခုန်လိုက်ပြီး ခပ် လှမ်းလှမ်းသို့ရောက်သည်အထိ ရှောင်ထွက်သွားပြီးမှ ချာခနဲ လှည့်ကြည့်လိုက်သည်။ ထိုအခါ—

အိမ်ရှင်အဘိုးအိုက တိုက်ခိုက်လာခြင်းဖြစ်သည်ကိုတွေ့လိုက် ရတော့သည်။ သူ မအံ့ဩမနေပ်ဖြစ်သွား၏။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

အဘိုးအိုက စကားတစ်လုံးမှမပြောဘဲ ထပ်မံတိုက်ခိုက်လာ ၏။ အဘိုးအို၏တိုက်ခိုက်မှုမှာ ပို၍ပြင်းထန်လာ ပို၍ကြောက် မက်ဖွယ် ကောင်းလာ၏။

သူ ရင်ထိတ်သွားပြီ၊ သိုင်းကွက်များထုတ်ဖော်ကာ ပြန် လည်တိုက်ခိုက်ရတော့သည်။

သူသည် အဘွားအိုရမ်းဝင် သင်ပေးလိုက်သော သိုင်းကွက် များကို ထုတ်ဖော်အသုံးပြုလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ခဏအတွင်းမှ ရှင်…

သိုင်းတွက် ဆယ့်လေးငါးတွက်မျှ အပြန်အလှန်တိုက်ခိုက်ပြီးသွားကြလေသည်။

'ရပ်လိုက်'

အဘိုးအိုက အော်ပြောလိုက်ပြီး နေ့ခင်းတုန့်ခုန်ဆုတ်လိုက်၏။ သူလည်း ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်လေ၏။ အဘိုးအိုအား နားမလည်စွာဖြင့်ကြည့်ကာ မေးလိုက်၏။

'ဦးက ဘာကြောင့်များ ကျွန်တော့်ကို တိုက်ခိုက်ချင်ရတာလဲဗျာ'

အဘိုးအိုက ခေါင်းပုံးလေသည်။

'ကျုပ်က မင်းကို ရန်သူလို့ သဘောထားပြီးတိုက်ခိုက်တာမဟုတ်ပါဘူး၊ မင်း ဘယ်သူလဲဆိုတာသိချင်လို့ စမ်းသပ်ကြည့်တာပါ'

'ဗျာ'

'မင်းဟာ ကျုပ်သိကျွမ်းခဲ့တဲ့လူတစ်ယောက်နဲ့ အဆက်အနွယ်တော်နေတယ်'

သူ အံ့ဩသွားလေသည်။

'ဟုတ်တယ် ဦးကိုလဲ ကျွန်တော်တွေ့ဖူးတယ်လို့ ထင်နေမိပါတယ်'

အဘိုးအို သက်ပြင်းချလိုက်၏။

'မင်းဟာ ကျုပ်တွေ့ချင်နေတဲ့လူမဖြစ်နိုင်ပါဘူး၊ ဒါကြောင့်နေ့ခင်းလှုပ်မိတာ တောင်းပန်ပါတယ်၊ အိမ်ထဲဝင်ပြီး ထမင်းစားနိုင်ပါပြီကွယ်'



သူ သက်ပြင်းချလိုက်၏။

'ကောင်းပါပြီခင်ဗျာ'

အဘိုးအိုအား ကျောခိုင်းကာ အိမ်တံခါးပေါက်ဆီသို့လှမ်းသွား၏။ အဘိုးအိုသည် သူ၏နောက်ကျောကိုငေးမောကြည့်ရင်း ကျန်ရစ်ခဲ့မည်ဟု ယုံကြည်မိလေသည်။

သူ၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်မြိုးဖြစ်ပေါ်လာ၏။ အိမ်တံခါး ပေါက်ဝသို့ရောက်လျှင် ချာခနဲ လှည့်ကာ အဘိုးအိုအား ဖမ်းပြီး ခေါ်လိုက်လေသည်။

'ဆရာကျော့စု'

သူ၏ခေါ်သံအဆုံး အဘိုးအို လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

'မင်း…မင်း ကျုပ်ရဲ့နာမည်ကို ဘယ်လိုလုပ်ပြီး သိနေတာလဲ'

ထိုစကားကြားလျှင် သူ ထရုန်းမိမတတ် ဝမ်းသာသွားလေတော့သည်။

'ဆရာကျော့စု ကျွန်တော်မှတ်မိပါလေ'

သူ ပြေးသွားသောအခါ အဘိုးအိုအား လက်နှစ်ဖက်ဆန့်တန်းကာ ကြိုဆိုနေတော့သည်။

၀ ၀ ၀

ကျော့စု…

ပုအိမ်ဆောင်၏ အိမ်ထိန်းကြီးကျော့စုနှင့် မမျှော်လင့်ဘဲ ပြန်လည် ဆုံတွေ့မိကြခြင်းကြောင့် ပုထင်း ဝမ်းသာမျှော်ရှင်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖွားဘနဲ့ ခုလိုပြန်ပြီးဆုံတွေ့ရမယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့ဘူး'

ကျော်စုက သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။ ကျော်စု၏မျက်နှာ ပြုံးရွှင်နေသည်။

'သခင်လေးဟာ ထမယ်ကို လူပျိုကြီးဖားဖားဖြစ်လာပြီ၊ အို့ရော အို့ရော'

ကျော်စုမှာ ယခင်ကထက်ပို၍ အိုမင်းရင့်ရော်သွားသည်ကိုမူ ပုထင်း ပြောမထွက်ပါချေ။

ဆယ်နှစ်ဟူသော အချိန်ကာလမှာ အရာရာကို ပြောင်းလဲသွားစေခဲ့သည်မဟုတ်ပါလော။ ကျော်စုသည်ပင် အိုမင်းမစွမ်းဖြစ်လာရာ ပုထင်းက ကျော်စု၏လက်မောင်းကိုဆုပ်ကိုင်ကာ မေး၏။

'ဖွားဘ ဖေဖေရော'

ကျော်စု ခေါင်းညိတ်လိုက်သည်။

'ကျုပ်တို့နှစ်ယောက်ထဲ သေကံမရောက် သက်မပျောက်ဘဲ ပြန်ဆုံမိကြပေမယ့် သခင်ကြီးနဲ့ ပုချိုတို့ ပျောက်ဆုံးနေကြသေးတာကို၊ ဒါပေမယ့် မပူပါနဲ့အေ၊ ကျုပ်တို့တောင် အသက်ရှင်နိုင်ကြသေးတာပဲ....

'သူတို့လဲ အသက်ရှင်[illegible]နေကြမှာပေါ့၊ သိုင်းဖော်ဖော်ကျယ်ဝန်းတယ် ဆင်ရေမယ့် တစ်ခါတစ်ရံတော့သို့ အင်မတန်ကျဉ်းမြောင်းသွားတတ်ပါတယ်၊ တစ်နေ့ပြန်ပြီးဆုံတွေ့ရမှာပေါ့'

ပုထင်း ဦးညွတ်လိုက်သည်။

'ခုလိုအခါမှာတော့ ကျေးဇူးတင်ပါတယ် ဖွားဘရယ်၊ ဖေဖေတို့ကို တစ်နေ့ပြန်တွေ့ရမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။



အဆာနဲ့ ခုလိုပြန်တွေ့ရတာပဲ အားရှိလှပါပြီ၊ ဒါထက် ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

ကျော်စု ရှင်းပြလိုက်ပြန်သည်။

'ကျုပ်က ချောင်းထဲမျောပါသွားပြီး သခင်ကြီးနဲ့ လူချင်းကွဲသွားတယ်'

'နေ့ကပိုင်းမှာ ရန်သူ့ရဲ့အန္တရာယ်ရှိသလို အစ်ဆောင်တည်း လျှောက်သွားနေလို့ မဖြစ်တာနဲ့ ဒီနေရာလေးကို သဘောကျပြီး ဇာတ်မြှုပ်နေလိုက်တာပဲ၊ ကျုပ် ဒီကိုရောက်နေတာ အတော်ကြာခဲ့ပြီပေါ့'

သိုင်းလောကအနှင့်လည်းကောင်း၊ လူ့ပတ်ဝန်းကျင်နှင့်လည်းကောင်း လုံးဝ အဆက်အသွယ်ပြတ်နေခဲ့ကြောင်း ထင်ရှားလာသည်။

'ကံတရားဟာ ဆန်းကြွယ်လှပါတယ်၊ တောင်ခေါင်းထဲမှာ ဇာတ်မြှုပ်နေတဲ့ ကျုပ်ဆီကို သခင်လေးရောက်လာအောင် စေစားလိုက်တယ်'

'ဒီလိုဆိုရင် သခင်ကြီးနဲ့ပုချိုကိုလဲ တွေ့ကိုတွေ့ရတော့မှာပေါ့၊ သခင်လေး ဒီနေရာမှာပဲ အေးအေးဆေးဆေး အနားယူလိုက်ပါ၊ ကျုပ်က သိုင်းလောကထဲထွက်ပြီး သခင်ကြီးတို့အကြောင်းကို စုံစမ်းပါမယ်'

ပုထင်း လက်မခံနိုင်ပါချေ။

'ဖေဖေနဲ့အစ်ကိုပုချိုကို ကျွန်တော်ကိုယ်တိုင် လိုက်ရှာဖို့ ဆုံးဖြတ်ပြီးပါပြီ'

'သခင်လေးရေ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ကြီးစားမှသာ ဖေဖေ ရှိသေးတုန်းတစ်ဆောင်း ဖြစ်ရကျိုးနပ်ပါလိမ့်မယ်'

ကျော့စုသည် ငယ်ရွယ်သော်လည်း ရဲဝံ့တည်ကြည်သည့် အသွင် အထင်းသားပေါ်လွင်နေသည့် ပုထင်းကိုကြည့်ရင်း ရင်ထဲ စိတ်လှိုင်းမျှား ရိုက်ခတ်သွားချေ၏။

ပုအမျိုးအနွယ် လူငယ်တစ်ယောက်သည် ရဲဝံ့စွန့်စားရမည့် ဆတ္တ ရှိနေပေမည်၊ သို့မှသာ [illegible]

နေ့ခင်းတစ်ချိန်တွင် သခင်ကြီးပုကျောင်း၏ခြေရာကို နင်းနိုင်လိမ့်မည် မဟုတ်ပါလော၊

ပုထင်း၏သတ္တိကို သဘောကျမိသော်လည်း စိုးရိမ်ပူပန်မှု လေးတော့ ရှိနေပါသေးသည်၊

'သိုင်းလောကထဲ ကျယ်ဝန်းတယ်၊ အတိုင်းမသိအောင် ရှုပ်ထွေးပွေလီပါတယ်၊ သခင်လေးက ငယ်ရွယ်သူတစ်ဦး ဖြစ်လေတော့ သိပ်ပြီး စွန့်စားရာမျှားကျွနေမလား'

ပုထင်း ပြုံးလိုက်သည်၊

'အစ္စကိုယ်တိုင် စမ်းသပ်ပြီးပြီမဟုတ်လား၊ ကျွန်တော့်ကို နုထိ စိတ်မချသေးဘူးလေ'

ဤတွင် ကျော့စု အပြုံးရခက်သွားလေ၏၊

ပုအိမ်တော်တွင် သခင်ကြီး ပုကျောင်းပြီးလျှင် ကျော့စုမှာ သိုင်းပညာအတော်ဆုံး ဖြစ်သည်၊

ကျော့စုသည် [illegible] ထုတ်ဖော်ခြင်းမပြုဘဲ လျှို့ဝှက်ထား [illegible] သိုသိုသိပ်သိပ် နေထိုင်ခဲ့ခြင်းကြောင့် အကြောင်း မသိလျှင် ကျော့စုအား သိုင်းပညာမတတ်ဟုပင် ထင်မိကြမည်၊



ကျော့စု သိုင်းပညာအတော်မြောက်ကြောင်း သိထားသူသည်း မျှားမျှားစားစား မရှိပါချေ။ ယခု—

ကျော့စုကိုယ်တိုင် ပုထင်း၏သိုင်းပညာကို လက်တွေ့စမ်းသပ်ခဲ့ပြီးပြီ ဖြစ်သည်၊

ယှဉ်တိုက်ခိုက်မှုကို ပုထင်းက အသာအယာပင် ရှောင်နိုင်ခဲ့ကြောင်း၊ မျက်မြင်ကိုယ်တွေ့ဖြစ်ရသော၊ ပုထင်း၏ပညာမှာ စိတ်ချရပြီဟု ယုံကြည်လက်ခံရတော့မည် ဖြစ်ပေ၏၊

ကျော့စုက အနည်းငယ်စဉ်းစားပြီးမှ ပြောလိုက်သည်၊

'သခင်လေးရဲ့အခြေကနေ မဆိုးပါဘူး၊ ဒါပေမယ့် သိုင်းပညာဆိုတာ ခန့်မှန်းရခက်ခဲတဲ့ အဆုံးအစမရှိတဲ့ ပညာမျိုး ဖြစ်နေတယ်'

'သိုင်းပညာ တစ်ခုတည်းနဲ့လဲ စိတ်ချလို့ဖြစ်သေးဘူး၊ အတွေ့အကြုံလိုသေးတယ်'

'ကိုကိုယ်လို့မျှား၊ သခင်လေးမှာ သခင်ကြီးရဲ့ အရိပ်မဲ့သည် ရှိနေမယ်ဆိုမှ စိတ်ချရပြီလို့ ပြောနိုင်မှာပေါ့'

ပုထင်း ပြုံးလိုက်၏၊

'အစ္စပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဖေဖေ သင်ပေးထားတဲ့ သိုင်းစာကို ကျွန်တော်တို့ အလွတ်ကျက်မှတ်ထားခဲ့ကြလို့ ကွဲကွာသွားတဲ့အချိန်တွေမှာ လေ့ကျင့် ထားနိုင်ခဲ့ပါတယ်'

ဝစ်

ညဦးငှက်တစ်ကောင်က စူးစူးရှရှအော်မြည်ကာ အိမ်ခေါင် မိုးပေါ်မှ ဖြတ်ပျော်ပျံသန်းသွား၏၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးမကြီးရှေ့၌ ရပ်နေသည့်ပုထင်းထံ လက်တစ်ဖက်ကို လျှပ်တပြက်ဝှေ့ယမ်းလိုက်သည်။

ထိုသို့ ဝှေ့ယမ်းလိုက်သည်နှင့် လက်ညှိုးနှင့်လက်မကိုကွေး၍ အော့ တောက်ထုတ်လိုက်ပြီးသား ဖြစ်သွားသည်။

'ဖသပ်…ဖသပ်'

'ဖုတ်'

လွှင့်ခနဲပျံသန်းသွားသည့် ညဉ့်ငှက်သည် တစ်စုံတစ်ခုဖြင့် ပစ်ချခံလိုက်ရသည့်အလား မြေပေါ်သို့ဖုတ်ခနဲပြုတ်ကျလေ၏။

'အရိပ်မဲ့သိုင်း'

ကျွဲစုက လွတ်ခနဲရေရွတ်လိုက်သည်။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာ၏။

'သခင်လေးဟာ အရိပ်မဲ့သိုင်း အောင်မြင်ခဲ့ပြီကိုး၊ သခင်ကြီးသာ သိရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲ'

စိတ်လှုပ်ရှားနေခြင်းကြောင့် သူ၏အသံ တုန်ယင်နေပါသေးသည်။

ပုထင်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေ၏။

'ကျွန်တော့်ကို အဘ စိတ်ချလောက်ပြီ ထင်ပါတယ်'

ကျွဲစု သက်ပြင်းချလိုက်၏။

'စိတ်ချတာထက် စိတ်ပူမိတယ်လို့ ပြောချင်ပါတယ် သခင်လေး'

'ဟင်'

မမျှော်လင့်သော စကား ကြားလိုက်ရသောကြောင့် ပုထင်း ကြောင်အမ်းအမ်းဖြစ်သွား၏။



'အဘ ဘာကိုဆိုလိုတာလဲဟင်'

ကျွဲစုက တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြလိုက်၏။

'ပုအိမ်တော် ဒုက္ခရောက်ခဲ့ရတာ၊ သခင်ကြီး ဇာတ်မြှုပ်နေခဲ့ရတာ၊ ရန်သူတွေ သဲကြီးမဲကြီးလိုက်ကြတာဟာ သခင်ကြီး သင်ယူတတ်မြောက်ထားတဲ့ သိုင်းပညာကြောင့်ပေါ့၊ ဒီပညာကိုသာ သခင်လေး တတ်မြောက်ထားမှန်း သိုင်းလောကသားတွေ သိသွားကြမယ်ဆိုရင် သခင်လေးရဲ့ဘဝ ဘယ်တော့မှ ငြိမ်းချမ်းနိုင်တော့မှာမဟုတ်ဘူး'

အရိပ်မဲ့သိုင်းပညာများ တတ်မြောက်နေသဖြင့် သိုင်းလောကသားတိုင်း လိုချင်မက်မောနေသည် ဖြစ်ရကား ပုထင်း တတ်မြောက်ထားမှန်းသိလျှင် ပုထင်းနေရာသို့ တသောသော ရောက်လိုက်ကာ ဒုက္ခပေးကြတော့မည်ဖြစ်၍ ဘဝ တစ်လျှောက်လုံး အေးချမ်းစွာ နေနိုင်တော့မည်မဟုတ်ပေ။

ပုထင်း၏အဖြစ်ကို သက်မသက်ချနေလေတော့၏။

ကျွဲစု၏ စိုးရိမ်ပူပန်မှုကို ပုထင်းအပြစ်မတင်ပါ။

သူ သင်ကြားတတ်မြောက်ထားသည့် အရိပ်မဲ့သိုင်းပညာ၏ အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ရှိပြီး အဘယ်ကြောင့် ထိုသို့ ဖြစ်လာရသည်ကို သိလိုနေ၏။

အရိပ်မဲ့ ပညာနှင့်ပတ်သက်သော မူလဇစ်မြစ်ကို ယခုတိုင် ရှင်းရှင်းလင်းလင်း မသိရသေးပေ။

'အဘ အရိပ်မဲ့ သိုင်းပညာနဲ့ပတ်သက်လို့ နောက်ကြောင်း ရာဇဝင်ကို သိတယ်ဆိုရင် ကျွန်တော့်ကိုရှင်းပြဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ပုထင်းတောင်းပန်သိုက်သောအခါ ကျော်စွာက သင်္ကြန်ချိ လှိုက်ပြီး အိမ်ရှေ့မြေကွက်အပ်ကို ထွက်သွားလေသည်။

ပုထင်းသည်း နေရာင်အလိုက်သွားၿပီး

ကျော်စွာသည် မြေကွက်လပ်၌ ခြေလှမ်းချင်းကာ ဘောင်းဆောင် ပေါ်မှ လဝန်းကို ပင်းမောကြည့်လိုက်သည်။

သူ၏မျက်လုံးများသည် ရီဝေနေပြီး အတိတ်ကို ပြန်အသည် အာတိရနေသည့် အသွင်မျိုး ရှိနေပါတော့သည်။ အတန်ကြာ အောင်ငြိမ်သက်နေပြီးမှပုထင်းဘက်သို့လှည့်၍ တစ်စကားစလိုက် သည်။

'သခင်လေးလို့ အရွယ်ရောက်လာပြီ၊ စဉ်းစားတွေးခေါ် တတ်ပြီဆိုတော့ သိသင့်သိထိုက်တာလေးကို ပြောပြလို့ဖြစ်ပါ ပြီ—အမှန်အတိုင်းပြောရရင် အရိပ်မဲ့သိုင်းကျမ်းကို လိုချင်နေ သူတွေထဲမှာ ကျုပ်လဲ တစ်ယောက်အပါအဝင် ဖြစ်ခဲ့တယ်'

'ဗျာ'

မမျှော်လင့်သောစကားကြောင့် ကြားလိုက်ရခြင်းကြောင့် ပုထင်း အံ့ဩသွားရပြန်တော့သည်။

ကျော်စွာ၏မျက်နှာ တည်ကြည်လေးနက်နေသည်။

'သခင်ကြီးဆီမှာ သိုင်းကျမ်းရှိနေမှန်းသိလို့ လုယူဖို့ ကျုပ် လာခဲ့ဒါတယ်၊ ဒါပေမယ့် သခင်ကြီးကို ကျုပ်မယှဉ်နိုင်ခဲ့ဘူး၊ မရှုံးဘဲ အရှုံးမိခဲ့ရပြီးနောက် သခင်ကြီးရဲ့ သိုင်းပညာ စိတ်ဓာတ်တွေကို ရိုသေလေးစားသွားတာကြောင့် အိမ် မပြန်တော့ဘဲ သခင်ကြီးဆီမှာ အမှုထမ်းနေလိုက်တာ၊ နောက်ဆုံး အိမ်ထိန်းကြီးဖြစ်လာခဲ့တဲ့ အထိပဲပေါ့'



ကျော်စွာ၏ ဖွင့်မပြောလျှင် အတိတ်မှဖြစ်ရပ်များကို သိနိုင် လိမ့်မည် မဟုတ်ပါချေ။

'တစ်ချိန်တော့ အရိပ်မဲ့သိုင်းဟာ ပုအမျိုးအနွယ်ရဲ့ မူပိုင် သိုင်းပညာရပ်ပါ၊ လူသိမခံဘဲ လျှို့ဝှက်ထားတဲ့ကြားက တစ် နေ့မှာ ပျောက်ဆုံးသွားခဲ့တယ်—

စုံစမ်းကြည့်လိုက်တော့ အိမ်ဖော်တစ်ယောက်က ပုအမျိုး အနွယ်ရဲ့ အဖိုးတန် ကျောက်မျက်ရတနာတွေကို ခိုးယူရင်း သိုင်းကျမ်းကိုပါ ခိုးယူသွားတယ်ဆိုတာ သိရတယ်၊ သူခိုးလက် အောက် ဝှက်ထားတဲ့ အိမ်ဖော်လက်ထဲမှာ ကျောက်မျက် ရတနာတွေ ရှိနေတာကို သိသွားကြတဲ့ လူဆိုးတွေပြတော့ အိမ်ဖော်ကိုသတ်ပြီး လုယူလိုက်ကြပြန်တယ်—

တစ်ခါ... လူဆိုးတွေအချင်းချင်း ရန်စွဲရှင်း ရတနာတွေ တကွဲတပြားဖြစ်သွားခဲ့လို သိုင်းကျမ်းလည်း ဘယ်သူ့လက်ထဲ ပါသွားတယ်မသိရဘဲ ပျောက်ဆုံးသွားခဲ့တယ်'

အရိပ်မဲ့ သိုင်းကျမ်း၏ ဖြစ်စဉ်အား ရှုပ်ထွေးမှုလိုပေတော့ ၏။ သိုင်းကျမ်း၏ တန်ဖိုးကိုမသိဘဲ ရတနာများကို ခိုးယူရင်း ရောနှောပါသွားရာမှ ပုအမျိုးအနွယ်၏ သိုင်းကျမ်းပျောက်ဆုံး သွားခဲ့ရပေသည်။

'ဒီလိုနဲ့ ခေတ်အဆက်ဆက်ကြာခဲ့ပြီး သခင်လေးရဲ့ ဖခင် လက်ထက်ရောက်လာမှ သိုင်းကျမ်းကို ဒုက္ခပေးနေတဲ့ ပင်ါး စိမ်းဂိုဏ်းမှ အရိပ်မဲ့သိုင်းကျမ်း ရောက်နေတာ သိလာခဲ့ရ တယ်၊ သခင်ကြီးဟာ သိုင်းကျမ်းကိုပြန်ပြီးယူဖို့ ဓားဆိုးဂိုဏ်းထဲ ဝင်ခဲ့တယ်၊ ဂိုဏ်းချုပ်ရဲ့ အားလုံးရဆုံး လူယုံဖြစ်အောင် ကြိုး

www.burmeseclassic.com



စခဲ့တယ်။ နေ့ကျဆုံး ဂိုဏ်းချုပ်ရဲ့ အဖေအထင်ရဆုံး လူ ဖြစ်လာခဲ့တယ်၊ သိုင်းလောကသားတွေ ခေါင်းနှစ်လုံးနဂါး လို့ ဆင်ပွန်းစားပြီး လူဆိုးကြီးတစ်ယောက်လို့ သတ်မှတ်ခဲ့ ကြတာပေါ့'

ပုအမျိုးအနွယ်ပိုင်သိုင်းကျမ်း ပြန်လည်ရရှိရေးအတွက် ဖခင် ကြီးမှာ တာဝန်နှင့်ရင်းပြီး အနစ်နာခံ ဆောင်ရွက်ခဲ့ရကြောင်း ပုထင်းနားလည်လာလေသည်။

နဂါးစိမ်းဂိုဏ်းရဲ့ နဂါးငါးကောင်မှာ ဝါစဉ်အကြီးဆုံး ဖြစ်လာပြီး ကိုယ့်ခြေကိုယ့်လက် ဖြစ်လာတော့မှ တဆူးမြစ်နယ် မြေထဲဝင်ပြီး သိုင်းကျမ်းကို ရှာဖွေယူနိုင်ခဲ့တော့တယ်၊ ဒါပေ မယ့် အန္တရာယ်ကြီးမားတာကို သိထားတော့ သူနဲ့ ညီအစ်ကိုလို ရင်းနှီးနေတဲ့ အမှတ်ငါး စာခပေနဂါးကို အကူအညီတောင်း ပြီး အရိပ်မဲ့သိုင်းကျမ်းအစစ်နဲ့ ခပ်ဆင်ဆင်တူတဲ့ သိုင်းကျမ်း အတုတစ်ခုကို ရေးသားခိုင်းခဲ့တာပေါ့'

ထိုစဉ် အခြေအနေမှာ အလွန်ရှုပ်ထွေးခဲ့မည်ဖြစ်ကြောင်း ပုထင်းဆင် ခြင်မိလိုက်လေသည်။

ကျော့စုမှာ သိထားသမျှ ရှင်းပြနေပါသည်။

'သခင်ကြီးရဲ့အကြံဟာ အစစ်နဲ့ရှုပ်ထွေးရစေခြင်းမရှိအောင် ခပ်ဆင်ဆင်လုပ်ထားတဲ့ သိုင်းကျမ်းအတုကို မူလနေရာမှာ ပြန် ထားလိုက်ဖို့ပါပဲ....

'ဒါပေမယ့် သူ့အကြံမအောင်မြင်ခင်မှာ သိုင်းကျမ်းပျောက် နေတာကို ဂိုဏ်းချုပ်က သိသွားခဲ့တယ်'

ပုထင်း အားမလိုအားမရ ဖြစ်သွားသည်။



ဖခင်ကြီးသည် သိုင်းကျမ်းအစစ်နှင့်အတု လဲထားစရာမလို ဘဲ နဂါးစိမ်းဂိုဏ်းချုပ်အား ဆုံးမသင့်သည်ဟု ယူဆမိခြင်း ကြောင့်ဖြစ်လေသည်။

သူ၏အတွေးကို ကျော့စုမှ ရိပ်မိပုံရလေသည်။

'ဂိုဏ်းချုပ်ဟာ အင်မတန်ပါးနပ်တယ်၊ ဉာဏ်များပြီး လျှို့ ဝှက်တယ်၊ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ ထိန်သီးသိုင်း သမားတစ်ယောက်ဖြစ်တယ်လို့ ကျုပ်ကို သခင်ကြီးပြောပြခဲ့ ဖူးတယ်....

'သူ့ပညာနဲ့ ယှဉ်နိုင်ဖို့လွယ်တာမဟုတ်လို့ အသင်ပန်းခံပြီး ကြံစည်ခဲ့ရတာ၊ သခင်လေး စဉ်းစားကြည့်ပါ၊ သာမန်လူဆိုး နေပြဘစ်ခဲ့သတ်ဆိုရင် ရှေ့ဌာနတွေကိုပဲ အမီအထား မှာပေါ့....

'ဂိုဏ်းချုပ်ကတော့ အနယ်နယ်အရပ်ရပ်က ရနိုင်သမျှသိုင်း မှတ်တမ်းတွေကိုပါ နည်းအမျိုးမျိုးရယူပြီး တာ၊မြစ်နယ်မြေ ထဲမှာ သိမ်းဆည်းထားခဲ့တာ....

'သိုင်းပညာနဲ့ပတ်သက်လာရင် ဘယ်လောက် လောဘကြီး တယ်ဆိုတာ သိနိုင်တာပေါ့'

ပုထင်း စောဒကမတက်နိုင်အောင် ဖြစ်သွားလေတော့၏။

'ဂိုဏ်းချုပ်ဟာ သိုင်းကျမ်းတစ်ခုလုံး ပျောက်ဆုံးနေတာကို သိသွားတော့ ဖေဖေ ဘယ်လိုဖြေရှင်းခဲ့ရသလဲဆိုတာ ပြောပြ ပါဦး'

ဖခင်၏အကြောင်းကိုသာ မေးလိုက်တော့သည်။

ကျော့စု ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ဖန်ကလည်း အပြုရောင်သိုင်းသမားတွေနဲ့ လျှို့ဝှက် ဆက်သွယ်ပြီး နဂါးစိမ်းဂိုဏ်းကို ဖြိုခွင်းနိုင်အောင် ကူညီခဲ့ တယ်။ သခင်ကြီးဟာ နဂါးဝေါဖော်မှုခေါင်းဆောင်ဖြစ်နေ ပြီး ဂိုဏ်းချုပ်ကိုရင်ဆိုင်ဖို့ ကျန်တဲ့နဂါးတွေကို စည်းရုံးသိမ်း သွင်းနိုင်ခဲ့တယ်...

ဒါကြောင့်မကြာခင်မှာ နဂါးစိမ်းဂိုဏ်း ဖြိုခွင်းခံလိုက် ရတယ်။ သခင်ကြီးဟာ သိုင်းလောကကို ကျောခိုင်းပြီး ပုအိမ် တော်မှာပဲ ဇာတ်မြှုပ်နေလိုက်တော့တာပေါ့'

သိုင်းကျမ်းအား တိုးဘွားအမွေအနှစ်အဖြစ် ပြန်လည်ရယူ နိုင်ခဲ့သော်လည်း နဂါးစိမ်းဂိုဏ်း၏ ရန်ငြိုးထားခြင်းခံရသော ဖခင်ကြီးဘာဝမှာ ဇာတ်မြှုပ်နေသော်လည်း အန္တရာယ်မှမလွတ် နိုင်ခဲ့တော့ပါ။

'ချူစန်းဟာ အကြံနဲ့ ပုအိမ်တော်ကို ရောက်လာခဲ့တယ် ဆိုတာကို သခင်ကြီး အစကတည်းက ရိပ်မိထားတယ်။ ဒါ ကြောင့် အလိုက်အထိုက်နေခဲ့ပြီး ချူစန်း အယုံသွင်းတာကို မသိချင်ယောင်ဆောင်ပြီး လက်ထပ်ယူခဲ့တာ...

'အရိပ်မဲ့သိုင်းကျမ်းဟာ သူ့ဆီမှာမရှိပဲ စစ္စပေနဂါးဆီမှာ ရှိနေတယ်လို့ လမ်းလွှဲပေးလိုက်တာကို ချူစန်းယုံကြည်ပြီး ဂိုဏ်းချုပ်ဆီကို သတင်းပို့လိုက်တာပေါ့။ ဂိုဏ်းချုပ်ကလဲ ဝူးလုံကို ရှာဖွေပြီး သိုင်းကျမ်းကိုယူလိုက်တယ်။ ဝူးလုံ သုတ် သင်ခံလိုက်ရတာပေါ့'

ပုထင်း မျက်မှောင်ကုတ်သွားသည်။

'ဖေဖေ ဘာကြောင့် ဒီလိုလုပ်ရတာလဲ'



ကျော်စုံအေး ရှင်းပြလေသည်။

'သခင်ကြီးဟာ အင်မတန် ပါးနပ်ပါတယ်။ ပညာနဂါးဝူး လုံဟာ တစ်ဖြစ်နိုင်မယ့်မြေသဲမှ ဟန်ပြ ဖြန့်ထားဖို့ သိုင်းကျမ်း အတုတစ်ခု အရိပ်မဲ့ကျမ်းကို အခြေခံပြီး ဖန်တီးခဲ့ရာမှာ အရိပ် မဲ့ကျမ်းရဲ့ အစွမ်းထက်ပုံကို သိသွားပြီး သူ့ရဲ့ကိုယ်ကျိုးအတွက် သိုင်းကျမ်းအစစ်ထဲက သိုင်းကျင့်စဉ်အချို့ကို ကူးမှတ်ထားခဲ့ တယ်။ သခင်ကြီးကို အသိမပေးဘဲ လျှို့ဝှက်ထားပေမယ့် သခင် ကြီးက ရိပ်မိခဲ့တယ်'

'အခြေအနေက အတော် ရှုပ်ထွေးခဲ့တာပဲ'

'ဟုတ်တယ်... သခင်လေး၊ ဝူးလုံဆီက အရိပ်မဲ့ကျမ်းဟာ အစစ်အတိုင်း ဖြစ်ပေမယ့် အစစ်လောက် မပြည့်စုံဘူး။ ဒါကို နဂါးစိမ်းဂိုဏ်းချုပ် ရသွားတယ်ပဲ၊ ရသွားလို့လဲ သခင်ကြီးကို သုတ်သင်ဖို့ကိစ္စဟာ မပါ့ပေါ့တန်သွားနဲ့ ဖြစ်သွားတာပေါ့။ ဝူးလုံ ဆီကသာ မရရင်သခင်ကြီးကိုမရမချင်းသတ်ကြံမဲ့ကြိုးသိုက်တော့ မှာပဲ။ ဒါဆိုရင် သခင်လေးတို့ ခုလို အသက်ရှင်နေနိုင်ဖို့ ဆိုတာ မလွယ်တော့ဘူး'

ဖခင်ကြီးက နဂါးစိမ်းဂိုဏ်းချုပ်ကို အာရုံပြောင်းမပေး နိုင်ခဲ့လျှင် မိမိတို့မိသားစု ယခုထက်ပို၍ ဒုက္ခရောက်ရမည်ဖြစ် ကြောင်း ပေါ်လွင်နေ၏။

ပညာနဂါးနှင့် ဒုက္ခပေးမည့် နဂါးစိမ်း ဂိုဏ်းချုပ်ကို မြားတစ်စင်းဖြင့် ငှက်နှစ်ကောင် ပစ်သကဲ့သို့ ဖန်တီးခဲ့ခြင်းဖြစ် ၏။ ဖခင်၏အကြံ အောင်မြင်ခဲ့ခြင်းကြောင့်လည်း မိမိတို့အသက် ရှင်ခဲ့ရခြင်းဖြစ်သည်ဟု ပုထင်းနားလည်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'စာမေနဂါးဝူးလိုဟာ လူဆိုးတစ်ယောက်ဆိုတာကို ဖခင်ကြီး တွယ်တော့မှ မေ့မှာ မဟုတ်ပါဘူး၊ ဝူးလို ထောက်တဲ့မှာ အရိပ်မဲ့ကျွမ်း တစ်ချို့ တစ်ဝက် ရှိနေတယ်ဆိုရင်တော့င် စိတ်ချရမှာ မဟုတ်ဘူး၊ ဒါကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်ခဲ့တာ'

'ကျွန်တော် သဘောပေါက်ပါပြီ ဘုအာရယ်'

ဘိုးဘွားအမွေအနှစ် အရိပ်မဲ့ ကျွမ်းအား ပြန်လည်ရရှိရန် အတွက် ကြိုးစားခဲ့ရာ၌ ဖခင်ကြီးသည် လူဆိုးဘဝသို့ ခကာ ရောက်ခဲ့သေး၏။ ထိုကြောင့်လည်း…

အကြောင်းမသိသူများက တကယ့်လူဆိုးကြီးတစ်ယောက် ဟု ယူဆမှတ်ခဲ့ကြလိမ့်မည် ဖြစ်လေ၏။

အိမ်ထိန်းကြီး ကျွေစုနှင့် ပြန်လည် ဆုံတွေ့ရပြီ ဖြစ်လေ၏။ အစ်ကိုနှင့် ဖခင်တို့အား ပြန်လည် ဆုံစည်းနိုင်ဖို့ ကြိုးစား ရှာဖွေရမည် ဖြစ်၏။

'ဘာရှ ခုလို ရှင်းပြတာကို ကျေးဇူးတင်ပါတယ်၊ ဖေဖေနဲ့ အစ်ကိုကို ကျွန်တော် မတွေ့ တွေ့အောင် ရှာပြီ၊ နဂါးစိမ်း ဂိုဏ်းကို ဆုံးမသွားပါမယ်'

'ထောင်ထဲကထောင်ထဲမှာ ကျုပ်တစ်ယောက်ထဲနေရတာ ပျင်းရိငြီးငွေ့နေပါပြီ၊ ဒါကြောင့် သခင်လေးနဲ့ တစ်ပါတည်း လိုက်ခဲ့မယ်၊ ကျုပ်ရဲ့အတွေ့အကြုံတွေက သခင်လေးကို အကူအညီ ပေးနိုင်ပါလိမ့်မယ်'

'ကောင်းပါပြီ ဘုဘ၊ ကျွန်တော်တို့ အတူသွားကြတာပေါ့'

ထိုစဉ်—



'ကျွန်မကိုလဲ မမေ့မထားခဲ့ကြပါနဲ့ရှင်'

ချိုလွင်သော စကားသံနှင့်အတူ အိမ်ထဲမှ လှမ်းထွက်လာသည့် ပေချင်းအား တွေ့မြင်လိုက်ရလေသည်။

ပုထင်းနှင့် ကျွေစုတို့အချင်းချင်း ကြည့်လိုက်မိကြလေ၏။

သူတို့ ပြောဆိုနေကြသည့် ပုအိမ်တော်နှင့် အရိပ်မဲ့ သိုင်း ကျွမ်း လျှို့ဝှက်ချက်ကို ပေချင်း ကြားသိသွားပြီ ဖြစ်ကြောင်း နှစ်ဦးသဘော ယူကြည်ထားကြလေ၏။

ကျွေစု၏ မျက်နှာ ခက်ထန်သွားလေသည်၊

'သခင်လေး'

ပုထင်၊ အခက်ကြုံသွားလေ၏။

လှမသည် ကျွေစုကို ဦးညွှတ်၍ ပြုံးရွှင်သော မျက်နှာထား ဖြင့် ပြောလေ၏။

'ဘာရှ ကျွေစုကို ဂါရဝ ပြုပါတယ်၊ ကျွန်မဟာ ပုအိမ် တော်ရဲ့ ချွေးမဖြစ်နေပါပြီ၊ ဒါကြောင့် ဘာမှ စိတ်ပူစရာမလို တော့ပါဘူးရှင်'

ကျွေစု ပုထင်းအား မျက်လုံးပြူး၍ ကြည့်လိုက်၏။

'ဒါက…'

မထင်ဘာတော့ဘဲ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များ ကို ရှင်းလင်း ပြောပြလိုက်၏။

ကျွေစု နားထောင်ရင်း မျက်နှာတည်ကြည်လေးနက်လာ၏။ ဖြောင့်မတ် တည်ကြည်သူ ဖြစ်သည့်အတိုင်း ပထင်းသည် ပေချင်းအား ဇနီးအဖြစ် ယူသင့်သည်ဟု လက်ခံလိုက်လေတော့ သည်။ ချက်ချင်းပင်ပေချင်းအား ဦးညွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သခင်မလေးကို ဂါရဝ ပြုပါတယ်'

ဆိုကာ အားကြီးလျှင် မုထင်၊ ရှုံကို၊ ရှက်ဆန်း ဖြစ်သွားရ လေတော့သည်။

—၀—

မိန်းမဆိုး

နောက်တစ်နေ့ နံနက်…

ပထင်နှင့် ခပချင်းတို့သည် ကျွေစု၏ ဦးဆောင်မှုဖြင့် မြို့ လေး တစ်မြို့သို့ ရောက်ရှိလာကြလေသည်။

စားသောက်ဆိုင် တစ်ဆိုင်၌ ဝင်၍ နံနက်စာ စားသောက် လိုက်ကြပြီး ဈေးခရီးဆက်ရန် ဟန်ပြင်လိုက်စဉ်…

လမ်းပေါ်၌ ရုတ်ရုတ် သဲသဲ ဖြစ်သွားသည်ကို တွေ့မြင်ရ သဖြင့် ကြည့်လိုက်ကြ၏။

လူတစ်စုသည် ဆံနှစ်ဖက်ပါသော နတ်သမီးရုပ်တုတစ်ခု အား ဝေါ်င်ဖြင့်သယ်ဆောင် လာကြခြင်း ဖြစ်လေတော့၏။

အတီးအမှုတ် အထားအနိမ့်များဖြင့်လည်း ဆောင်း ဝန်းမျှ ကြ၍ လည်းဆောင်း သယ်ဆောင်သာကြရာပျော်ပွဲရွှင်ပွဲတစ်ခု ပမာ ရှိနေပါတော့သည်။

ဒေသဆိုင်ရာ ရိုးရာပူဇော်ပွဲတစ်ရပ် ကျင်းပနေခြင်း ဖြစ်မှန်း ပုထင်တို့ နားလည်လိုက်ကြ၏။

… သမီးရုပ်တုအကြောင်းကို … သလား'



ကျွေစုအား တိုးတိုးမေးလိုက်ပြန်သည်။

ကျွေစုမှာ တစ်စုံတစ်ခု တွေးတောဟန်မိအား မျှော်နေစဉ်ပျော်နေ၏။

'သခင်လေး၊ သတိထားမှုဖြစ်မယ်၊ ဒါဟာ ရှေးထုံးတည်းက နာမည်ရှိခဲ့တဲ့ မိုးနတ်သမီးရုပ်တု ဖြစ်နိုင်တယ်'

မိထွေးချူနန်းသည် မိုးနတ်သမီးကို အထိမ်းအမှတ်ပြုသည့် မိုးလျှံဂိုဏ်းနှင့် ပတ်သက်နေသည်မဟုတ်ပါလား။

ထိုအခါမှ ပုထင်၊ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

'အဘ၊ မိုးနတ်သမီးရုပ်တုဟာ မိုးလျှံဂိုဏ်းရဲ့ အထိမ်း အမှတ်တစ်ခုပဲ မဟုတ်လား'

'ဟုတ်တယ်၊ မိုးလျှံဂိုဏ်းဟာ မိစ္ဆာဂိုဏ်း အယူအစွဲရှိကြ တယ်၊ မိုးနတ်သမီးကို ကိုးကွယ်ကြတယ်၊ သူတို့ဟာ လင်ပူ ဇော်တဲ့ အလေ့ အထကိုလဲ ကျင့်သုံးကြတယ်၊ ဉာဏ်ပညာ နည်းပါးသူတွေဟာ လက်ခံကြပေမယ့် အများစုကတော့ ဒီအယူအဆကို လက်မခံကြပါဘူး၊ ဒါကြောင့် တဖြည်းဖြည်း တိမ်ကောပျောက်ကွယ်သွားမတတ် ဖြစ်ခဲ့ရတာပေါ့'

'မိုးလျှံဂိုဏ်းနဲ့ ပတ်သက်နေတယ်ဆိုရင် ကျွန်တော် မှာ ဖြေရှင်းစရာရှိနေတယ်၊ သူတို့နောက်ကိုလိုက်သွားပြီး အခြေ အနေကြည့်ရအောင်'

'ချူနန်းနဲ့ ပတ်သက်လို့လား'

'ဟုတ်ပါတယ်အဘ'

'ကောင်းပြီလေ၊ သွားကြတာပေါ့'

ကျွေစုသဘောတူလိုက်သဖြင့် ပုထင်၊ အားတက်သွား၏။

'အစ်မ…ညီမ'

www.burmeseclassic.com

www.burmeseclassic.com



ပေချောင်းသည် မီးလျှံကိုက်းအပေါ် မကျေမနပ်ဖြစ်နေ၏။

မိန်းကလေးများ၊ အမှန်တကယ်ဝင် ဖမ်းဆီးသည်က မီးလျှံကိုက်းဖြစ်ပြီး သူမ၏ မုန်းတော၌ ထင်းယန်ကိုက် အပေါ် အပြစ်ပုံချခဲ့သည် မဟုတ်ပါလား။

ကျွေးသည် ပုထင်းတို့နေရာသို့ လိုက်သွား၏။ သို့ဖြင့်...

မြို့ပြင်သို့ ရောက်မှန်းမသိ ရောက်ရှိသွားကြလေတော့၏။

မီးနတ်သမီးရုပ်တုအား၊ သယ်ဆောင်သွားကြသူများသည် မြို့ပြင်သို့ရောက်လျှင် သစ်သီးပန်းမာန်များဖြင့် သာယာလှပနေသော တောင်ကြီးတစ်ခုသို့ ဝင်ရောက်သွားကြလေသည်။

မြို့ပြင်သို့ရောက်လျှင် လိုက်လ ကြည့်ရှုမည့်သူဟူ၍ ပုထင်းတို့ သုံးယောက်သာ ကျန်ရစ်ခဲ့တော့၏။

သုံးယောက်သား တောင်ကြီးအတွင်းသို့ လှမ်းဝင်လိုက်ကြလျှင် မြေကွက်လပ်တစ်ခု၌ မီးနတ်ရုပ်တု သယ်ဆောင်သွားသူများ ခြေလှမ်းရပ်လိုက်ကြသည်ကို တွေ့ရလေသည်။

မီးနတ်ရုပ်တု ထင်ထားသည့် ဝေါစင်အောက်တွင် အနီရောင် ဝေါစင်တစ်ခု ရှိနေပါသေးသည်။

အနီရောင်ပိတ်စများဖြင့် ကာရံထားသည်ဖြစ်၍ ဝေါစင်အတွင်း၌ မည်သည့်အရာ တွေ့ရပါလာသည်ကို မသိနိုင်ချေ။

လူတို့သည် ဝေါစင်နှင့်မလှမ်းမကမ်း၌ ရပ်ကြည့်နေကြ၏။

လူသုံးဆယ်ခန့်ရှိသော်လည်း တျှောက်ရုပ်များဝမှ ငြိမ်သက်သွားကြသည်ဖြစ်ရာ အသံဗလ မကြားရတော့ချေ။

တောင်ကြီးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွားတော့ ပေချောင်း တီးတိုးရေရွတ်လိုက်၏။





"သူတို့ဟာ တစ်ယောက်ယောက်ကို စောင့်မျှော်နေတာပဲ"

ပုထင်းနှင့်ကျွေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ပေချောင်း၏စကားကို သူတို့ လက်ခံကြ၏။

မီးနတ်သမီးရုပ်တုအား သယ်ဆောင်လာကြသူများသည် တစ်စုံတစ်ခုအား စောင့်မျှော်နေကြသည်ပမာ ရှိနေကြသည် မဟုတ်ပါလား။

ပုထင်းတို့ အကဲခတ်ကြည့်နေစဉ်မှာပင် အဝေးမှ တီးမှုတ်သံများ၊ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့၏။ တောင်ကြီးလမ်းတစ်ဖက်မှနေ၍ လူတစ်စု ဝင်ရောက်လာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

တောင်ကြီးတစ်ဖက်လမ်းမှ ဝင်ရောက်လာကြသူများမှာ တီးမှုတ်ကခုန်ရင်း ဝေါစင်နှစ်ခုကိုထမ်းပြီး ဝင်ရောက်လာကြ၏။ ထိုလူများသည် မြေကွက်လပ်၏ဝဲဘက်၌ ရပ်စောင့်နေသူများနှင့် မျက်နှာချင်းဆိုင်ပြီး ယာဘက်တွင် နေရာယူရန် ရပ်တန့်လိုက်ကြ၏။

ဝဲဘက်မှ လူများသည်လည်းကောင်း၊ ယာဘက်မှလူများသည်လည်းကောင်း ဝတ်စားဆင်ယင်ပုံများ အတူတူပင်ဖြစ်၏။

နောက်မှ ရောက်လာသူများသည်လည်း မီးနတ်သမီးရုပ်တုအား သယ်ဆောင်လာကြပြီး အနီရောင်ပိတ်စဖြင့် ကာရံထားသည့် ဝေါစင်ကို သယ်ဆောင်လာကြလေ၏။

"ဒီလူစုနှစ်စုဟာ အတူတူလို ဖြစ်နေကြတာပါလား"

"မီးလျှံကိုက်းမှာ ပြဿနာတစ်ခုခု ဖြစ်နေတာသေချာပြီ"

ပေချောင်းက အနည်းငယ်စဉ်းစားပြီး ပြောလေ၏။

www.burmeseclassic.com



'မီးလျှံဂိုဏ်းဟာ သိုင်းလောကသားတွေ သဘောမတူချင် ပေမယ့် သိုင်းလောကကို ဒုက္ခပေးတဲ့အစဉ်အလာ မရှိခဲ့ဖူး ပါဘူး၊ မိန်းကလေးတွေကို ဖမ်းဆီးနေတာ မီးလျှံဂိုဏ်းရဲ့ လက်ချက်ဆိုလို့ အံ့သြစရာကောင်းတယ်၊ ဒီအတိုမှာ ပြဿနာ တစ်ခုခု ရှိနေပြီထင်တယ်'

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာဝင် ဟားတိုက်ရယ် နေမောသံမျာ၊ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ပုထင်းတို့ လှည့်ကြည့်လိုက်သောအခါ အမျိုးသမီးတစ် ယောက် ချယ်မောရင်း ရှေ့သို့လှမ်းထွက်လာသည်ကို တွေ့လိုက် ရလေသည်။

'ဟင်... ချူစန်းပါလား'

ပုထင်း လွှတ်ခနဲမရွှတ်လိုက်မိ၏။ ကျော်စုတာ—

'လက်စသတ်တော့ သခင်ကြီးပုကျောင်းရဲ့ရှေ့မှာ တစ်ယောက် သစ္စာရှင်တစ်ယောက် ဟန်ဆောင်ပြီး ကိုယ့်ကိုယ်ကို အဆုံး စီရင်သွားတာကိုး၊ ဟွန်း... သခင်ကြီးကို လှည့်စားပြီး ကိုယ် လွတ်ရုန်း ထွက်သွားခဲ့တာ မဟုတ်လား'

ချူစန်းက ပုထင်းတို့အား လှမ်းကြည့်လိုက်၏။

ပုထင်းတို့ ရောက်ရှိနေသည်ကို တွေ့သော်လည်း လုံးဝအမှု မထားပေ၊ ချူ ဝဲဘက်ဆံရှင်နေသော လူစုဘက်သို့ လှမ်းသွား လိုက်ပြီး ကြယ်အောင်စွာ ပြောလိုက်၏။

'မီးလျှံဂိုဏ်းဟာ သိုင်းလောကမှာ တစ်ခုတည်းမဲ့ ရှိရမှာ ပေါ့၊ ခုလို နှစ်ခုဖြစ်နေတာ ဘယ်နည်းနဲ့မှ မသင့်တော်ပဘူး၊



ရှင်တို့အားလုံး မီးလျှံဂိုဏ်းရဲ့လက်အောက်မှာ ခိုဝင်လိုက်တာ အကောင်းဆုံးဖြစ်မယ်'

မီးလျှံဂိုဏ်းသည် ရှေးယခင်ကတည်းက တည်ရှိခဲ့ခြင်းဖြစ် ၏၊ ချူစန်းသည် သိုင်းလောက၌ မိန်းမဆိုးတစ်ယောက်အဖြစ် ကျော်လည်ကျော်စောခဲ့ပြီးနောက် အခွင့်အရေးကိုမျှော်ကိုးကာ မီးလျှံဂိုဏ်းထဲ ဝင်ခဲ့ခြင်းဖြစ်သည်။

သူမ၏သိုင်းပညာထူးချွန်မှုနှင့်လိမ္မာပါးနပ်မှုကြောင့်အချိန် အနည်းငယ်အတွင်း အရေးပါအရာရောက်သူ ဖြစ်လာခဲ့၏။

သူမသည် လေဘာမသတ်နိုင်ပဲ နဂါးစိမ်းဂိုဏ်းနှင့် ပူး ပေါင်းကာ မီးလျှံဂိုဏ်းအားသိမ်းပိုက်ရန်ကြိုးစားနေခြင်းဖြစ် ၏၊ မိန်းကလေးများအား ဖမ်းဆီးခဲ့ခြင်းမှာလည်း ဂိုဏ်းသား များအဖြစ် အဘင်းသွတ်သွင်းကာ အင်အားစုဆောင်းခြင်း ဖြစ်လေသည်။

ချူစန်းသည် မီးလျှံဂိုဏ်းအဖြစ် စင်ထောင်လိုက်သည့် အပြင် မူလအရှိနေနှင့်ပြီးဖြစ်သော မီးလျှံဂိုဏ်းကိုပါ ဝါးမျို ရန် ကြိုးစားလာခြင်းဖြစ်သည်။

ချူစန်း၏စကားကြောင့် မီးလျှံအဖွဲ့သားများ မခံမရပ်နိုင် ဖြစ်သွားကြသောအခါသည်။

မီးလျှံ၏ မူလစည်းကမ်းသည် အပျိုစင်မိန်းကလေးများ ကိုသာ အဖွဲ့ဝင်အဖြစ် လက်ခံပြီး မိန်းမပျိုများဖြင့် ဖွဲ့စည်း ထားလေသည်။

မီးလျှံအဖွဲ့ဝင်များသည် အိမ်ထောင်မပြုရဟူသော စည်း ကမ်း ထုတ်ပြန်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူစန်း၏ မီးလျှံ အဖွဲ့၌မူ ဖမ်းဆီးထား အဓမ္မသိမ်းသွင်းခံရသော မိန်းကလေးများသည် အဖွဲ့ဝင်အဖြစ် ပါရှိလာကြပြီး ထီးမှုတ်ကာခုန်သူများနှင့် ဝေါခင်ထမ်းကြသူများတွင် အမျိုးသားများသည်း မရောနှောပါဝင်နေကြလေသည်။

သူမသည် မီးလျှံ အတုကို အလျှင်အမြန် ဖွဲ့စည်းခဲ့ရခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ချူစန်း၏စကားကြောင့် မခံမရပ်နိုင်ဖြစ်နေသော မီးလျှံ အဖွဲ့ဝင် မိန်းကလေးတစ်ယောက်သည် ရုတ်တရက် ပြေးထွက်လာပြီး ချူစန်းအား တိုက်ခိုက်လိုက်လေသည်။

'ယား'

သူမ၏လက်ထဲမှ ဓားသည် မြွေဟောက်တစ်ကောင်ပမာ ချူစန်း၏ရင်ဝကို တိုးဝင်သွားလေသည်။

'ညည်းလာ ဘာများလုပ်နိုင်မှာမို့လဲ'

ချူစန်းသည် လက်တစ်ဖက် ဆန့်ထုတ်ကာ လက်ညှိုးနှင့် လက်ခလယ်ကို အသုံးပြု၍ တိုးဝင်လာသည့် မိန်းကလေး၏ ဓားကို ညှပ်ထားလိုက်လေသည်။

ချူစန်း၏ လက်ချောင်းထိပ်ကို စစ်ချက်လှည့်လိုက်သည်နှင့် မိန်းကလေး၏ဓားမှာ ထက်ပိုင်းကျိုးသွားလေတော့သည်။

မမျှော်လင့်သောအဖြစ်ရပ်ကြောင့် မိန်းကလေး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ချူစန်းက မဲ့ပြုံးပြုံးလိုက်သည်။

'သွားစမ်း'

မိန်းကလေး၏ ရင်ဝကို လက်ဖဝါးဖြင့် ရိုက်ချလိုက်လျှင် ဝုန်းခနဲ မြည်သံနှင့် အတူ အဝေးသို့ လွင့်စင် သွားလေတော့



၏။ ထိုမိန်းကလေး ခံလိုက်ရသည်ကို မြင်လျှင် မူလမီးလျှံ ဂိုဏ်းသား မိန်းကလေးအချို့က ချက်ချင်း ပြေးထွက်လာလေတော့၏။ ချူစန်း ခေါင်းညိတ်သည်။

'ကောင်းတယ်...အားလုံး တစ်ခါထဲ ဝင်လာကြရင် အချိန်ကုန် သက်သာတာပေါ့'

မူလမီးလျှံ ဂိုဏ်းသားမိန်းကလေးတို့သည် ချူစန်းအား ဝိုင်းထားလိုက်ကြလေ၏၊ တိုက်ခိုက်ခြင်း မပြုကြသေးပါချေ။

ရုတ်တရက် ခြူသံတစ်သံ ထွက်ပေါ်လာ၏။

သူမတို့သည် ငါးယောက် ဓားငါးလက်ဖြင့် ချူစန်းကို အလယ်၌ ထား၍ ချာရပတ်ဝဲပမာ လှည့်ပတ် တိုက်ခိုက်ခြင်း ဖြစ်လေ၏။ ချူစန်း မျက်မှောင်ကြုတ်သွား၏။

မီးလျှံ ဂိုဏ်းမှ မိန်းကလေးတို့သည် တစ်ဦးချင်း၊ သင်ညာ မပေးကြသည့်အပြင် စုပေါင်းလိုက်သော အခါ ကြောက်မက်ဖွယ်ကောင်းသည့် တိုက်ကွက်များ ဖန်တီးနိုင်ခဲ့ကြသည် မဟုတ်လား၊ ဓားရိပ်တို့သည် ဂရစပ် လှည့်ပတ်နေရာမှ...

ခြူသံတစ်ချက် ထွက်ပေါ်လာသည်နှင့် ဓားဝဲဝန်းလှည့်ပတ်မှုသည် ရုတ်ခြည်း ရပ်တန့်သွားပြီး ဓားငါးလက်က ပြိုင်တူ ထိုးသွင်းလာကြလေတော့၏။ ချူစန်း မှုပေါ့ဆရဲတော့ပါချေ။

ငြမသံပေး၍ မြေပေါ် ခြေဆောင့်ကာ အပေါ် ခုန်တက် ရှောင်တိမ်းလိုက်ရ၏။

သူမ အနည်းငယ် နောက်ကျသွားသည်နှင့် မိန်းကလေး ငါးယောက်၏ လက်ချက်ဖြင့် ဒဏ်ရာရမည် ဖြစ်လေတော့၏။ မိန်းကလေးတို့က ဆက်၍ တိုက်ခိုက်ရန် ပြန်ပြင်လိုက်ကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



မှာပင် ခြုံသိအစ်ချက် ထွက်ပေါ်လာရာ တိုးထိခိုက်ခြင်း မပြု ကြတော့ဘဲ နေ့ကြာဆုတ်လိုက်ကြလေ၏။

ရုပ်ရည် ကြွမ်းဘမ်းသော အမျိုးသမီးကြီး တစ်ယောက် သည် ချူစန်း၏ အတ်ချက်ကြောင့် ဒဏ်ရာရသွားသည့် မိန်း ကလေးအား၊ မွေ့ချီ၍ ပြန်အည် နေ့ဆုတ်သွားလေတော့ ၏။ ချူစန်းမြေပေါ်သို့ ညင်သာစွာဖြင့်ပြန်လည်ခုန်ဆင်းလိုက် ၏။ မတော်နှပ်မှုများကြောင့် သူမ၏မျက်နှာ နီမြန်းနေပါတော့ ၏။ ထိုစဉ်မှုလမီးလျှ ဂိုဏ်းဘက်မှအနီရောင်ဝတ်ဆင်ထားသော အဘွားအို တစ်ယောက် ရှေ့သို့ လှမ်းထွက် လာလေတော့ ၏။ ထိုအဘွားအိုသည် မီးလျှ ဂိုဏ်းမှ အခရုးပါ အရာရောက် ပြီး ဂိုဏ်းချုပ်ကိုယ်စား ဂိုဏ်းသားတို့ကို အမိန့်ပေး ညွှန်ကြား နိုင်သူဖြစ်၏။ သူမအား မီးလျှ အဘွား ဟု လူသိများလေ၏။

မီးလျှ အဘွားသည် ချူစန်းကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး

'ချူစန်း.... ဂိုဏ်းချုပ်က ညည်းကို လက်ခံခဲ့တာတောင်မှ လွန်ခဲ့ပြီ ညည်းကို [illegible] နေရာပေးခဲ့တဲ့ ကျေးဇူးကိုမှ မထေ့ဘဲ ဂိုဏ်းချုပ်နေရာကို လုယူချင်တဲ့ အတွက် မီးလျှ ဂိုဏ်းရဲ့ ထုံးစံအရ သေဒဏ်အပြစ် ခံယူရလိမ့်မယ်'

'ရှင်တို့မီးလျှဂိုဏ်းချုပ်ရဲ့အမိန့်ကိုကျွန်မကြောက်နေရမလား'

'ဖြော်....ညည်းက ခုထိအာခံချင်သေးတာပေါ့ ဟုတ်လား'

ချူစန်းက လက်ဝါးနှစ်ဖက်ဖြင့် ဆီးကြိုရိုက်ချလိုက်၏။ အဘွားအိုက ရုတ်တရက်ရှေ့တိုး၍ ချူစန်းအား ဖမ်းချုပ်၏။ လက်ဝါးချက် ထိလိုက်ချင် အဘွားအို သက်သာမည် မဟုတ်ဘဲ ဒုက္ခရောက်သွားရလိမ့်မည် ဖြစ်လေ၏။



ပုထင်းအာ ရှေ့သို့ လှမ်းထွက်ရန် တန်ပြစ်လိုက်သောအခါ ကျူစုက ဟန့်တားလိုက်လေ၏။

'သခင်လေး...မလောပါနဲ့၊ အခြေအနေစောင့်ကြည့်ပါဦး'

အဘွားအိုသည် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်ရာ ချူ စန်း၏ လက်ဝါး ရိုက်ချက်ကို ရှောင်တိမ်းပြီးသား ဖြစ်သွား သကဲ့သို့ ချူစန်း၊ အနီးသို့ ရိပ်ခနဲ ရောက်သွားပြီး သွေးကြော လှမ်းပိတ်ပြီးသား ဖြစ်သွားလေတော့၏။

ချူစန်း မသဲမကွဲ ညည်းတွား၍ မလှုပ်ရှားနိုင် တော့ပါ။

ထိုအချင်းအရာကိုမြင်လျှင် ပုထင်းသည် ကျူစုအား ကျေး ဇူးတင်သည့် အကြည့်ဖြင့် ကြည့်လိုက်မိ၏။ ကျူစုသာ ဟန့်တား ခြင်း မပြုပါက မဆီမဆိုင် ကြားဝင်စွက်ဖက်မိသလို ဖြစ်သွား နိုင်ခြင်းကြောင့် ဖြစ်လေ၏။ ချူစန်းအား သွေးကြော ပိတ် လိုက်သော အဘွားအိုက ပုထင်းတို့ဘက်သို့ တစ်ချက် စောင်း ငဲ့ကြည့်လိုက်ပြီးမှ ချူစန်းဘက်သို့ ပြန်လှည့်၍ပြောစ၏။

'ချူစန်း....မီးလျှ ဂိုဏ်းကို လှမ်းမိုးချင်တယ် ဆိုရင် မင်းမှာ အဲ့ဒီခန်း သိုင်းပညာရှိမှ ဖြစ်မယ်'

သွေးကြောပိတ် ခံရ၍ မလှုပ်ရှားနိုင်သော်လည်း စကား ပြောနိုင်ပါသေး၏။

'ရှင်တို့ကို ကြောက်နေရင် မီးလျှ ဂိုဏ်းကို သိမ်းပိုက်ဖို့ ကျွန်မ မကြိုးစားဘူး မှတ်ပါ'

'ညည်း...ဘယ်လောက်ပဲသတ္တိကောင်းကောင်းသိုင်းပညာ မရှိရင် ဘာမျှ အောင်နိုင်မှာလဲ'

မီးလျှ ဂိုဏ်း၌ ထူးခြားသော စည်းကမ်းချက်နှစ်ခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသား တစ်ယောက်သည် ဂိုဏ်းမှ ထွက်ခွာဆိုလျှင် အကြီးအကဲ အဘွားအိုး၏ သိုင်းကွက်ကို ခုခံနိုင်ရမည်ဖြစ်သည်။

သိုင်းကွက် သုံးကွက်ကို ခုခံနိုင်လျှင် ဂိုဏ်းသား အဖြစ်မှ နုတ်ထွက်ခွင့်ရမည်ဖြစ်ပြီး လွတ်လပ်စွာ ထွက်သွားခွင့် ရရှိမည်ဖြစ်၏။ ကျန် စည်းကမ်းချက် တစ်ခုမှာ မည်သူမဆိုမီးလျှံ ဂိုဏ်းချုပ်အား သိုင်းပညာအရ စိမ်ခေါ် ယှဉ်ပြိုင်နိုင်ပြီး အနိုင်ရပါက ဂိုဏ်းချုပ်နေရာကိုလည်း ရယူနိုင်သည်ဟူ၍ ဖြစ်လေတော့၏။ မီးလျှံ ဂိုဏ်းသည် ခေတ်အဆက်ဆက်ကတည်းက ရှိခဲ့သည် ဖြစ်သော်လည်း တင်းကြပ်သော စည်းကမ်းများကြောင့်လည်းကောင်း…

ဂိုဏ်းဝင်အဖြစ် စိစစ်ရွေးချယ်ရာ၌ အပျိုစင် မိန်းမငယ်များ ဖြစ်ရမည်ဟု သတ်မှတ်ထား၍ လည်းကောင်း…

ထိုတင်းကြပ်သော ဂိုဏ်းဝင်တိုင်း ထူးခြားထက်မြက်သည့် သိုင်းပညာရပ်များကို နှစ်ပေါင်းများစွာ အပြင်းအထန် လေ့ကျင့်ရခြင်းကြောင့် လည်းကောင်း…

ထို တင်းကြပ်သော စည်းကမ်းများအား လိုက်နာနိုင်ခြင်း မရှိသူ၊ အရည်အချင်း မပြည့်မီသူများ များနေသဖြင့် အဖွဲ့ဝင် အင်အား နည်းပါးသော၍ တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့လေ၏။ မီးလျှံ ဂိုဏ်းချုပ် မေဖုံး လက်ထက်၌ အဖွဲ့ဝင် အင်အား တစ်ရာခန့်သာ ရှိတော့၏။

'ကျွန်မဟာ သိုင်းပညာအရ ရှင်တို့ကိုမယှဉ်နိုင်ပေမယ့် ကျွန်မကို ကူညီပြီး ရှင်တို့ကို ဆုံးမပေးမယ့် မိတ်ဆွေတွေ ရှိနေသေးတယ်ဆိုတာ မှတ်ထားပါ'



ထိုအခါမှ ချူခန်းအား နဂါးစိမ်းဂိုဏ်းက ချောသော၏ နေရာခဲ့ပြုထားကြောင်း၊ ပုသင်းတို့ သတိရသိုက် ကြားအ၏။

'ညည်းဟာ နဂါးစိမ်းဂိုဏ်းနဲ့ အဆက်အသွယ်ရှိနေတယ်ဆိုတာ ငါတို့မသိဘူး ထင်လို့လား၊ မီးလျှံ ဂိုဏ်းဟာ ဘယ်တုန်းကမှ သူတစ်ပါးကို ဒုက္ခမပေးဘူး။' ချူးချော်ရန်စအော ရင် ကျုပ်တို့ကို ဒုက္ခပေးလာရင်လဲ ဘယ်တော့မှ သည်းခံနေတတ်တာ မဟုတ်ဘူးဆိုတာ မှတ်ထားပါ'

တျှယ်ခဲ့ဆောင်သော ရယ်မောသံ ထွက်ပေါ်လာပြီး လူရိုပ်တစ်ခု ရောက်ရှိလာသည်ကို တွေ့လိုက်ကြရလေတော့သည်။

—၀—

---

နဂါးမင်းသား

လူရိပ်တစ်ခု ရိပ်ခနဲ ရောက်ရှိလာ၏။

အစိမ်းရောင် ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက် ဖြစ်၏။ လူရွယ်မှာ ယောကျ်ားပီသစွာ ခန့်ညားသည့် ရုပ်သွင်ရှိနေသော်လည်း သူ၏ မျက်လုံးမှာ အနည်းငယ် ချွဲမြောင်းနေသဖြင့် အလိုရမ္မက်ကြီးသူ၊ ကော်ကျစ်စဉ်းလဲသူဖြစ်ကြောင်းလည်း ပေါ်လွင်နေ၏။ ချူခန်းသည် ထိုလူရွယ်ကို တွေ့မြင်လိုက်ရလျှင် ဝမ်းသာအားရ ဖြစ်သွားလေ၏။

'မောင်လေး…မီးလျှံ ဂိုဏ်းက လူတွေကို တစ်ယောက်မှ ချမ်းသာမပေးနဲ့'

လူရွယ်မှာ အသက် သုံးဆယ်ခန့်သာ ရှိပြီး ကျွန်းမောသန်စွမ်း၍ တက်တက်ကြွကြွ ရှိသည့် အသွင်မျိုး ဖြစ်၏။

www.burmeseclassic.com

'မီးလျှံဂိုဏ်းဟာ တော်တော်လဲ ဘဝင် မြင့်နေကြပါလား၊ သိုင်းလောကတစ်ခုလုံး ဦးညွှတ်ရမယ့် နဂါးစိမ်းဂိုဏ်း ပြန်လည် ပေါ်ပေါက်လာပြီဆိုတာကို မသိကြသေးလို့ ဒုက္ခရောက်ချင်ကြပြီ ထင်တယ်'

ပုထင်း၊ ခကျွစုနှင့် ပေချိုင်းတို့ တစ်ယောက်တစ်ယောက် ကြည့်မိလိုက်ကြ၏။ လူရွယ်သည် ချုံစန်း ထက်ပင် ပို၍ သဘောထားဆိုးသူဖြစ်ကြောင်း ရိပ်မိလိုက်ကြ၏။ နဂါးစိမ်းနှင့် ပတ်သက်နေပြီး အရေးပါ အရာရောက်သူတစ်ယောက် ဖြစ်ရမည်ဟုလည်း ယုံကြည်မိကြ၏။ မီးလျှံ အဘွားအို မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်၏။

'နဂါးစိမ်းဂိုဏ်းက ကျုပ်တို့ မီးလျှံဂိုဏ်းကို ဒုက္ခပေးလာမယ်ဆိုရင် ကျုပ်တို့က ခေါင်းငုံ့ခံနေမှာ မဟုတ်ဘူး၊ ထိုက်ထိုက်တန်တန် တုံ့ပြန်ရမှာပဲ'

'ဩော်... ခင်ဗျားက တုံ့ပြန်ချင်သေးတယ်ပေါ့ ဟုတ်လား၊ ဘာများ တတ်နိုင်မှာမို့လဲ'

'မင်း အခုသိရမယ်'

မီးလျှံ အဘွားက စဆင်တို့ထံ ထိခိုက်ရန် ဟန်ပြင်လိုက်လေ၏။

'ချွင်'

ချိုလွင်သော ခြူသံတစ်ချက် ထွက်ပေါ်လာလေသည်။

—

ဒုတိယပိုင်း ပြီး၏။

တတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်။

ဝဏ္ဏအောင်

www.burmeseclassic.com

www.burmeseclassic.com